# ရခိုင့်လက်ရာစာပေများ

ဉာဏတီ– အရှင်ရဝိန္ဒ

ကျွန်ုပ်တို့၏ ရခိုင့်လက်ရာစာပေများကို ရှိလေမှန်းပင် မသိကြဘဲ၊ သူတပါးလူမျိုးခြားတို့၏ စာပေအရေးအသားများကိုသာ အမွှမ်းတင်ကာ နေခဲ့ကြသဖြင့်---၊ ရခိုင်လက်ရာစာပေများသည် ပျောက်ကွယ်မှန်းမသိ ပျောက်ကွယ်သွားခဲ့ပေသည်။ ထို့ကြောင့် ရခိုင့်စာပေမူဟောင်းများကို ပြန်လည် မွမ်းမံပြီး စက်တင်ပုံနှိပ်ရန် အချိန်အခါသို့ ရောက်ပြီးဖြစ်သဖြင့် အောက်ပါရခိုင့်လက်ရာစာပေများကို ရခိုင်ရဟန်းတော်များနှင့် ရခိုင်လူထုများအား တင်ဆက်လိုက်ရပါတော့သည်။

ယခု ရေးလတ့ံသော စာမူဟောင်းများသည် ပေမူထဲမှာပင် ရှိပါသေးသည်။ ထိုစာပေမှာ အခြားမဟုတ်၊ မဟောသဓါလင်္ကာကျမ်းကြီးပင် ဖြစ်ပါသည်။ ထိုပေမူစာမှာ ၁၅-အင်္ဂါကျော်မျှ ရှိပါသည်။ ထိုပေစာကျမ်းကြီးသည် နှစ်ပေါင်း ၁၀၀-ကျော် ၂၀၀-နီးပါးခန့်ရှိပြီဟု ခန့်မှန်းရပေသည်။ ထိုစာရေးသားခဲ့သူမှာ ဉာဏတီ ရခိုင်ပြည်သားဇာတိဖြစ်ပြီး၊ ယခုကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နယ်၊ ရွှေကင်းဘုံရွာနေ၊ ရဟန်းလူထွက် ရဟန်းဘွဲ့ခံ ဦးဝရ (ထိုဆရာရေးသော သူ့၏အတ္ထုပ္ပတ္တိကို နောက်မှရေးသားဖော်ပြပါအံ့) ဖြစ်သည်။ ထိုဆရာ၏ အမည်ကိုကား၊ တတ်အပ်သေချာမသိရသေးသော်လည်း၊ ကင်းဆရာဟု အခေါ်များကြပါသည်။ ထိုဆရာရေးသော မဟောသဓါလင်္ကာကျမ်းမှာ၊ သုတိရသသိင်္ဃာရရသစသော အလင်္ကာရရသများဖြင့် ပြည့်နှက်လျက်ရှိပေသည်။ ဇာတ်တော်ကြီးတစ်ခုလုံးကို လေးနက်သောစကားလုံးများ ပါသော လင်္ကာများဖြင့် ချည်းစီကုံးဖွဲ့နွဲ့နိုင်သဖြင့်လည်း ချီးကျူးထိုက်ပေသည်။ ပါဠိပေါ်ရာဏ၊ ရခိုင်စကားများဖြင့် တန်ဆာဆင်ထားသဖြင့်လည်းကောင်း၊ လင်္ကာအစပ်အဟပ်များ မမှားမယွင်းရစေဘဲ-- အချီအချညီအောင် သီကုံးထားနိုင်သဖြင့်လည်းကောင်း၊ စာပေဝင်ပြီး ပြောင်မြောက်လှပေသည်ဟု ဆိုရပါတော့သည်။ ကင်းဆရာကြီး ရေးသားခဲ့သော မဟောသဓါလင်္ကာကျမ်းကြီးကို နိုင်ငံတော်အစိုးရတို့၏ အလယ်တန်း၊ အထက်တန်းကျောင်းများ---။ ကောလိပ်ကျောင်းများတွင် ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းရန် အထူးသင့်လျော်လိမ့်မည်ဟု ယူဆပေသည်။

မဟောသဓါလင်္ကာကျမ်းကြီး၏ နိဒါန်းနှင့် ပဏာမတွင်---

မဟာမင်္ဂလာ ခြောက်ရောင်ဖြာသား၊ သမ္မာသမ္ဗုဒ္ဓ၊ စိန္တေယျဟု၊ လောကစက္ခု၊ သဗ္ဗေညုနှင့်၊ ကျေးဇူးအနန္တ၊ သုံးလူဘတို့၊ ဓမ္မဆယ်ထွေ၊ သီတာရေသို့၊ ပျောက်ပြေညစ်ထေး၊ ဆေးကြောပေးသား၊ ကင်းဝေးရမ္မက်၊ ဝဋ်မှထွက်၍၊ ဖိုလ်မဂ်ဝင်းဝါ၊ အရိယာဟု၊ သံဃာလေးစုံ၊ သုံးပါးဘုံတွင်၊ အာရုံအထွဋ်၊ မြတ်ထက်မြတ်သည်၊ လူနတ်ကိုးရာ၊ ကျွန်းဒီပါသို့၊ ရတနာသုံးဆိုင်၊ ပန်းသုံးခိုင်ကို၊ ကြိုင်ကြိုင်ထိပ်ပြင်၊ အပြည့်ဆင်၍၊ လည်တွင်သုံးသွယ်နေနှယ်တောက်ပ၊ ဗုဒ္ဓမမွ်၊ သံဃာပုတီး၊ ဂုဏ်တော်ကြီးကို၊ ညီးညီးရောင်ဖြိုး၊ ထီးသို့မိုး၍၊ မြတ်နိုးတေဇော်၊ ဂုဏ်နုဘော်

ကြောင့်၊ ဂုဏ်တော်တံခိုး၊ မီးဟိန်ထိုးက၊ အဆိုးအသောင်း၊ ဘေးရန်ပေါင်းလျှင်၊ များမြောင်းသောနှယ်၊ ပျောက်ပျယ်ကွက်လျက်၊ ကိုးဆယ့်ခြောက်ဖြာ၊ ဝေဒနာလည်း၊ ကွာစေရှင်းရှင်း၊ ခပင်းချမ်းသာ၊ ဉာဏ်ပညာကား၊ ရွှာစေဖြိုင်းဖြိုင်း သီတာမိုယ်သို့။ ။ ဤသို့ အစရှိသည်ဖြင့် ရေးသားစီကုံးထားပါသည်။

အဓိပ္ပါယ်မှာ။ ။ ကြီးကျယ်မြင့်မြတ်သော မင်္ဂလာအပေါင်းတို့နှင့်ငြင်း၊ ရောင်ခြည်တော်ခြောက်သွယ်နှင့်ငြင်း၊ ပြည့်စုံတော်မူသော သမ္မာသမ္ဗုဒ္ဓ၊ အစိန္တေယျ၊ လောကစက္ခု၊ သဗ္ဗညုသခင်ဖြစ်တော်မူသော၊ ကျေးဇူးတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်ကိုငြင်း၊ အနောတတ်အိုင်ရှိ သီတာရေကဲ့သို့ အေးမြကြည်လင်တော်မူသော၊ ကိလေသာ အညစ်အကြေးကို ဆေးကြောသုတ်သင်နိုင်သော ဆယ်ပါးသော တရားတော်မြတ်ကိုငြင်း၊ ထိုလေညစ်ကြေး ကင်းဝေးစင်ကြယ်တော်မူသော ဝဋ်သုံးပါးမှ ထွက်မြောက်၍ မဂ္ဂဠာန်လေးယောက်၊ ဖလဠာန်လေးယောက်ဖြစ်တော်မူကြကုန်သော အရိယာစစ် ရဟန္တာအရှင်မြတ်များတို့ကိုငြင်း၊ ကျွန်ုပ်၏ စိတ်အာရုံထဲတွင် အထွဋ်အမြတ်ထား၍ ရှိခိုးပါ၏။ မြတ်နိုးပူဇော်ပါ၏။ လူနတ်ပြဟ္မာ သတ္တဝါသုံးဦးတို့၏ ကိုးကွယ်မှီခိုရာ ကျွန်းကြီးကဲ့သို့ ဖြစ်တော်မူသော အမွှေးအထုံအပေါင်းဟု ဆိုအပ်သော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ရတနာသုံးဆိုင်၊ ပန်းသုံးခိုင်ကိုလည်း အကျွန်ုပ်၏ ဦးထိပ်ပြင်ဝယ် အပြည့်အဝပန်ဆင်ပါ၏။ တဖန်တုံလည်း ရတနာသုံးသွယ်ဟု ဆိုအပ်သောနေမင်း၏ ရောင်ခြည်ကဲ့သို့ တောက်ပတော်မူကြကုန်သော ဗုဒ္ဓ၊ ဓမ္မာ၊ သံဃာဟု ဆိုအပ်သော ပုတီးကုန်းသုံးသွယ်တို့ကိုပင်လျှင် အကျွန်ုပ်၏ လည်ပင်းဝယ်လည်း၊ ဆွဲ၍ ဆင်ယင်ပါ၏ဟူ၍ ပဏာမချီထားပါသည်။ တဖန်တုံလည်း၊ ရတနာသုံးပါးတည်းဟူသော ထီးကိုမိုး၍လည်း ဆောင်းထားပါသေး၏။ ဤသို့---- ရတနာသုံးပါးတို့အား ရိုသေမြတ်နိုးရှိခိုးပူဇော်ရသော ကောင်းမှုကြောင့်၊ အဆိုးအကောင်းဘေးရန်ပေါင်းတို့သည် (ဝါ)များစွာသော ဘေးအန္တရာယ်တို့သည်လည်း ပျောက်ကွယ်ပါစေကုန်သတည်း။ ကိုးဆယ့်ခြောက်ဖြာသော ရောဂါဝေဒနာတို့သည်လည်း ရှင်းရှင်းလင်းလင်းကြီး ကွာစေကင်းစေသည် ဖြစ်ပါစေသတည်း။ အားလုံးစုံကုန်သော သတ္တဝါတို့သည်လည်း ကျန်းမာချမ်းသာကြပါစေကုန်သတည်း။ အကျွန်ုပ်၏ ဉာဏ်ပညာသည်လည်း၊ အေးမြလှစွာသော သီတာမိုယ်းရေကဲ့သို့ သွန်းဖြိုင်းရွာသွန်းကာ ပွင့်လန်းပါစေသတည်း ဟူ၍ပင် ပဏာမ အာသီသဖြင့် စေတနာကောင်း အရင်းထားကာ စီကုံးရေးသားထားသည်ကို တွေ့ရှိရပါသည်။ ။ တဖန်တုံ၊ ခမည်းများစွာ ရှေ့ဆရာတို့၊ လင်္ကာဟောစာ ပြုခဲ့ပါသည်။ များစွာသီးသီး၊ ဟိတုံပြီးလည်း၊ ဆီမီးတန်ဆောင် တိုးပွားထောင်က၊ တိုးပြောင်သောနှယ် မြစ်ပင်လယ်သို့ ကြီးကျယ်ပြန့်ပြော၊ ဘုရားသာသနာ၊ တည်စိမ့်ငှာလျှင်၊ သဒ္ဒါရှေ့ရော်၊ ပညာကျော်သည်၊ မဟော်အလောင်း၊ ဇာတ်တော်ဟောင်းကို၊ သံညောင်းသာယာ၊ အလင်္ကာဖြင့်၊ သိပါသောလျှောက်၊ အပ်နှင့်ထောက်၍၊ ချီးမြှောက်ထောမနာ၊ ပြည်ဓညာတွင်၊ ဘတ်စာတစောင်၊ လုပ်အံ့ဆောင်သည်၊ အောင်စေသတည်း၊ မကျဉ်းမကျယ်၊ အဓိပ္ပါယ်ကို၊ သိလွယ်သာရုံ၊ ပြားလတ်တုံသည်၊ ပြည့်စုံပါစေမကြာတည်း။ ။

များစွာသော ရှေးရှေးသော ရခိုင်စာရေးဆရာတို့သည် လင်္ကာဟောစာများ ရေးသားစီကုံးခဲ့ကြသည်များ ရှိကြပါ၏။ သို့ပင်များကြီး၊ ဟိကြပြီးလည်း၊ ဆီမီးဟူသည်မှာ တိုးပွားပြီး ထွန်းညှိလေ- ပိုပြီး လင်းလေသာလျှင် ဖြစ်ဘိသကဲ့သို့၊ သမုဒ္ဒရာမြစ်ပင်လယ်ကဲ့သို့ပင် ကြီးကျယ်ပြန့်ပြောစွာသော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်သည် ထိုထိုအရပ်ဒေသတို့သို့ ပျံ့နှံ့ကြီးပွားစေခြင်းငှာသာလျှင်၊ သဒ္ဒါတရားရှေ့ရှုထားသည်ဖြစ်ပါ၍၊ ပညာကျော်သည့် မဟောသဓါဇာတ်တော်ဟောင်းကို သံညောင်းသာယာစွာသော၊ အလင်္ကာရကဗျာ တန်ဆာစကားဖြင့် မိမိသိသလောက် အားအင်ကိုထောက်၍ ချီးမွှမ်းဖွင့်ဆိုပါမည်။ ဤလင်္ကာစာပေသည် ဓညဝတီရွှေခိုင်မြန်ပြည်ကြီးဝယ်၊ ဖတ်စာတစ်စောင်အဖြစ် လုပ်ဆောင်ထားနိုင်ကြပါကုန်သတည်း၊ မကျဉ်းမကျယ်ဘဲ အဓိပ္ပါယ်ကို သိသာလွယ်ရုံ ပန်ကြားပါအံ့၊ အားလုံးစုံ စိတ်ကြံစည်တိုင်း၊ ချက်ခြင်းမကြာ ပြည့်စုံပါစေသတည်း ဟူ၍ပင် ဖြစ်ပါသည်။ မဟော်လင်္ကာပေမူကိုချုပ် ဝမ်းဘက်တွင်လည်း၊ ဗောဓိသယမ္ဘူ ဘုရားဟူသား ချီသော လင်္ကာ၌။ ။ ကောင်းကင်မြေရှိ ပညာဟိသည်၊ ဗောဓိလူ့ထွဋ်၊ မဟော်ဇာတ်ကို လူနတ်တို့ဆောင်၊ နှစ်ငါးထောင်လျှင်၊ ပြောင်ပြောင်ထွန်းကြောင်း၊ ဟောခဲ့ရှောင်းသည်၊ သံညောင်းရှစ်ဦး

အင်္ဂါတည်း။ ။ ဤလင်္ကာ၌ ပညာဟိဟူ၍၊ ရခိုင်သား ဇာတိပီပီ၊ သရုပ်ဖော်ကာ ရေးသားထားသည်မှာ၊ ဇာတိ ဂုဏ်မပျက်၊ အမျိုးမက် မောသော ကင်းဆရာကြီးအား ချီးကျူးစရာ ကောင်းလှပါ၏။ ထိုလင်္ကာ၏ ဆိုလိုရင်းမှာ အသံတော် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရားရှင်သည် သာသနာတော် နှစ်ငါးထောင်ပတ်လုံး တည်ထောင်စိမ့်သောငှာ၊ ဤမဟောသဓါဇာတ်တော် ကြီးကို ဟောထားတော်မူခဲ့ကြောင်းကို အပိုမပါ ဗလာ မဟိစေဘဲ ထိမိအောင် ရေးသားနိုင်ခဲ့သဖြင့်လည်း၊ ရခိုင်စာပေ၏ ဂုဏ်ကို ဖော်ထုတ်ခဲ့သော ကင်းဆရာကြီးကို တစ်မျိုးအားဖြင့် ကျေးဇူးတင်ရပါတော့ သည်။ ၎င်းပေမူကို ကိချပ်ကျောဘက်တွင်ပင်။ ။ နတ် လူဆရာ၊ ဘဂဝါဟု၊ ဗုဒ္ဓါတုဏှိ၊ ဆိတ်သည်ဟိသော်။ ။ စသည်ဖြင့်ချီသော လင်္ကာ၌လည်း မိဓိလာကို၊ အာဏာနှိပ်နှင်း၊ စိုးသည် မင်း ကား၊ မင်းကျင့်တရား၊ ဆယ်ပါးမွေ့လျော်၊ ဝိဒေဟော်ဟု၊ တေဇော်နေတူ၊ ကာထီးဖြူနှင့်၊ လူလူလွလွ၊ စိုးစံပသည် ရာဇဆရာ၊ ကြော်ငြာဟိန်းဟိန်း၊ သိန်းနှင့်ပကုသ်၊ သမုတ် ကာမိန်၊ ဒေပိန်ခေါ်တွင်၊ လေးအင်အမတ်၊ လောက ဝတ်ဖြင့်၊ ထက်မြတ်လိမ္မာ၊ ပြည်ရွာထောင်ရေး၊ ဆုမ္မပေး သည်။ ။ ညွှတ်ကွေးစာရင်းမကွာတည်း။ ။ ဟူ၍၊ စပ်ဆိုထားသည်မှာ တိကျပြတ်သား၍ စေ့စုံလှပါ သည်။ ။ တဖန် ပေမူဂုချပ် ဝမ်းဘက်၌လည်း။ ။ သားလှဘုန်း ဟိ၊ ဆေးသီရိကား၊ မီးသို့တေဇော်၊ ဟိသင့်လျှော်ဟု၊ ထိပ် ပေါ်ဥဂ္ဂင်၊ တဆိတ်တင်မူ၊ ကြာတွင်ရေလျှော်၊ သန့်စင် ချော်က၊ နုဘော်မဟာသြကြီးစွာဟု၊ ကြေငြာထက်ဝှမ်း၊ ထင်ရှားထွန်းလျက်၊ ရဟန်းရှင်လူ၊ ခပ်သိမ်းလူအား၊ တောင်းယူကြွလာ၊ တဆိတ်စာဖြင့်၊ ချမ်းသာကြလေ၊ လောင်းဗုဒ္ဓေကို၊ နာမေနာမ၊ မေးကာလ၌၊ မွေးဘ သူဌေး၊ ပညာရေးဖြင့်၊ ဘိုးဘေးဇူဇာ၊ မည်သညာဖြင့်၊ မေရာ ငါ့သား၊ အများခပဲ၊ ဆေးကိုစွဲ၍၊ ကျော်သဲထိမ့်ဆူ၊ မဟော ဟူလျက်၊ ဇမ္ဗူဝှမ်းဗွေ၊ တွင်ပါစေဟု၊ ကွမ်းရေလဘက်၊ ပေးကမ်း ဆက်၍၊ မိပွက်ဘဘွဲ့၊ ဖွဲ့သည့်နေ့က၊ စ၍မဟော်၊ သဓါ ကျော်သည်။ ။ ဥပ်အော် လူနတ်တို့ရွာတည်း။ ဟူ၍ စီကုံးထားသည်မှာလည်း ရခိုင်စာပေသံပါလှပါ သည်။ ၎င်းဂုချပ်၌ပင်၊ ဥက္ကောဒနာ၊ လူနတ်ရွာ၌ ကြော် ငြာနှင့်ထင်၊ သားရွှေစင်ကို။ ။ အစချီသော လင်္ကာ၌လည်း၊ ဦးဂေါင်းဆံရိပ်၊ ဘိသိက်နားထွင်း၊ ခပင်းမင်္ဂလာ၊ အရာရာကို၊ မကွာအတူ၊ မူကြစုဆောင်း၊ ဘုရားလောင်း အား၊ အပေါင်းရွှေသို့၊ သူငယ်တို့အား၊ ပြိုင့်ပြိုင့်ရဲရဲ လည် ဆွဲဘယက်၊ လက်လက်ရောင်ထင်၊ တန်ဆာဆင်၍၊ ပြပြင် ထိန်းယ၊ ဆောင်ရခြံရံ၊ လောင်းတော်ထံသို့၊ ကြွဲ့ကြွဲ့သဲသဲ၊ ဇေးလျှင်လွှဲလျက်၊ (အေးယဉ်လွှဲလျက်)၊ အမြဲပျော်ပါး၊ သူငယ်များနှင့်။ ။ အစရှိသည်ဖြင့် သီကုံးဖွဲ့နွဲ့ထားသည် မှာလည်း၊ ရခိုင်တို့၏ အသုံးအနှုန်းများကို စာမူမပျက်ရ အောင် စပ်ဆိုထားသဖြင့်လည်း၊ ကင်းဆရာကြီးအား လက်သံပြောင်မြောက် လှစေသည်ဟု ဆိုရပေမည်။ ။ တဖန် ပေမူကူချပ်၌ကား၊ ဖြိုင်းဖြိုင်းပြေပြစ်၊ ခုနစ်နှစ်သို့၊ ရောက်လစ်ခါတုံ၊ ရွှေပုံရွှေပန်း၊ ရွှေရောင်ထွန်းလျက်၊ ရွှန်း ရွှန်းတောက်ပ၊ အဆင်းလှသား၊ ကာလထိုခါ၊ ကစားရာ တလင်း၊ ထိုရွာတွင်း၌၊ ဆင်မြင်းသွားထွေ၊ တလင်းမြေကား၊ ကွဲကြေပျက်စီး၊ တသီးဆင်းရဲ၊ နေမိုယ်း ဖွဲ့ကြောင့်၊ ခပဲပင် ပန်း၊ မရွှင်လန်းတည်း၊ မလန်းသူငယ်၊ တနေ့ဝယ်ကုန်၊ ကြောက်ဘွယ်ကြီးစွာ၊ မိုးယ်ကြီးရွာသော်၊ လျှင်စွာပြေးသွား၊ ဆင်ပြောင်အားသို့၊ ဘုရားဆုလို၊ စရပ်ကိုလျှင်၊ မှီခိုရှေ့ဖျား၊ သူငယ်များကား၊ ထိပါးစုတ်ပြဲ ခြေလက်ကွဲလျက်၊ ဆင်းရဲ ဒုက္ခ၊ ဟိတုံကြ၍ ကြံစာစာနာ၊ ဤခမ်းဝါ၌၊ သာယာပကတိ၊ စရပ်ဟိက၊ မိမိငါတို့၊ ချမ်းသာဘို့နှင့်၊ နှစ်လိုတိုင်ပင်၊ မကြာ ပင်တည်း၊ ပြုပြင်တင့်အပ်၊ စရပ်ဆောက်ရဲ၊ မကျန်မည်သူ၊ ယူခဲ့တပြားစီ၊ အညီတယောက်၊ စေလိုက်မြောက်က၊ မဖောက်မပြား၊ သူဌေးသားတို့၊ ဘုရားလောင်းအာဏာ၊ ဆိုတိုင်းပါသည်။ ။ ရောက်လာအညီ မကြာတည်း။ ။ ဟူ၍ သီကုံးထားသည်မှာလည်း သေချာစေ့စပ်လှပါသည်။ စကားပြေ ဝတ္ထုသွားကို ဖတ်ရှုရသကဲ့သို့ လူသာမန်များပင် နားလည်လွယ်အောင် စာသွားစာလာ အပိုအလိုမရှိစေဘဲ၊ အလင်္ကာရရသပြည့်ဝအောင် တန်ဆာဆင်ထားပါသည်။ ပေမူစိချပ်၊ ကျောဘက်မယားလုခန်းတွင် ထိုငမည်းကွ၊ ထိုခြင်းတကို၊ မြင်ရလတ်မူ ဤသူနှစ်ပါး၊ ငါ့ကိုထား၍၊ နွား မသေသေး၊ အရေနွေးသို့၊ မကွေးသဘော၊ ပြေးခဲ့သောဟု၊ မိမောမှိုင်တွေ၊ စိတ်ကြီးဝေလျက်၊ မြစ်ရေးကမ်းပါး၊ ရှူးရင်း သွားလျက်၊ သည်းဖျားဝှန်ထိတ်၊ တဆိတ်သက်ဆင်း၊ ကြောက်လန့်ခြင်းကြောင့်၊ အပြင်းတက်ပြန်၊ သင်းတို့ဟန် ကို၊ တဖန်မြင်ရ၊ မာန်ဆိုးထ၍၊ သေကလဲသေ၊ မသေနေ

ဘူး၊ ခုန်လေ ပြောင်းပြောင်း၊ ကျလေရှောင်းက၊ ခါးဇောင်းပေါင်ရှို တိမ်မှန်းသိ၍၊ ပစိကိုကိုက်၊ (ပါးစိ ပါးစေ့)၊ အပြင်းလိုက်လျက်၊ တိုက်ကိုက်မိလေ၊ မရေရလူ၊ ဤခိုးသူကား၊ မမူအပ်စွာ၊ ငါ့ကြင်ယာကို၊ ယူကာလှည့်ဖြား၊ ဇာကိုလားဟု၊ (ဘယ်သို့သွားဟု)၊ မားမားမောက်မောက်၊ မည်းကွပေါက်က၊ ငကျောက်လူရှည်၊ တလည်ခြိမ်းမောင်း၊ ဝက်စောင်းစောင်း၍၊ မကောင်း(မဲ)မည်းကွ၊ ရုပ်မပြနှင့်၊ ကာဋ္ဌမည်းဂျီ၊ နင့်ဘရီကား၊ ငါ့ဆီထံမှာ၊ ဇာ(ဘယ်)ပြုလာလိမ့်၊ ငါ့မှာတလူ၊ ငါ့အိမ်သူတည်း၊ အလူစုပက်၊ အသက်ထွက်လိမ့်၊ ကိုင်လျက်လည်စီး၊ လက်ဖန်ကြီးနှင့်၊ မြှောက်လိုက်လွှင့်သော်၊ ထိုသင့်ငမည်း၊ တိမ်းပြိုလည်းလျက်၊ မနည်းဒုက္ခဆင်းရဲရလည်း၊ မချမာန်စောင်၊ မရှောင်သာကြည်။ ။ စသည်ဖြင့် မယားလုခဏ်းကို ရေးသားထားသည်မှာလည်း သရုပ်ပါလှပေသည်။ ။ ဆက်၍တဖန်။ ။ ယှဉ်(ချည်၊ ချီ) နှောင်မည်ဟု၊ နွယ်ရှည်တပင်၊ လက်တွင်ကိုင်တွဲ၊ အမျှင်ဆွဲလျက်၊ ခရှဲခဆုတ်၊ ဤလူယုတ်ကား၊ ပုတ်လတ်မသိ၊ လူတိတ္တိဟု၊ သတိပြုထွေ၊ လိုက်လေကောက်ကောက်၊ ကျောက်ရှည်နောက်သို့၊ လူမျှောက်ခိုးသား၊ ဇာကိုလားလိမ့် (ဘယ်သို့သွားလိမ့်)၊ တန့်လားဟာလူ၊ မယူလေသင့်၊ သင့်နှင့်မရာ၊ ငါ့မှာမိုယ်းစင်၊ ခုနစ်အင်တိ၊ ကြာတင်ပတ်ကုံး၊ ပန်းပေါက်အောင်၊ လုပ်ဆောင်ထမ်းရွက်၊ သမက်စေခံ၊ သေစော်နံမှ၊ ရသည်မယား၊ သင့်ဖို့(ဘို့)လားဟု၊ နှစ်ပါးရန်တင်း၊ ထွေးရှုက်(ယှက်)ငြင်း၍၊ တင့်ခြင်းပြောင်ညီး၊ စရပ်ကြီးကို၊ နီးလေသောခါ၊ စုဝေးလာသည်၊ ပြည်ရွာ ရပ်သူ၊ ဗုဒ္ဓကူက၊ ပူပူကြားလေ၊ ခေါ်မေးစေ၏။ ။ စသည်ဖြင့် မကွယ်မဝှက် အချက်ကျကျ၊ ထိမိလှအောင်၊ အနောက်ရခိုင်မြန်မာစကားများဖြင့် အသားပါအောင် ပြောင်ပြောင်ကြီးသုံး၍၊ မဆုံးတန်း သီကုံးနိုင်သော၊ ရခိုင့်စာပေပညာရှင်ကင်းဆရာကို၊ အသို့လျှင် မချီးကျူးဘဲ နေနိုင်ပါအံ့နည်း။ ပေမူ ခုံချပ်ဝမ်းဘက်ရထားတရားစီရင်ခန်း၌လည်း။ ။ ခုပင် ရုတ္တရက်၊ ရထားထက်သို့၊ တက်၍သိကြား၊ နှင်လေသွား၏။ ဟူ၍ငင်း၊ သံကျော်ခြေခြေ၊ ကိုယ်တိုင်ပေး၍၊ အရေးဘယ်သို့၊ ဟာလူရိုဟု၊ မေးဖြို့ပြီးသော် ဟူ၍ငင်း၊ ရခိုင်စကားလုံးများ မပါပါအောင်၊ လင်္ကာစီကုံး၍ ရေးသားထားသည်ကို တွေ့ရှိရပေသည်။ ပေမူစေချပ်ကျောဘက်တွင် မြွေတရားစီရင်ခန်း၌လည်း၊ မြွေဘို(ဖို)မှာ တုံးလေးဖြာကြီးမား၊ မြီးဖျားဥက္ကောင်း၊ (ဥဂ္ဂေါင်း)တကြောင်းမျက်စိ၊ ကြီးကျယ်ဘိသား၊ စပ်ထိလည်ရေး၊ မထွေးကွဲတည်း၊ တနည်းဆိုဘွယ်၊ မြွေမငယ်တုံ၊ အငယ်လေးဦး၊ မြီးဂေါင်းရှူးသား၊ စက္ခုမျက်စိ၊ ကျဉ်းဇာဘိနှင့်၊ မထိအလွတ်၊ လည်ရေးပြတ်၏၊ အမှတ်ထွေလာ၊ ဤခြင်းရာဖြင့်၊ သိသာပြသ၊ ဤဘို(ဖို)မဟု၊ ကြားကမြန်းမြန်း၊ ရွာလုံလန်းလျက်၊ နန်းရဝေစံ၊ ဘုရင့်ထံ၌၊ ခံလေစီရင်၊ မကြာထင်သည်။ ။ ပြည့်ရှင် ဝမ်းသောင့်ဝမ်းသာတည်း။ ။ ဟူ၍ ရေးသားထားရာ၊ ယခု ဦးခေါင်းဟု ရေးသားကြသည်ကို ပါဠိဥသီသကံကို ဥက္ကောင်း၊ ဥဒ္ဓဂ္ဂံ၊ အထက်ဟောသဒ္ဒါအတိုင်း၊ ဥဂ္ဂေါင်းဟု ရေးရကြောင်းကို ကင်းဆရာထွင်ပေးခဲ့သည်ကို ကျေးဇူးတင်စရာအပြင်၊ စာပေလိုက်စားသူတိုင်း၊ မှီငြမ်းတစ်ခုပြုသင့်ပေသည်။ ထို့ပြင်တဝလည်း၊ တစ်ဆယ့်ကိုးဖြာ ပြဿနာအဆုံးတွင်။ ။ တစ်ဆယ့်ကိုးဖြာ ပြဿနာကို ရက္ခာမဏ္ဍိုင်၊ ယောက်ျားလှိုင်သား၊ ခရိုင်အထဲ၊ မြစ်ညာကဲလျက်၊ လက်ဝဲခွါရှောင်၊ လကျာတောင်မှ၊ တောင်သမုဒ်ဆီ၊ နတ်နာဂီတို့၊ ပါရမီကျော်၊ ဘုန်းကြောင့်ပေါ်သား၊ အုပ်သြော်ပင်လယ်၊ ပျော်ပါးဘွယ်နှင့်၊ မြနွယ်မြရောင်၊ မြရိပ်ဆောင်သည်၊ မြတောင်မြတော၊ မြရောင်ကျောသည်၊ မနောရမ္မာ၊ ကျွန်းဒီပါထက်၊ အချက်ချက်ဖွေ၊ အထွေထွေတိ၊ မြုတေပွားစီး၊ ဘုန်းတပ်ဘီးမျှ၊ သစ်သီးဝလံ၊ ပွားများလျှံသည်၊ တရံတခါ၊ ချိုရသာနှင့်၊ မာလာကြိုင်သင်း၊ ကျော်နှံ့ခြင်းသည်၊ ရွှေကင်းဆရာ၊ များသကာသို့၊ ယထာသတ္တိ ဉာဏ်နှင့်ညှိလျက်၊ မငြိမတွယ်၊ ဇာတ်ကိုနွယ်၍၊ နာဘွယ်လင်္ကာ၊ စီရင်ပါသည်။ ။ ဤမှာ အပြီးအစီးတည်း။ ဟူ၍ မိမိနေသောရွာကို သဘာဝကို အခြေပြုပြီး ချီးကျူးထားသဖြင့် သဘာဝကို ကြိုက်တတ်သော ရခိုင့်စာပေပညာရှိ ကင်းဆရာကြီးခေါ် ရွှေကင်းဘုံဆရာကြီးအားလေးစားထိုက်ပါသည်။ ပေမူဂူချပ်ပုဿင်ခန်း၌လည်း၊ တဖန်နေ့ရက်၊ ဥယျာဉ်ထွက်သော် ကနက်သခင်၊ သားဉာဏ်ရှင်နှင့်၊ တူပင်မကွာ၊ ထိုအခါ၌ ကြင်နာစဘွယ်၊ ပုဿင်ငယ်အား၊ သွယ်သွယ်မြီးဖျား၊ လည်ကျားကျားနှင့် တန်းခါးဒွါရာ၊ တိုင်ထိပ်ချာထက်၊ နေကာပျော်ရွှင်၊ မင်းကိုမြင်မူ၊ အလျှင်ရုတ္တရက်၊ တိုင်မှသက်၍၊ မြေထက်ဝပ်လျှောင်း၊ ထိုအကြောင်းကို၊ မင်းကောင်းဘုန်းမည်း၊ အသို့နည်းဟု၊ တည်းလည်း စီးစစ်၊ မေးသည်ဖြစ်၍၊ သားချစ်

ညွတ်လျှို၊ အရှင်တို့ကို၊ နှစ်လို့ပုသင်၊ စသည်တင်မူ၊ ကြည်လင်တို့အား၊ ခသူများကို၊ အလကားပေ၊ မဖြစ်စေနှင့်၊ ပေးလေချမ်းသာ၊ မိန့်သောခါတုံ၊ မရာဘုရား၊ ချမ်းသာများနှင့်၊ သောက်စားခဲမူ၊ တစ်ခုခုလျှင်၊ မျှော်ရှုလျှောက်ပတ်၊ လျှောက်ကြားလတ်သော်၊ လူထွင့်ထိပ်တင်၊ ဤပုသင်ကား၊ ဘယ်ကိုစားလို၊ လျှောက်လျှားအစာ၊ စားစရာဘုံ၊ မသာအမဲ၊ သားကိုခဲဟု၊ မလွဲလျှောက်ထ၊ သို့ဖြစ်ကမူ၊ ဘယ်မျှလောက်ဝန်၊ ဝမ်းတကန်မူ၊ လျှော်ရုံစိုက်စိုက်၊ ဂျင်(ကျင်) ရွေးထိုက်ရှင့်၊ အလိုက်သင့်လျှော်၊ မင်းချင်းခေါ် ၍၊ စေတော်မူလေ၊ ဉပဒေတုံ၊ ရေမြေထိပ်မိုး၊ မင်းအမျိုးမူ၊ ပေးရိုးမပတိ၊ ဂျင်ရွေးရှိနှင့်၊ တစိမလျှော်၊ ပုသင်ကျော်အား၊ မာသော်အပွကဲ၊ ပဲခြမ်းမျှဖြင့်၊ လှယ်ဖအမဲသား၊ နေ့တိုင်းသွား၍၊ ပေးလားလုလင်၊ မိန့်တိုင်းပင်တည်း၊ ထိုသင်မင်းလူ၊ နေ့မရှုလျှင်၊ မူလေမမှား၊ ထိုယောကျ်ားသည်၊ တပါးနေတုံ၊ ဉပုသ်ကြုံ၍၊ တစ်စုံတစ်ခု၊ သက်သတ်မှုကို၊ မပြုကုန်ကြမဲမရ၍၊ လှုပဖောက်ထွေ၊ ပဲခြမ်းငွေကို၊ ဆွဲလေပုသင်၊ သင်းလည်တွင်၌၊ ရောင်ထင်တောက်ပ၊ ထိုငွေစကြောင့်၊ မာနတိုးတက်၊ နောက်တရက်တုံ၊ ရွှေစက်ပါဒ၊ ဉယျာဉ်ကြွသော်၊ ငွေစကိုမှီ၊ ပုသင်နီကား၊ မထီမထင်၊ တိုင်းကြီးရှင်နှင့်၊ ငါ့တွင်ဉစ္စာ၊ အသူမှာတည်း၊ များစွာမသိ၊ ဂုဏ်ထူးဟိလျက်၊ မင်းကြီးကိုပြိုင်၊ တံခါးတိုင်မှ၊ (တန်းခါး)၊ မှိုင်ကာမေးစက်၊ မဆင်းသက်တည်း၊ ပြုချက်မလှ၊ မြင်လတ်ရမူ၊ မြွက်ဟမေလို၊ ဂါထာဆိုသည်။ ॥ ပုဂ္ဂိုလ်လူထွင့်မင်းကြီးတည်း။ ॥ ဤလင်္ကာ၌လည်း ဓညဝတီ ရွှေခိုင်သားတို့၏ စကားလုံးများကို ကြားညှပ်ထည့်ထားသဖြင့်ပင်လျှင် ကဗျာ့ရသဂုဏ်ပြောင်မြောက်လှပါသည်။ ဤလင်္ကာတွင် သွယ်သွယ်မြီးဖျား၊ လည်ကျားကျားနှင့်၊ ဆိုသောစကားသည်ပင် ပုသင်ငယ်၏သရုပ်ကို အထူးသဖြင့် ပေါ်လွင်စေပါသည်။ ထိုမှတပါးလည်း၊ အလကားပေး၊ မဖြစ်စေနှင့်ဟူ၍ငင်း၊ ထို့ပြင်တဝ။ ॥ ဘယ်မျှလောက်ဝန်၊ ဝမ်းတကန်မူ၊ လျှော်ရုံစိုက်စိုက်၊ ဂျင်ရွေးထိုက်ရှင့်၊ ဟူ၍ငင်း၊ ဆိုသောစကားများသည်လည်း ရွှေခိုင်သားများသုံးသော မူဟောင်းကြီး ဖြစ်ကြပါသည်။ ကျွန်ုပ်တို့ရခိုင်များမှာ ဝမ်းကို ဝမ်းဟူ၍သာ ခေါ်ပါသည်။ ဗမာများကား ဗိုက်ဟူ၍ငင်း၊ ဗိုက်တင်းသည်၊ ဗိုက်နာသည်၊ ဗိုက်ပြည့်သည်ဟူ၍ငင်း၊ ပြောဆိုသုံးနှုန်းကြပါသည်။ ဓညဝတီရွှေခိုင်သားတို့မှာကား ဝမ်းတင်းသည်၊ ဝမ်းပြည့်သည်၊ ဝမ်းနာသည်ဟူ၍သာ သုံးနှုန်းပြောဆိုကြပါသည်။ ဝမ်းတကန်ဆိုသောစကားသည် ဗမာအလိုအားဖြင့် ဗိုက်တပြည့် ဗိုက်တဆန့်ဟူ၍၊ အဓိပ္ပါယ်ရပါသည်။ အမှန်မှာ နှစ်ခွဲနှင့် တတင်းအတူတူပင် ဖြစ်သကဲ့သို့တည်း။ သို့ရာတွင် မျိုးချစ်စိတ်ပြင်းထန်သော ကင်းဆရာကြီးကို အတုယူရန်ကောင်း၍၊ ဤစာရေးသူက တင်ပြရပါသည်။ ॥ ပေမူဂူချပ် ဝမ်းဘက်တွင်ပင်၊ ဉဒုမ္ဗရဒေဝီခန်း၌လည်း။ ॥ ထိုရောအခါ၊ မိုးနတ်ရွာသို့၊ မိဓိလာပြည်၊ ချက်မြုပ်တည်လျက်၊ နေသည်အဟုတ်၊ ခေါ်သမုတ်သား၊ ပိင်္ဂုတ္တရ၊ လုလင်(လုင်)လှသည်၊ သိပ္ပသင်လို၊ တက္ကသိုလ်ဘုံ၊ ပြည်ကိုအရောက်၊ သွားလေမြောက်၍၊ ပါမောက်ဒိသာ၊ ဆရာအထံ၊ ကျိုးနွံခယ၊ တတ်သိပ္ပကို၊ သင်ကမကြာ၊ တတ်လိမ္မာလျက်၊ သွားခါချိန်တန်၊ ဆရာမွန်ကို၊ ပန်လေအကြောင်း၊ သွားခွင့်တောင်း၏။ ကျော်သောင်းဒိသာ၊ ထိုဆရာ၏၊ မိတာသမီး၊ ညီဦးရီးတိ၊ (ညီရရီးတည်း)၊ မကြီးရွယ်ရောက်၊ ဟိ(ရှိ)တုံမြောက်၏။ တယောက်ကလျာ၊ ဒေဝစ္ဆာသို့၊ (ဒေဝစ္ဆာရာသို့)၊ ပမာတူလျော်၊ ဆိုခါသောတုံ၊ ထိုရောဆရာ၊ (ဆရာ)၊ ထိုဘိဿာကို၊ ဆိုပါဤသို့၊ လွှန်နှစ်လို၍၊ မချို့ပညာ၊ မသက်သာသည်၊ လိမ္မာပွန်းတီး၊ တပည့်ကြီး။ ဟူ၍ ဒိသာပါမောက္ခဆရာကြီး၏ အာလုပ်သံကို ရေးစပ်ထားပါသည်။ ဤလင်္ကာ၌ ဆရာဟု ရှေးထုံးရေးနည်းဖြင့် ရေးစပ်ထားသည်မှာလည်း၊ ဓညဝတီရွှေခိုင်သားတို့၏ စာပေယဉ်ကျေးမှုတရပ်ကို ဖော်ပြထားသည်ဟု ဆိုရပါမည်။

အလွန်ချမ်းအီး၊ ဤခရီးကား၊ ရပ်ကြီးဉတ္တရာ၊ မယောရွှာ၏၊ သာယာရိပ်ချမ်း၊ တို့အိမ်လမ်းတည်း၊ စသည်ဖြင့် ရခိုင့်အသံ ရခိုင့်အသုံးအနှုန်းများဖြင့် ရေးစပ်ထားသည်မှာကား--- ရခိုင့်စာဆိုတော်ကြီး ဉက္ကာပျံ၏ ကောင်းကင်မှာလီ၊ ဝါယောထွီသား၊ စသည်ဖြင့် စပ်ဆိုထားသကဲ့သို့ပင်၊ ရခိုင့်အသုံးအနှုန်းများကို ဖော်ထုတ်ကာ စပ်ဆိုထားခြင်း ဖြစ်ပါသည်။ ထိပ်တင်အမောင်ဟု အစချီထားသည်မှာလည်း ထီးဆန်နန်းဆန်သော စကားများဖြင့် ရေးစပ်ထားခြင်း ဖြစ်သဖြင့် ကင်းဆရာကြီးသည် ထီးရိပ်နန်းရိပ်ကို မှီလိုက်သူဖြစ်ကြောင်းကိုကား စာရှုသူတို့ ကောင်းကောင်းကြီး သိသာနိုင်ပေသည်။ ॥

မဟောသဓါ လင်္ကာကျမ်းကြီးကို ရေးသားခဲ့သူ ကင်း

ဆရာကြီး၏ အထုပ္ပတ္တိကို ဥမင်္ဂခန်းအဆုံးတွင် ရေးသားခဲ့
သည်မှာ အောက်ပါအတိုင်းဖြစ်သည်။

ရက္ခာပူရ၊ ပြည်မနိုင်ငံ၊ ဘက်မစံသား၊ ထိန်ယံပဝင်း၊
တရားမင်း၏၊ ထွန်းလင်းသာသနာ၊ တည်ရာထောင်က၊
နတ်နှင့်ဆလည်း၊ မမျှနိုင်းဘွယ်၊ ကုသိုလ်ကြွယ်သား၊ ပင်
လယ်ထက်ဝန်း၊ ရှုမပန်းလျှင်၊ ရှစ်ခဏ်း(န်း)ဒိသာ၊ လိုရာ
ရာကို၊ ဝစ္စာမစိုး၊ လူစီးပျိုးလည်း၊ မညှိုးနှစ်စည်၊ ချည်လမစဲ၊
ချိုမပွဲတည်း၊ သဲသဲရိုက်အုန်း၊ နတ်တို့ဘုန်းကြောင့်၊ ချုံးချုံး
ဝဿန်၊ နှစ်တိုင်းမှန်လျက်၊ ဖြိုင်းဝှန်ပွားတက်၊ ခွန်ထွက်
ယာလယ်၊ မျိုးလေးနွယ်တို့၊ စွန့်ပယ်သိန်ဖျင်း၊ ဘုန်းရောင်
လင်းသား၊ ကျွန်းမင်းအောင်ချာ ရွှေရမ္မာထက်၊ ရွှေစာရွှေ
ကျမ်း၊ တတ်စွမ်းသိမြင်၊ ဗေဒင်ဆေးသမား၊ ပျားပြားစုံစီ၊
ပန်းချီပန်းပု၊ ရေးထုရစ်လိမ်၊ ပန်းထိမ်ပန်းဘဲ၊ အန် အဲ
ရတု၊ ရှင်မြူးသာကြည်၊ သီခြင်းသည်က၊ ပွားစည်လောကီ၊
အညီလောကုတ်၊ မယုတ်အဟင်၊ များဖျင်(ဖြင်)ပြောထူ၊
အလျှုသီတင်း၊ မကင်းနေတူ၊ ကျောင်းဂူ(ကူ)ဘုရား၊ ပွား
ကားရာထောင်၊ ပြိုင်းပြိုင်း ပြောင်သည်၊ ညာတောင်ရမ်းဗြဲ၊
နောက်ခဆွဲက၊ ကလဲတဲကင်း၊ သဘင်းဝှန်ချောက်၊ တခေါ်
လောက်တွင်၊ ရမ်းပေါက်မြစ်ဝ၊ မြောက်ကင်းလှထက်၊ ဗုဒ္ဓ
ကြီးတကာ၊ ဆရာဥက္ကံသ၊ နည်းခံမူဝ၊ ရညတပည့်၊
မည်မှည့်ရှင်က၊ ဦးဝရဟု၊ နာမပညတ်၊ ကြမ္မာဝတ်ကြောင်း၊
အရပာတ်တန်းခွန်၊ ပယ်ခဲ့ကန်၍၊ နိဗ္ဗာန်မုတ်ဝ၊ မိသီလကို၊
မရသော်လည်း၊ နောင်မေတ္တာည်းတွင်၊ (မေတ္တေး)၊ ကပ်
ဆည်းရရုံ၊ ငါးစုံသတင်း၊ နှလုံးသွင်း၍၊ တောင်းတင်းချိန်
ခွင်၊ ကုန်ငါးအင်ဖြင့်၊ ငါ့တွင်ငါ့မွေး၊ သတိဆေးလျက်၊ ရှေး
ရှေးသဒ္ဓါ၊ ဒုဇီဝှါကို၊ ခုသာမက၊ ဘဝဘဝေ၊ လွတ်ပါစေဟု၊
အခြေအမြစ်၊ ဤရှစ်ချက်တွင်၊ ဖြစ်စေပကတူ၊ နှလုံးမူ
လည်း၊ သုံးဆူလူ့ရွှာ၊ သရဏာကို၊ ထိပ်ချာဦးလုံး၊ ပန်းကုန်း
ဥဂ္ဂင်၊ မြစ္စာဆင်၍၊ ကင်းရှင်ဆရာ၊ လူထွက်စာဟု၊ စဉ်လာ
ဥဒါန်း၊ ဥမင်ခဏ်းကို၊ မော်ကွန်းဖြစ်အောင်၊ မျိုးသောင်း
ထောင်တို့၊ သုံးဆောင်စိမ့်ရည်၊ ကြိုးကြံစည်၍၊ ကြံသည်
အတိုင်း၊ ပြည့်စုံလှိုင်းသည်။ ။ ကျယ်ဝိုင်းသမုဒ္ဒရာတည်း။
ဟူ၍ မဟာဥမင်္ဂခဏ်းအဆုံးတွင် အနည်းအကျဉ်း ရေး
သားထားခဲ့သည်ကို တွေ့ရှိရပေသည်။

မဟောသဓါလင်္ကာကျမ်းကြီးမှာ ကြီးကျယ်ခမ်းနားလှ
ပါသော်လည်း ပေစာအဖြစ်သာ ရှိနေသေးသဖြင့် မထင်
ရှား မပေါ်လွင်ဘဲ ဖြစ်နေရပေသည်။ မကြာမီစက်တင်
ပုံနှိပ်နိုင်လိမ့်မည်ဟု မျှော်လင့်ရပါတော့သည်။ ဤကင်း
ဆရာနှင့်အတူ ခေတ်ပြိုင်(ဝါ)တခေတ်တည်းမှာပင် ဓညဝ
ဝတီရခိုင်ပြည်တွင် ကင်းဆရာနှင့် စာရေးပြိုင်ဘက် ဝေါ
ကျောင်းအမည်ခံ၊ ဆရာကြီး ရေးသားခဲ့သော နေမိလင်္ကာ၊
မဟောသဓလင်္ကာ၊ ဘူရိဒတ်လင်္ကာ၊ ဝိဓူရလင်္ကာ၊ ဝေဿန္တ
ရာလင်္ကာ၊ ပေါရိသာဒလင်္ကာ၊ ကောကနုလင်္ကာစသည်များ
လည်း ရှိသေးကြောင်း စုံးစမ်းမေးမြန်း၍ တဆင့်စကား
ကြားသိရပါတော့သည်။ ထိုထိုတိမ်မြုပ်ကွယ်ပျောက်နေ
သော ရခိုင့်လက်ရာစာပေများ (ဝါ)လင်္ကာ၊ အေး (ဝါ)အဲ
အန်၊ ရတု၊ ကြိုး၊ ဒုန်းခြင်း၊ သိုင်းခြင်း၊ သာခြင်း၊ ပျို့၊
ကဗျာ၊ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ လောကီကျမ်းမျိုးစုံ၊ ဗုဒ္ဓ
ဘာသာတရားနှင့် စပ်ဆိုင်သော စာပေကျမ်းဂန်စသည်
များကို ရှာဖွေစုဆောင်းပြီး၊ ဖော်ထုတ်နိုင်ကြပါစေကုန်
သတည်းဟူသော အာသီသဖြင့်၊ ဤ "ရခိုင်လက်ရာစာပေ
များ" ဟူသော ဆောင်းပါးကို တင်ပြလိုက်ရပါတော့
သတည်း။ ။

**ဓညဝတီ– အရှင်ရဝိန္ဒ**

# မှုမှန်သော လှေတော်ပျို့ဖြစ်ရေး

**(သီဟိုဠ်ပြန်၊ ဦးကေသရဆရာတော် မင်္ဂလာသုခတိုက်)**

ရခိုင်ပြည်သည် ပင်လယ်ကမ်းခြေဖြင့် စပ်လျက်၊ သဘာဝအားဖြင့် ရေလမ်းတွင် ကုန်သွယ်ကူးသန်းသွားလာခြင်း၌ ကျက်စားရသည့် တိုင်းပြည်ဖြစ်လေသည်။ ရခိုင်မင်းများခေတ်တွင် ဘင်္ဂလားပင်လယ်အော်ကို ဖြတ်သန်းလျက်၊ ဟူဂလီမြစ်မှ မုတ္တမကွေ့ထိဂင်း၊ အရှေ့ဘက်တလွှားတွင် ဒလိမ့်ခေါက်ပြန် လောင်းလှေတို့ဖြင့်၊ ကျက်စားသွားလာခဲ့ကြသည်။ အထူးသဖြင့်ဆိုလျှင် ဂိုဝါပြည်မာလ်ဒိုက်ဗ်ကျွန်း၊ သီဟိုဠ်၊ ဘင်္ဂလားစူမတ္တရာ၊ ဂျာဗါအထိ၊ ရခိုင်ရေယာဉ်များသည် သွားရောက်ခဲ့ကြကြောင်းကို ရာဇဝင်အရသိရှိနိုင်သည်။ ရခိုင်သည် ရေဘက်တွင် သတ္တိအင်အားစွမ်းပကားရှိသူများဖြစ်၍၊ တိုင်းတပါးသား ပေါ်တူဂီများနှင့် ယှဉ်ပြိုင်ကာ ရေယာဉ်တိုက်ပွဲ ဆင်နွှဲခဲ့လေသည်။ ရခိုင်ဘုရင်ချီတော်မူစဉ် ရေယာဉ်တိုက်လှေများသည် သောင်းသိန်းမက ပါဝင်ခဲ့ကြသည်။

ရခိုင်မင်းများလက်ထက် ရခိုင်ရာဇဝင်တို့၌ ဖတ်ရှုရသော လှေတော်အမည်များမှာ သက္ကဒါန်လှေတော်၊ ကရဝိတ်ပြဿဒ်ဖောင်လှေ၊ ဘားမဲ့လှေ၊ လွန်းကြင်လှေ၊ ဂွတ်လှေ၊ သရေလှေတော်၊ စင်တင်လှေ၊ ရွှေလောင်း၊ ရွှေမီးကျောင်း၊ ရွှေကြက်၊ ရွှေကျီး၊ ရွှေစာမရီစသည်ဖြင့် အမည်အမျိုးမျိုး ရှိလေသည်။ ဘုရင်၊ မင်းညီ၊ မင်းသား၊ အမတ်ကြီး၊ အမှုးအမတ်၊ သူရဲစသည် အသီးသီးစီးကြရလေသည်။ လှေတို့မှာလည်း အမည်အမျိုးမျိုးကွဲပြားလေသည်။ ယင်းလှေတော်များ၏ အတိုင်းအတာဆင်ယင်ပုံများကိုကား ရခိုင်ရာဇဝင်တွင် စာပေမှတ်တမ်းတင်ခြင်းများ မရှိ၍ လောဟု မသိပေ။ ဤလှေတော်ဖွဲ့များ၊ လှေတော်သံ ဟန်စွလေသာချင်းများကိုကား အမတ်ကြီး ဓမ္မဇေယျ၏ ဗျည်း ၃၃လုံး လှေတော်သံဖွဲ့ကပင် ထင်ရှားနေပြီဖြစ်၍၊ ထိုလှေအတိုင်းအတာများလည်း ရှိလေမည်မှာ ယုံမှားမရှိပေ။

သို့လှေတော်အတိုင်းအတာနှင့် ပတ်သက်၍၊ နှုတ်ဖျားတွင် သီးနေသော လှေတော်ပျို့ဟူသည် စာချိုးတစ်ခုကို ဖော်ပြလိုသည်။ တောင်းတုံးပလုံးထရံ စသည်ရက်လုပ်အပ်သော လက်မှုပညာများကိုကား၊ ရှေးသူဟောင်းတို့သည် "အခြင်း" ဝါ "ပျို့" ဟုဆိုအပ်သော လုပ်ပုံကိုင်ပုံ အတိုင်းအတာ မှတ်သားစရာ စကားဆင်၊ စကားချိုး၊ စကားစပ်ကလေးများဖြင့် အတိုကောက်စပ်ဆိုထားရှိခဲ့လေ့ ရှိသည်။ ဥပမာပြရလျှင် ရခိုင်၌ ထရံရက်လုပ်ရာ၌ ထရံအမျိုးအမည် များစွာရှိသည်။ ထိုထရံရက်လုပ်ပုံကို "ပျို့"ဖြင့် အသီးသီးရှိသည်။ ပျင်းပွေ့ဟု ဆိုအပ်သော ထရံရက်လုပ်ပုံကို "နှစ်ချောင်းချီမြှောက် လေးချောင်းကောက်၊ အောက်က အမှန်သုံးချောင်းခံ" ဟူ၍၊ ပျို့၊ အရှိလုပ်ဆောင်နိုင်၍ နည်းတူ "ကုလားတတ်" ခေါ် ဘုန်းကြီးကျောင်းတွင် ထားရှိသော ခေါင်းခတ်ကိုလည်း၊ "ထုတ်ထူခေါင်းပါး၊ အသံကြား" ဟူ၍ ပျို့စပ်ရှိသည်။ ပျင်းပွေ့ထရံကို ပျင်းပြောင်၊ ပျင်းကျော်ဟုလည်း ဒေသန္တရအခေါ်များ ကွဲပြားလျက်ရှိသည်။ အလားတူ အတိုကောက် မှတ်သားစရာ တိုထွာပျို့ကလေးများသည် ရှေးသူဟောင်းများ၏ ပါးစပ်နှုတ်ဖျားတွင် တသီတပုံကြီး ရှိသည်။ မည်သည့်အလုပ်မဆို ၎င်း၏လုပ်ပုံစံနှစ် အတိုင်းအတာကို ပျို့စပ်ရှိခဲ့လေသည်။

ထိုနည်းစံနစ်များအနက်၊ ရခိုင်မင်းများခေတ် လှေတော်အတိုင်းအရှည်နှင့်၊ လှော်ခတ်သမား၊ တက်စုံတက်ညီ လှော်ခတ်ပုံနှင့် ပတ်သက်၍၊ စာချိုးပို့တပုဒ်ကို သတိရ အောက်မေ့မိသည်။ ၎င်းမှာ အချို့က "ကိုးဆယ့်ကိုးလံ၊ ကိုးပင်းကန်၊ ကျင်သန်တပြီး၊ စည်တတီး" ဟု ရွတ်ဆိုလျက် ရှိကြသည်။ ဤသို့ဖွဲ့ဆိုအပ်သော လှေတော်ဖွဲ့ပုံကို ထောက်က၊ ရခိုင်မင်းများလက်ထက် လှေတော်၏ အတိုင်းအတာ အရှည်နှင့် လှေတော်လှေခတ်သမားလှေတော်၏ ထွက်တော်မူစဉ် စည်ကို တီးခတ်ရပုံများကို အကွင်းသားပေါ်လွင် ထင်ရှားစွာ သိသာနိုင်သည်။ ဤပို့အဝင် လှေကို ရခိုင်မင်းများ လက်ထက်က မည်သို့ လှေခေါ်ဝေါ်ခဲ့ကြောင်းကိုကား မသိနိုင်ပေ။ သို့ရာတွင် ဤပို့မှာ ကာလ ရွေ့လျားသဖြင့် အဆိုမှားနေသည်ကို တွေ့သိရှိသည်။ ငါတို့ငယ်စဉ်က သတိမထားမစဉ်းစားမိခဲ့ပေ။ ယခုမှ စဉ်းစားကြည့်မိ၍၊ မှားမှန်းသိသဖြင့် မှုမှန်ဖြစ်ရန် ရည်ရွယ်လာသည်။

ဤလှေတော်ပို့ကို "ကိုးဆစ်ကိုးလံ ကိုးပင်းကန်ကျင်သန်တက်ပြီး၊ စည်ကိုတီး" ဟုသာ အမှန်ဖြစ်ရမည်ကို ထင်ပေသည်။ ရှင်းလင်းပေအံ့၊ လှေတော်၏ ပင်းကန်တစ်ခုလျှင် တလံ (၄-တောင်)စီ အကွာအဝေး တပ်ဆင်ရသည့်အတွက် တပင်းကန်လျှင် ၄-တောင် (တလံကွာ)ဖြစ်ပြီး၊ တပင်းကန်ကို တဆစ်ဟု ယူအပ်သည်။ ယခုအခါ၌ သမားတခန်းကို တဆစ်ဟု ရခိုင်ပြည်တွင် ခေါ်တွင်နေသည်။ ယင်းသို့ယူလျှင် လှေတော်မှာ ၉လံ ၉ဆစ် ရှိမည်။ အတောင်အားဖြင့်ဆိုလျှင် (၄×၉=၃၆)၃၆တောင်ရှိမည် ဖြစ်သည်။ လှေတော်တွင် စီးတော်သမား၊ လှော်ခတ်သားတို့မှာလည်း မြင်မြင်သသူများမဟုတ်ဘဲ၊ အားခွန်ဗလနှင့် ပြည့်စုံသည့် ကာယဗလရှင်၊ ကျင်သန်တွေသာတက်စီး လှော်ခတ်ရပုံကို သိနိုင်သည်၊ ဘုရင်ထွက်တော်မူစဉ် လှေတော်တွင် စည်တော်သွန်း၍ ဆော်ရိုက်တီးခတ်ပြီး ထွက်တော်မူကြောင်းကိုလည်း ဖော်ပြပါ လှေတော်ပို့ဘွဲ့ဖြင့်ပင် ပြည့်စုံနိုင်ပြီးဖြစ်သည်။

အချို့အယူအဆ အမှားအရဆိုလျှင် "ကိုးဆယ့်ကိုးလံ၊ ကိုးပင်းကန်၊ ကျင်သန်တပြီး၊ စည်တတီး" ဟု ဆိုသည့် အတိုင်း၊ ၁၁-လံလျှင် တပင်းကန်စီ တပ်နေရမည် ဖြစ်နေသည့်အပြင်၊ ကျင်သန်တပြေး၊ ရှည်လျားသည့် အဓိပ္ပါယ်ရောက်သည်သာမက၊ စည်တတီး၊ (ဝါ)စည်သံတကြား၊ စည်သံ တဆုံး ရှည်လျားနေသလို အဓိပ္ပါယ်သက်ရောက်သွားသည်။ ဤသို့သာ ယူလိုက်လျှင် ကျင်သန်တပြေး၊ စည်တတီးဆိုက ၉-ပင်းကန်ဖြင့် လှော်တက်တပ်ဆင်ပြီး၊ လှော်ခတ်၍ အဘယ်မှာလျှင် ရွေ့လျားစုန်ဆန် သွားရောက်ရာ အံ့နည်းကို မဆင်ခြင်မိလေခြင်းကား၊ တက်တက်စင် လွဲမှား နေဘိ၏။ ထို့ကြောင့် ကိုယ့်ဆစ်ကိုးလံ၊ ကိုးပင်းကန်၊ ကျင်သန်တက်ပြီး၊ စည်ကိုတီး၊ ဟူ၍သာ ဖော်ပြပါအမှန်ဖြစ်သင့်ကြောင်းကို ယူရာသည်။

ရခိုင်ပြည်တွင် လှေလောင်းနှင့်ပတ်သက်၍ အခေါ်အဝေါ်များကိုင်း၊ လှေပုံအခြင်းအရာများကို ၎င်း၊ သုတေသနပြုရန်နှင့် မှတ်တမ်းတင်ရန် လိုအပ်ပေသည်။ ပင်းကန်ဟူသည်မှာ ပြိုင်လှေတို့၌ အနံ့လိုက် တပ်ဆင်ထားသော ထိုင်ခုံတန်းဖြစ်သည်။ ၎င်းတန်းတွင် တစ်ဘက်တစ်ယောက်စီ ထိုင်လျက် လှော်ခတ်ရ၏။ ထိုသို့ လှေလှော်သမားတို့ ထိုင်၍ လှေလှော်နိုင်ရန် တပ်ဆင်ထားသည်ကို ပင်းကန်ဟု ခေါ်သည်။ ၎င်းပင်းကန်ကို မှီ၍၊ လှေအနားနံပါးနှင့်စပ်လျဉ်း၍၊ လှော်တက်ကို အမှီပြုရန် တိုင်ကို၊ ပင်းတွန်းတိုင်ဟု ခေါ်သည်။ ရခိုင်ပြည်အချို့ဒေသများက "ခတ်တန်း" ဟုလည်း ခေါ်ကြသည်။ ၎င်းခတ်တန်းတိုင်ကို ပြုတ်မထွက်ရန် ကျားကန်၍ ထားရသည်။ ဤပုံပမာဖြစ်သည်။ ခတ်သော လှေတက်ရှည်ကိုမူ ပင်းတွန်းဟု ခေါ်သည်။

ပင်းတွန်းနှင့်လှော်တက်ကွဲပြားပုံကား တက်နှစ်မျိုးကို ခွဲခြားသိရန် လိုအပ်၏။ လှော်တက်နှင့် ခတ်တက်ဟု အကြမ်းမျဉ်း မှတ်သားထားပါ။ ပင်းတွန်းသည် ခတ်တက်ဖြစ်၏။ ပင်းတွန်းခုံမှာ ကြိမ်နွယ်စသည့် ကြိုးကွင်းတပ်လျက် ပင်းတွန်းခုံမှာ ချိပ်ကာ အမှီသဟဲပြု၍ လက်နှစ်ဘက်ဖြင့် ဆွဲပြီးခတ်ရသဖြင့် ခတ်တက်ဖြစ်ပေသည်။ လှော်တက်မှာ ကြိမ်နွယ်ကွင်းတပ်၍ ခတ်ရန်မလိုဘဲ လက်ဖြင့် ဆုတ်ကိုင်ပြီး လှေနံကိုမှီကာ ရေအဟုန်ကို ကန်ကျောက်လျက်၊ ရေယက်ပေးခြင်းဖြင့် တွန်းပို့ခြင်းသာဖြစ်၍၊ လှော်သည်ဟု သိနိုင်သည်။ ထို့ကြောင့် လှော်တက်ကတို၍၊ ခတ်တက်က ရှည်သည်။ လှော်ခြင်းထက် ခတ်ခြင်းက ပို၍ အသွားမြန်သည်။

ခပ်တက်တွင် ပင်းတွန်းကွင်းနှင့် ပင်းတွန်းခုံကို ကျပ်ပြီးထားရသဖြင့် ခတ်ရင်း ခတ်ရင်း ခတ်တက်၏ အရိုးတန် ပင်းတွန်းကွင်းတပ်ရာ (ကျရာ-ဝါ-သွင်းရာ)ခတ်တက် အရိုးတန် ပွန်း၍ စားသွားတတ်သဖြင့် နေရာကို မို့မို့ မောက်မောက် အသားပို၍ထားရပြီး၊ ဘို့ဖုခံလျက် ပြုလုပ်ထားရသည်။ ရခိုင်ပြည်တော်လှန်ရေး သူရဲကောင်း ဒေးဝမ်းအောင်ကျော်ရွှိတို့ကို အင်္ဂလိပ်တို့သည် ဖမ်းဆီးပြီး အိန္ဒိယသို့ အကျဉ်းချထောင်သွင်းရန် တင်ဆောင်သွားသော သင်္ဘောမှာ ပင်းတွန်းဆင်လျက် လှော်ခတ်ရသော တက်လည်းမပါဘဲ၊ ရွက်လွှင့်ထူရသော သုံးပင်တိုင်သင်္ဘောဖြစ်သည့်အကြောင်းကို ၎င်းဒေးဝမ်းကြီးကိုယ်တိုင်ဖွဲ့ဆိုခဲ့သော ရွှန်းလိုက်ရတု၌ "သင်္ဘောလည်း သုံးပင်တိုင်၊ ပင်းတွန်းမဆင်၊ တက်မငင်ဘဲ၊ ရွက်လျှင်ဖြန့်ကာချည်နှင့်၊ အစည်စည်လီသင့်ရာ၊ ပင်လယ်မြစ်ကြီး၊ သင်္ဘောစီး၍၊ လှွင့်ပြီးယူသွားပါက" ဟု စပ်ဆိုခဲ့သည်ကို တွေ့နိုင်ပေရာသည်။

ထို့ကြောင့် ပင်းတွန်းဟူသည်မှာ လှော်ခတ်သော ခတ်တက်ကို မိမိရင်းတွင်းဘက်သို့ ပင်းပါလာရန် ဆွဲဆောင်လှမ်းယူခဲ့လိုက်ရပြီး၊ တွန်းကန်၍ ခတ်ရသည့်အတွက် ပင်းတွန်းဟု ခေါ်ဆိုရခြင်းဖြစ်လေသည်။ အလားတူ လှေနှင့် စပ်ဆိုင်သမျှ အခေါ်များစွာ ရှိသည်။ ပဲခွက်(ရေပက်) တကူ ဧရာစသည့်အခေါ်များလည်း ဒေသန္တရဝေါဟာရ ကွဲပြားကြလေသည်။ ဤသို့အမည်ဝေါဟာရ စသည်များကိုလည်း သုတေသနပြုရန် လိုအပ်သည်။

ဤလှေသည် ရခိုင်ပြည်တွင် ပွဲသဘင် ကျင်းပရာ၌လည်း အလွန်အရေးပါသည်။ လှေပြိုင်ပွဲမှာ ယခုမှသာ ယဉ်ကျေးမှုတရပ်မဟုတ်ဘဲ ၊ ရခိုင်ဘုရင်မင်းများလက်ထက်၊ မြောက်ဦးမြို့တော်၌၊ သိယ်နဒီမြစ်ကမ်းငယ်၊ မင်းဆိပ်ချောင်းတွင်၊ တာသဘင်သင်္ကြန်အခါတွင်၊ လှေသဘင်ပွဲတော် ဆင်ယင်ကျင်းပပုံကို၊ ရခိုင်စာဆိုတော် ဥက္ကါပျံသည် ရာသီဘွဲ့ရတုဝယ်၊ တန်ခူးလဘွဲ့၌ ရေးစပ်ခဲ့သည် မဟုတ်ပါလော။ "ရက္ခမှန်ဖူး၊ မြောက်ဦးရွှေပြည်သာ၌၊ များစွာသည်၊ ရွှေလှေပေါင်းသိယ်နဒီ၊ နန်းတော်ဆီဝယ်၊ ရွှေလှေ မင်းဆိပ်ချောင်း၌၊ တသောင်းသောင်းပျော်စဉ်တွင် တူစုံ ကြည့်ရှုချင်သည်၊ သင်္ကြန်အခါတည့်လေး"။

ရခိုင်ပြည်တွင် ယခုအခါ၌လည်း လှေအမျိုးအစား များစွာ ရှိကြပေသည်။ ပြိုင်လှေ စီးလှေ လှေကြီးစသည်ဖြင့်ရှိရာ၊ လှေကြီးတွင် ရွက်ကြိုးတပ်ဆင်လှေရှိသည်လည်း ရှိပြီး၊ အချို့မှာ စပါးတင်၊ ကုန်တင်၊ ခရီးထွက်ခြင်းတို့၌ လှေကြီးများကို အသုံးပြုကြသည်။ လှေကြီးဆင်ရာ၌ ငှက်ပုံသဏ္ဌာန်စသည်ဖြင့် အမျိုးမျိုးဆင်ယင်ကြ၏။ ဤသို့ ရခိုင်ပြည်၏ လှေအမျိုးအစားနှင့် ဒေသန္တရအခေါ်အဝေါ် စင်လုပ်ပုံ၊ ပုံသဏ္ဌာန်၊ အဆင်အယင်၊ အပေါ့အမြန်၊ ဘယ်လှေသည်ဘယ်သို့ကြောင့် ကုန်ချိန်ပိုတင်နိုင်ပုံ၊ မတင်နိုင်ပုံ၊ အသွားနှေးမြန်၊ သစ်သားကိရိယာစသည်၊ ရွက်ပုံသဏ္ဌာန်များ၊ လှေအခြင်းအရာ၊ လှိုင်းလေတွင် မည်သို့ အန္တရာယ်ကို ကာကွယ်ပုံ၊ ရှောင်တိမ်းသွားလာရပုံ၊ ကြယ်နက္ခတ်တို့ဖြင့် သွားလာရပုံ စသည်များကို သက်ကြီးသူအိုများနှင့် လှေသမားကြီးများထံ မေးမြန်းစုံစမ်းလေ့လာလျက်၊ သုတေသနပြု၍၊ ခါတ်ပုံစသည်ဖြင့် သရုပ်ဖော်ကာ မှတ်တမ်းတင်နိုင်က ပို၍သင့်လျော်မည် ဖြစ်သည်။ ရခိုင်အမျိုးသားများ၏ ဒေသယဉ်ကျေးမှု ကျွမ်းကျင်မှုပညာကိုလည်း အမှန်းတင်ရာ ရောက်မည်ဖြစ်သည်။ ထို့ကြောင့် မူမှန်သော လှေပျို့ဖြစ်စေရင်းနှင့်၊ ခေတ်မီသုတေသန မှတ်တမ်းတင်နိုင်ပါစေသတည်းဟု တိုက်တွန်းစကား ရေးသားလိုက်ရပေသတည်း။

# ရခိုင်လူငယ်၏ လွတ်လပ်ရေးခရီး

စစ်တွေမောင်

တစ်နေ့သော ညနေချမ်းအချိန်တွင် အကျွန်ုပ်သည် အင်းယားကန်စောင်း၌ လေညှင်းခံရင်း အမျိုးမျိုးတွေးတောလျက် ရှိသည်။ ရုတ်တရက် အဝတ်အထည်နွမ်းပါးစွာ ဝတ်ဆင်ထားသော လူငယ်တစ်ဦး အကျွန်ုပ်အနားသို့ ရောက်လာသည်ကို သတိထားမိပါသည်။ သူ့အား စူးစူးစိုက်စိုက်ကြည့်လိုက်ရာ၊ မှတ်မိသလိုလို တွေ့မိသည်။ လူငယ်လည်း အကျွန်ုပ်အား မရဲတရဲကြည့်ပြီး--- "အစ်ကိုကြီး ကို------ မဟုတ်ပါလား။ ကျွန်တော့်ကိုတော့ မှတ်မိမှာ မဟုတ်ပါဘူး" ဟု သူကစ၍ ပြောလိုက်သည်။ "ထွန်းအောင်ကျော် မဟုတ်လား" ဟု ကျွန်တော်က ပြန်မေးလိုက်ရာ၊ 'မဟုတ်ပါ၊ ကျွန်တော် သက်လွင်ပါ' ဟု ပြန်ပြောလေ၏။ "သက်လွင်ဆိုတာ မင်းနာမယ် အရင်းလား" ဟု ကျွန်တော်က ဆက်မေးလိုက်ရာ၊ "အရင်းမဟုတ်ပါ၊ ဒီကျမှ ပြောင်းလိုက်ရတဲ့ နာမည်သစ် ဖြစ်ပါတယ်" ဟု ပြောဆိုရင်း လူငယ်သည် ချုံးချကာ ငိုပါတော့သည်။ ကျွန်တော့်မှာ အတွေးရခက်ပါတော့သည်။ သူကဆက်လက်၍ "အစ်ကိုကြီး ကျွန်တော်တို့ လူငယ်တစ်သိုက်တော့ အလားလားပါဘဲ ရက္ခိုင်ပြည်မှာလည်း အလုပ်မရှိ၊ ဒီလာပြန်တော့လည်း အလုပ်ကရှားပြီး၊ ရက္ခိုင်နာမည်နှင့် ဆိုတော့လဲ မစားသာပါ၊ ဒီအတွက်ကြောင့် မြန်မာလို သက်လွင်အမည်ပြောင်းပြီး အလုပ်ရှာနေရခြင်း ဖြစ်ပါတယ်။ ယခု အမှတ်တမဲ့ အစ်ကိုကြီးနှင့် တွေ့လိုက်တော့ ကျွန်တော် ဝမ်းသာဝမ်းနည်းဆိုသလို ဖြစ်ရပါတယ်။ ကျွန်တော်တို့ကို မကူညီနိုင်တော့ဘူးလား အစ်ကိုကြီးရယ်" ဟု သူကဆက်လက်၍ ပြောကြားသောအခါ ကျွန်တော့်မှာ အတွေးပင်လယ်ဝေရပါတော့သည်။ လူငယ်အားပါလာသော ငွေ-၃ ကျပ်ကို ပေးလိုက်ပါသည်။ ထွန်းအောင်ကျော်ခေါ် သက်လွင်သည် ငွေသုံးကျပ်ကို လက်မခံချင် ခံချင်နှင့်ယူ၍၊ အကျွန်ုပ်ရှေ့မှ တဖြေးဖြေးပျောက်ကွယ် သွားပါတော့သည်။ ထွန်းအောင်ကျော်ခေါ် သက်လွင်၏ သွားရာလမ်းကို စူးစိုက်ငေးမျှော်လျက် ယခင်ရက္ခိုင်လူငယ်များ၏ လွတ်လပ်ရေးလုံးပမ်းမှုတို့မှာ ကျွန်တော်၏ ရှေ့မျောက်၌ တစ်ခုပြီးတစ်ခု ပေါ်လာခဲ့ပါတော့သည်။

၁၉၃၆-ခု နောက်ပိုင်းတွင် ရက္ခိုင်ပြည် ရက္ခိုင်လူငယ်များ နိုးကြားထကြွမှုကြီးတစ်ရပ်သည် တိုင်းပြည်အနှံ့အပြား ပေါ်ထွန်းခဲ့လေသည်။ ဤရက္ခိုင်လူငယ်များ လှုပ်ရှားမှုကြီးမှာ ရက္ခိုင်တစ်ပြည်လုံးကို စည်းရုံးစေခဲ့သည်သာမက လွတ်လပ်ရေးတိုက်ပွဲအတွက် ခိုင်မြဲသော စည်းရုံးမှုအဆောက်အအုံကြီးကို တည်ဆောက်ခဲ့ခြင်း ဖြစ်ပေသည်။

စစ်တွေမြို့ "ဘုရားများသိမ်၌ ဦးဘသစ်၊ ဦးသဒိုးလှ၊ ဦးဘစံ၊ ဦးကျော်နု အစရှိသော ရက္ခိုင်လူငယ်သုံးဆယ်ကျော်တို့သည် တီးတိုးဆွေးနွေးခဲ့ကြသည်။ ဤဆွေးနွေးရာမှ ရက္ခိုင်ပြည်လုံးဆိုင်ရာ လူငယ်များ နိုးကြားရေးအစည်းအရုံးကြီးတစ်ခု ပေါက်ဖွားခဲ့လေသည်။ ထိုစဉ်က ဖတ်ရွတ်သီဆိုခဲ့သော မင်္ဂလာသြဘာရတုကို အကျွန်ုပ်မှတ်မိသလောက် ဖော်ပြလိုက်ပါ၏။

"မင်္ဂလာဇေယျံ၊ မြို့ပေါင်းစုံသား၊ ရွှေဘုံမဏ္ဍလ၊ တိုင်းရက္ခတွင်၊ ကာလပဝေ၊ အတီတေက၊ နေနွယ်စံသ၊ သာကီယတို့၊ ရာဇာ့ဓမ္မာ၊ ကျင့်ဆယ်ဖြာနှင့်၊ သီတာရေချမ်း၊ ထိပ်ထက်ဆမ်းသို့၊ ရွှင်လန်းကြည်သာ၊ စိုးခဲ့ပါလည်း။ သဒ္ဒါရစက်၊ စီမံချက်ကြောင့် ကနက်ဘမရာ။ ဗွေသီဟာတို့။

ခုခါကွယ်ပျောက်၊ သူ့လက်ရောက်ရှင့်၊ ဖြိုးမောက်စည်ပင်၊ ဇာခါတွင်မှ။ တိုင်းခွင်ဌာနီ ဒို့ရွှေပြည်ကို။ သာကီနွယ်ရိုး၊ မင်းအမျိုးတို့၊ တန်ခိုးစွင့်စွင့်၊ ဖြိုးဖြိုးလွင့်လျက်၊ ချီးမြင့်ပူဇော်။ သာသနာတော်ကို၊ အဟော်ဝတပြုပါရလိမ့်။ ကာလ ရှည်ကြာ၊ ယခုမှာကား။ ဘယ်မှာတစိ မှန်းမသိဘဲ၊ နွမ်းရိ ခွေယိုင်။ တမှိုင်မှိုင်နှင့်၊ ရက္ခိုင်တို့မျိုး၊ ညှိုးကြီးညှိုးလျက်၊ တိုင်းကျိုးပြည်ကျိုး၊ ဇာအကျိုးမှ၊ သယ်ပိုးဘို့ရာ၊ မတတ်သာခဲ့။ သို့ပါသော်လည်း၊ ရုံးအစည်းဖြင့်၊ ထုံနည်းသေချာ။ ဆောင်ရွက်ပါက၊ မှန်စွာမလွဲ၊ အောင်စမြဲဟု၊ အားခဲကြိုးခါ၊ ညီတညာဖြင့်။ ရက္ခာတိုင်းကျေး။ နိုးကြားရေးကို၊ မနှေးအမြန်၊ ဆောင်ရွက်ရန်ဟု။ ရည်သန်ရိုးရင်း၊ နှလုံးသွင်းဖြင့်၊ အောင်ခြင်းဇေယျာ၊ ကောဇာသတ္တ၊ နဝဒွေးအစ်။ သက္ကရာဇ်တွင်၊ ပုရစ်ငုံစီ၊ ရွှေဖီရင်ကတ်။ ပန်းမြတ်ကန့်ကော်။ ပွင့်သစ်ပေါ်သည့်။ ချိန်တော်မိဿ။ တန်ခူးလသို့ လှမ်းကြွချီတက်။ ဆန်းနှစ်ရစ်တွင်။ အချက်ပိုင်ပိုင်။ ရက္ခိုင်ပြည်သား။ လူငယ်များ၏၊ နိုးကြားရေးခေါ်၊ အဖွဲ့တော်ကို၊ ဇေယျော်အောင်ခြင်း၊ အောင်တြင်းဖြင့်၊ ထင်လင်းကြေငြာ၊ တည်ထောင်ပါသည်၊ ရှည်ကြာမော်ကွန်းထွန်းစေသော်။

ဟူ၍ ရက္ခိုင်စာဆို၊ နိုးကြားရေးခေါင်းဆောင်တစ်ဦး ဖြစ်သူ ကိုသဒိုးလှက စပ်ဆိုဖွဲ့နွဲ့ပေးခဲ့သည်။ ခေတ်ဦးတုန်းက ရက္ခိုင်ပြည်တွင် ဦးထွန်းအောင်၊ ဦးအောင်ထွန်းဦး၊ အစရှိသော လူငယ်ခေါင်းဆောင်တို့သည် မြန်မာတစ်ပြည်လုံး အုံကြွခဲ့သည့် နယ်ချဲ့တော်လှန်ရေး၊ ဝံသာနုလုပ်ငန်းတို့တွင် ကိုယ်ထိလက်ရောက် ပါဝင်ခဲ့ကြ၏။ အကျွန်တို့ပြည်မှ ဆရာတော်ဦးဥတ္တမ၊ ဦးစိန်လှအောင်၊ ဦးမဲအောင်တို့သည် ထိပ်တန်းခေါင်းဆောင်များ ဖြစ်ကြ၏။ သံတွဲမြို့ဒွါရာမှ ဦးဘဦးသည် ၁၉၂၀ခုနှစ် ကျောင်းသားသပိတ်ကြီးကို ခေါင်းဆောင်ခဲ့၏။ ထိုစဉ်ကပင် ရက္ခိုင်လူငယ်တို့သည် မြန်မာများနှင့် ဒိုးတူဘောင်ဘက် နယ်ချဲ့ရန်သူကို တိုက်ခိုက်ခဲ့ကြကုန်သည် မဟုတ်ပါလော။ အကျွန်ဖော်ပြခဲ့သည့် ၁၉၃၆-ခုနှစ်ကစ၍၊ တဖန် ရက္ခိုင်လူငယ်များ ထကြွလာကြပြန်သည်။ ဤအရေးတော်ပုံကား ကိုယ်တွေ့မျက်မြင်ပင် ဖြစ်သည်။ မြန်မာတစ်ပြည်လုံး၏ နယ်ချဲ့တော်လှန်ရေးကို မျက်ခြေမပြတ်ဘဲ ပစ်ပယ်ထားခြင်းခံရသော ရက္ခိုင်ပြည်အတွက် သီးသန့်အစည်းအရုံး လှုပ်ရှားမှုတို့ကိုလည်း ပြုလုပ်ခဲ့ကြသည်။ နိုးကြားရေး အစည်းအရုံး မပေါ်မီကပင် ဦးစံရွှေ၊ ဦးဘသာ၊ ဦးအောင်ညိုလှတို့ခေါင်းဆောင်သည့် ရက္ခိုင်လူငယ်များအသင်းကြီးတစ်ခုကို ဖွဲ့စည်းခဲ့ပေသေးသည်။ စစ်တွေမြို့ အမျိုးသားအထက်တန်း ကျောင်းကြီးသည် ရက္ခိုင်မျိုးချစ်လူငယ်များ မွေးထုတ်ရာ အဆောက်အအုံကြီးတစ်ခု ဖြစ်ခဲ့ပေသည်။ ဖော်ခဲ့သော လူငယ်များနိုးကြားရေး အစည်းအရုံးပေါ်ပေါက်လှုပ်ရှားနေသောအခါ မြန်မာပြည်၌ တို့ဗမာအစည်းအရုံးကြီး၏ သခင်များ လှုပ်ရှားမှုမှာ အတော်ပင်ပြင်းထန်လျက် ရှိနေပေသည်။ တက္ကသိုလ်သမဂ္ဂမှ ဦးဆောင်လျက် ကျောင်းသားလှုပ်ရှားမှုကြီးသည်လည်း၊ မြန်မာပြည်အရပ်ရပ်သို့ ပျံ့နှံ့လျက် ရှိနေပေသည်။ ၁၉၃၆-ခုနှစ် ကျောင်းသားသပိတ်ကြီး၌ ရက္ခိုင် ကျောင်းသားခေါင်းဆောင်များ ဖြစ်သော ဦးဘစံ ဦးညို ထွန်းနှင့် ဦးကျော်မြတို့နှင့်အတူ ရက္ခိုင် ကျောင်းသား ထုကြီးသည် တခဲနက်ပါဝင်ခဲ့ကြသည်။ ရက္ခိုင်ကျောင်းသားခေါင်းဆောင်များဖြစ်သော ဦးဘစံ ဦးညိုထွန်းနှင့် ဦးကျော်မြတို့နှင့်အတူ ရက္ခိုင်ကျောင်းသား ထုကြီးသည် တခဲနက် ပါဝင်ခဲ့ကြသည်။ ရက္ခိုင်ကျောင်း သားခေါင်းဆောင်များ ဖြစ်ကြသည့် ကိုကျော်ခိုင် ကိုစံရွှေ၊ ကိုဘစု၊ ကိုသာကျော်၊ ကိုသာဇံ၊ ကိုကျော်ဦးတို့ကို အကျွန်သည် ဘယ်တော့မှ မမေ့နိုင်ပါ။ ရက္ခိုင်ပြည်၌ ကျောင်းသားများသည် လူငယ်လှုပ်ရှားမှုတို့တွင် ရှေ့တန်းက ပါဝင် ခဲ့ကြပေသည်။ ၁၃၀၀-ပြည့် အရေးတော်ပုံ၌ အထက်ဖော်ပြပါ ခေါင်းဆောင်များက ဦးဆောင်ခဲ့ကြပြန်လေသည်။ အာဏာဖီဆန်ရေးလုပ်ငန်းကြီးသည် ရက္ခိုင်ပြည်သို့ ပျံ့နှံ့ ခဲ့ပေသည်။ ဗိုလ်အောင်ကျော်တို့ နယ်ချဲ့လက်ပါးစေတို့ လက်ချက်ဖြင့် အသက်စတေးသွားစဉ်က၊ ရက္ခိုင်ကျောင်း သားဖြစ်သူ ကိုရွှေမောင်မှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ဘူး ပေသည်။ “ကျောင်းသားသွေ့ မြေသို့ကျပြီ” ဆိုသော စာ တမ်းကို အစိုးရက သိမ်းဆီးခဲ့သော်လည်း၊ ရက္ခိုင်တစ်ပြည် လုံးသို့၊ ကိုထွန်းလှိုင်၊ ကိုစောထွန်းနှင့် ကိုမောင်ကျော်ဇံ တို့သည် ကမ်းလှမ်းဝေငှသွေးထိုးနိုင်ခဲ့ကြပေသည်။ ဤသို့ ရက္ခိုင်လူငယ်ကျောင်းသားများ၏ လုံးပမ်းကြိုးပမ်းမှုတို့ကို အကျွန်သည် ထင်တရေးနှင့် မြင်မိပါသေးသည်။

ရက္ခိုင်ပြည်လုံးဆိုင်ရာ လူငယ်များ နိုးကြားရေး အစည်းအရုံးကြီးသည် ကျောင်းသားသမဂ္ဂနှင့် အခြား

လူငယ်အဖွဲ့အစည်းများနှင့် လက်တွဲ၍ ရက္ခိုင်ပြည်လူငယ်များ နိုင်ငံရေး၊ ပညာရေး၊ စီးပွားရေး၊ ဆက်ဆံရေးနယ်များတွင် နိုးနိုးကြားကြား ရှိလာကြရန် နည်းအမျိုးမျိုးဖြင့် လှုံ့ဆော်ခဲ့ကြသည်။ ရက္ခိုင်တောင်ပိုင်း မုန်တိုင်းကျ၍ ပျက်စီးခဲ့ရာ၌ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ထိရောက်စွာ ကူညီခဲ့ကြသည်။ စာရိတ္တမဏ္ဍိုင်မယိုင်လဲရအောင် ကစားဝိုင်းကြီးများ ပပျောက်ရေးကို ဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံရေးနယ်တွင် ဘုရင်ခံကြိုဆိုရေး သပိတ်မှောက်ခဲ့ကြသည်ကအစ၊ အခြားနိုင်ငံရေး သွေးထိုးမှုများကို များစွာပင် ဆောင်ရွက်ပေးခဲ့ကြသည်။ ၁၉၁၉-ခုနှစ်တွင် ကျောင်းသားသပိတ်ကြီးကို ကူညီခဲ့ကြပြီး၊ ဗြိတိသျှတော်လှန်ရေး အရေးတော်ပုံကြီးတွင် ထိရောက်စွာပါဝင်နိုင်ရန် ရက္ခိုင်ပြည်တရပ်လုံး သွေးစည်းမှုကို လုံးပမ်းခဲ့ကြသည်။ ၁၉၃၉-ခုနှစ်၊ ပထမဆုံးအကြိမ်မြောက် ရက္ခိုင်ပြည်လုံးဆိုင်ရာ လူငယ်များ ညီလာခံကြီးကို စစ်တွေခရိုင် မင်းပြားမြို့၌ ကျင်းပခဲ့ကြသည်။ ရက္ခိုင်လူငယ်များ နိုးကြားရေး အစည်းအရုံးခေါင်းဆောင်များသည် ယခင်က လူငယ်ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သူ ဆရာကြီးဦးအောင်ထွန်းဦးအား ဥက္ကဋ္ဌတင်မြှောက်လိုက်ကြသည်။ ထိုညီလာခံ၌ လူငယ်အသင်းဟူသမျှ ညီညွတ်သွားကြသည်သာမက ရက္ခိုင်ပြည်တောင်ပိုင်းမှလည်း ပါဝင်လာကြသည်ကို တွေ့မြင်ရလေသည်။ သခင်လှအောင်၊ ရမ္မာဝတီဦးဘထွန်း၊ ဒေါ်အဖိန်၊ ကိုမဲကျော်ဦးအစရှိသော ရခိုင်လူငယ်များ၏ တောင်ပိုင်းခေါင်းဆောင်များကို ပထမအကြိမ် မြင်ကြရခြင်း ဖြစ်ပေသည်။ ဤညီလာခံမှ (Arakan National Congress) ရက္ခိုင်တိုင်းရင်းသား အစည်းအရုံးကြီးတစ်ခု ပေါက်ဖွား လာခဲ့ပါတော့သည်။

ရက္ခိုင်လူငယ်တို့သည် ထိုစဉ်က ပါလီမန်ဒီမိုကရေစီစံနစ်အရ၊ ပါလီမန်အတွင်း ဝင်ရောက်၍၊ ရက္ခိုင်အရေး မြန်မာတစ်ပြည်လုံးအရေးကို ဆောင်ရွက်ရန် ရည်ရွယ်ချက်မရှိ၊ လူထုဆန္ဒ၊ လူထုနည်းဖြင့် ဒီမိုကရေစီ စက်ဝိုင်းတွင်းမှ နယ်ချဲ့တွန်းလှန်ရေးကို ဆောင်ရွက်သွားရန် ကြံစည်ကြခြင်း ဖြစ်ပေသည်။ ရက္ခိုင်ပြည်အောက်ကျနောက်ကျ ဖြစ်နေရခြင်း၊ ပစ်ပယ်ထားခြင်းကို ခံရခြင်းတို့သည် နယ်ချဲ့ အစိုးရကြောင့်သာ ဖြစ်သည်။ လွတ်လပ်ရေးရရှိက လွတ်လပ်သော မြန်မာနိုင်ငံတော်အတွင်း၌ အခြားလူမျိုးစုများနည်းတူ အကျိုးခံစားရမည်၊ တိုးတက်လာမည်ဟူ၍သာ ယုံကြည်ခဲ့ကြသည်။ ထို့ကြောင့် လွတ်လပ်ရေးတိုက်ပွဲကို များစွာအရေးတကြီး ထားခဲ့ကြပေသည်။ တို့ဗမာအစည်းအရုံး ခေါင်းဆောင်များဖြစ်သော သခင်လေးမောင်နှင့် သခင်ကျော်ရင်တို့သည်၎င်း၊ သခင်စိုးနှင့် သခင်ဘသော်တို့သည်၎င်း၊ သခင်မြနှင့် သခင်ခင်အောင်တို့သည်၎င်း၊ ရခိုင်ပြည်သို့ ချစ်ကြည်ရေးအဖြစ် သုံးကြိမ်မျှရောက်ရှိခဲ့ကြရာတွင် တိုင်းရင်းသားအစည်းအရုံး ခေါင်းဆောင်များနှင့် ရင်းနှီးစွာ ဆက်ဆံကြသည်ကို တွေ့ရလေသည်။

ဆရာကြီး ဦးအောင်ထွန်းဦး ကြီးမှူးသော "တိုင်းရင်းသားအစည်းအရုံးကြီး" ကို ဦးမြထွန်း၊ ဦးသာဇံလှတို့ ကြီးမှူးသော တိုင်းလုံးဆိုင်ရာ အသင်းနှင့် တဖန်ပူးပေါင်းပြီး ဦးသာဇံလှကို ဥက္ကဋ္ဌတင်မြှောက်ကာ 'ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးကြီး' တစ်ခုကို အောင်မြင်စွာ ဖွဲ့စည်းလိုက်ကြပြန်လေသည်။ ၁၉၁၉-ခုနှစ်တွင် "သခင်ပွဲကြီး" ဟု ကျော်ကြားခဲ့သည့် ပထမအကြိမ်မြောက် ညီလာခံကို မင်းပြားမြို့တွင် ကျင်းပခဲ့ကြပြီးနောက်၊ ပေါက်တော၊ ကျောက်တော်မြို့များ၌ နှစ်စဉ်နှစ်တိုင်း ဆက်ကာ ကျင်းပသွားကြပြန်လေသည်။ ၁၉၄၂-ခု၊ ဗြိတိသျှစစ်တပ်များ ပြိုလဲနောက်ဆုတ်နေသောအခါ ရက္ခိုင်လူငယ်တို့သည် လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို အသုံးပြုကြလေတော့သည်။ ရက္ခိုင်ပြည် မြို့တော်ဖြစ်သော စစ်တွေမြို့ကြီးကို ဗိုလ်ရန်အောင်ကြီးမှူးသော ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့်ပူးပေါင်း၍ ရခိုင်ရဲဘော်များသည် ဗြိတိသျှလက်အောက်မှ သိမ်းယူလိုက်ကြလေသည်။ ဂျပန်တစ်ခေတ်လုံးတွင် အနောက်မြောက်ဒေသမှ ဆင့်ကာဆင့်ကာ ချဉ်းနင်းဝင်ရောက် ထိုးဖောက်လာခဲ့ကြသော ရန်သူဗြိတိသျှ နယ်ချဲ့တပ်သားများကို ရက္ခိုင်ရဲဘော်လူငယ်တို့သည် အသက်စတေး၍ ခုခံတားဆီးခဲ့ကြသည် မဟုတ်ပါလော။ ထိုနောက် ဂျပန်တော်လှန်ရေးအတွက် အသက်စွန့်စီစဉ်ကြပြီး၊ ဖက်ဆစ်ဂျပန်တို့အားဦးစွာ ရက္ခိုင်မှ တွန်းလှန်မောင်းထုတ်ခဲ့ကြကာ၊ မြန်မာပြည်မှ ရဲဘော်တို့ကို တဖန်သွားရောက် ကူညီကြ၏။ ရခိုင်ပြည်မှ ဇင်းခင်ရှေတိုက်ပွဲ၊ ပြဒေးတိုက်ပွဲ၊ သံတရာဆူရစ်ချောင်းတိုက်ပွဲ၊ ဘုရားများတိုက်ပွဲ၊ အမ်း-ဒလက်တိုက်ပွဲများကား ရာဇဝင်တင်

လောက်ပါပေသည်။ ရက္ခိုင်ရဲဘော်များ၏ စွန့်စားခန်းများကို ---- တက်ဘုန်းကြီး သိန်းဖေမြင့်သည် အသိဆုံးပင်ဖြစ်သည်။ နယ်ချဲ့ဗြိတိသျှနှင့် ဖက်ဆစ်ဂျပန်တို့အား တော်လှန်ရေးများတွင် ရက္ခိုင်ရဲဘော်တို့၏ စွန့်စားခန်းများကို ယနေ့တွင် မမေ့စကောင်းပါပေ။ ၁၉၄၇-ခု၊ ဗြိတိသျှတို့ပြန်လည် တက်ရောက်၍ စစ်ပြေငြိမ်းသည့်အခါ၊ ရက္ခိုင်မျိုးချစ်တပ်သားများအား ဆုအဖြစ် 'လက်မှတ်တစ်စောင်၊ ငွေတစ်ရာနှင့် ဖျင်တဝတ်စာ" ပေးအပ်သည်ကို တွေ့ရလေတော့သည်။

ယနေ့ကား လွတ်လပ်ရေးရရှိပြီး ဆယ်နှစ်ဆယ်မိုးရှိခဲ့လေပြီ။ ရက္ခိုင်လူငယ်တို့မှာ လွတ်လပ်ခဲ့သော ရက္ခိုင်ပြည် တိုးတက်အံ့ဟု မျှော်မှန်းခဲ့ကြ၏။ လွတ်လပ်ရေးကို အိပ်သွန်ဖာမှောက် ကြိုးပမ်းရေးအတွက် ရက္ခိုင်ပြည်အရေး၊ ရက္ခိုင်ပြည် ပြဿနာများကို အသာဖယ်ထားခဲ့ကြ၏။ ယနေ့သော်ကား ပစ်ပယ်ခြင်းခံရသော ရခိုင်ပြည်ပြဿနာရပ်ကို မည်သူသည် ဖြေရှင်းခဲ့လေပြီနည်း။ အကျွန့်ထံ ရောက်ရှိလာခဲ့သော သက်လွင်အမည်ခံ ထွန်းအောင်ကျော်၏ အခြေအနေကို သုံးသပ်လိုက်လျှင် ရက္ခိုင်ပြည်၏အခြေအနေသည် ပေါ်လွင်ထင်ရှားလာပေသည်။ ရက္ခိုင်လူငယ်တို့၏ သစ္စာရှိရှိ သက်စွန့်ကြိုးပမ်းမှုကြောင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့ပြီ ဖြစ်သော်လည်း၊ မိမိတို့ရည်မှန်းခဲ့သည့် ရက္ခိုင်ပြည် တိုးတက်ရေးကိုကား မရရှိကြသေးပေ။ ထို့ကြောင့် "မျက်နှာကိုမော့-ရင်ကိုကော့" ဟူသော ကြွေးကြော်သံကို တဖန်ဟစ်ကြွေးလျက်--- ယခင်စည်းရုံးမှုအတိုင်း စည်းရုံးကာ၊ ကိုယ့်ဒေသကိုယ့်ဘဝအတွက် ဆက်လက်လုံးပန်းကြရန်သာ ရှိတော့၏။ ရက္ခိုင်လူငယ်တို့ စည်းရုံးရေးကို ရည်ညွှန်းလျက် ၁၉၃၇-ခု၊ ဩဂုတ်လ (၁၅)ရက်နေ့ထုတ် ရက္ခိုင်ပြည်သတင်းစာ၌ တက္ကသိုလ်ညွှမောင် ရေးသည့် "ခေတ်သစ်မှန်း၍ တက်လှမ်းတော့မည်" ဟူသော ကဗျာကလေးကို ပြန်လည်ထည့်သွင်းပေးလိုက်ရပါသတည်း။

ရက္ခပူရီ၊ တို့ဌာနီဝယ်
ခါမှီပွင့်လန်း၊ မျိုးသစ်ပန်းလျှင်၊
အဆန်းတကျယ်၊ ရောင်စုံချယ်လျက်။
ဖြိုးကြွယ်လျှံလင်း၊ ဝဋ္ဋာချင်းမျှ။
ထွန်းလင်းပြောင်စက်၊ ဝေလက်တန်ခိုး။
ရှိန်ဖော်တိုး၍၊ မျိုးရိုးဂုဏ်သိန်။
ထိန်ထိန်ကွန့်လူ၊ များပြည်သူလည်း။
ကြည်ဖြူစိတ်သန်၊ ဇာတိမာန်နှင့်။
စွမ်းအန်တေဇာ၊ ဝေဝေဖြာလျက်။
ပညာဉာဏ်ရှင့်၊ သဘာဆင့်၍၊
ရွှန်းတင့်ဥစ္စာ၊ ရတနာမျိုး။
ကပ်ပြုမိုးသို့၊ သွန်းဖြိုးကျလာ။
သာသနာရောင်၊ နေရောင်ထောင်ထက်။
ထွန်းပြောင်စေကြောင်း၊ စိတ်ရည်ချောင်းမှ။
ရုံးပေါင်းတက်လူ၊ မြတ်ဆုယူသည်။
ရွှေပြည်ညွှ-သာကြောင်းတည်း ။ ။

"စစ်တွေမောင်"
**တက္ကသိုလ်**

(ဤဆောင်းပါးပါ အကြောင်းအရာများကို ယခင်ရခိုင်ကျောင်းသားလူငယ်ခေါင်းဆောင်များထံမှ ရရှိသည်)

# ရခိုင့်စီးပွားရေးနှင့် ကျွန်ုပ်အမြင်

မောင်လှရွှေ

ရခိုင်ရိုးမတောင်နှင့် ဘင်္ဂလားပင်လယ်အော်အကြားရှိ ကျဉ်းမြောင်းသော ကမ်းခြေဒေသသည် တစ်ချိန်တစ်ခါက ရခိုင်လူမျိုးတို့၏ မင်းနေပြည်တော်ဖြစ်ခဲ့၍၊ ယဉ်ကျေးမှုအဆင့်အတန်းအားဖြင့် မြန်မာပြည်ရှိလူမျိုးအသီးသီးထက် အဆင့်အတန်းမြင့်ခဲ့၏။ အနုပညာစာပေအားဖြင့်မူကား မြန်မာလူမျိုးထက်ပင် သာလွန်ခဲ့၍၊ စီးပွားရေးအားဖြင့်လည်း ချမ်းသာကြွယ်ဝခဲ့ပေသည်။

ရခိုင်ပြည်ကို စီးပွားရေးအားဖြင့် နှစ်ပိုင်း ပိုင်းထားနိုင်ပေသည်။ ၎င်းတို့မှာ- ရခိုင်ပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့ ဖြစ်သည်။ တောင်ပိုင်းတွင်- တောတောင်ထူထပ်ပေါများ၍ အဖိုးတန်သော သစ်များရှိသည်။ မာန်အောင်ကျွန်းတွင် ရေနံတွင်းများ ရှိပြီး၊ ဒုတိယကမ္ဘာစစ်အတွင်း ဤကျွန်းမှ ရေနံများကို ရခိုင်တစ်မျိုးသားလုံး အသုံးပြုခဲ့ပေသည်။ ရခိုင်ပြည် မြောက်ပိုင်းကား မြေပြန့်ဒေသဖြစ်ပြီး၊ ကောက်ပဲသီးနှံ ဆန်ရေစပါးအထွက် အများဆုံး ဖြစ်ပေသည်။ ရခိုင်သူရခိုင်သားများ စားသုံးရန် အသားငါးများလည်း မရှား၊ ဆန်ရေစပါးပေါများ၍ ကျွန်းသစ် ရေနံပေါများပါလျက်နှင့် ကျွန်ုပ်တို့ စားဝတ်နေရေး အဆင့်အတန်း (Standard of living) နိမ့်ကျနေရသည်မှာ- (၁) မဖွံ့ဖြိုးခြင်း (Under developed) (၂) လမ်းပန်းဆက်သွယ်ရေး ညံ့ဖျင်းခြင်း၊ (၃)စီးပွားရေးသောင်းကျန်းမှု (Economic insurgents) နှင့် နိုင်ငံခြားသားတို့ ဝင်ရောက်စီးပွားရှာခြင်းပင် ဖြစ်သည်။

အဘယ်ကြောင့် မဖွံ့ဖြိုးရသနည်း။

မဖွံ့ဖြိုးခြင်းဆိုသည်မှာ ခေတ်နောက်ကျသည်လည်း မဟုတ်၊ ဆင်းရဲနွမ်းပါးခြင်းလည်း မဟုတ်ပေ။ ကျွန်ုပ်တို့တွင် ရှိသော သဘာဝပစ္စည်း (Natural Resources) များကို ထုတ်ယူအသုံးပြုရာ၌ မဖွံ့ဖြိုးခြင်းမျှသာ ဖြစ်ပေသည်။ ဤကဲ့သို့ သဘာဝပစ္စည်းများကို ထုတ်ယူအသုံးပြုရာ၌ မဖွံ့ဖြိုးခြင်းမှာ ကုန်ထုတ်လုပ်မှု နည်းပါးသောကြောင့် ဖြစ်ပေသည်။

ဘာ့ကြောင့် ကုန်ထုတ်လုပ်မှုနည်းပါးရသနည်း။ ကုန်ထုတ်လုပ်မှုနည်းပါးရခြင်းလက္ခဏာကို (Vicious circle of poverty) ကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပေသည်။ (Vicious circle of poverty) ဆိုသည်မှာ- ဝင်ငွေ (Real Income) နည်းပါးသောကြောင့်၊ ချွေတာစုဆောင်းရေး နည်းပါးခြင်း (Low Saving) ဝင်ငွေနည်းပါးရခြင်းမှာ ကုန်စည်ထုတ်လုပ်မှု နည်းပါးခြင်း (Low Productivity) ကြောင့်ဖြစ်ပြီး၊ ကုန်စည်ထုတ်လုပ်မှု နည်းပါးရခြင်းမှာ ငွေရင်းနည်းပါးခြင်း (Low Usage of capital) ကြောင့်ပင် ဖြစ်ပေသည်။ တဖန်ဤကဲ့သို့ ငွေရင်းနည်းပါးရခြင်းမှာ ငွေစုဆောင်းမှု နည်းပါးရခြင်းမှာ- ဝင်ငွေ (Real income) နည်းပါးခြင်းကြောင့်ပင် ဖြစ်ပေသည်။ ဤကဲ့သို့ သံသရာလည်နေခြင်းကို (Vicious circle of poverty) ဟု ခေါ်ဆိုပေသည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှု နည်းပါးရလေသည်။ မဖွံ့ဖြိုးသည်ကို ကုစားရန်မှာ ကုန်ထုတ်လုပ်မှု တိုးပွားအောင် ပြုလုပ်ရမည် ဖြစ်သည်။ ကုန်ထုတ်လုပ်မှု တိုးပွားစေရန်အတွက် အလုပ်သမားအင်အားထက် ငွေအင်အားကို အသုံးပြုပြီး စက်ရုံများ ချဲ့ထွင်ဆောက်လုပ်ရမည် ဖြစ်သည်။

မြန်မာပြည်လွတ်လပ်ရေးရသည်မှစ၍၊ ယခုဗိုလ်ချုပ်အစိုးရလက်ထက်တိုင်အောင် ရခိုင်ပြည်၌ မည်သည့်စက်ရုံ

မျှ မဆောက်လုပ်ခဲ့ပေ။ ကျွန်ုပ်အမြင်အားဖြင့် ရခိုင်ပြည်တောင်ပိုင်း၌ ရေနံတွင်းများကို တူးဖော်၍၊ ရေနံထုတ်လုပ်ရေးပြုလုပ်မည်ဆိုလျှင် ရနိုင်လိမ့်မည်ဟု ထင်မိပေသည်။ မြောက်ပိုင်း၌ စိုင်းတင်ရေတံခွန်၏ ရေအားကို အသုံးပြုခြင်းဖြင့် စက်ရုံများ တည်ဆောက်နိုင်ပေမည်။ ဤကဲ့သို့ စက်ရုံများ တည်ဆောက်ခြင်းဖြင့် ရခိုင်အမျိုးသားတို့၏ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းနိုင်မည့်အပြင် ရေအားကို အသုံးပြုသော လျှပ်စစ်စက်ရုံ တည်ဆောက်နိုင်မည်ဆိုပါက လျှပ်စစ်ဓါတ်အားကိုလည်း အခမဲ့အသုံးပြုနိုင်ပေမည်။ ထူထပ်သော ဝါးတောကြီးများကို စက်ရုံတွင် ကုန်ကြမ်းအဖြစ် အသုံးချပြီး၊ ကုန်ချောစက္ကူများ ထုတ်လုပ်နိုင်ပေလိမ့်မည်။ ၎င်းအပြင် ပင်လယ်ငါးဖမ်းလုပ်ငန်းကို ရခိုင်ပြည်တွင် ပြုလုပ်နိုင်ပေသေး၏။ ယခုအစိုးရလက်ထက်တွင် ပင်လယ်ငါးဖမ်းလုပ်ငန်းကို မြိတ်မြို့မှ မိုင်ငါးဆယ်တစ်ရာဝေးသော ပင်လယ်တွင် လုပ်ကိုင်လျက်ရှိလေသည်။ အကယ်၍ ရခိုင်ပြည်၌ ပြုလုပ်မည်ဆိုပါက ဤမျှခရီးဝေးစွာ သွားနေစရာ မလိုပေ။ ရခိုင်ပြည်၌ စည်သွတ်ငါးလုပ်ငန်း အကောင်အထည်ဖော်လျှင်လည်း မအောင်မြင်စရာ မရှိပါပေ။ စည်သွတ်ငါးလုပ်ငန်းနှင့် စက္ကူလုပ်ငန်း အကောင်အထည်ဖော်နိုင်လျှင်၊ မြန်မာပြည်အဘို့ နိုင်ငံခြားသို့ ငွေယိုပေါက်တစ်ချို့တစ်ဝက် ပိတ်နိုင်စရာ အကြောင်းရှိပြီး၊ ရခိုင်အမျိုးသားတို့၏ အလုပ်လက်မဲ့ပြဿနာနှင့် စားဝတ်နေထိုင်ရေးပြဿနာတို့ကို ဖြေရှင်းနိုင်ပေမည်။

စက်ရုံများတည်ထောင် ဆောက်လုပ်နိုင်ရေးအတွက် စက်ရုံထွက်ပစ္စည်းများမှ ဝင်ငွေ (Rate of Return Over cost) မှာ ငွေရင်းမြှုပ်နှံသော ငွေတန်ဘိုး၏ အတိုးနှုန်း (Interest Rate) ထက်၊ နည်းပါးလိမ့်မည် မထင်မိပေ။ ပြည်တွင်းဖြစ်ပစ္စည်းများ မထုတ်လုပ်နိုင်သမျှ ကာလပတ်လုံး ကုန်ဈေးနှုန်း ကန့်သတ်၍ ရနိုင်မည် မထင်မိပေ။ အဘယ်ကြောင့်ဆိုသော် ကုန်ဈေးနှုန်းကန့်သတ်ရာ၌ အစိုးရဖက်စပ်ဆိုင်များတွင်သာ ဈေးနှုန်းကျပြီး တခြားဆိုင်များတွင် ဈေးနှုန်းကျခြင်း မရှိပေ။ နိုင်ငံခြားမှ စားသုံးသူများအတွက် ကုန်ပစ္စည်းများ လုံလောက်စွာ မပို့နိုင်လျှင် စားသုံးသူများမှာ ဈေးနှုန်းကြီးမားသော မှောင်ခိုဈေးဖြင့်သာ ဝယ်ယူသုံးစွဲရပေလိမ့်မည်။

ရခိုင်ပြည်၏ လမ်းပန်းဆက်သွယ်ရေးမှာ မပြေပလောက်ပေ။ ပြည်တွင်းကူးသန်းရောင်းဝယ်ရေး၌ လမ်းပန်းဆက်သွယ်ရေးမှာ ရခိုင်သူ-ရခိုင်သားများအဖို့ အသက်သွေးကြောပင် ဖြစ်ပေသည်။ ရခိုင်ပြည်၏ ကူးသန်းရောင်းဝယ်ရေးမှာ ရေလမ်းသာအဓိက ဖြစ်ပေသည်။ ရေလမ်းမှာလည်း များစွာစိတ်မချရပေ။ ရန်ကုန်မှ ကုန်တင်သင်္ဘောများမှာ ရခိုင်သို့တစ်လလျှင် နှစ်ကြိမ်သာ တင်ပို့နိုင်ပေသည်။ မိုးတွင်း အခါများ၌ကား ကုန်တင်ပို့ရာ၌ သက်စွန့်ဆံဖျား လုပ်ကိုင်ရ၍၊ ကုန်သည်များအဘို့ အလုပ်နှင့်အချိန် မကိုက်ညီပေ။ ၎င်းအပြင် ရခိုင်ပြည်တွင်း သွားလာခုတ်မောင်းနေသော မီးသင်္ဘောများမှာလည်း လုံလောက်မှု မရှိ၍၊ စီးပွားရေးနှောင့်နှေးမှုကို ရင်ဆိုင်ရပေသည်။ ဗိုလ်ချုပ်အစိုးရလက်ထက်၌ ရခိုင်ပြည်၏ လမ်းများကို ပြုပြင်မည်ဟု သိရ၍၊ ကျွန်ုပ်တို့ ဝမ်းသာမိပေသည်။ ဤလမ်းများ ဖောက်လုပ်ပြီးလျှင် တောင်ကုတ်မြို့မှ ပန်းတောင်း ၎င်းမှ ပြည်မြို့သို့ ရောက်နိုင်ပြီး၊ ဂွမြို့မှ ငသိုင်းချောင်း၊ ၎င်းမှ ပုသိမ်ခရိုင်သို့ ရောက်နိုင်ပေလိမ့်မည်။ သို့သော် စီးပွားရေးအားဖြင့် ကျွန်ုပ်အမြင်ကို တင်ပြရမည်ဆိုလျှင်- ထူးခြားသော အခွင့်အရေးများ ခံစားရမည် မထင်မိပေ။

ဤလမ်းများမှာ မြန်မာပြည်မှ ရခိုင်ပြည်တောင်ပိုင်း သံတွဲခရိုင်သို့ အသွားအလာလွယ်ကူစေသည်မှာ မှန်ပေသည်။ သို့သော်--ရန်ကုန်မှ ကုန်းလမ်းဖြင့် သံတွဲခရိုင်သို့ ကုန်တင်ပို့ခြင်းနှင့် ရန်ကုန်မှ သံတွဲခရိုင်သို့ ရေလမ်းဖြင့် ကုန်တင်ပို့ခြင်းအတွက် ကုန်ကျစရိတ် (Transport action cost) မှာ ခြားနားမည် မဟုတ်ပေ။ ကုန်တင်ပို့စရိတ် သတ်မှတ်ထားပြီးသော ပြည်နှင့် ပုသိမ်ခရိုင်မှ ကုန်များကို မည်သည့် သံတွဲခရိုင်မှ ကုန်သည်များ ဝယ်ယူ၍ တဆင့်ရောင်းချမည် မဟုတ်ပေ။ အကယ်၍ ရောင်းချပါလျှင်လည်း ကြီးမားသော ကုန်တင်ခစရိတ် (Transport action charges) များကြောင့် ဈေးနှုန်းတက်ပြီးသော ကုန်များကို စားသုံးသူများ ဝယ်ယူသုံးစွဲမည် မဟုတ်ပေ။ အကယ်၍ စီးပွားရေးအားဖြင့် တိုးတက်စေလိုလျှင်ကား၊ ဒုတိယကမ္ဘာစစ်မဖြစ်မီကကဲ့သို့ အိန္ဒိယနိုင်ငံနှင့် ကူးသန်းရောင်းဝယ်စေခြင်းသည် အကောင်းဆုံးပင် ဖြစ်ပေသည်။ ဥပမာအိန္ဒိယမှ စစ်တွေသို့ တစ်ရက်အတွင်း သင်္ဘော

အသွားအပြန် ခုတ်မောင်းနိုင်ပြီး စစ်တွေမှ ကျောက်ဖြူသို့ လေးနာရီအတွင်း ရောက်နိုင်၍၊ သံတွဲသို့ ရှစ်နာရီအတွင်း ရောက်နိုင်ပေသည်။ ထို့ကြောင့် ဈေးနှုန်းသက်သာစွာ ကုန်ပစ္စည်းများကို သုံးစွဲရပေမည်။ ယခုမူ အိန္ဒိယမှ ကုန်များကို ရန်ကုန်မှတဆင့် ဝယ်ယူရ၍ ဈေးနှုန်းကြီးမားလှပေသည်။

စီးပွားရေးသောင်းကျန်းမှု၏ အကျိုးသက်ရောက်မှုကို ရခိုင်သူရခိုင်သားများ အများဆုံး ခံခဲ့ရပေသည်။ ကြီးကျယ်သော စီးပွားရေး သောင်းကျန်းမှုမှာ ရခိုင်မှ ပါကစ္စတန်နိုင်ငံသို့ ဆန်စပါး ခိုးထုတ်ခြင်းပင် ဖြစ်ပေသည်။ ရခိုင်လယ်သမား၏ ဆန်စပါးများမှာလည်း နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးဘုတ်အဖွဲ့ရှိ အချို့အရာရှိများ ညစ်ပတ်မှုများကြောင့် စီးပွားရေး သောင်းကျန်းသူများလက်သို့ ရောက်ရှိခဲ့ပေသည်။ ဆန်စပါးရှားပါးသောကြောင့် ရခိုင်သူ၊ ရခိုင်သားများမှာ ဆန်ကို ဈေးနှုန်းကြီးမားစွာ ဝယ်ယူစားသုံးရသောကြောင့် ဆင်းရဲနွမ်းပါးရပေသည်။ ၎င်းအပြင် စီးပွားရေးအားဖြင့် လုံးဝမတိုးတက်သော နယ်မြေများ ရခိုင်ပြည်တွင် အမြောက်အများ ရှိပေသေးသည်။ တချို့တောရွာများတွင် ဈေးကွက် (Market for Commodity) ဟူ၍ မရှိပေ။ ငွေကို အသုံးပြုရမှန်းကို မသိကြသေးရကား၊ မိသားစု တစ်စုနှင့်တစ်စု ကုန်ချင်းဖလှယ်ရေးစံနစ် (Burter System) အောက်မှာပင် ရှိကြသေး၏။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ တရပ်မှတစ်ရပ်သို့ အသွားအလာခက်ခဲခြင်းနှင့် မိသားစုများ စားသုံးရန်၊ ကုန်ပစ္စည်းလုံလောက်ခြင်း (Self sufficiency) ဖြစ်သောကြောင့် ဖြစ်ပေသည်။ ဤအရပ်ဒေသများ ကြီးပွားတိုးတက်ရန်မှာ အစိုးရက အခွန်တော်စည်းကြပ်ရန်နှင့် ပြည်တွင်းလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ဖန်တီးပေးရပေမည်။ အခွန်တော်စီးကြပ်ခြင်းဖြင့် ငွေလိုလာပေမည်။ ငွေလိုလာသောကြောင့် မိမိတို့ စားသုံးရန်သာ မဟုတ်ဘဲ၊ ရောင်းချနိုင်ရန်အတွက် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် ကြိုးစားကြပေမည်။ မိသားစုများ တစ်ရပ်မှတစ်ရပ်သို့ ကုန်များ သွားလာရောင်းချနိုင်ရန်လည်း၊ ခရီးလမ်းအဆက်အသွယ်ကောင်းမွန်စေရန် ပြုလုပ်ပေးရမည်။ ဤကဲ့သို့ ခရီးအသွားအလာ လွယ်ကူလာသည်နှင့်အမျှ ကုန်အပိုအလျှံ ထုတ်လုပ်နိုင်သောအခါ နှစ်ရက်ဈေးမှ ၁၅-ရက်ဈေး၊ ၎င်းမှ နေ့စဉ်ဈေးများအဖြစ် ပြောင်းလဲစေနိုင်ပေမည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ပြည်တွင်းကူးသန်းရောင်းဝယ်ရေးကို တိုးတက်စေနိုင်ပေမည်။ ရခိုင်ပြည်သို့ နိုင်ငံခြားသားများ အထူးသဖြင့် အိန္ဒိယမှ ကုလားလူမျိုးများ တဖွဲဖွဲဝင်ရောက်လာခြင်းသည်လည်း စီးပွားရေး ဆုတ်ယုတ်ရခြင်း၏ အကြောင်းတစ်ရပ်ပင်။ ဤသို့ ကုလားများဝင်ရောက်စီးပွားရှာခြင်းမှာ ဝမ်းစာရေး အခက်အခဲကြုံနေသော ရခိုင်များ၏ အနည်းငယ်မျှရရှိသော ငွေကို နှစ်ဦးဝေစားရသကဲ့သို့ပင် ဖြစ်ပေသည်။ ယခု ဗိုလ်ချုပ်အစိုးရလက်ထက် စီးပွားရေးသောင်းကျန်းသူများနှင့် ဥပဒေမဲ့ဝင်ရောက်လာသူများကို ထိရောက်စွာ အရေးယူဆောင်ရွက်သဖြင့် ကျွန်ုပ်တို့ အသက်ရှူပေါက် အနည်းငယ်ချောင်လည်ခဲ့ပေသည်။

စီးပွားရေး မချောင်လည်သောကြောင့် ပညာရေးတွင် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခဲ့ပေသည်။ များစွာသော ရခိုင်များမှာ အထက်တန်းပညာရပ်များကို သင်ကြားနိုင်ခွင့် မရှိခဲ့ပေ။ အနည်းငယ်မျှသော ခေတ်ပညာတတ်များမှာလည်း၊ ရခိုင်သို့ပြန်လျှင် မိမိတို့နှင့်သင့်တော်သော အလုပ်များရရှိရန် ခက်ခဲလှသည်။ ရန်ကုန်မြို့သို့ အလုပ်ရှာရန် ထွက်ခွာသွားကြ၍၊ ရခိုင်ပြည်တွင် ပညာတတ်များ ရှားပါးခဲ့ပေသည်။ ထို့ကြောင့် စီးပွားရေး ဆုတ်ယုတ်မှုသည် ပညာရေးမတိုးတက်ရခြင်း၏ အဓိကပင် ဖြစ်ပေသည်။

ရခိုင်ပြည်မှ ဆန်စပါးများကို နှစ်စဉ်နှစ်တိုင်း နိုင်ငံခြားသို့ တင်ပို့ရောင်းချခဲ့သော်လည်း ရခိုင်လယ်သမားများမှာ ဆင်းရဲနွမ်းပါးလျက် ရှိကြသည်မှာ ဝမ်းနည်းစရာပင်။ ရခိုင်ပြည်သူလူထုနှင့် ရခိုင်လယ်သမားများ၏ ဘဝအဆင့်အတန်းကို အုပ်ချုပ်သူများ လစ်လျူမရှုသင့်ပေ။ နောက်ကျနေပြီဖြစ်သော ရခိုင်တို့ စီးပွားရေး အခြေအနေကို ပြုပြင်ပြောင်းလဲရန် အချိန်တန်ပေပြီ။ ရခိုင်လူမျိုးတို့၏ စီးပွားရေးအခြေအနေကောင်းမွန်လာခြင်းပင်ဖြစ်၍၊ ရခိုင်ပြည်၏ စီးပွားရေးဆုတ်ယုတ်မှုသည်လည်း မြန်မာနိုင်ငံ၏ စီးပွားရေးဆုတ်ယုတ်မှုပင် ဖြစ်ပေသည်။ ထို့ကြောင့် ရခိုင်ပြည်တွင် မပွင့်လန်းဘဲ ရှိနေကြသော စီးပွားရေးအဖူးအငုံများကို ပွင့်လန်းလာစေရန် မြေတောင်မြှောက်ပေးသင့်ပေသတည်း။

# ရခိုင်တိုင်း– စီးပွားရေးအကြောင်း

ညောဝတီစရီးသည

ရခိုင်တိုင်းသည် မြန်မာပြည်၏ တိုင်းစတိုင်းတွင် တစ်ခုအပါအဝင် ဖြစ်ပေသည်။ ရခိုင်တိုင်း၏ အဓိကလုပ်ငန်းမှာ ဆန်စပါး စိုက်ပျိုးရေးသာ ဖြစ်ပေသည်။ တခြားစက်မှုလက်မှုဟူ၍ စပါးကြိတ်ခွဲဆန်ပြုလုပ်သော စက်မှုအပြင် ပြောပလောက်သော စက်မှုလက်မှု မရှိချေ။

ရခိုင်တိုင်း၏ အမျိုးသားများမှာ ၈၀%ရာခိုင်နှုန်းအားဖြင့် တောင်သူလယ်သမားများသာ ဖြစ်ပြီး အလွန်ရိုးသားသော လူများဖြစ်ပေသည်။

၎င်းတို့တွင် ရခိုင်တိုင်း၌ ခရီးသွားလာရန် ရေကြောင်းခရီးသာ များသဖြင့် ၎င်းတို့အား ဈေးနှုန်းပေါပေါနှင့် သယ်ယူပို့ဆောင်ရန် မီးသင်္ဘောများအလွန်နည်းပါးသဖြင့် စစ်တွေမြို့သို့ပင် မရောက်ဖူးဘဲ သေလွန်ကြသော လူများလည်း မနည်းပေ။

၎င်းတို့နှင့်အတူ တပြည်တည်း နေထိုင်ကြသော အနောက်ရိုးမ အရှေ့ဘက်ရှိ မြန်မာလူမျိုးတို့နှင့် နှိုင်းယှဉ်လျှင် များစွာသော နေရာတို့၌ ခေတ်နောက်ကျကျန်ရစ်ခဲ့သည်ကို တွေ့ရပေသည်။

အနောက်ရိုးမအရှေ့ဘက်ရှိ မြန်မာအမျိုးသားတို့၌ကား ဈေးနှုန်းသက်သာသော မီးသင်္ဘောခရီးမီးရထားများရှိသဖြင့် တစ်မြို့နှင့်တစ်မြို့ ကုန်စည်ကူးသန်းခြင်း ခရီးလွယ်ကူစွာ သွားလာရောင်းဝယ်ဖောက်ကားပြုလုပ်နိုင်ကြပေသည်။ အစိုးရပိုင် သင်္ဘောအပြင် ပုဂ္ဂလိကပိုင်သင်္ဘောများ ရှိသဖြင့် အပြိုင်အဆိုင်ပြေးနေသောကြောင့် မီးသင်္ဘော မော်တော်ကားခများ သက်သာကြသည်။ ၎င်းတို့သည် ခရီးသွားလာရေး လွယ်ကူသောကြောင့် ဗဟုသုတများစွာ ရကြပြီး တိုးတက်နေကြပေသည်။

ယခုထက်တိုင် ရခိုင်တိုင်း၌ကား ရှေးလွန်လေပြီးသော ကာလတို့၌ အသုံးပြုခဲ့သော ပစ္စည်းများတို့ဖြင့်ပင် လယ်များကို ထွန်ယက်လုပ်ကိုင်လျက် ရှိပေသေးသည်။ ရိုးမတောင် အရှေ့ဘက်၌ကား မော်တော်ထွန်စက်တို့ဖြင့် ထွန်လျက် ရှိကြပေပြီ။ ထို့ကြောင့် ရခိုင်တောင်သူလယ်သမားတို့သည်လည်း ခေတ်မှီအောင် ကြိုးစည်လုပ်ကိုင်ရာသည်။ ၎င်းတို့ တိုးတက်အောင် တူမောင်တူမ ကျောင်းတော်သူ ကျောင်းတော်သားများတို့လည်း အားလပ်ချိန်ကျောင်းပိတ်ရက်တို့၌ ၎င်းတို့နှင့်အတူ နေထိုင်ကာ ဗဟုသုတရရာရကြောင်းတို့ကို ဟောပြောတိုင်ပင်နှီးနှော၍ နေကြစေလိုသည်။

မြန်မာပြည် မြစ်ဝကျွန်းပေါ်ဒေသ မြောင်းမြဒိစတြိတ်ဂုံလျှော်ပင်ကို များစွာစိုက်ပျိုးလာလေသည်။ လယ်ယာစိုက်ပျိုးရေးဌာနအကြီးအကဲကား ရခိုင်အမျိုးသား ဦးလှဘော် (Deputy Director of Agriculture) ပင်ဖြစ်ပေသည်။ ၎င်းတို့သည် တစ်နှစ်အတွင်း လယ်မြေတစ်ခုမှ ဂုံလျှော်တစ်ခါ စပါးတလှဲ့စိုက်ပျိုးလုပ်ကိုင်စ ပြုလုပ်နေကြပေပြီ။

လွန်ခဲ့သော ငါးနှစ်လောက်မှစ၍ ၁၉၅၃-၅၄ နှစ်ကပင် ဦးလှဘော်သည် လယ်များ၌ ချောင်းရေချိုများကို ရေစုပ်စက်ဖြင့် စုပ်ယူပြီး ဧပြီလလောက်ကပင် ဂုံလျှော်များကို စိုက်ပျိုးပေသည်။

စက်တင်ဘာလလောက်တွင် ၎င်းအပင်များကို ရိတ်ပြီး ဂုံလျှော်လုပ်၍ ရောင်းလေသည်။ တဖန် ၎င်းလယ်မြေ

၍ သင့်တော်သော အသီးအနှံများကို စိုက်ပျိုးလုပ်ကိုင်ကြသည်။ တစ်နှစ်အတွင်း ၂သီးစားဖြစ်လာသဖြင့် ဝင်ငွေတိုးပွားလာကြသည်။

ကျွန်ုပ်တို့ ရခိုင်တိုင်း၌လည်း ၎င်းတို့ကဲ့သို့ စိုက်ပျိုးနိုင်သော ဒေသများစွာ ရှိ၏။ ဥပမာ ကျောက်တောင်မြို့နယ်ဒေသ၊ မဟာမုနိဒေသ လေးမြို့မြစ်ဖျားဒေသတို့နှင့် တခြားဒေသအများအပြားပင် ရှိပေသည်။

ကျောက်တော်နယ်ဒေသ မဟာမုနိဒေသတို့၌ စပါးများကို မြစ်ဝကျွန်းပေါ်ဒေသရှိ လူများနည်းတူ မေလ၌ စပါးစိုက်ပျိုးကြသည်။ ၎င်းအရပ်ဒေသများတို့သည် အလွန်ဇလွန်းလှသဖြင့် စပါးပင်များသည် ဖေဖော်ဝါရီ မတ်လလောက်မှ မှည့်ကြသည်။ မြစ်ဝကျွန်းပေါ်ဒေသတို့၌ကား နိုဝင်ဘာလမှစ၍ မှည့်ကြသည်။ သို့နှင့် ကျောက်တော် မဟာမုနိဒေသတို့၌ အမှည့် ၃-၄လ နောက်ကျကြသဖြင့် တောင်သူလယ်သမားတို့ စပါးရိတ်ဖြတ်ရန် စောင့်ဆိုင်းနေကြရသည်။ သို့ကြောင့် ဂုံလျှော်ကို ဧပြီလမှ စတင်စိုက်ပျိုးပြီး စက်တင်ဘာလတွင် ရိတ်ဖြစ်၍ တဖန် သက်ငယ်စပါးများ စိုက်ပျိုးပါက မတ်လလောက်တွင် ရိတ်ဖြတ်နိုင်သည်။

အထက်မြန်မာပြည် ကျောက်ဆည်ဒေသ၌ လယ်များကို ဆည်မှ ရေသွင်းစိုက်ပျိုးသဖြင့် တစ်နှစ်စပါး-၂သီးထွက်ကြသည်။ ဟင်းသီးဟင်းရွက်လည်း အလွန်ပေါသည်။

လယ်ယာစိုက်ပျိုးရေးဌာနနှင့် A.R.D.C တို့ ပူးပေါင်း၍ ကျောက်တော်မဟာမုနိနှင့် အခြားသင့်လျော်သောဒေသတို့၌ စံပြဥယျာဉ် ၁၀/၁၅ဧကခန့်စီ ၂-သီးစား စိုက်ပျိုးပြသသင့်သည်။ ထို့အတူ မူရေးကျွန်း ရသေ့တောင်မြို့နယ်၊ သင့်တော်သော နေရာတို့၌ စစ်တပ်နှင့် မနီးမဝေးတွင် စံပြမြေပဲဥယျာဉ်များ စိုက်ပြသင့်သည် ထိုမှသာလျှင် တောင်သူလယ်သမားတို့ အတုယူ လုပ်ကိုင်လာကြလိမ့်မည်။ သက်ဆိုင်ရာမြို့နယ်အမတ်တို့ လယ်ယာစိုက်ပျိုးရေးဌာနအကြီးအကဲ (A.R.D.C) လယ်ယာစိုက်ပျိုးတိုးတက်လုပ်ဆောင်ရေး အဖွဲ့အကြီးအကဲတို့နှင့် တိုင်ပင်ပြီး ဆော်သြပေးသင့်ပေသည်။

ထိုဒေသတို့၌ ယခုကဲ့သို့ စိုက်ပျိုးပါက ငွေဝင်လမ်းပိုမို ရရှိလာပေလိမ့်မည်။ စာရေးသူ သိရှိသည်မှာ ကျောက်တော်နယ် ကုလားတန်မြစ်သည် ရေချိုဖြစ်သည်။ မဟာမုနိချောင်းရေလည်း ရေချိုဖြစ်သည်။ လေးမြို့မြစ်ဖျား ရေလည်း ရေချိုဖြစ်ကြသည်။ ၎င်းမြစ်ချောင်းတို့မှ ရေကိုစက်ဖြင့် အခါမရွေးစုပ်နိုင်သဖြင့် သင့်တော်သော အသီးအနှံများလို အနှံ့အပြားစိုက်ပျိုးနိုင်သည်။

ယခုအခါ မြန်မာအစိုးရ၌ A.R.D.C Department ဖွင့်လှစ်လျက် ရှိသည်။ ၎င်းတို့ထံမှ များစွာ အကူအညီတောင်းနိုင်သည်။ ရေစုပ်စက်၊ လယ်ထွန်စက်၊ အပြင် ချေးငွေများ တောင်းခံနိုင်သည်။ တရားသဖြင့် လုပ်စားသောတောင်သူလယ်သမားအကူရပြီး ကြီးပွားနိုင်သည်။ မြန်မာပြည်၌ကား တောင်သူလယ်သမားများ အကူအညီတောင်းယူပြီး၊ တစတစ ကြီးပွားလာကြပေပြီ။ ရခိုင်တောင်သူလယ်သမားတို့သည် အခွင့်အရေးကို ဖြည့်ယူကြပါ။ ကျောင်းတော်သူ ကျောင်းတော်သားတို့ကိုလည်း ဝိုင်းဝန်းကူညီကြပါ။

ကျွန်ုပ်တို့ တောင်သူလယ်သမားတို့ကား အထက်ပါအရာများကို ကောင်းစွာ သိရှိမည် မထင်ပေ။ သို့နှင့် တူမောင်၊ တူမများတို့ သတင်းစာ စာအုပ်များ ဖတ်ရှုပြီး ရရှိသော ဗဟုသုတတို့ကို တဆင့်ဖောက်သယ်ချကြပါ။ ၄-၅-၆ယောက် တစ်စု-တစ်စုစီစုပြီး သင့်တော်ရာ တောရွာကြီးများသို့ ကျောင်းပိတ်သည့်အခါ သွားရောက်၍ ဗဟုသုတပေးကြပါ။ အနီးအနားရွာမှ လူများကို ဖိတ်ခေါ်ပါ။ ဖော်ရွေစွာ ဆက်ဆံကြပါ။ အစားအသောက်ကိုလည်း ခြိုးခြံစွာ တောသားများကဲ့သို့ သုံးဆောင်ကြပါ။ ကြက်လိုသည်၊ ငှက်လိုသည်ဟု ပါဝါမပြကြပါနှင့် ရသောပစ္စည်းဖြင့် ရောင့်ရဲကြပါ။

ဤကဲ့သို့ ခရီးထွက်သဖြင့် ဗဟုသုတရမည့်အပြင် ကျန်းမာရေးလည်း တိုးတက်လာကြပါလိမ့်မည်။ စာရေးသူသည် နှစ်ပေါင်း ၂၀-ခန့်မျှ မြန်မာတစ်ပြည်လုံးသို့ ခရီးသွားခဲ့သည် အဖျား-အနာများစွာ မရှိခဲ့ချေ။

မြေပဲကို ဆီကြိတ်ပြီး ရခိုင်တစ်တိုင်းလုံး၌ ဈေးသက်သာစွာနှင့် ဝယ်ယူသုံးစွဲနိုင်သည်။ ယခုသော် တိုင်းတပါးမှ လာမှ ဈေးကြီးပေးပြီး သုံးစွဲနေရသည်။ ရခိုင်ရိုးမ အရှေ့ဘက်ကား ယခု တစ-တစ မြေပဲတိုးချဲ့စိုက်ပျိုးလာကြသည်။ နောက် ၃-၄နှစ်တွင် နိုင်ငံခြားမှ ပဲဆီများ တင်သွင်းရန် လိုတော့မည်မဟုတ်ချေ။ ကျွန်ုပ်တို့ရခိုင်တိုင်း၌ ရသေ့တောင်မြို့နယ်၌ မြေပဲနှင့် သင့်တော်သောမြေများ ရှိကြ

သည်။ စာရေးသူသည် ရမ်းဗြဲဈေး၌ မြေပဲများကို တောင်းများ၌ထည့်၍ လေးတောင်ဒေသမှ မိန်းမများရောင်းချနေသည်ကို ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီကာလက တွေ့ရှိခဲ့သည်။ ၎င်းမိန်းမများသည် တော-တောင်ငယ်များကို ဖြတ်ကျော်ဦးခေါင်း၌ ရွက်လျက် လာရောင်းကြသည်။ ၎င်းမြေပဲတို့ကို နွားဝန်တင်နှင့် တင်ဆောင်ယူလာနိုင်သည်။ ရမ်းပြည်နယ်စပ်နှင့် တရုတ်ပြည်နယ်စပ်တို့၌ နွားဝန်တင်ဖြင့် တင်ယူရောင်းချကြသည်။ လှည်းလမ်းမရှိ၍ ဖြစ်သည်။ နွားဝန်တင်ကို လေ့ကျင့်ပေးက ရသည်။ စာရေးသူသည် စစ်တွေမြို့ လယ်ယာစိုက်ပျိုးရေးဌာနမှ နွားများကို ကျင့်ပေးဘူးခဲ့သည်။ တသီးတင်းအတွင်း လေးကျင့်နိုင်သည်။ စစ်မဖြစ်မီက ဖြစ်သည်။

ကြက်သွန်ကို ကျောက်ဖြူမြို့နယ် ရမ်းဗြဲမြို့၌ အသင့်အတင့်စိုက်ပျိုးကြသည်။ ၁၉၅၂-၅၃ခုနှစ်က ကြက်သွန်များများ စိုက်ကြရန် ဆော်သြခဲ့သည်။ အဘယ့်ကြောင့် မအောင်မြင်သည်ကို မသိချေ။ လယ်ယာဌာန၌ မေးကြည့်နိုင်သည် ဖ-ဆ-ပ-လ၏ ဗ-တ-လ-စတို့ ခြစားမှုကြောင့် ဖြစ်သည်ထင်သည်။

A.R.D.C နှင့် စိုက်ပျိုးရေးဌာနတို့ အသစ်တဖန်ပူးပေါင်း၍ ဆော်သြပေးသင့်သည်။ ကျောင်းတော်သူကျောင်းတော်သားတို့ ဆော်သြပေးကြပါ။

ငရုတ်ကို မင်းပြားနယ်၌ များစွာစိုက်ပျိုးကြ၏။ တခြားနေရာတို့၌လည်း စိုက်ပျိုးကြသည်။ ၁၉၅၆-ခုနှစ်လောက်က စစ်တွေမြို့မှ ရန်ကုန်မြို့သို့ အတော်အတန်တင်ပို့ရောက်ရှိကြောင်းကို စာရေးသူကိုယ်တိုင် တွေ့မြင်ရလိုက်သည် ဝမ်းသာစရာပင်။

သယ်ယူပို့ဆောင်ခ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ကုန်ချိန်တစ်တန်ကို ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ၁၆-ကျပ်ပေးရသည်။ စစ်တွေမြို့မှ ရန်ကုန်သို့ ၃၂-ကျပ်ပေးရသည်။ စစ်တွေမြို့မှ ကုန်ထွက်နည်း၍ ဖြစ်သည်။ စစ်တွေမြို့မှ တခြားပစ္စည်းများများ မထွက်သဖြင့် ဤကဲ့သို့ ၂-ဆယူရခြင်း ဖြစ်သည်။ ယခုသော် စစ်ပြီးခေတ်၌ ၁၉၅၂-၅၃-၅၄ခုနှစ်တို့တွင် တရုတ်ပင်လယ်ကူးသင်္ဘော တန်ချိန် ၂၀၀-၃၀၀ တင်ဆောင်နိုင်သော ချစ်ဦးချစ်ပြည်စသောသင်္ဘောတို့သည် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ တစ်တန်ကို ၄၀/-ဖြင့် တင်ဆောင်ခဲ့ကြလေသည်။ သို့သော် အစိုးရပြည်တော်သာ ပြည်တော်အေးသင်္ဘောတို့ ရောက်သောအခါ ၇၅/-ကျပ်သို့ မြှင့်တင်လေသည်။ တရုတ်သင်္ဘောတို့လည်း ၎င်းဈေးအတိုင်း ယူနေကြသည်။ ရခိုင်အမတ်တို့ ဤကိစ္စကို ကောင်စီအစည်းအဝေး၌ မေးမြန်းပြီး သယ်ယူခလျှော့ယူအောင် ကြံဆသင့်သည်။ သင်္ဘောဈေးကြီးသဖြင့် ကုန်ဈေးမြင့်တက်လာရသည်။ ဆင်းရဲသား ရခိုင်အမျိုးသားအားလုံး ဈေးကြီးပေး၍ ဝယ်ယူစားသောက်နေရသည်။ နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း ဖြစ်ကြရသည်။

စက္ကူစက်တည်ဆောက်ရေး ရခိုင်တိုင်း၌ စက္ကူစက်အတွက် များစွာအလိုရှိသော ဝါးများ၊ ဆားများ၊ ထုံးများ၊ ရေချိုများ အလွန်ပေါသည်။ ဝါးတော ရခိုင်ရိုးမတောင်၌ ဧရိယာစတုရမ်းမိုင်ပေါင်း ၁၄၀၀၀-(တစ်သောင်းလေးထောင်ကျော်)ရှိသည်။ ကမ္ဘာပေါ်၌ အကြီးဆုံးဝါးတောဖြစ်သည်။ ဆားကို ပင်လယ်ရေမှ ချက်လုပ်ယူရသည်။ ခေတ်မှီစက်ဖြင့် ချက်လုပ်က ဆားအချိန် ၁၀၀-ကို ၃/-ကျပ်ခန့်ဖြင့် ရနိုင်သည်။ စက္ကူစက် တည်ဆောက်ရေးကို အမတ်များ ကျောင်းတော်သူကျောင်းတော်သားများ ရခိုင်အမျိုးသားအားလုံး ညီညီညာညာဆော်သြပေးကြပါ။ စီးပွားရေးအတွက် အလွန်အရေးကြီးသည်။

ကော်စတိတ် ဆော်ဒါစက် Caustic Soda Plant ဤစက်ကို သင့်တော်သောနေရာ၌ ဆောက်လုပ်ရန် ကြံစည်ကြပါ။ စစ်တွေမြို့ ပင်လယ်ကမ်းနားနှင့် ကျောက်ဖြူမြို့ ငလပွေ့ချောင်းကမ်းပါးသည် အလွန်သင့်လျော်သည်။ ဆားကို ပင်လယ်ရေမှ ချက်လုပ်၍ ထုံးကို ရမ်းဗြဲကျွန်းမှ များစွာရနိုင်သည် စက်မီးအတွက် ထင်းနှင့်ဖွဲများစွာ ရနိုင်သည်။ ကော်စတိတ် ဆော်ဒါကို စက္ကူစက်မှ များစွာသုံးစွဲရမည်။ ယူနီလီဘားကုမ္ပဏီ Unilever Ltd. ဆပ်ပြာစက်မှလည်း များစွာဝယ်ရလိမ့်မည်။ တခြားဆပ်ပြာစက်တို့လည်း ဝယ်ရမည်။ တခြားကိစ္စများအတွက်လည်း ဝယ်ရမည်။ နိုင်ငံခြားပစ္စည်းထက် ဈေးပေါပေါရောင်းနိုင်မည်။ အစိုးရနိုင်ငံခြားငွေသုံးလျှော့သွားရမည်။ နိုင်ငံခြားသို့ တောင်တင်ပို့ ရောင်းချနိုင်လိမ့်မည်။ ရခိုင်တိုင်းသည် အသင့်လျော်ဆုံးသော ဒေသဖြစ်သည်။

**ဥာဏဝတီစရီးသည်**

# ရခိုင်ယာဉ်းသာခြင်း

ယာဉ်းဟူသည်မှာ အိမ်ထဲမှာဖြစ်စေ အိမ်ရိပ်သာအောက် ဆင်ပုန်းလျှားပေါ်များမှာဖြစ်စေ၊ ကလေးများကို မိခင်က နို့ချိုတိုက်ကျွေးရင်းငင်း၊ ကလေးကိုသိပ်ရင်းငင်း၊ ကလေးငယ်များနှင့် ပျိုဖြူမယ်တို့သည်ငင်း၊ မိခင်များသည်ငင်း၊ ဒါန်းလှဲ့စီးခြင်း၊ သို့မဟုတ် သစ်ပင်များ၏ သစ်ကိုင်းပေါ်များမှာဖြစ်စေ ကြိုးကြိမ်နွယ်များဖြင့် ပျဉ်ပြားတစ်ချပ်ကို တစ်ဘက်တစ်ချက်စီ မြဲချီစွာနှောင်ပြီးလျှင် ဒါန်းလှဲ့စီးခြင်းမျိုးကို ယာဉ်းစီးသည်ဟူ၍ ခေါ်ဆိုကြပါသည်။ သာချင်းဟူသည်မှာ သာယာနာပျော်ဘွယ်ရှိသော တေးသီချင်းဟုဆိုပါသည်။

ရှေးနှစ်ပေါင်းများစွာကပင် ဓညဝတီရခိုင်ပြည်၌ အထက်ပါယာဉ်းစီးရာတွင် ယာဉ်းသာချင်းတစ်မျိုးကို သီကုံးရွတ်ဆိုပြီး ကလေးငယ်များအား သိပ်ပြရိုးထုံး ရှိခဲ့ကြပါသည်။ အချို့အပျိုအရွယ်ရွှေခိုင်ဖြူတို့မှာလည်း အဆက်ကို မျှော်ရင်းယာဉ်းစီး၊ ယာဉ်းသာချင်းသီဆိုခြင်းတို့ဖြင့် အလုပ်အားချိန်ကို ကုန်လွန်စေခဲ့ကြပါသည်။ ထိုယာဉ်းသာချင်းများမှာ နယ်မြေဒေသအလိုက် ကွဲပြားကြသည်များလည်း ရှိကြပါသည်။ သို့ရာတွင် ယေဘုယျအားဖြင့်ကားရွတ်ဆိုပုံခြင်းမှာ တူသည်သာ များကြပါသည်။ သာချင်း'ဟုဆိုရသော်လည်း ယခုပစ္စုက္ခမျက်မှောက်ခေတ်မှာ အများသိကြသော တန်းခိုးရှွာ ဆရာထွန်းနှင့် ရှွာချောင်းကြီးရှွာ ဆရာဦးအောင်ထွန်းတို့၏ သာချင်းများနှင့် လုံးလုံးလျှားလျှားကား မတူကြချေ။ တချို့တဝက်သာ တူကြချေ၏။ မတူပုံမှာ တန်းခိုရှွာ ဆရာထွန်း၏အလောင်းတော်ကာနုသာချင်းဧယာဉ်ကျူးခန်း၌-

ကျူလိုက်တေလေ၊ မွေးမေသက်မျှ၊ ဝမ်း၌လွယ်လေ၊ သန္ဓေရလို့၊ ဆယ်လစေ့လျှင်၊ ဘွာမျှော်မြင်ကော၊ မိခင်သည်းအုံ၊ ဘရိုက်ရာကို၊ နောင်ခါမိုးလို့ စိုးမည့်သူလေ၊ ဟူ၍ငင်း၊ ငင်းသာခြင်း၌ပင်။ ။ သွားကြလေကော၊ မြူခြေမှိုင်း၊ မြိုင်းရရိုင်းနှင့်၊ ဆိုင်းဆိုင်းမို့မို့တညို့ညို့ကော၊ တချို့သစ်ပင်၊ ညွှန့်ဖူးဆင်ကော၊ ရွက်ကျင်ပြန်စ၊ နွေရာသီလေ၊ ဂိမ္မာန်ပြောင်းကော၊ တပေါင်းလမှာ၊ ဟူ၍ငင်း၊ ငင်းဆရာထွန်း၏ သတ္တထာနုအလောင်းတော် သာခြင်းဆန်း၌၊ လူပျိုမျှော်ခန်းတွင်လည်း စောင့်လို့နေကော၊ ဘုန်းကြွေမောင်လှ၊ နိုငါးရာဆုတော်တောင်းကာ၊ လောင်းသတ္တကာ၊ ရှေ့ကပမာ၊ တောမြိုင်ချာတွင်၊ နော်ဇာစံကား၊ သရဖီမာလာ၊ အဝေရာကော၊ စွယ်တော်များနှင့်၊ ချရားမိုးစီ၊ ခါတော်မှီကော၊ နာရီရင်ခတ်၊ ဂေါ်သဇင်ဟု၊ ခေါ်တွင်မှတ်ကော၊ အချပ်တရာ၊ စလတ္တာနှင့်၊ ရင့်မာခေါက်ရမ်း၊ လပြာသိုမှာ ခွာညိုပန်းကို၊ ဟူ၍ငင်း။ ရှွာချောင်းကြီးရှွာ ဆရာဦးအောင်ထွန်း၏ ဂုတ္တိလနှင့် မုသိကသာချင်းတွင်လည်း

မြဇေယာဉ်ကို၊ လှဲ့ငင်ကြိတ်ကြိတ်၊ ညဉ့်ပဟိုရ်မှာ၊ သားကိုသိပ်လို့၊ အိပ်ပါစေလို့၊ သာခြင်းဆိုကော၊ နဂိုရ်ကြောင်တောင်း၊ မိညောင်ဗိုလ်ကော၊ အိုကြောင်တောင်းလည်း၊ ကောင်းကောင်းပြီးကာ၊ သားသည်းချာကို၊ ကိုက်ပါခလစ်၊ အဆစ်တိုကော၊ ကြံချိုမွှားယောင်၊ မွှားခလစ်လေ၊ စိတ်ညစ်ဘို့ရာ၊ တအာအာနှင့်၊ များစွာလည်းငို၊ ညဉ့်လေးပိုမှာ၊ တပိုမအိပ်၊ ရွှေနို့ရှင်လေ၊ မိခင်သိပ်ကော၊ တိတ်ပါငါ့သား၊ ခဲဝါမြည်သံ၊ တညံညံကို၊ သက်နှံ့နားမှာ၊ မကြားလားလေ။ ။ ဟူ၍ငင်း။ ငင်းသာချင်း၌ပင် (သိကြားလက်မှတ်၊ ရွှေလလယ်မှာ၊ ယုန်ငယ်ဝပ်လို့၊ ဆန်ဖွပ်တေဆို၊ အဘိုးအိုကို၊

မြင်လိုသလား၊ ခွက်ပျောသီးသကာ၊ လစန္ဒာလျှင်၊ ယူလာပြီးကော၊ ဝီးပါလားလေ၊ စားကောင်းဘွယ်ကို၊ မုံ့ထိုထိုနှင့်၊ နို့ချိုလည်းတိုက်၊ ငါမိခင်မှာ၊ ရင်ခွင်ပိုက်လို့၊ ငိုက်တုံ့ဖွင့်တုံ၊ ခြင်မျိုးရုံကော၊ စောင်ခြုံမရ ဆောင်းရာသီမှာ၊ လီပြင်းသုတ်ကော၊ ကုပ်ခံရလို့၊ ဒုက္ခပူဆာ၊ ငါ့ကြမ္မာလေ၊ လွန်စွာဆိုးညက်၊ နဖူးဇာမှာ၊ ဇောင်ရာဆိုက်ကော၊ ဝတ်လိုက်လျက်လေ၊ နို့သက်ခါလျှင် သားမောင်ပင်ကို၊ မိခင်တိုက်မည်၊ မောင်လူပျိုလေ၊ ဆိုစကားကို၊ နားမှာတည်လော၊ အတည်မုချ၊ မတိတ်ကလျှင်၊ ခါးက ဘောင်းဘီ၊ အကျီမောင်းပြုတ်၊ ဂွမ်းဦးထုပ်နှင့်၊ တရုတ်ကုလား၊ ငါ့သည်းအူကို၊ ဘမ်းယူသွားလို့၊ ကိုက်သွားလိမ့်မည်၊ သို့ဖြစ်သည်ကြောင့်၊ မွေးသည်မိခင်။ ။ မြသလွန်မှာ၊ ဟန်နှင့်လွှဲကော၊ ဇယာဉ်ယာဉ်လေ။ ။ ဟူ၍ဂုင်း။ ထိုဆရာဦးအောင်ထွန်း၏ လွမ်းမပြေသာချင်း၌။ ရှုပဝတီမင်သမီး လွမ်းဆွတ်တော်မူခန်းတွင်လည်း။ ။ ထိုသည်ခါလျက်၊ လောင်းသခင်လေ၊ ရှင်ပြည်ထွက်မှာ၊ နန်းထက်ရဝေ၊ မနေသာ၍၊ စိတ်တော်နွမ်းလို့၊ ထွက်လှမ်းလေသော်၊ ပျိုမေရှုပလှတပင်လေ၊ ယာဉ်ရှင်မမှာ၊ ဆန်းလနတ်တော်၊ သဇင်ပေါ်ကော၊ ဟေမာဥတု၊ ကုက္ကလောင်နှင့်၊ ဖိုးခေါင်ကျူလို့၊ ပျော်လုစဘွယ်၊ ကျမျက်ရည်နှင့်၊ ကြံစည်စိတ်ကူး၊ တုံးတုံးရိုင်းကော၊ မှိုင်ကာမူးလို့။ ဟူ၍ဂုင်း။ ဂုင်းသာခြင်း၌ပင်။ ။ လှယဉ်ကျော်လေ၊ ငါ့မောင်ချောလျှင်၊ တရားတည်ခို၊ မြတ်ပုဂ္ဂိုလ်ကြောင့်၊ အိုအိုသိကြား၊ မြို့ပြည်ရွာကို၊ စောင့်ကာကြပ်ကော၊ နတ်အများတို့၊ မစားကယ်ဆယ်၊ ငါ့ချစ်ဆွေလေ၊ မသေပါသင့်၊ ကမ္ဘာမြေကို၊ အတည်ချင့်လို့၊ နေလင်းရစေ၊ တိုင်တန်းပေ၍၊ ပျိုမေနှမ၊ ရုပ်ဟန်ပန်လေ၊ အလွန်သိတ်ကော၊ ငါ့ကိစ္စကြောင့်၊ မောင်လှခုဝယ်၊ ဒုက္ခကြုံဗျာ၊ နန်းဘုံတွင်းက၊ ဆင်းသက်ရရေ၊ သို့ဖြစ်ပေလေ၊ အကယ်၍တည်း၊ မသေပါဘဲ၊ ရှိပါခဲ့က၊ မလွှဲမသွေ၊ ဘဝမှာလေ၊ တစ်ခါခန့်လျှင်၊ ပျိုဖျမ်းတွေ့စေ၊ အခါခါလေ၊ ဆုတော်ညွှန်းဗျာ။ ။ တစ်ခန်းရပ်ကာ၊ နေ၏တည့်လေ။ ။ ဟူ၍ဂုင်း။ ထိုလွမ်းမပြေသာချင်း၌ပင်၊ အလောင်းတော်မင်းသား လွမ်းဆွတ်ခန်း၌လည်း။ ။ ထိုခါကာလလောင်းဘုန်းဝယ်လေ၊ မောင်ဇောတမှာ၊ ဗျာယကဲပို၊ ကိုယ့်ကြင်ရာကို၊ စိတ်မှာတမ်းဗျာ၊ လွမ်းလို့ငိုသော် အိုအိုနှမ၊ မောင်သခင်မှာ၊ ကြင်မဝိုက်ကော၊ ကြိုက်မဝလည်း၊ မောင်လှဖြစ်ပုံ၊ အလုံးစုံကို၊ အကုန်ခုခါ၊ နှမတော်လေ၊ ရှုပါဦလိုက်၊ သင်နှစ်မည်လေ၊ အလည်ကြားမှာ၊ ဝါးလုံးပျိုက်သို့၊ ကြုံကြိုက်ပုံပင်၊ သင့်ဘခင်က။ နှင်သည်တထပ်၊ ဤအိမ်ရှင်လည်း၊ ခြေမျှင်စွပ်သို့၊ မလွတ်နိုင်ယောင်၊ နှမမောင်မှာ၊ ကထောင်ကရား၊ မြစ်လည်ကောင်မှာ၊ ဖောင်ပျက်ဝါးသို့၊ မစားသူပင်၊ ယခုခါလေ၊ ရှာမတွေ့ကော၊ ကြည့်မမြင်လေ၊ ငယ်ကြင်အရင်း၊ နှမတော်ကို၊ တန်းမျှော်ခြင်းကြောင့်၊ ထမင်းမဝင်၊ ရေမဝင်ကော၊ အိပ်လျှင်မရ၊ အိပ်မက်မြင်သို့။ ။ စသည်ဖြင့်ဂုင်း ရေးစပ်သီကုံးကြသည်နှင့် ဆင်တူရိုးမှားကား တူချေ၏။ လုံးလုံးလျားလျားမူကား မတူကြပါချေ။ အထက်ပါသာချင်းကြီးများမှာကား လေးလုံးတပိုဒ်ချည်းစပ်ထားကြပါသည်။ ယာဉ်းသာခြင်းများမှာကား သုံးလုံးစပ်လည်းပါသည်။ ၄လုံး၊ ၅လုံး၊ ၆လုံး စလုံးများကိုလည်း စပ်ထားကြပါသည်။ ဂုင်းယာဉ်းသာခြင်းများကို ရေးသားစီကုံးသူများကို နှစ်ပေါင်းများစွာကြာလေပြီ ဖြစ်သောကြောင့် မည်သူမည်ဝါစီကုံးရေးသားကြသည်ဟု မပြောနိုင်ကြချေ။ သို့ကြောင့် ရခိုင်ယဉ်ကျေးမှုတစ်ရပ်ဖြစ်သော ဂုင်းယာဉ်းသာချင်းများကို တိမ်မြုပ်ပျောက်ကွယ်သွားမည်စိုး၍ ရှာဖွေစုဆောင်းဖော်ပြလိုက်ရပါသည်။

(က) မိုယ်းရွာရေ၊ ကိုယ်နာရေ၊ မင်္ဂလာယူခ၊ အိုယောက်ဖ၊ ယောက်ဖမင်္ဂလာ၊ မဆောင်သာ၊ တောမှာပေါက်ဖက်၊ ဟိပါယင့်။

ဤယာဉ်းသာချင်းကို ရခိုင်တစ်ပြည်လုံး၌ လူကြီးလူငယ်များအားလုံး ရွတ်ဆိုကြသည်များသည်။ ဂုင်းပြင်

(ခ) ဝရစ်တောင်ဇာတီ၊ (ဦးရစ်တောင်စေတီ) လုံးပတ်ညီ၊ လုံးညီတွတ်တွတ်၊ အဖျားချေမှာ၊ ရွှေခြေရစ်လို့ ။ ။ ဦးမနားမှာ၊ ဝတ်လို့ပါ၊ နားမှာမမဲ၊ စိန်ခဲဝင်၊ သင်းဘောကျောက်မှာ၊ ကျလို့ကွဲ၊ မိလဲကိုယ်တိုင်၊ မဆက်နိုင် ဘလဲကိုယ်တိုင်၊ မဆက်နိုင်၊ အရှေ့ပန်းထိမ်၊ အနောက်ပန်းဘဲ၊ ဒွိစမွယ်၊ ဒွါနငွေင်းကို၊ ဆက်မမြဲ၊ မျောက်သားမောင်၊ ဒိုးအောင်၊ (ဒအောင်)ကသာ၊ ခဏဝတ်ဘို့၊ ဆက်ပီးမယ်လို့၊ ခံခရေ၊ ခံခရေ။ ဟူ၍ဂုင်း။

(ဂ) တစ်တိုင် နှစ်တိုင် မုညင်းတိုင်၊ တိုင်ကမုညင်းသရက်ကင်း၊ နင်နဲ့ငါနဲ့ ဝါဆိုလမှာ ပေါင်းကြမည်။ ခုပိုင်ဆိုမိ မြစ်လယ်ခေါင်မှာ၊ ကျာကျာမွှန့်(မွေ့)အီးဗွေနီ(နေ)နှုတ်၊ ပြုတ်ကရုတ်ဖြုတ်ဟူ၍ဂုင်း ရွတ်ဆိုတတ်ကြပါသည်။

ထို့ပြင်တဝလည်း။

(ဃ) အဝေအဝေ၊ မင်းစပါးကို ကျွဲစားရေ၊ ကျွဲစပါး လက်တုံ ပြန်လတ်တုံ၊ ဒုံဒုံလက်ကောက်၊ ခြနင်းကောက် (ခြေချင်းကောက်) ပြောက်ပြောက်ခုန်ရေ၊ နာသာရေ၊ အရှေ့ပြေက စာရောက်တယ်၊ စာမရောက်သိ (စာမ ရောက်သေ့) ကတိုးသိ (ကူးတိုးသေ့) ဝက်ချေတန်းသား၊ ဆပင်သား၊ သားတယောမွိုး (မွေး)သတိုးသားဟူ၍ဂုင်း၊ ရွတ်ဆိုကြပါသည်။ ဤသာချင်းမှာ ရခိုင်ပြည် နောက်ဆုံး မင်းဖြစ်သော မဟာသမ္မတရာဇာလက်ထက် ဘိုးတော်ဦး ဝိုင်းနှင့် ရခိုင်ပြည်မှ ငသံဒေခေါ် ဝသန္ဓေတို့ ဆက်သွယ် သောခေတ်၌ ပေါ်လာခဲ့သည်ဟု ဆိုကြပါသည်။

က-ခ-ဂ အမှတ်ပြယာဉ်းသာခြင်းများအနက် (က) အမှတ်ပြယာဉ်းသာခြင်းမှာ စနည်းတပေါင်သာခြင်းမျိုး ဖြစ်ဟန်တူသည်။ ထိုသာခြင်းသည် မျက်နှာဖြူအင်္ဂလိပ် ခေတ်ကျမှ တပေါင်အဖြစ် ခလေးများပါးစပ်မှ အလိုလို ပေါ်ပေါက်လာသော သာခြင်းဖြစ်သည်ဟု ပညာရှိတို့ ဆို မှတ်စပြုကြသည်။ (ခ) အမှတ်ပြသာခြင်းနှင့် (ဂ) အမှတ် ပြသာခြင်းများမှာ ရှေးနှစ်ပေါင်းများစွာကပင် အမြစ်တွယ် နေသော ယာဉ်းသာခြင်းများဖြစ်သည်ဟု ဆိုကြသည်။ (ခ) အမှတ်ပြသာခြင်း၌ ဦးရစ်တောင်စေတီဟူသောအပိုဒ် ဝါဆိုလမှာဟူသောအပိုဒ်တို့မှာ ဓညဝတီရခိုင်ပြည်၌ ဗုဒ္ဓ ဘာသာတရားထွန်းကားကြောင်းကို ဖော်ပြခြင်းပင် ဖြစ် ပါသည်။ ဂုင်းယာဉ်းသာခြင်းကို အချို့မိန်းမကြီးများသည် လောင်းလှေလှော်ရင်းပင် ဆိုတတ်ကြသည်ကို စာရေးသူ တို့ငယ်စဉ်က တွေ့မြင်ကြားသိခဲ့ရဘူးပါသည်။ (ဂ) ယာဉ်း သာခြင်းမှာ လိုက်တန်းပြေးတန်းကစားကြသော ကလေး များသည် အပုတ်ချိုးခြင်း တမျိုး(ဝါ)အပုတ်ချခြင်းတစ်မျိုး ပင် ဖြစ်ပါသည်။ ဒိုင်လုပ်သောကလေးတစ်ဦး၏ လက်ဝါး အလယ်မှာ ၅ယောက် ၁၀ယောက်မျှသောကလေးများက လက်ညှိုးထိုးစိုက်ကြပြီး၊ တစ်တိုင်နှစ်တိုင်၊ မုညင်းတိုင်၊ တိုင် ကမုညင်း၊ သရက်ကင်းစသည်ဖြင့် ဝိုင်းဆိုကြပြီး၊ ပြုတ်က ရုပ်ပြုတ်ဆိုကြသည်နှင့် တပြိုင်နက် မြန်နိုင်သမျှ မြန် အောင် ကိုယ်စီကိုယ်င လက်ညှိုးကို ဆွဲနှုတ်ကြရသည်။ ဒိုင်လုပ်သူက တစ်ချောင်းချောင်းသော လက်ညှိုးကို မိမိရရ ဖမ်းထားနိုင်မည် လက်ညှိုးကို အဖမ်းခံရသော သူသည် အပုတ်ကျလေတော့သည်။ ဝါ- အပုတ်ချခံရသည်။ ထိုနည်းဂုင်း တစ်ကေ၊ နှစ်ကေ၊ ကေလီ၊ ကေလောင်း၊ ဆင် ဂေါင်း၊ ငရပေါက်၊ တောက်ကျာ၊ မောလာ၊ ကြိမ်၊ ကြွတ်၊ ဂွတ် ဟူ၍တစ်၊နှစ်၊သုံး၊လေး၊ငါး စသည့် အရေအတွက်မျိုး ဖြင့်လည်း အပုတ်ချိုးတတ်ကြပါသည်။ နံပါတ်တစ်ဆယ် ကျခံရသူသည် အပုတ်ကျလေတော့သည်။ ဤနည်းများ သည် ကလေးတို့၏ ဒီမိုကရေစီရွေးကောက်ပွဲဖြစ်သည်ဆို ကလည်း မှားမည်မထင်ပါ။ ကလေးများကလည်း သူတို့၏ ဒီမိုကရေစီရွေးကောက်ပွဲကို အတော်ပင်လေးစားကြပါ သည်။ အပုတ်တာဝန်ကျသူသည် မငြင်းဆန်တတ်ကြဘဲ မိမိ၏တာဝန်ဝတ္တရားကို အစွမ်းကုန် ထမ်းဆောင်တတ်ကြ လေသည်။

စစ်တကောင်းနယ်ရှိ ကော့စတဇားခေါ် ဖလောင်း ချိပ်၊ ရာမူးခေါ် ပန်းဝါရှိ ရခိုင်တို့သည်ဂုင်း၊ ဘင်္ဂလားအဝ ကျွန်းရှိ ရခိုင်တို့သည်ဂုင်း၊ မည်မျှပင် ကုလားများနှင့် နီးစပ်စွာ နေကြစေကာမူလည်း၊ မိမိတို့၏ ဇာတိမျိုးရိုးစဉ် လာ စကားအသုံးအနှုန်းများကို မစွန့်ကြဟု သိရသည်။ ထိုအရပ်ရှိသူများထံမှရရှိသော ယာဉ်းသာချင်းများမှာ လည်း၊ ထိုအရပ်သူတို့၏ အသံနှင့်ညီစွာ သူ့အချိုးနှင့်သူ၊ နာထောင့်နာသာ နားထောင့်စရာကောင်းလှပါသည်။ ဥပမာ။ ။ (င) ဝခက်လုံးဇီ၊ တဲကိုကိုင်ကယိုင်ကပါး၊ ပထနာလေ-ရောင်ဖြူကျွန်းမှာ၊ ဆီးခတ်လားလို့၊ ကိုယ့် ထက်ကြီးမည်၊ မုံ့ချေဝတ်ဘို့၊ ခအိုချင်မှာ ဝယ်ခရို့။ ။ ပေါက်ပင်အောက်က ကျားရုံရေ၊ ခွါစင်အောက်က ကျား ရောက်တယ်၊ ဇနီအောင်ဖြူ လက်လှမ်းယူ၊ ချစ်သူမောင် ဝေ၊ အဝကျွန်းမှာ ယာခွပ်တယ်။ ။ ပလီယေ သုံးဆယ်၊ မြဒါဂေါင်းပေါင်း၊ ပိုးသိန်းတန်ဟန်နဲ့ မပေါင်း၊ ဘန်းနဲ့ ပေါင်းလို့၊ လုံးတန်ဖောက်တန်၊ ပထာပိုင်းမှာ ဆလွဲတန်၊ လှုပ်မေရို့၊ နှောင်းမရိုး (ရောက်မရိုး)။ ။ မုကာတခင်၊ ပိုးတခင်၊ ခင်စဉ်မရောင်း၊ မျှင်စဉ်ရောင်း၊ အဘာကုန် သည်၊ တက်ခရေ၊ ဇရက်နှယ်ခွမ်း၊ မိုယ်းစီပန်းခေါ် လှမေဍူ စစ်တွေမြို့မှာ သဇင်ဖြူ စိန်ခိုင်မြခိုင် သတိုးခိုင်၊ ဇီး(ဈေး) ပြုရာမှာ၊ ဇာပြင်လှာလဲ၊ ငါ့ခအို(ခဲအို) ကိုပြောပါခ ဆိုပါ ခ။ ။ ဟူ၍ဂုင်း (စ)ခကြိုးပြောက်ချေနီနီ၊ လက်တန်ဖျား မှာ၊ ပိတ်အကျီနှင့်၊ နဘေလိပ်လက်၊ နပန်းဆန်မှာ၊ ဆီစ စက်နှင့်၊ ချစ်ဖို့မျက်နှာ၊ မောင်မဟိကေ လမ်းဝမှာ။ ။ သော်ဒလီ(ရွာသူကြီး) အယင်ပြီးလီ၊ လူပေါင်းစုံ ရန်ကုန်မြို့

က ခေါ်ပါခီ၊ ငှက်ယောင်ကျေးယောင်၊ အဘောင်မပေါက်၊ ပျိုင်(ပျံ)မရောက်၊ ငှက်ကြီးဖောင်ဇင်း၊ တောမှာနင်း၊ မောင်ချစ်လူပျို-နာမည်ဆို၊ အထက်ကောင်းကင် အောက်ကင်းကင်၊ တိမ်ကိုခွဲကေ မဝဲကဲ့။ ။ ဟူ၍ငင်း ဖွဲ့နွဲ့သီကုံးရွတ်ဆိုတတ်ကြပါသည်။

ဓညဝတီမြောက်ဦးရွှေမြို့တော်မှအစ စစ်တွေမြို့အစရှိသော မြို့ကြီးရွာငယ်တို့ပါမကျန် ရခိုင်တစ်ပြည်လုံးတွင်ကား။ (ဆ)အမျည်အမျည်(အမယ် အမယ်)၊ မှိုဟင်းခူးဇောင် လားကြပ်မယ်၊ မှိုဟင်းလဲခူး စူးလဲစူး၊ စူးကိုလဲထွင်အိမ်ကိုလည်းရောက်၊ အထွင့်မှတင်- ငယ်လင်စားဖို့ မျောက်လက်ညှိုး၊ ကုလားပုဇွန်-ညှီနံနံနှင့်၊ အကျွန်မစား-ရွှေလင်ပွန်းမှာ ကြင်းလို့ထား၊ သူလာကောက်စား-ငါလာကောက်စား၊ မရှက်မ၊ လေ-မရှက်မ။ ။ ဟူ၍ငင်း။ (ဇ) အဘာဝါအဘာ ဆုံပြောင်း-လားလီယင့်၊ အမင်ဝါ-အမင်ဆန်ဖွတ်- လားလီယင့်၊ ဆန်ဝါ-ဆန်စပါးထောင်းလီယင့်၊ စပါးဝါ စပါး-ကြက်ချေစားလီယင့်၊ ကြက်ချေဝါ- ကြက်ချေစွန်ဘုတ်သုတ်လီယင့်၊ စွန်ဘုတ်ဝါ-စွန်ဘုတ်သစ်ခေါင်းဝင်လီယင့်၊ သစ်ခေါင်းဝါ-သစ်ခေါင်းမီးတိုက်ပစ်လီယင့်၊ မီးဝါ-မီးရီဆွတ်ပစ်လီယင့်၊ ရီဝါ-ရီဆင်ပြောင်ကြီးသောက်လီယင့်၊ ဆင်ပြောင်ကြီးဝါ-ဆင်ပြောင်ကြီး-တောင်စဉ်လားလီယင့်၊ တောင်စဉ်ဝါ-တောင်စဉ်နန္ဒင်းစိုက်လီယင့်၊ နန္ဒင်းဝါ-နန္ဒင်းသက်န်းဆိုးလီယင့်၊ သက်န်းဝါ-သက်န်းမောင်ရှင်ဝတ်လီယင့်၊ မောင်ရှင်ဝါ-မောင်ရှင်ပန်း ဆွတ်လားခယင့်၊ ပန်းဝါ-ပန်းဘုရားတင်လီယင့်၊ ဘုရားဝါ-ဘုရားနိဗ္ဗာန်ကူးလီယင့်။ ။ ဟူ၍ငင်း၊ ထိုမှတပါးလည်း (ဈ)အမေ(မျည်)(မယ်)လေ-ရောက်မလေ၊ ပြန်ခါ ရံခါ-ဟပ်ပါလပ်၊ ထီးနှင့်ထမ်းစင်-အယင်ယူခ၊ စံရဖွေ-အိမ်နောက်က၊ အိမ်နောက်က-အိမ်ရှင်-မှင်းကျိုးပင်၊ ပင်လယ်ပင်စွပ်- ကပိုင်ရွာမှာ-လီသွတ်သွတ်နဲ့။ ။ တနည်း(ည) နှပျိုးသီး(ငှက်ပျောသီး)ကျာကျာ-မှည့်လပ်ပျာ၊ ကြာဖံလင်ချာ(လျှာ)ဆိုလပ်ပျာ၊ ဇီးနှင့်(နဲ့)ပြောင်တန်-အယင်(လျှင်)ယူခ၊ စံရဖွေ-အိမ်ဒေါင့်က၊ အိမ်ဒေါင့်က-အိမ်ရှင်-မှင်းကျိုးပင်၊ ပင်လယ်ပင်စွပ်-ရခိုင်ပြည်မှာ- လီသွတ်သွတ်နှင့်(နဲ့)၊ နီ(နေ)ဘို့ကောင်းရေ။ ဟူ၍ငင်း ဤယာဉ်းသာချင်းကို နှစ်မျိုးနှစ်စား အဆိုများကြပါသည်။

ထို(ဈ)အမှတ်ပြ (ည)အမှတ်ပြ ယာဉ်းသာချင်းများကို နေ့စဉ်ရက်ဆက် မြိန်ရည်ရှက်ရည် ဆိုတတ်ကြပါသည်။ ဤသာချင်းများမှာ ရခိုင်မင်းလောင်းမျှော် သာချင်းများဖြစ်ဟန်တူပါသည်။ ငှက်ပျောသီးကို မင်္ဂလာပွဲများအတွက်ငင်း၊ ဘုရား တရား သံဃာပွဲများနှင့် နတ်ကန္နားပွဲပေးခြင်းများအတွက်ငင်း အမြတ်တနိုး အသုံးပြုကြသည်မှာ ယခုထက်တိုင် ခေတ်စားလျက် ရှိပါသေးသည်။ သို့ရာတွင် ငှက်ပျောသီးအစိမ်းများကိုလည်း ပွဲတင်-ပွဲထိုးကြသည်မှာ ပြီးစလွယ်လုပ်တတ်ကြခြင်းသာ ဖြစ်ပေသည်။ ဝင်းဝင်းကျာကျာ မှည့်မှလည်း မင်္ဂလာရှိလှပါသည်။ ကြာဖံလင်ချာ(လျှာ)ဆိုလတ်ဗျာ၊ ဆိုသည်မှာ မြောက်ဦးမြို့စောင့် နတ်သမီးကိုရည်ရွယ်ပြီး ဆိုခြင်းဖြစ်ပါသည်။ လင်လျှာဆိုသည်မှာကား ရခိုင်မင်းလောင်းကိုရည်ရွယ်ပြီး ဆိုခြင်းဖြစ်ပါသည်။ မြောက်ဦးခေတ် ရခိုင်မင်းတို့သည် အဘိသိက်ခံသောအခါ ကြာဖံဒေဝီကိုလဲ မိဖုရားတစ်ပါးအနေဖြင့် အဘိသိက်သွန်းခံရသည်ဟု ကြားဘူးသည်။ ဤသို့ရည်၍ အင်္ဂလိပ်မျက်နှာဖြူတို့အား သစ္စာဖောက်အချို့တို့က အဘိသိက်ခံရန် အကြံပေးသောကြောင့် ရာပသိန်သတ်သည်ပင်လည်း တစ်ခါက ကြာဖံဒေဝီနှင့် အဘိသိက်ခံပွဲဝင်ခဲ့သည်ဟု ကြားရဘူးသည်။ ကြာဖံဒေဝီမှာ မြောက်ဦးမြို့ကို တည်ခဲ့သော ဘုရင်မင်းစောမွန်၏ မိဖုရားခေါင်ကြီးခေါ်တောင်ညာစံဒေဝီမဟေသီမိဖုရားကြီး ဖြစ်သည်။ မြောက်ဦးမြို့ကို တည်သောအခါ၌ အမတ်ပညာရှိ ဦးမြဝါက စီမံပြီး အချိန်နာရီစသည်ဖြင့် စနစ်တကျပြုလုပ်ရသည်။ ဘုရင်မင်းမြတ်နှင့်တကွ မြို့တည်သောအခါမှာ ကြွက်ဖြူသုံးကောင်ကို ကျင်းတူးပြီး အုပ်ထားရသည်။ အချိန်စေ့သောအခါ ကျင်းကိုဖွင့်လှစ်၍ ကြွက်များထွက်ပြေးသွားရာ၌လိုက်၍ ကြွက်ဖြူများကို ရိုက်သတ်ရသည်။ ရိုက်သတ်သူမှာ သီလစောင့်ထိန်းသူဖြစ်သောကြောင့် သေအောင်မသတ်ဘဲ ထားရှိသောကြောင့် ရွှေမြို့တော် နန်းဦးလျှာတိုင်တော် မစိုက်ရတော့ချေ။ အမှန်မှာ ထိုကြွက်ကိုသတ်၍ သေသောနေရာမှာ နန်းဦးလျှာတိုင်စိုက်ထူရမည် ဖြစ်ချေသည်။ ထိုအခါ အမတ်ပညာရှိဦးမြဝါက ယခုအချိန်လွဲသွားပြီ၊ လူတစ်ဦးတစ်ယောက်၏ အူကိုဖောက်၍ ဤနေရာမှာ တိုင်စိုက်ပြီး အူကို ဖောက်သူ၏အူဖြင့် ရစ်ပတ်လျက်မြောက်အရပ်သို့ပြေးသွားရမည်။ ထိုသူလဲ ကျဆုံးသောနေရာမှာ နန်းဦးမင်္ဂလာတိုင်တော် စိုက်ထူရမည့်အကြောင်း

ကို ဘုရင်မင်းစောမွန်အား လျှောက်ထားသံတော်ဦးတင်သောအခါ ဘုရင်မင်းစောမွန်က အူကိုထုတ်၍ အသက်အသေခံမည့်သူကို အမြန်ရှာပေးရမည်ဟု အမတ်ပညာရှိကြီးများအား အမိန့်တော်ရှိရာ အနီးတွင်ရှိသော ကြာဇံဒေဝီမိဖုရာခေါင်ကြီးက ဘုရင်နှမတော် ကြာဇံဒေဝီကိုယ်တိုင် အသက်ကို ပဓာနမထားဘဲ တိုင်းကျိုးပြည်ကျိုးအတွက် ဖြစ်အောင် အသေခံပါမည်ဟု သံတော်ဦးတင်လေရာ ဘုရင်မင်းမြတ်နှင့်တကွ အမတ်ပညာရှိများက နောက်ဆုံးသဘောတူကြရလေသည်။ မိဖုရားကြီးလည်း မိမိ၏ရင်ဝကို သံလျက်တော်ဖြင့် ခွဲစိပ်ပြီးအူကို ဆွဲထုတ်၍ တစ်ဖန်မြို့ချာတိုင်မှာ အူဖြင့်မြစ္စာရစ်ပတ်၍ မြောက်အရပ်သို့ အူတစ်ဆုံးပြေးပြီးလျှင် မိဖုရားကြီးကြာဇံဒေဝီလဲကျသေဆုံးနေရာမှာ နန်းဦးမင်္ဂလာတိုင်တော် စိုက်ထူရလေသည်။ ကြာဇံဒေဝီ၏ နတ်အရုပ်ကိုလည်း မြို့စောင့်နတ်အဖြစ် တရိုတသေ ကိုးကွယ်၍ ထားကြလေသည်။ ယခုမြောက်ဦးမြို့ဟုခေါ်ကြသော်လည်း အမှန်မှာ မြောက်ဘက်သို့ အူတစ်ဆုံးချီနှောင်ပြေးသည်ကို အစွဲပြု၍ မြောက်အူမြို့ဟု ခေါ်ခဲ့ကြပြီး ကာလရွေ့လျားလာသောကြောင့် မြောက်အူမှ မြောက်ဦးသို့ လွဲပြောင်းခေါ်လာကြသည်ဟု ဆိုကြပါသည်။ မျောက်နှင့်ဥဒေါင်းတို့ သင့်မြတ်သောနေရာ၌ မြို့တည်သောကြောင့် မျောက်ဦးမှ မြောက်ဦးတွင်လာသည်ဟု ဆိုကြသည်မှာ ယုတ္တိလည်းမရှိ၊ သဘာဝလည်း မကျ၊ ဆင်ခြင်စဉ်းစားကြလေ။

ဇီးနှင့်ပြောက်တန် အလျှင်ယူခစ်ရငွေ အိမ့်ဒေါင့်က ---(ဝါ)ထီးနှင့် ထမ်းစင်အလျှင်ယူခ ခံရဖွေ အိမ်နောက်က---- ဆိုသည်တို့မှာ ပေါ်လွင်လှသည်ဟု ထင်ပါသည်။ သို့ရာတွင် သဘောတရားအမှန်ကို သိမြင်ကြရန် အနည်းငယ် ဝေဖန်ရေးသားရပေမည်။ ပထမစာပိုဒ်မှာ အထက်အမည်ပါသူသည် အမြဲတမ်းချောင်းမြောင်းပြီး နားထောင်တတ် သစ္စာဖောက်တတ်သောကြောင့် ဇီးခက်ရုံထားကြစို့(ဝါ)ဇီးခေါ်သော ရက်ကန်းရှည်သည့်အခါ အသုံးပြုသော ပြောက်တန်ဖျားမှာ တပ်ထားသည့် ဦးဗြုံခွန်(ဝါ)သားရိုးချွန်ရှိသော ဝါးလုံးချေခေါ် ဝါးလုံးငယ်တစ်လုံး ယူခဲ့လော၊ ချောင်းမြောင်းတတ်သော ထိုသူ၏မျက်စိကို ပြောက်တန်ဖြင့် ဖောက်ထိုးလိုက်ကြစို့ဟူသော အဓိပ္ပါယ်ကို ဆောင်ပါသည်။ ဒုတိယစာပိုဒ်မှာ သစ္စာဖောက်တပည့်များတို့က စံရဖွေကိုပင် မင်းလောင်းအဖြစ် နန်းတင်ရန် အဓိပ္ပါယ်ကို ဆောင်လေအောင် ဖုံးဖိသောသဘောဖြင့် ပထမစာပိုဒ်ကို ဖျက်စီးခြင်းဖြစ်ဟန်တူပါသည်။ အိမ်ဒေါင့်က အိမ်ရှင်မင်းကျိုးပင် ဆိုသည်မှာ မင်ကျိုးပင်ကဲ့သို့ တပင်လုံးချည်သောသဘောရှိသကဲ့သို့ပင် သစ္စာဖောက်တို့၏ အသင်းအပင်းများကို ကြည့်ရှောင်ကြပါဟူသော သဘောကို ဆောင်ပါသည်။ ပင်လယ်ပင်စွပ်ဆိုသည်မှာရင်း စံရဖွေတို့မှာ ပင်လယ်ပင်စွပ်ခေါ်သော ပင်လယ်ကမ်းပါးရှိ သတ္တဝါတစ်မျိုးကဲ့သို့ "ဟိုမှာတစ်ခွန်း၊ မှာတစ်ခွန်းသည်၊ အကန်းတောင်ဝှေက စီသို့" ဟူသော ဒေဝန်ကြီး ဦးအောင်ကျော် ရှိ၏ ရတုကဲ့သို့ ခရုခွံသို့ဝင်က ခရု၊ ကယုခွံသို့ဝင်က ကယု အသွင်ကို ယူတတ်သည့်ပမာ မတည်ကြည်သူများဖြစ်ကြသည်ဟု ဆိုလိုသည်။ သစ္စာဖောက်တို့သည် အဘယ်မျှ ကုံးတိုက်စေကာမူ ရခိုင်ပြည်သူ ပြည်သားအပေါင်းမှာ အေးချမ်းသာယာပါသည်။ နေပျော်ဘွယ်လည်း ကောင်းပါသည်ဟူသော အဓိပ္ပါယ်အစား- ယခုဗုဒ္ဓါမော်ခေါ်သော ကပိုင်ရွာရှိ အင်္ဂလိပ်အစိုးရနှင့် (သစ္စာဖောက်တစ်ဦး၏ နေရာ) အလွန်းသင့်သူများနေရာမှာကား ရာထူးဌာနန္တရများဖြင့်နေရပြီး လေတဟူးဟူး ရရှိပါသည်။ (ဝါ) သူတို့တစုကား ချမ်းသာစွာနေကြနိုင်၏။ ငါတို့ရခိုင်တစ်ပြည်လုံးရှိ ရခိုင်များမှာကား နေချင်စရာမကောင်း ဒုက္ခအပေါင်းနှင့်သာ ကြုံနေရသည်ဟူလိုသည့်သဘောကို အများစုဆိုသော ယာဉ်းသာခြင်း၏အဓိပ္ပါယ်စကားကို မဆောင်လို၍ ရခိုင်ပြည်မှာ လီသွတ်သွတ်နှင့်နီဘို့ကောင်းရေဆိုသော စကားအစား သစ္စာဖောက်တို့က ကပိုင်ရွာမှာ လီသွတ်သွတ် နှင့်နီဘို့ကောင်းရေဟူ၍ ဖာထေးခြင်းသာ ဖြစ်မည်ဟု ယူဆပါသည်။ ထို့ပြင် (၄)မိုယ်းရွာရေစာဘူးတောင်းအောက်သားသီ----ဖင်ဟောင်းဟောင်းစသည့် ရခိုင်ယာဉ်းသာခြင်းများ များစွာပင် ရှိပါသေးသည်။ အခါအခွင့်ကြုံ၍ ရှာဖွေတင်ပြလိုက်ပါဦးအံ့။ (၅)အဘုချေဝိုရေ ပုခက်က ကြောင်ချေမြည်ရေ အိမ်ဒေါင့်က၊ အိမ်နောက်က အိမ်ရှင် မင်းကျိုးပင် ပင်လယ်ပင်စွပ် ကပိုင်ရွာမှ လီသွတ်သွတ်နှင့်(နဲ့)။ လီသွတ်သွတ်ကယ် ဘောင်းစောက်တယ်၊ မင်းတရားအိမ်က ဘုတ်ဆုံမ၊ ထိုင်လို့မမြဲ ကွမ်းယာကျွေး ဘဲဥလက်ဆောင် စာတစ်စောင်နှင့် ခဝါသည်-ရွှေလမ်းက။ တော်ပေါ်က သခွားသီး ဒါးကလေးနှင့် လှီးပီးလို့ ငရုပ်သီး

နားမှာပန်- နံနံရွက်ကို တို့လို့စား၊ ဒိုး ဒို----အလိုလိုက်- ခွေးမိုက်မသား။ ဤ(၄)အမှတ်ပြ ယာဉ်းသာခြင်းသည်သာ သဘာ၀အကျဆုံးဖြစ်မည် ထင်ပါသည်။ အဘယ့်ကြောင့် ဆိုသော အဘုချေဟု သားငယ်ကလေးကို ချစ်တော့တော့ ၍ ခေါ်ခြင်း၊ ကျူကျူမွှေးခြင်းစသည်ဖြင့် ချော့မော့ပြီး တစ်ခါပုခက်တွင် သိပ်ပြီးသော ကလေးငယ်ကို မအိပ်ဘဲ နေ၍ ကြောင်ချေမြည်ရေ-အိမ်ဒေါင့်ကဟု ခြောက်လှန့် ခြင်းသဘောဖြင့် သားကလေးကိုသိပ်ရင်း ရွတ်ဆိုခြင်းဖြစ် သောကြောင့်တည်း။ လီသွတ်သွတ်ကယ် ဘောင်းစောက် တယ်အစရှိသော ယာဉ်းသာခြင်းမှာလည်း ကွမ်းကြိုက် တတ်သော အိမ်ရှင်ကြီးအရာရှိ အထက်တန်းစားအား အိမ်ရှင်မ(၀ါ) အစေခံမကြီးမှာ ထိုင်နေဘို့ရာ အချိန်မရ ကွမ်းတယာပြီးတစ်ယာ ဆက်သနေရလို့ စွဲလန်းနေသော ခ၀ါသည်က ဘဲဥကို လက်ဆောင်ပေးရင်း ရည်းစားစာ ပေးသည်ဟူဆိုသည်။ တတိယအပိုဒ်မှာ တဘက်သားကို နှိမ်ချဆဲဆိုခြင်း သဘောသက်သက်ဖြစ်သဖြင့် ယာဉ်းသာ ခြင်း ဆိုရသော်လည်း နူးညံ့ပျော့ပျောင်းသာယာနာပျော် ဘွယ်သော သဘောကိုကား မဆောင်ပါချေ။ (၄)အဘာ ကြီး ၀ါ၀ါတောင်ယာလမ်းက မြင်းစီးလို့လာ နှမသန္တာ ငွေ ဖလားနှင့် ကွမ်းယာလို့ပါ၊ ငါ့ကို တယာမပီးလား ကျွန် (ကွန်)ဆိုးမသမီး ဂျိမ်းဂျိမ်းဟူ၍လည်း ရွတ်ဆိုကြပါသည်။ ဤယာဉ်းသာခြင်းမှာ ပန်းဝှက်ခြင်းနှင့်များစွာတူလှပါ သည်။ ထို့ပြင် (၅)၀ရစ်တောင်စေတီ လုံးပတ်ညီ၊ လုံးညီ သက္ကရာဇ် အဖျားချေမှာ ရွှေးကွန်းရစ်လို့ ဂေါတမဘုရား ဖူးဇောင်လားခါ မြနားငှောင်းသွယ်သွယ်၊ စိန်နားငှောင်း လိတ်လက် ကျောက်ကန်ပေါင်မှာ အန်စာထိုးကျလို့ကွဲ့၊ မိကို မီးလက် ဖလက်ကိုကိုင်၊ မိစံဝေ-မယ်နားငှောင်းမရနိုင် ဇာခါဇာလ ၀တ်ရမယ်၊ နှင်းစိုစိုပြာသိုလမှာ ၀တ်ရမယ် လေး၊ ၀တ်ရမယ်။ ဤစသည်ဖြင့်လည်း များစွာရှိပါသေး သည်။

ဩဝတီ–အရှင်ရဝိန္ဒ

**ရခိုင်တန်ဆောင်**

# ရခိုင့်တော်လှန်ရေး ခေါင်းဆောင်ကြီးများ

**ကောင်းမြတ်သူ(မြို့ဦးမောင်)မြို့ဟောင်း**

သက္ကရာဇ် ၁၁၉၂-ခုနှစ်မတိုင်မီလောက်က ကျွန်ုပ်တို့၏ ရခိုင်မင်းသားကြီး ဦးရွှေဘန်း ခေါင်းဆောင်သော ရခိုင်တော်လှန်ရေးသမားကြီးများ ဖြစ်ကြသော ဒေးဝန်ဦးအောင်ကျော်ရှီး မြို့သူကြီးဦးအောင်ကျော်ဇံစသော သူတို့သည် အင်္ဂလိပ်မျက်နှာဖြူတို့၏ ချီးမြှင့်ထောက်ပင့်မှုကို ခံကြရသော်လည်း မပျော်မွေ့ကြချေ။ အကြောင်းမူကား ဒါးပိုင်ကြီး ဦးကျော်ပုံ (ရမ်းဗြဲမြို့စား) (ဆရာတော်ဦးစန္ဒိမာလာ၏ အဘိုး) ရခိုင်စစ်ဘုရင်သည် (ဝါ)ရခိုင့်တပ်မတော်စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးဦးကျော်ပုံသည် မြန်မာတို့ကို တိုက်ထုတ်ရန် ဗြိတိသျှတို့နှင့် စာချုပ်စည်က (၁)အရှေ့မြန်မာတို့ကို ရခိုင်ပြည်မှ တိုက်ထုတ်ရန် (၂) လက်နက်အကူအညီနှင့် စစ်သည်များ အနည်းအကျဉ်း ကူညီရန် (၃) စစ်ကာလအတွင်း စစ်စရိတ်ကို ဗြိတိသျှအစိုးရတို့က တာဝန်ယူရန် (၄)ရန်သူများထွက်သွားပြီး ရခိုင်တစ်ပြည်လုံးကို သိမ်းပိုက်ပြီးက ရခိုင်ပြည်ကို ရခိုင်မင်းသားများလက်သို့ ပြန်လည်ပေးအပ်ရန်၊ (၅) ဗြိတိသျှအစိုးရအား ရခိုင်တို့က စစ်စရိတ်ကို နှစ်ဆတိတိပေးရန်၊ (၆) ဗြိတိသျှတို့သည် ရခိုင်ပြည်သူပြည်သားများအား ဂတိသစ္စာတည်ရန်နှင့် ပြည်သူတို့အား မရက်စက်မစော်ကားရန်၊ (၇) အင်္ဂလိပ်ဗြိတိသျှအစိုးရသည် ရခိုင်ပြည်မှ လုံးဝဥဿုံ ထွက်ခွာသွားရန်၊ (၈)စစ်ချီစစ်တက်ရာတို့၌ ရခိုင်တို့က ဦးဆောင်ပြုလမ်းညွှန်ပြရန်၊ (၉)ကုန်းတပ်ရေတပ်တို့၌ နှစ်ဦးနှစ်ဘက် တာဝန်ယူ၍ ညီတူညီမျှ အားသွန်ကြိုးပမ်းရွတ်ရွတ်ချွံချွံ တိုက်ခိုက်ရန်၊ (၁၀) စားနပ်ရိက္ခာကို ရခိုင်တို့က လုံးဝဥဿုံတာဝန်ယူရန်။

ဤအချက် ၁၀ချက်တို့ကို သဘောတူညီမှုယူ၍ စာချုပ်ခဲ့ကြလေသည်။ ဗြိတိသျှတို့ဘက်မှ မင်းကြီးဒိန်သျှိန်နှင့် မြို့ဝန်ငယ်ဝါသတ်ခေါ် ရာပသိန်သတ်နှင့် သူ၏သား ဝါလိယာတို့ ခေါင်းဆောင်ကြသည်။ ၁၁၈၄ခု ခရစ် ၁၈၂၄ ခုမှသည် ၁၈၂၆ ခုနှစ်အထိ ၂နှစ်အတွင်း အရှေ့မြန်မာတို့ကို ရခိုင်ပြည်မှ အပြီးအပိုင်မောင်းထုတ်နိုင်ခဲ့ကြသည်။ ရခိုင်ကို ကူညီသော ဗြိတိသျှအင်္ဂလိပ်တို့မှာ စစ်စရိတ်ငွေ ၂၀၀၀၀ ကုန်ကျသည်ဟု စာရင်းပြသည်။ ဒါးပိုင်ကြီး ဦးကျော်ပုံခေါင်းဆောင်သော စစ်ရေးတာဝန်ခံတို့နှင့် မင်းသားကြီးဦးရွှေဘန်းဒေဝန်းကြီး ဦးအောင်ကျော်ရှီ မြို့သူကြီး ဦးအောင်ကျော်ဇံစသော အုပ်ချုပ်ရေးတာဝန်ခံတို့က ဗြိတိသျှတို့အား ပေးရန်ရှိသော စစ်စရိတ်ငွေ ၆၀၀၀၀ဝိကို သုံးလအတွင်း ကောက်ခံ၍ ပေးကြသည်။ ငွေ ၂၀၀၀ဝိကို ၆၀၀၀ဝိ ပေးရသော်လည်း မင်းသားကြီးဒေးဝန်ကြီး မြို့သူကြီး ဒါးပိုင်ကြီးတို့မှာ မည်သို့မျှ မမှုဟူသောသဘောဖြင့် ကောက်ခံ၍ ပေးကြသည်။ ထိုသို့ပေးသော်လည်း ဗြိတိသျှတို့မှာ ရခိုင်ပြည်ကို ရခိုင်မင်းသားတို့အား ပြန်လည်ပေးအပ်ခြင်း မပြုကြချေ။ နေမြဲအတိုင်းပင် နေကြလေ၏။ ဗြိတိသျှတို့က ရခိုင်တို့အား ကျွန်ုပ်တို့မှာ လူအသေအပျောက်လည်း အလွန်များချေသည်။ တစ်နှစ်တာမျှ အုပ်ချုပ်ပါရစေဟု ဆိုလာကြပြန်သည်။ ရခိုင်မင်းသားကြီးတို့ကလည်း ကတိသစ္စာကို မဖျက်သင့် မင်းမှာသစ္စာ လူမှာကတိ ဆိုသည့်အတိုင်း ကျွန်ုပ်တို့၏ ရခိုင်ပြည်ကို ကျွန်ုပ်တို့အား ပြန်လည်ပေးအပ်ပါဟု တောင်းဆိုခဲ့ကြသည်။ သို့ရာတွင် ဗြိတိသျှတို့မှာကား မတုံမဖြုံဘဲ မြဲမြဲနှင့် ရေငုံနေခဲ့ကြသည်။ ဒုတိယအကြိမ် ရခိုင်ခေါင်းဆောင်

ကြီးများက ငွေ၆၀၀၀ဝိ ၊ တတိယအကြိမ် ငွေ၆၀၀၀ဝိ တို့ကို ကောက်ခံ၍ ပေးခဲ့ကြသည်။ ဗြိတိသျှတို့ကား ရလေ လိုလေ အိုတစ္ဆေဆိုဘိသကဲ့သို့ ခဏခဏ တောင်းကြသည်။ ယူကြသည်။ ရခိုင်ပြည်အား လက်လွှတ်ရန်ကား စိတ်ကူး ခဲ့ကြဟန်ပင် မတူချေ။ ထိုအချိန်မှာ အင်္ဂလိပ်မျက်နှာဖြူ များမှာ အရသာတွေ့နေခဲ့ကြလေပြီ။ မြန်မာနိုင်ငံတစ်ဝှမ်း လုံးကို အဆီတစ်ထပ် အသားတစ်ထပ်ကဲ့သို့သော သားတစ်တုန်းကြီးကဲ့သို့ ဗြိတိသျှနယ်ချဲ့ဘီလူးကြီးတို့သည် လျှာရေတမျှားမျှားကျ၍ နေခဲ့ကြလေပြီ။ ဝါးမျိုဆို့မျိုရန် လည်း ဟန်တပြင်ပြင်နှင့် ဖြစ်နေခဲ့ကြလေပြီ။

ကံဆိုးမိုးမှောင်ကျချင်သော ရခိုင်လူထုများမှာ တမီး ငြိမ်းတစ်မီး ခေါင်းထက်မှာ လောင်လာပြန်ခဲ့သည်။ အင်္ဂလိပ် မျက်နှာဖြူတို့သည် ရခိုင်လူမျိုးတို့အား အမျိုးမျိုး နှိပ်စက် ကလူပြုလာကြပြန်သည်။ သူတို့၏ စစ်တပ်ထဲသို့ ရခိုင်လူ ထုများကို အတင်းအဓမ္မခေါ်သွင်းနေကြသည်။ ရခိုင် ခေါင်းဆောင်ကြီးများနှင့် ရခိုင်လူထုတို့မှာကား သူတို့လုပ် ပုံကို အလျှင်းမကျေနပ်ကြချေ။ ဗြိတိသျှစစ်သားများက စော်ကားမော်ကား ပြုကျင့်ကြသည်။ ကြေးငွေချမ်းသာသူ များကို ဓပြတိုက်ကြသည်။ အခွန်ဘဏ္ဍာအတင်းအကြပ် တောင်းခံကြသည်။ သည်မျှသာမကသေး ဗြိတိသျှတို့ သည် သစ္စာဖောက်ပြီး မကြာခဏ မဒိန်းမှုကျူးလွန်ကြသည်။ သို့ကျူးလွန်ကြသော်လည်း ဗြိတိသျှအာဏာပိုင်တို့က တရားခံတို့အား ရခိုင်လူထုများ ကျေနပ်လောက်အောင် အပြစ်မပေးဘဲ လွှတ်ပေခဲ့ကြသည်။ ဤသို့ ဗြိတိသျှမျက်နှာ ဖြူတို့က အဓမ္မမတရားအုပ်ချုပ် မင်းလုပ်နေသည်ကို ရခိုင် ပြည်သူလူထုတစ်ရပ်လုံးတို့မှာ မခံမရပ်နိုင်အောင် ဖြစ်လာ ကြသည်။ လက်သီးတစ်ဆုပ်ဆုပ် ဓါးတကိုင်ကိုင် နှုတ်ခမ်း တကိုက်ကိုက် ပါးစပ်တကိုက်ကိုက်ဖြစ်လာကြသည်။

မင်းသားကြီး ဒေဝန်းကြီး မြို့သူကြီး ဒါးပိုင်ကြီးဟု ဆိုအပ်သော ကြီးလေးကြီးတို့အား ရခိုင်လူထုတို့က တိုင် ကြားကြသည်။ မင်းသားကြီးတို့ကိုယ်တိုင် ဒိန်သျှိန်နှင့် ရာပသိန် သတ်တို့ထံသို့ သွားရောက်ပြီး အခါခါတိုင်ကြား ကြသည်။ ရာပသိန်သတ်က မျက်နှာထားတင်းတင်းဖြင့် မင်းသားကြီးတို့ကို ဤသို့ မရေမရာ မထီလေးစား ပြန် ပြောလိုက်သည်။

"မင်းသားကြီး ဒေဝန်ကြီးတို့ခင်ဗျာ၊ မုဒိန်းမှုဆိုသည် မှာ ကျေနပ်လျှင်ကောင်းသည်၊ လင်မယားသော်လည်း ဖြစ်ချင်ဖြစ်လာတတ်ကြသည်။ ဤကိစ္စသည် မသေချာ သော စွပ်စွဲချက်များသာ ဖြစ်မည်။ မင်းသားကြီး ဒေဝန်း ကြီးတို့ ဤအမှုများကို စိတ်မဝင်စားကြပါနှင့် မင်းသားကြီး ဒေဝန်ကြီး မြို့သူကြီး ဒါပိုင်ကြီးတို့လည်း အေးအေးသာ နေကြပါ လောကကြီးမှာ ဤကိစ္စမျိုးများသည် လူ့ဓမ္မတာ တရားများသာ ဖြစ်ကြပါသည်" ဟု ပြောရင်းဆိုရင်းပင် မင်းသားကြီး ဒေဝန်းကြီးတို့အုပ်စုကို အရက်တဖန်ခွက်စီ ငှဲ့ပေးလိုက်သည်။ ပရိယာယ်ကြွယ်ဝသော မင်းသားကြီး ဒေဝန်းကြီးစသူတို့ကား မင်းကြီးဒိန်သျှိန်နှင့် ရာပသိန်သတ် တို့အရက်သောက်နေကြစဉ် မိမိတို့၏ အရက်ခွက်များကို မဟာပထဝီမြေကြီးသို့ သက်သေပြုသွန်ချပြီး ပြန်ခဲ့ကြ သည်။ ဤနည်းအတိုင်းပင် အကြိမ်ပေါင်းများစွာ မင်းသား ကြီး ဒေဝန်းကြီးတို့နည်းတူ အခြားသူတို့လည်း ကြုံခဲ့ရ ခံခဲ့ရပေါင်း များလှလေပြီ။ ရှိပြင်မှာ စာရှိးသကဲ့သို့ အရာ မထင်ချေ။

တစ်နေ့သောအခါဝယ် မင်းသားကြီး ဒေဝန်းကြီးမြို့ သူကြီး ဒါးပိုင်ကြီးဟု ဆိုအပ်သော ကြီး ၄ကြီးတို့သည် ထမင်းလက်ဆုံ ပျော်ပွဲစားရင်း စကားပြောဆိုကြစဉ်ဝယ်၊ တည်ငြိမ်ခန့်ညားကာ အိန္ဒြေရှိသော မင်းသားကြီးကစ၍ စကား ဆိုသည်မှာ-

မင်းသားကြီး။ ။ အခုအခါ မျက်နှာဖြူအင်္ဂလိပ် တို့သည် ငါရို့ကို အနိုင်ကျင့်ပြီး သစ္စာဖောက်နီရေမဟုတ် လား၊ ယေဇုနှင့် ငါရို့မှာ မီးတစ်မီးအသစ်တိုးလာရေပိုင် ဖြစ်နီဗျာ မဟုတ်လား ဟာလူရို့။

(ဟာလူ ယောက်ဖသူငယ်ချင်း မိတ်ဆွေရောင်းရင်း ဘက်)

ဒေဝန်းကြီး။ ။ ဒါးပိုင်ကြီး ဦးကျော်ပုံကို ကြည့်၍ ပြောသည်မှာ-

ယေဂေ အခုအေစွာရို့ကို (မျက်နှာဖြူတို့ကို) ဘဇောင်ပြင်ကြပ်ဘို့လဲဆိုစွာကို ပြောကြပ်ပါလား ရေဟာ လူရို့။

မင်းသားကြီး။ ။ ဘဇောင်လုပ်ဘို့လဲ ဆိုစွာမှာ အရာ မောင်းပြန်သတ်ရုံမှတပါး အခြားဇာဟိဘို့လဲ ဒေဝန်း ကြီးဟု ကြားဖြတ်ပြီး မိန့်မြွက်တော်မူသည်။

ဒေဝန်းကြီး။ ။ ယင်းပိုင်ဆိုကေ မြို့သူကြီး ဒါးပိုင်

ကြီးရို့က ဘဖောင်ဘဖောင် သဘောရကြပါလို့လဲ။

မြို့သူကြီး။ ။ မင်းသားကြီး ဒေဝန်းကြီးရို့က ရှေ့ကလားဖို့ဆိုကေ အကျွန်ရို့က နောက်ကမလိုက်နိုင်စရာ အကြောင်းမဟိပါ။

ဒါးပိုင်ကြီး။ ။ မင်းသားကြီး၊ ဒေဝန်းကြီးရို့-အကျွန်ရို့အေပိုင် အလုပ်လုပ်ဖို့ဆိုစွာမှာ ပြောရမည်ဆိုဂေ အရာရာမှာ ပိရိသေချာဖို့လိုပါရေ အေကိစ္စက တချက်ချေ တိမ်းပါးဖို့ဆိုလျှင် အားလုံးတကျွန်းအပို့ခံရဖို့ကိစ္စဖြစ်ပါရေ။

ကြီးဥကြီးတို့လည်း "အိမ်းဝှက်ရာ ဟုတ်ပါရေ" ဟု ဒါးပိုင်ကြီး၏စကားကို အာမဝန်တာခံကြပြီးလျှင် "ယင်းပိုင်ဆိုဂေ ဘဖောင်လုပ်ကေ ကောင်းဖို့လဲဆိုစွာကို အကြံပီးကပ်ပါလားရေ" ဟု မင်းသားကြီးက အမိန်ဟိပြန်သည်။

ဒေဝန်းကြီး။ ။ ယခုမောင်းပြန်သတ်ဖို့ဆိုကေ သစ္စာဓမ္မဋ္ဌိတိစာဂတနည်းသစ္စာဓမ္မဝီရိယ စာဂ--- ဆိုသော ဤရန်သူအောင်မှုအကြောင်း ၄-၅ခု ပြည့်စုံဖို့ လိုပါသည်။ ယင်းပြီးသည့်နောက် ကိန်းခန်းနက္ခနှင့်တကွ အကွက်ကျကျလုပ်မှလဲ အောင်မြင်မည် ဖြစ်ပါရေ၊ မင်းသားကြီး။

မင်းသားကြီး။ ။ ဝှက်ရာအိမ်းဟုတ်တယ်၊ ကိန်းခန်းနက္ခဆိုစွာလည်း အလွန်တရာ အရေးကြီးပါရေ ဝှက်ဟွက်ကိန်းခန်းဟိမှလဲ ထီးနန်းတည်နိုင်ပါရေ။

မြို့သူကြီး။ ။ ကိန်းခန်းနားလည် သူများကို ရှာဖွေရပါအုံးမည်။

ဒါးပိုင်ကြီး။ ။ ကျမ်းဂန်တတ်အကျော်အမော် ဆရာတော်ဘုရားများနှင့် ပညာရှိများ အားလုံးကိုလည်း အရှေ့ပြည်မှ မောင်ဝိုင်းက ပင့်ခေါ်လားခလို့ မဟိသလောက်ဖြစ်နီဗျာ မင်းသားကြီး။

မင်းသားကြီး။ ။ ဟွက်ရာအိမ်းဟုတ်တယ် ယင်းပိုင်ဆိုဂေ ဇာသူကိုမေးမြန်း ဂေကောင်းဖို့လဲ။

ဒေဝန်းကြီး။ ။ ပြောင်းပြာ အရှင်ကြီးက ဟူရားဗေဒင်အလွန်ကျွမ်းကျင်တတ်မြောက်တယ်ဆိုပါယင့် ယင်းပြောင်းပြာအရှင်ကြီးကို မေးမြန်းလျှောက်ထားလျှင် မကောင်းပါလား။

မင်းသားကြီး။ ။ ယင်းပြောင်းပြာ အရှင်ကြီးက အရှေ့မြန်မာမင်းကို ပင့်ရေလို့ ကြားရပါရေ ဒေဝန်းကြီး။

ဒေဝန်းကြီး။ ။ အဲယင်းပိုင်လဲ ကြားရပါရေ၊

မြို့သူကြီး။ ။ မိန့်တိုင်း (အမိန့်တော်အတိုင်းဟူလိုသည်။)

ဒါးပိုင်ကြီး။ ။ မိန့်တိုင်းကြားတော့ခါ ကြားရကြားရပါရေ၊ သို့ရာတွင် အရှေ့မြန်မာမင်းနိုင်ငံက အရှေ့မြန်မာ မင်းဆရာ အနောက်ရခိုင်မင်းနိုင်ငံက ရခိုင်မင်းဆရာလုပ်ရန်အတွက် ဗေဒင်သုံးပုံကို အကုန်အစင်လေ့လာတတ် ကျွမ်းအောင် ကြိုးစားနေသော အရှင်ကြီးတစ်ပါးဖြစ်ကြောင်းကို ကြားသိရပါရေ။

မြို့သူကြီး။ ။ ၎င်းပြောင်းပြာအရှင်ကြီးသည် ပိဋကတ်စာပေလဲ အလွန်တတ်မြောက်ကြောင်း ကြားသိရပါရေ။

မင်းသားကြီး။ ။ ယင်းချင့်ထက် လူသူ့တပ်သားသတ္တိဟိသူများကို ရဘို့ရာလည်း အထူးအရေးကြီးပါရေ၊ ကြိုးလဲကြိုးစားရပါလိမ့်မည်။

ဒေဝန်းကြီး။ ။ သတ္တိရှင်ဗလကောင်းသူရဲကောင်းများ ရဘို့ရန်မှာ အကျွန်နှင့် ဒါးပိုင်ကြီးရို့နှစ်ယောက်အားတာဝန်ထားပါ မင်းသားကြီး။

ထိုအခိုက် ကူတောင်ရွာမှမြို့ဖို ချင်းဖိုအောင်၊ ချင်းအောင်၊ စံဂိုးအောင်၊ ဂေါင်းဖောက်ကေခေါ် စိန်ထွန်းအောင် စိန်သာအောင်တို့ညီအကို ခုနှစ်ကိုတို့သည်၎င်းအခြားလူဆယ်ဦးတို့သည်၎င်း မင်းသားကြီးတို့နှင့် တိုင်ပင်စရာဟိ၍ အိမ်ထဲသို့ ဝင်လာကြလေသည်။ အခြားရဲဘက်တော် ဆယ်ဦးတို့လည်း ရောက်လာကြသည်။

မင်းသားကြီး။ ။ လာပါလာပါ ထိုင်ကြပါ ထိုင်ကြအစ်ကိုကြီးမြို့အောင်၊ ချင်းအောင်၊ ချင်းဖို့ရို့လဲ အားလုံးလာကြပါ၊ ဒေဝန်းကြီးဒေဝန်းကြီး "ဘုရား ဘုရား" ဒေဝန်းကြီးရို့မှာ ဤလူတိနှင့် တိုင်ပင်လျှင် မကောင်းပါလား။ သတ္တိရှိ သစ္စာရှိများ ရဘို့ရာ အေအစ်ကိုကြီးရို့နှင့် တိုင်ပင်က ပိုပြီး ခရီးရောက်မည် ထင်ပါရေ၊ ဒေဝန်ကြီး။

ဒေဝန်းကြီး။ ။ မိန့်တိုင်း မိန့်တိုင်း အေအစ်ကိုမြို့ဖို၊ ချင်းဖို မြို့အောင် ချင်းအောင်ရို့နှင့် တိုင်ပင်ရဂေကောင်းပါမည် ထင်ပါယင့်။

မင်းသားကြီးနှင့်တကွ ဒေဝန်းကြီး စသည်တို့၏ အသံမှာ မသေးမကွေးကြားရသည်။ မင်းသားကြီး၏ အိမ်ဂေဟာတစ်ခုလုံးသည် ဆိတ်ငြိမ်လျက် ရှိပါသည်။ စံရဖွေရို့

လူစုကို သတိထားဘို့အကြောင်းကိုလည်း ပြောကြသည်။ သူရို့သစ္စာဖောက် သူလျှိုလုပ်ဘို့ရာကို မျက်ခြေမပြတ် ဂရုစိုက်ကြဟုလည်း အသီးသီးနားလည်မှု ယူကြသည်။ ထိုနောက် ရခိုင်မျိုးချစ်ကြီးသုံးကျိပ်နှစ်ယောက်တို့သည် လက်မောင်းသွေးဖောက်၍ သစ္စာရေ တိုင်တည်သောက်ကြသည်။ ကန်းကျင်ဆီထွန်းထားသော ဆီမီးခွက်မုံညင်းဆီဖြင့် ထွန်းထားသော ဆီမီးခွက်နှစ်ခွက်၏အရောင်ဖြင့် မင်းသားကြီး၏အိမ်မှာ အလင်းရောင် အနည်းငယ်မျှ ရှိနေသည်ဟု ထင်ရပါသည်။

မြို့သူကြီးအိမ်တွင်။ ။ တစ်နေ့သောအခါ ညနေဆည်းဆာအချိန် နေပူလှုံရင်း ထိုင်နေကြစဉ် အိမ်ရှေ့ဆင်ဝင်အနီးသို့ သုတ်သီးသုတ်ပြာ ငိုကြီးချက်မနှင့် မိန်းမကြီးတစ်ဦးသည် ပြေးလွှားလာပြီး "ကယ်ကြပါအရှင်ရို့၊ ကယ်ကြပါအရှင်ရို့" ဟုဆိုပြီး အကူအညီတောင်းလာသည်။ ဇာလဲ ဇာလဲ ဇာဖြစ်လာတာလဲ အယွေမြပန်းသွင်

အကျွန့်သမီး ရွှေခိုင်ဖြူကို လူဖြူ ၃ယောက်လာပြီး အိမ်ထက်မှ အတင်းအဓမ္မဆွဲခေါ်လားခပါရေ အကျွန်ဆွဲသော်လည်း မရလိုက်ပါ။ အကျွန်ရင်ဘတ်နှင့် အကျွန်မျက်နှာကို လူဖြူ ၃ယောက်က ကျောက်ကန်ပစ်ခဲ့ကြပါသည်။

မြို့သူကြီး။ ။ နေ့ခင်းကြောင်တောင်ပင်လဲ ဆွဲခေါ်လား ခရေလားဂု။

မိန်းမကြီးမြပန်းသွင်။ ။ ဟုတ်ပါယင့် အရှင်ကြီး အရှင်ကြီးတို့အယင် လိုက်မှမှီပါမည်။

×××× ဇာမှာလဲ ဇာမှာလဲ အယွေ မပူပါနှင့် အကျွန်တို့ လိုက်ပါမည်။

မြို့သူကြီး။ ။ လာလာလိုက်ကြမည် သွေးသောက်ရို့၊ မြို့သူကြီးရို့လူစုသည် ဒေဝန်ကြီးဦးအောင်ကျော်ရှီ ပါခေါ်ဆောင်ပြီး လူကြီးလူငယ် ၃၀ခန့်မျှ လိုက်ပါလေကြရာ ကန့်လန့်ကန့်လန့်နှင့် ရုန်းကန်ရင်း လိုက်ပါသွားရလေသော ရခိုင်မျိုးချစ်မယ် ရွှေခိုင်ဖြူကို ဆဲ-ဆို ဆွဲခေါ်နေသော မျက်နှာဖြူ ၃ယောက်တို့အား မကြာမီ တွေ့ရှိကြလေသည်။ ရွှေခိုင်ဖြူမှာလည်း မျက်နှာဖြူ ၃-ဦးတို့၏ လက်ကို အချက်ရတိုင်း ကုပ်ဖဲ့ကိုက်ဆွဲရင်း တစ်ခါတစ်ခါ အသံကုန်အော်လျက် ရှိနေပါတော့သည်။

ဟေးဟေး လိုက်လိုက် လိုက်ကြဟဲ့။ ဟုညာသံပေးလာကြသော မြို့သူကြီး၊ ဒေဝန်ကြီးစသူတို့၏အသံကို ကြားရသောကြောင့် ၎င်းနောက်မှ ဒါးဒုတ်ကိုင် လူအုပ်ကြီးကို မြင်ရသောကြောင့် ၎င်း၊ မျက်နှာဖြူ ၃-ဦးတို့သည် ရခိုင်မျိုးချစ်မယ် ရွှေခိုင်ဖြူကို စွန့်ခွာပြီးဖဝါးနှင့် တင်ပါးတစ်သားတည်း ကျအောင် ထွက်ပြေးကြလေတော့သည်။ ရခိုင်မျိုးချစ်တို့မှာ ဘုရင်မျိုးဟဲ့ ငရို့ရခိုင်၊ သခင်မျိုးဟဲ့ ငရို့ရခိုင်ဟု အော်ရင်း လက်သီးကိုဆုတ်၍ လက်ရုံးတန်း ကျန်ရစ်ခဲ့ကြသည်။

ရခိုင်မျိုးချစ်မယ် ရွှေခိုင်ဖြူမှာကား ချုံးချငိုပွဲဆင်နေပါသည်။ သူမ၏ရင်ဘတ်နှင့် သူမ၏နှဖူးကို လက်ဝါးဖြင့် တထုတည်း ထုနေပါသည်။ ဒေါ်မြပန်းသွင်လည်း ရှက်အားကြီး၍ မျက်နှာကိုပိတ်ပြီး အတင်းအော်ငိုနေပါသည်။ နံနက်မိုးလင်းသော် ဒေါ်မြပန်းသွင်နှင့် ရွှေခိုင်ဖြူတို့မှာ ကြိုးဆွဲချပြီး မိမိတို့၏ အသက်ကိုအဆုံးစီရင်ပြီး ဘဝဇာတ်သိမ်းခဲ့ကြသည်။ မီးသွေးဖြင့် တံခါးဝမှာ စာတန်းထိုးထားခဲ့သည်မှာ **အသက်နှင့်လူလုပ်ခြင်းထက် အရှက်နှင့်လူလုပ်ခြင်းက ကောင်းပါသည်။ ကျွန်ဘဝမှ လွတ်အောင်ရုန်းပန်းကြလော့။** ဟူသော စာနှစ်ကြောင်းကို ရေးထားခဲ့ပါသည်။ ဤသတင်းသည် တမဟုတ်ချင်းပင်လျှင် မောင်းကြေးနင်းခတ်လိုက်ဘိသကဲ့သို့ တစ်မြို့လုံးတစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားပါတော့သည်။ ထိုအချိန်မှစ၍ ရခိုင်လူမျိုးတို့သည် ပိုမိုစည်းရုံးလာခဲ့ကြသည်။ ညီညွတ်လာကြသည်။ အရှေ့မြန်မာခေါ် အောက်သား ရန်သူတို့ ကင်းစင်ခဲ့သော်လည်း ယခု အနောက်ရန်သူတစ်ခါ ပေါ်လာပြန်ရာ ယခင့်ယခင် အခါက ရာဇဝင်တွင်စာတင်ရအောင် ထင်ရှားခဲ့သော ရခိုင်မျိုးချစ်ခေါင်းဆောင်ကြီးများနှင့် ရခိုင်လူထုတစ်ရပ်လုံးတို့မှာ တိုက်စိတ်ခိုက်စိတ် တဖိတ်ဖိတ်ဖြင့် သွေးစည်းလာခဲ့ကြချေပြီတကား။

အားလုံးအဆင်သင့်ဖြစ်အောင် အသီးသီးသော ကုန်းတပ်-ရေတပ်-တပ်ပုန်း-တောပုန်းတပ်စသည်ဖြင့် ခန့်ခွဲစီမံပြီးလျှင် အခါကိုသာ စောင့်မျှော်ရင်းနေ့ရက်များကို ကုန်လွန်စေခဲ့ကြသည်။

××××

ခရီးသွားဟန်လွှဲရင်းဆိုဘိသို့ ကြီး ၄ကြီးခေါင်းဆောင်သော ရခိုင်တော်လှန်ရေးသမားတစ်စုသည်၊ ဘုရားဖူးမျှော်ရင်း မြောက်ဦးရွှေမြို့တော်ဟောင်းသို့ လှေကြီးများ

ဖြင့် ဆန်တက်ခဲ့ကြလေသည်။ မြောက်ဦးရွှေမြို့တော် ဟောင်း၌ကား အရှေ့မြန်မာနှင့် ရခိုင်တို့စစ်ဖြစ်စဉ် အခါ ၌ငင်း။ စစ်ဘေးစစ်ဒါဏ်ကို နှစ်ကြိမ်တိုင်တိုင်ခံစားထားရ သဖြင့် ကျောင်းငယ်ပေါင်း နှစ်ထောင်ကျော်နှင့် အဆောင် ကျောင်းကြီး သုံးရာတို့မှာ ပြာအတိကျနေသည်ကိုငင်း၊ ဘုရားပုထိုးများနှင့် မြို့ရိုးမြို့ပြင် မြို့တွင်း-မင်းခန်း-မင်း နားပြအိုးပစ္စင် ရင်တား ရွှေနန်းတော်ကြီးစသည်တို့မှာ ရန်သူမြန်မာတို့၏ ဖျက်ဆီးမှုကို အပြည့်အဝခံခဲ့ရသဖြင့် ကစင့်ကလျားပျက်ပြားတိမ်းပြို တိုင်တိုင်စ ရှာမရအောင် ပင် ဖြစ်ပျက်နေကြသည်တို့ကို မြင်ရသဖြင့် ၎င်းမျက်နှာ ဖြူတို့သည် ဂတိသစ္စာမတည်ဘဲ ရခိုင်အမျိုးသမီးများကို စော်ကားခြင်း ဓါးပြတိုက်ခြင်း၊ အခွန်ဘဏ္ဍာအတင်း အကြတ်စည်းကြပ်ခြင်း မတရားသဖြင့် ရခိုင်ပြည်သူ လူထု များကို သတ်ဖြတ်ခြင်း ဆရာတော်ဘုရားများကို ခေါင်း ပုတ်လက်တင် မထီမဲ့မြင် ပြုခြင်းများစသည့် မဖွယ်မရာ များ ပြုကြသည်တို့ကို ကြားရမြင်ရသဖြင့်၎င်း မင်းသား ကြီး ဒေဝန်းကြီးစသော ကြီး၄ကြီးတို့မှာ ပိုပြီး မခံမရပ် နိုင်အောင် ဖြစ်လာကြချေတော့သည်။ ခေါင်းဆောင်ကြီး များနှင့်တကွ ရခိုင်လူထုတစ်ရပ်လုံးတို့မှာလည်း ညီညွတ် ရေး စိတ်နှင့်နိုင်ငံရေးစိတ် ပြင်းထန်လာကြတော့သည်။ မင်းသားကြီးစသော ရခိုင်ခေါင်းဆောင်ကြီးများသည် မြောက်ဦးရွှေမြို့တော်ဟောင်းမှ တက် ပင်တွန်း နှစ်ဆယ့် နှစ်တက် တပ်ဆင်ထားသော လှေကြီးဖြင့် စုံဆင်းလာခဲ့ ကြသည်။ လမ်းခရီးတွင် ပြောင်းပြာကျွန်းသို့ တက်၍ ပြောင်းပြာအရှင်ကြီးထံ အပူဇော်အဖူးမျှော်ဝင်ရောက်ကြ သည်။ လှူစရာတန်းစရာများဖြင့် အလွှာပသလွှာပစကား များဖြင့် ပြောဟောဆွေးနွေးအပြီးတွင်၊ မင်းသားကြီး ဒေဝန်းကြီးမြို့သူကြီး ဒါးပိုင်းကြီးတို့သည် ဆရာတော်ဘုရား အား လျှောက်ထားကြသည်မှာ "ဆရာတော်ဘုရား တပည့် တော်ရို့ ရခိုင်ပြည်သူပြည်သားများ ကောင်းစားဘို့ အရာ များမြင်ပါသိလားဘုရား" ဟု လျှောက်ထားကြရာ။

ပြောင်းပြာအရှင်ကြီး။ ။အဲ-လိုပါသိရေ မင်းသား ကြီးရို့။

မင်းသားကြီး။ ။ယေဂေ ဘဇာခါလောက်ကောင်း ပါဖို့လဲ အရှင်ဘုရာ။

ပြောင်းပြာအရှင်ကြီး။ ။အချိန်အခါ မကျသိ မင်းသားရို့၊ အချိန်အခါကျကေ ဆရာတော်ကအမိန့်ရှိ မည်၊ ယခုအခါ ပါပဂြိုဟ်က အလွန်အားကောင်းနီပါသိ ရေ။

မင်းသားကြီး။ ။တပည့်တော်တို့ကို ပြန်ရန်ခွင့် ပြုတော်မူပါ အရှင်ဘုရား။

ပြောင်းပြာအရှင်ကြီး။ ။အဲ--အဲ ကျန်းမာချမ်းသာ တော်မူကြပါစေ။

မင်းသားကြီး။ ။ဦးတင်ပါ အရှင်ဘုရား။ သာဓု---သာဓု----သာဓု။

××××

ရခိုင်တစ်ပြည်လုံး ဆူပွက်လာကြသည်။ ဤအချိန် ထိလည်း မင်းသားကြီးတို့မှာ မျက်နှာဖြူတို့နှင့် အလွန်သင့် အောင် ပေါင်းသင်းနေခဲ့ကြသေးသည်။

သို့သော် ရာပသိန်သတ်နှင့် အမတ်ဒိန်သျှိန်စသော မျက်နှာဖြူတို့သည် မင်းသားကြီးဒေးဝန်းကြီး၊ မြို့သူကြီး ဒါးပိုင်ကြီးတို့ကို အမျိုးမျိုး ထင်ယောင်ထင်မှား ဖြစ်လာစ ပြုကြသည်။ မျိုးချစ်ရခိုင်များသည်လည်း မကြာမကြာ သူပုန်ထနေကြသည်။ မျက်နှာဖြူတပ်သားများကိုလည်း အလစ်မပေး၊ တွေ့တိုင်းမြင်တိုင်း တွေ့ရာသင်္ချိုင်းခါးမဆိုင်း ဘဲ အစတုန်းဖျောက်ပစ်နေကြသည်။ မင်းသားကြီးစသော ကြီး ၄ကြီးတို့မှာ ဗြိတိသျှတို့ထံ အတွင်းရေးအပြင်ပါ ပေါင်းသင်းပြီး တိုင်းပြည်အရေးကို အစွမ်းကုန်ဖြေရှင်းဟန် ပြုနေကြရသည်။

တရံသောအခါဝယ် မင်းသားကြီး ဒေးဝန်းကြီးစသည် တို့၎င်း၊ မြို့မိ မြို့ဘမြို့၏ မျက်နှာဖုံးများသည်၎င်း ဗုဒ္ဓါ မော်ရှိ ယခုပွဲဂွင့်သာယာခေါ် နေရာဝယ် ထမင်းလက်ဆုံ အပျော်အပါးစားသောက်ကြရင်း စကားလက်ဆုံကျနေကြ သည်။ ဘင်္ဂလားအော်မှ သန့်ရှင်းကြည်လင်သော လေပြေ အေးသည် တသွင်သွင်တိုက်ခတ်လျက်ရှိပါသည်။ ဒီလှိုင်း များလည်း အသင့်အတင့် ရိုက်ခတ်လျက်ရှိပါသည်။ စန္ဒရားငှက်ခေါ်သော ဇင်ယော်ငှက်များလည်း ထိုဤပျံ့ဝဲ လျက် ရှိကြပါသည်။ ဖန်ဝါနေမင်းသည်လည်း အနောက် ဂေါယာကျွန်းသို့ ချဉ်းနင်းဝင်ရောက်ရန် ဝါးနှစ်ပြန် လောက်သာ လိုပါတော့သည်။

ရာပသိန်သတ်။ ။အခု ဖြားရေကျနေသည် မဟုတ်

ပါလား။

စံရဖွေ။ ။ ကျပါရေ အရှင်သခင်ဘုရား။

ထိုအချိန်ပရိတ်သတ်ထဲမှ မသဲမကွဲ စကားသံများဖြင့် ရောနှော၍ တခိခိတဟိဟိ ရည်မောသံများလည်း ကြားရပြီးနေပါသည်။ မြစ်ရေမှာ ကျနေဆဲဖြစ်သော်လည်း ဒီရေမှာ တရွေ့ရွေ့ပြည့်တက်နေသည်ကို မြင်နေရသော မင်းသားကြီးကမူ အခုဖြားရေတက်ခါစပြုနီဗျာ ဟူသော အသံအောင်ကြီးဖြင့် အမိန့်တော်ရှိသည်။

ဒေဝန်းကြီး။ ။ ဟုတ်တယ်၊ တက်ခါစပြုနီဗျာ။

ရာပသိန်သတ်။ ။ ဖြားရေကျဆင်းနေပါယင်နှင့် တက်နေရေလို့ ပြောရသလား မင်းသားကြီး။

မင်းသားကြီး။ ။ အကျကုန်နီဗျာ တက်ဘို့ရာသာ ဟိတော့ရေ မဟုတ်လား။

ဒေဝန်ကြီး။ ။ ဟုတ်ပါရေ--- မင်းသားကြီး အမိန့်ဟိစွာ မှန်ပါရေ။

မြို့သူကြီး။ ။ အထက်ရီက ကျနီသော်လည်း အောကရီက တက်စပြုနီပါပြီ။ ကြည့်ပါလား ရာပသိန်၊ သေသေချာချာကြည့်ပါ။

စံရဖွေ။ ။ အဲ- ယင်းချင့်တော့ခါ ဟုတ်ပါရေ။

ဒိန်သျှိန်။ ။ ဒီရေများ တက်လဲတက်၊ ကျလဲကျနေသည်ဆိုသည်မှာ မဖြစ်နိုင်သော အကြောင်းတစ်ရပ်လို့ ထင်မိပါရေ။

မင်းသားကြီး။ ။ ရီကို အသေအချာကြည့်ပါ။ အထက်ကသာ အရှိန်နှင့်ကျဆင်းနီပါရေ၊ သို့ရာတွင် ရီပြည့်လာနေသည်ကို အားလုံးမြင်နိုင်ပါရေ၊ ဒိန်သျှိန်။

ရာပသိန်သတ်။ ။ ဒီရေတက်နေသော မြစ်ကမ်းစကို အတန်ငယ်စူးစိုက်ကြည့်နေပြီးမှ အထက်လွှာရေပြင်သည် အနည်းငယ်ကျဆင်းနေသော်လည်း အောက်လွှာရေမှာ ပြည့်တက်ပြီးလာသောကြောင့် ရေတိုးတက်လာသည်ကို မြင်ရသော ရာပသိန်သတ်က ပြောသည်မှာ၊ အဲဟုတ်တယ်ထင်ရေ့၊ မင်းသားကြီး ပြောသည်မှာ မှန်သည်ထင်ပါသည်ဟု ဆိုလိုက်သည်နှင့် တပြိုင်နက် မင်းသားကြီးစသည်တို့မှာ တဟားဟားရယ်မောကြလေ၏။ ထိုသို့ ရယ်မောကြသံကို ကြားရသော အမတ်ဒိန်သျှိန်နှင့် ရာပသိန်သတ်တို့မှာ မျက်နှာ အတော်ပင် အိုမင်းသွားသည်ဟု ထင်ရပါသည်။

ဖန်ဝါနေမင်းသည် အနောက်ဂေါယာကျွန်းသို့ ခြေတစ်လှမ်းချဉ်းနင်းဝင်ရောက်လျက် ရှိပါပြီ။ ပျော်ပွဲစားပရိတ်သတ်တို့လည်း နှစ်ယောက်တစ်တွဲ သုံးယောက်လေးယောက်တစ်တွဲစီ အသီးသီး မိမိအိမ်ဂေဟာသို့ ပြန်လာနေစပြုပါပြီ။ အမတ်ဒိန်သျှိန်၊ ရာပသိန်သတ်၊ သူ၏သား ဝါလိယာနှင့် စံရဖွေတို့လူစုလည်း တိုးတိုးစကားပြောလျက် မြို့ထဲသို့ ဝင်ရောက်လာခဲ့ကြပါပြီ။ အတန်ကြာ မြို့ကြီးသည် အိပ်ချိန်သို့ရောက်ခဲ့လေပြီ။

စစ်တွေမြို့ကြီးတစ်မြို့လုံးသည် ခွေးဟောင်သံမှတပါးအခြားမည်သည့်အသံမှ မကြားရ။ အိပ်မောကျလျက်ရှိနေပါပြီ။ မြောက်ဘက်ဆီ ကျေးတောအရပ်ဘက်မှငင်၊ အနောက်ဘက်ဆီ ကျွားမသောက်၊ နာရီကန်များဘက်မှငင်၊ တချက်-တချက် သေနတ်သံများကား မကြာမကြာကြားနေရပါသည်။ ပလုပ်တောင်ဘက်ဆီမှလည်း စစ်တပ်မှ မိုးပေါ်သို့ ထောင်ပစ်နေသော သေနတ်သံများ တစ်ခါခါ ကြားရပြန်ပါသည်။ မြို့တွင်းမှာ စစ်ဘိနပ်သံများလည်း ကြားကြရသည်။ ခွေးဟောင်သံကြားသောနေရာအနီး သစ်ပင်ရိပ်တစ်နေရာသို့ စစ်သားများ သေနတ် ၄-၅-၁၀ချက် ပစ်သံကြားကြရပါသည်။ တစ်မြို့လုံးလည်း အားလုံးနိုး၍ နားစွင့်ထောင်နေကြသည်။

အချိန်မှာ ညတစ်နာရီအချိန် ဖြစ်နေပါပြီ။ ဤသို့ အသံတစ်သံကို ကျယ်လောင်စွာလည်း ကြားရပြန်ပါသည်။ "အရှူးကိုသတ်သူ၊ အရှူးထက်ရှူးလို့ သတ်ခြင်းဖြစ်သည်။ တောင်ကလိပ်ကို အင်းကလိပ်က ကိုက်သည်။ လူကို ခွေးက ရိုက်သည်။ ခွေးကို လိပ်က ကိုက်သည် လိပ်ကို ရခိုင်က ရီမှာနှစ်ကြသည်။ အနှစ်ခံရသောလိပ်က သောကြာဦးအရှူးကို သေနတ်ဖြင့် ပစ်သတ်ပါသည်။ ဟန်စီးလေ၊ ဟန်စွလေ၊ ရခိုင် ရခိုင် ဒို့ရခိုင် အထက်တန်းမှာ ထိုင် ရခိုင်ဆို ဂနိုင်မှာဟိလီယင့်ဟူ၍ ကြားရပြီး၊ အသံမှာ ဆိတ်ငြိမ်သွားပါတော့သည်။ နံနက်မိုးသောက် နက်ဖြန်ရောက်က တမြို့လုံးလူထုတို့က အရူးသောကြာဦး သေနတ်ဒဏ်ရာဖြင့် အူထွက်သေနေသည်ကိုငင်၊ ခွေးနှစ်ကောင်သေနေသည်ကိုငင်၊ သူ့ထက်ငါ ဝိုင်းဝန်းတိုးဝှေ့ကြည့်နေကြသည်။ ထင်မြင်ချက် တယောက်တစ်မျိုးစီပေးပြီး ပြန်သွားကြပါသည်။

×××××

## အခန်း(၄)

ကစ္ဆပနဒီမြစ်ညာဆီမှ ဆောင်းဦးပေါက်စ လေပြေလေအေးသည် တချို့ချို့မြည်လျက် တိုက်ခတ်နေပါသည်။ အအေးဓါတ်မှာလည်း အရိုးစိမ့်လောက်ပင် ချမ်းအီးလျက်ရှိပါသည်။ မြကမ္ဗလာ လွှမ်းထားသော တောတောင်များတွင်လည်း ဆောင်းတွင်းပန်းများ ဝေဝေဆာဆာဖူးပွင့်လျက် ဟိကြပါသည်။ သာယာသော အသံဟိသော ဥဩ၊ ဖိုးခေါင်၊ ကုက္ကလောင်၊ ဝါရောင်ငှက်၊ ရွှေကျေး၊ သာလိကာစသော သက်ရှိသတ္တဝါများတို့သည်လည်း မိမိတို့ဘာသာအလိုက် ချမ်းအီးလွန်းပါဘိဟူသော သဘောဖြင့် ညီညွှမြည်တွန်နေကြပါသည်။ နှင်းငွေ့မှုံများကတော့ခါ မြောက်လီအီးနှင့်အတူ ပလူပျံ့ဝဲပြီး တဖြောက်ဖြောက်ကြဲကျလျက် ရှိကြပါသည်။ အချိန်မှာ နံနက်ဇနာရီ အချိန်မျှ ရှိနေပါပြီ။ သို့ရာတွင် နှင်းငွေ့မှုန်တို့မှာ ပလူပျံ့ဝဲလျက် အကျများနေသေးသည်မှာ ဆောင်းရာသီ ဝင်စဟူ၍ပင် ဆိုရန်ခက်နေပါတော့သည်။ အနည်းပင်လဲ ချမ်းလား၊ ကောင်းကောင်းချမ်းရေကား---ဟူသော မင်းသားကြီးတို့ လျှော့ကြီးမှ စကားပြောသံကိုလည်း ကြားရပါသည်။ စစ်ဘေးစစ်ဒဏ်ကြားမှ ကစ္ဆပနဒီမြစ်အလယ်ပိုင်း အနောက်ဘက်ကမ်းတစ်နေရာတွင် အုန်းခဲ့နိမျာ မိုးကာလျက် စုစုဝေးဝေးအိမ်ခြေ ၄-၅ဆယ်ခန့်ရှိသော ရွာငယ်တစ်ရွာလည်း တည်ရှိပါသည်။ ရွာပြင်ဘက်အနီး ဟင်းခင်းယာတောထဲရှိ ခဝဲခင်းမှ ခဝဲပွင့်တို့လဲ ဝါထိန်စွာ ပွင့်၍နေကြပါသည်။ ခဝဲခင်းရှင် ဇနီးမောင်နှံတို့မှာ ဟင်းခင်းတွင် ပြုဘွယ်ကိစ္စအဝဝကို ပြုစုနေကြပါသည်။ အခုအခါမှာကား မင်းသားကြီး ဒေဝန်းကြီးတို့သည် ယာခင်းထဲရှိ ခဝဲခင်းရှင်နှင့် တစ်နေရာတွင် တီးတိုးစကား ပြောကြားနေကြလေပြီ။ မျက်နှာဖြူစုံထောက်များနှင့် ရခိုင်သစ္စာဖောက် စံရဖွေခေါ် စံရဲဘော်ခေါ် စံလှဘော်၊ အောင်ကုလား၊ ကုလားရွှေလုံးသာ၊ ငပုဝေ၊ ရှောက်ဖွေ၊ ဒုံးကုလား၊ သင်ချိုသားဒိုးအောင်ရှို၊ ဒိဋ္ဌိစိတ်ရှိသော တိတ္ထိဝါသတ်ငယ်ခေါ် ဝါလိယာ၊ သက်နှံ့ဝေကျွန်မသား၊ ကုလားလင်းပြန်မသား၊ ရန်နရန်၊ လူလွန်မသား၊ ချမ်းအောင်သာနှင့် ဟိန္ဒီစင်စစ် သေအောင်မိုက်သော လူမိုက်ဦးကရှိတို့သည်လည်း မင်းသားကြီးဒေဝန်းကြီး၊ မြို့သူကြီး၊ ဒါးပိုင်ကြီးတို့၏ အရိပ်အကဲကို မျက်ခြေမပြတ်ရအောင် လိုက်လံစုံစမ်းနေကြတော့သည်။ စံရဖွေဝါသတ်ငတ်တို့လူစုသည်လည်း အဆိုပါရွာကလေးကို မကြာမီအတွင်း လာရောက်ခဲ့ကြလေပြီ။ တစ်အိမ်တက်ဆင်း မွှေ့ရှာသလို ရှာဖွေမေးမြန်းနေကြလေသည်။ ယင်းသို့တမူကား အစအနအရိပ်အယောင်မျှ မတွေ့ရတော့ချေ။ မင်းသားကြီး ဒေဝန်းကြီးတို့သည် ဆီးနှင်းများ ပိတ်ဖုံးနေသော ကိုင်းတောကြီးထဲ၌ ပျောက်ကွယ်သွားကြလေပြီ။

စံရဖွေခေါ် စံလှဘော်စသော ရခိုင်သစ္စာဖောက် - ------ယေပြီးဂေ၊ မျက်နှာဖြူ ၃-၄ကောင်နှင့် သင်ချို၊ ဒုန်း၊ ဟာရီမျိုး ကုလားပန်းသီးဖြစ်ကြသော ကုလား ၄-၅ကောင်တို့သည် ရခိုင်ပြည်အနှံ့အပြား စနည်းနာရင်း ထိုမှဤမှ သွားလာလှည့်လည် စုံစမ်းနေကြရာ ရပ်တိုင်းရွာတိုင်းမှ ယာဉ်းစီးနေကြသော ကလေးသူငယ်များထံမှ ယာဉ်းစီးရင်း အောက်ပါယာဉ်းသာခြင်းဆိုသံများကို ကြားကြရသည်၊ ကြားရပုံမှာ-

၁။ မိုးရွာရေ၊ ကိုယ်နာရေ၊
မက္ကလာယူခ၊ ဘာယောက်ဖ၊
ယောက်ဖမက္ကလာ၊ မဆောင်းသာ၊
တောမှာပေါက်ဖက်၊ ဟိပါယင့်။

၂။ မိုယ်းရွာရေ၊ စာဘူးဘောင်း၊
အောက်သားသီ၊ ဖင်ဟောင်းဟောင်း၊
ဘာယောင်းမိလေ၊ ဘာယောင်းဖလေ၊
အိုးချေ-ခွက်ချေ၊ ကစားရေ။

၃။ အကြူကြူ-ကြူနောင်းနောင်း၊
တောင်းချေတစ်လုံး မရက်တတ်၊
ဖျာချေတထည် မရက်တတ်၊
ချောင်းမှာချဖို့လား၊ မြောင်းမှာချဖို့လား၊
ချောင်းမှာချ၊ ချလိုက်ယင်-----ယား။

ထိုထို ယာဉ်းသာချင်းများကို ကြားရသော စံရဖွေခေါ် စံရဲဘော်စသော လူစုတို့သည် ဤသို့ပင် အဓိပ္ပါယ်ကို ကောက်ကြလေပါသည်။ မိုယ်းရွာရေ ကိုယ်နာရေဆိုသည်မှာ ယခုရခိုင်လူကြီးတို့ အချို့မှာကား မိုယ်းရွာသကဲ့သို့ ရာထူးဌာနန္တရနှင့် ပြည့်စုံနေကြရသည်ကား မှန်ပါသည်။ ကိုယ်တို့ ရခိုင်လူမျိုးအများစု ပြည်သူလူထုတို့မှာကား၊ မျက်ရည်နှင့် မျက်ခွက် မကင်းကြရချေ။ ကိုယ့်လူမျိုးများသာ အနာခံကြရသည်များသည်ဟု လိုသည်။ မက္ကလာ

ယူ၍ အိုယောဖဆိုသည်မှာ အနီးရှိ မြန်မာမင်းကို ခေါ်လာပါအုံးဟု ဆိုလိုသည်။ ယောက်ဖမဂ္ဂလာ မဆောင်းသာဆိုသည်မှာ မြန်မာမင်းသည်လည်း အားကိုးဘွယ်ရာမရှိ၊ သနားကရုဏာမရှိ၊ ရက်စက်ကြမ်းကြုတ်သည်၊ မလုံမခြုံ၊ စိတ်သဘောသေးငယ်သည်၊ ဒုက္ခအပုံပေးတတ်သည်၊ အာဏာပြင်းထန်အားကြီးသည်ဟု ဆိုလိုသည်။ တောမှာပေါက်ဖက်ဟိပါယင့် ဆိုသည်မှာ ကျွန်ုပ်တို့ရခိုင်များ၏ အားကိုးရာ၊ ခုံလှုံရာ ရခိုင်မင်းလောင်းတို့သည် တောတောင်ကိုမှီ၍ နေကြသည်ဟု ဆိုလိုပါသည်။ ဤကဲ့သို့သော သဘောကို သစ္စာဖောက် စံလှဖော်စသူတို့သည် မျက်နှာဖြူအင်္ဂလိပ်အမတ် ဒိန်သျှိန်၊ ရာပသိန်သတ်တို့ထံ အစီရင်ခံလေသည်။

အခန်း(၅)

အချိန်သည် နီးသည်ထက် နီးကပ်၍ လာခဲ့လေပြီ။ မင်းသားကြီးစသော ကြီး ၄ကြီးတို့သည် ဒုတိယံမှ နှစ်ကြိမ်မြောက် ပြောင်းပြာအရှင်ကြီးထံသို့ ဝင်ရောက်လျှောက်ထားကြသည်။ ပဌမအကြိမ်ကဲ့သို့ပင် အမိန့်ရှိပြန်သည်။ မင်းသားကြီး ဒေဝန်းကြီး မြို့သူကြီး ဒါးပိုင်ကြီးတို့ ပုန်ကန်ခြားနားမှုကြောင့် ဆရာတော်လည်း စိတ်မချမ်းသာဖြစ်မိသည်။ ပြည်ရွာဆူပူသဖြင့် ဆရာတော်လည်း တစ်နေရာသို့သာ ကြွချင်းပါသည်။ မင်းသားကြီးဒေဝန်းကြီးစသူတို့ကသာ တိုင်းပြည်ငြိမ်ဝပ်အောင် လုပ်နိုင်မည်ဆိုလျှင်ကား ဆရာတော်အထူးဝမ်းမြောက်ပါမည်။ မင်းသားကြီးဒေဝန်းကြီးတို့ အသက်ရာကျော် ရှည်နေပြီ။ ယခုကဲ့သို့ ရာထူးဌာနန္တရများဖြင့် တင့်ကောင်းတင့်တယ်ဟိသည်ကိုသာ မြင်လိုပါသည်။ ကြားလိုပါသည်။

မင်းသားကြီး။ ။ ဆရာတော်ဘုရား မပုန်ကန်သိပါဘုရား။ မပုန်ကန်ဘဲ ယတြာလုပ်က မရကောင်းပါလားဘုရား။

ဆရာတော်။ ။ အင်္ဂလိပ်တို့က ယတြာလုပ်နေကြလေပြီ။ တစ်ခုဟိသည် ပတ္တရာ(ဝါ)ပတ်တြာလုပ်တတ်က ရနိုင်စရာအကြောင်း ရှိသည်။ ယတြာအကြောင်းကို အင်္ဂလိပ်တို့လည်း သိနေကြပြီ။ သူတို့ကလည်း ရခိုင်တို့ထံ မှနည်းခံ၍ နေရာအနှံ့အပြားမှာ ယတြာလုပ်ထားကြပြီဟု ဆရာတော် ကြားသိရသည်။

မင်းသားကြီး။ ။ မိန့်တိုင်းပါဘုရား၊ တပည့်တော်တို့လည်း ယတြာကို ပတ်တြာနှင့်ပြန်ချေပါမည်ဘုရား။

ဆရာတော်။ ။ လုပ်တတ်လျှင်နိုင်ဘို့ အကြောင်းဟိပါရေ။

ဒေဝန်းကြီး။ ။ မသိလို့ လျှောက်ပါရစေ အရှင်ဘုရား ယတြာကတော့ခါ သိပါရေ၊ ပတ်တြာဆိုစွာဘာဇာကို ခေါ်ပါလဲ အရှင်ဘုရား။

ဆရာတော်။ ။ ပတြာဆိုစွာ တကာတော် အခြားမဟုတ်ပါ။ တန်ပြန်လုပ်ခြင်းကိုပင် ခေါ်ပါရေ၊ အင်္ဂလိပ်ရို့က ငါတို့၏ ဘုရားရှင်၏ ရုပ်ထုတော်ကို ဖောက်ထိုးထား ဘုရားရုပ်ထုအထက်က ရခိုင်ပြည်စောင့်နတ်မကြာဇံဒေဝီ၏ ရုပ်ပုံကိုတင် ၎င်းအထက်က သူရို့၏အင်္ဂလိပ်မ အရုပ်ပုံကိုတင်ပြီး ဗုဒ္ဓဘာသာရခိုင်လူမျိုးရို့ကို နှိမ်နှိပ်ထားကြသည်ဟု ဆိုသည်။ ၎င်းတို့သည် မြောက်ဦးမြို့မှာပင် ယတြာလုပ်ကြောင်း ဆရာတော်ကြားသိရပါသည်။ ၎င်းကို တန်ပြန်လုပ်ခြင်းကိုပင် ပတ်တြာဟုခေါ်ဆိုပါသည် တကာတော်။

ဒေဝန်းကြီး။ ။ တပည့်တော်များလည်း ဤအတိုင်းပင် ကြားသိရပါသည်ဘုရား။

မင်းသားကြီး။ ။ မျက်နှာဖြူအင်္ဂလိပ်တို့ကို ယတြာလုပ်ရန် စံရဖွေက အကြံပေးသည်ဟု တပည့်တော် ကြားသိရပါသည်ဘုရား။

ဆရာတော်။ ။ ဟုတ်မည်မထင်ပါ၊ စံရဖွေလည်း လူလိမ္မာတစ်ယောက်ဖြစ်သည် တကာတော်။

မင်းသားကြီး။ ။ သူ့အဘို့အရာတော့ခါ သူလိမ္မာပါသည်ဘုရား၊ စံရဖွေတို့ ငပုဝေတို့ ဒိုးအောင်ရှိနှင့် ဦးကာရှီတို့လည်း ဆရာတော်ဘုရားထံသို့ မကြာခဏ ရောက်ကြောင်း ကြားသိရပါရေဘုရား၊ ရောက်ကြပါလားဘုရား။

ဆရာတော်ကြီး။ ။ ရောက်သိအခါလဲ ရောက်ကြပါရေ၊ စံရဖွေနှင့် တကာတော်ရို့နှင့် မတဲ့ကြလား။

မင်းသားကြီး။ ။ တဲ့ပါရေ ဘုရား၊ သို့ရာတွင် တပည့်တော်ဘက်ကို မပင်းပါဘုရား၊ တပည့်တော်များနှင့် မျက်နှာချင်းအတွေ့မခံသည်က များပါရေ၊ အင်္ဂလိပ်များနှင့် အများအားဖြင့် ပေါင်းသင်းပါရေ။

ဆရာတော်။ ။ ယင်းချင့်ကတော့ခါ ကိုယ့်သဘောနှင့် ကိုယ်ကိုးတကာတော်၊ သူကလူလိမ္မာလူနတ်တယောက်

လည်း ဖြစ်ပါရေတကာတော်။

မင်းသားကြီး။ ။ စံရဖွေ လူနတ်လူလိမ္မာဆိုလျှင် တပည့်တော်များက မလိမ္မာရာ ကျပါသည်ဘုရား၊ ဆရာတော်ကြီးသည် မျက်နှာအတော်ပင် ညှိုးသွားလေပြီး နောက်၊ ဆရာတော်ကြီးသည် အမိန့်တော်ဟိသည်မှာ "တကာတော်ရို့လဲ အလွန်လိမ္မာပါးနပ်ပါရေ၊ သတ္တိဗျတ္တိလဲ ဟိပါရေ။ ယင်းသို့သော် စံရဖွေရို့ကို အတွင်းလူအဖြစ် ပေါင်းသင်းက ပို၍ကောင်းမည် ထင်ပါသည်"

မင်းသားကြီး။ ။ စံရဖွေရို့ကို အတွင်းကျကျပေါင်းလျှင် တကာတော်ရို့ အသက်အခုမဟိပါဗျာ ဘုရား၊ တကျွန်းစံသော်လည်း ဖြစ်နီပါဗျာဘုရား။

ဆရာတော်။ ။ စံရဖွေရို့ ယင်းလောက် ဆိုးယုတ်မာမည် မထင်ပါ တကာတော်။

မင်းသားကြီး။ ။ အရှင်ဘုရား စောင့်ကြည့်တော်မူပါဘုရား၊ ခွင့်ပြုတော်မူပါဘုရား၊ တပည့်တော်များ ပြန်ပါရစေ၊ သာဓု--သာဓု---သာဓု။

ပြည်ထဲအရေး၊ ပေါက်နှင့်ကျေးသို့--- ရခိုင်ပြည်သူလူထုတို့မှာ ပြင်းထန်စွာ အဖိနှိပ်အချုပ်ချယ်ခံနေကြရသည်။ သစ္စာဖောက်တို့ကား ရာထူးကြီးများဖြင့် ချီးမြှင့်ခြင်း ခံနေကြရသည်။ ဦးရစ်တောင်ဘုရားဦးကင်းတော်ဘုရားများ ဓါတ်တော်ကွန့်မြူးတော်မူကြသည်။ ရှင်ကျော်ဘုရား ချွေးထွက်သည်။ အခြားတန်ခိုးကြီးဘုရားများ တန်ခိုးအမျိုးမျိုး ပြတော်မူကြသည်။ ကြယ်များကြွေကြသည်။ ဥက္ကာပျံ၍တော် လျှောင်ထစ်ချုံးမြည်ဟီးသည်။ ဓညဝတီရမ္မာဝတီ မေဃာဝတီ ဒွါရာဝတီဟု ဆိုအပ်သော ဝတီလေးရပ်လုံး အပါဝင် ရခိုင်ပြည်တစ်ဝှမ်းလုံး အထူးမငြိမ်မသက် ဖြစ်လျက်ရှိသည်။

သက္ကရာဇ် ၁၁၈၇ ခု၊ ၁၁၈၈ခု နှစ်နှစ်လုံးမငြိမ်မသက်ဖြစ်ပြီး ၁၁၈၉ ခုနှစ်သို့အဝင် တတိယမ္ပိ ပြောင်းပြာအရှင်ကြီးထံသို့ မင်းသားကြီး ဦးရွှေဘန်း ဒေဝန်းကြီး မြို့သူကြီး ဒါးပိုင်ကြီးတို့သည် ညကြီးသန်းခေါင်အချိန်တွင်ပင် တိတ်တဆိတ် ဝင်ရောက်လျှောက်ထားကြသည်မှာ၊ အရှင်ဘုရားတကာတို့၏ ကိန်းခန်းယတြာအသို့ဟိပါသလဲဘုရား၊ အရှင်ဘုရား၏ ပညာစွမ်းဖြင့် အကုန်မိန့်ဟ မြွက်ကြားတော်မူပါဘုရားဟု လျှောက်ထားရင်း မုံညင်းဆီဖြင့် ထွန်းထားသော ဆီမီးခွက်အနီးသို့ မင်းသားကြီး ဦးရွှေဘန်းက သူ၏ဇာဘာကို ဆရာတော်ဘုရားလက်တော်သို့ ဆက်ကပ်ရင်း လျှောက်ထားလိုက်သည်။

ဆရာတော်ကြီး။ ။ မင်းသားကြီး၏ ဇာတာမှာ မင်းဖြစ် ရန် ဇာတာမပါပါ၊ မင်းသားကြီး။

မင်းသားကြီး။ ။ မင်းလုပ်လို၍ အရှင်ဘုရားအား တပည့်တော်များ လျှောက်ထားသည်မဟုတ်ပါဘုရား၊ အင်္ဂလိပ်ကို ယခုပုန်ကန်ခြားနားခြင်းသည် အောင်မြင်မည် မအောင်မြင်မည်သာ သိလိုပါသည်ဘုရား၊ ပတ်ကြာလည်း လုပ်ပြီးပါပြီဘုရား။ အရှင်ဘုရား စေ့စေ့စပ်စပ် သေသေချာချာတွက်ချက်ပြီး အမိန့်ဟိတော်မူပါဘုရား။

ဆရာတော်ကြီး။ ။ မင်းသားကြီး ပုန်ကန်ခြားနားလို့ရှိလျှင် အဝေးအရပ်ကသာ ကိုယ့်ရပ်ကိုယ့်မြေကို တမ်းတလွမ်းဆွတ်ရင်း ဥဒေါင်းကျူးဘိသကဲ့ ကျူးနေရလိမ့်မည်။ မတော်လှန်မပုန်ကန်ပါက မင်းသားကြီးတို့သည် ဆွေမျိုးတို့၏အလယ်ဝယ် ရာထူးဌာနန္တရကြီးဖြင့် မြင့်မြင့်ထယ်ထယ် စံပျော်ပြီး၊ အိမ်ကြက်ဖတို့သည် အိမ်ခေါင်မိုးထက်မှာ တွန်မြူးနေရဘိသို့ ဩဇာအာဏာတိက္ကမများ ထက်သန်စွာဖြင့် နေရဘို့မြင်ပါသည်။

မင်းသားကြီး။ ။ ဤချင်းထက်အပြင် အရှင်ဘုရား ပညာစွမ်းကိုလည်း မပြနိုင်ပါပြီလား ဘုရား။

ဆရာတော်ကြီး။ ။ ဤကား ဆရာတော်၏ ပညာစွမ်း ဖြင့် အစွမ်းကုန် မိန့်ကြားခြင်းပင် ဖြစ်ပါသည်။ မင်းသား ကြီး၊ မင်းသားကြီးကတော့ခါ အသက်သေရန် အကြောင်း ဆရာတော် မမြင်ပါ။

မင်းသားကြီး။ ။ ခွင့်ပြုတော်မူပါဘုရား၊ သေဘို့ကြောက်လျှင် လူ့ပြည်မှာ လူလာမဖြစ်ပါ။

×××××

အခန်း(၆)

မင်းသားကြီးဦးရွှေဘန်း ဒေဝန်းကြီးစသော ရခိုင်တော်လှန်ရေးခေါင်းဆောင်ကြီးများသည် ဆရာတော်ဘုရားအား ဦးချကန်တော့ကြပြီးလျှင် ပြန်သွားကြသည်။ သွေးတက်နေသော ရခိုင်တော်လှန်ရေးတပ်သားအချို့ကား ပြောင်းပြာဆရာတော်ကြီး၏ကျောင်းကို မကြာမှီအတွင်း တဖန် ပြန်လည်ဝိုင်းဝန်းပြီးလျှင် ဆရာတော်ဘုရားကို

အဆုံးတိုင် ကွပ်မျက်ပူဇော်လိုက်ကြသည်။ မင်းသားကြီးတို့၏ သဘောမှာလည်း ဤဆရာတော်ကြီး အသက်တည်ရှိနေသမျှကာလပတ်လုံး ငါတို့၏အကြံအစည်သည် မထမြောက်မအောင်မြင်ဘဲ ဟိနေချေမည်။ ဆရာတော်ဘုရားအား ငါတို့ အားကိုးနေရခြင်းသည်ပင် ငါတို့အလုပ်မအောင်မြင်မှု၏ အကြောင်းရင်းအဓိက မူလအချက်ကြီးတစ်ခုဖြစ်ချေသည်ဟု သဘောရရှိခဲ့ကြသည်။ မင်းသားကြီးတို့သည် အကွက်ကျကျ နေရာအနှံ့အပြား စီမံသင့်ရာအားလုံး အဆင်သင့်ဖြစ်စေလေပြီ၊ မင်းသားကြီး ဒေဝန်းကြီးစသူတို့သည် နေမြရာထူးဌာနန္တရအတိုင်းပင် စစ်တွေမြို့တွင် ဗြိတိသျှအင်္ဂလိပ်မျက်နှာဖြူတို့နှင့် ရေလိုက်ငါးလိုက် ပေါင်းသင်းနေထိုင်ခဲ့ကြလေသည်။

တစ်ရက်သောအခါတွင် မြောက်ဦးမြို့တော်သို့ မင်းသားကြီး ဒေဝန်းကြီး မြို့သူကြီး ဒါးပိုင်ကြီးတို့သည် အမတ်ဒိန်သျှိန်ရာပသိန်သတ်သူ၏သား ဝါလိယာခေါ် ဝါသတ်ငယ်တို့ပါ ပျော်ပွဲစားရန် ထွက်ခဲ့ကြသည်။

ကြီး ၄ကြီးတို့သည် ရာပသိန်သတ်ကို မြောက်ဦးမြို့တော်တွင် မင်းမြှောက်ပြီး အဘိတ်သိက်သွန်းရန် ပြောကြားရာ မျက်နှာဖြူများက သဘောတော်ခွေ့ ပျော်မွေ့လာကြသည်။ နေထွက်ချိန်မှစ၍ ထွက်ခဲ့ကြသည်။ လှေကြီးလှေငယ် ၉ဝကျော် ပါသည်။ ကဆုန်လရာသီ နေမင်းထွက်သည်နှင့် တပြိုင်နက် အပူရှိန်ကို ပေးနေပါပြီ။ ကစ္ဆပနဒီမြစ်သည်ကား ကြည်လင်သန့်ရှင်း၍ တောင်လေအနည်းငယ် သုတ်ဖြူးလျက် ရှိပါသည်။ မင်းသားကြီးတို့ ရာပသိန်တို့မှာ ၂၄ တတ်ခတ်လျက် ရွက်ကုန်လွှင့်လျက်ရှိသည်။ အခြားအခြားသော လှေကြီးလှေငယ်တို့မှာလည်း အစွမ်းကုန် ပျော်မြူးလျက် အားကုန်ခတ်လျက် ရှိကြပါသည်။ တောင်လေသည် ပြင်းထန်လာသည်။ နံနက် ၉နာရီအချိန်အရောက်တွင် လေပြင်းမုန်တိုင်းကြီးသဖွယ် တိုက်ခတ်လာပါတော့သည်။ အချို့လှေငယ်များ တိမ်းမှောက်သွားကြသည်။ ကမ်းသို့ အချို့ကပ်၍ မှီခိုနေကြရသည်။ ရွှေကြီးကြာငှက်တစ်အုပ်သည် ကြိုးကြာကြိုးကြာကြိုးကြာဟူသော အသံဖြင့် မြည်၍ တစ်နေရာမှ ပျံသန်းသွားကြသည်။ မအောင်မအောင် မအောင်ဟူသော မိခင်က သမီးကို ခေါ်သံ တစ်ခုကိုလည်း မင်းသားကြီးတို့ ကြားကြသည်။ ဤအသံများကို ကြားရသော မင်းသားကြီးတို့သည် နိမိတ်မကောင်းဟု သဘောရကြသည်။ အချင်းချင်းတယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး၊ မျက်နှာညှိုးငယ်နေကြသည်။ ခရီးကြမ်းနေသည်က တစ်ကြောင်း၊ တပိုတပါးသွားချင်သည်ဟု ရာပသိန်သတ်တို့က အကြောင်းပြသည်က တစ်ကြောင်း၊ ဤအကြောင်းနှစ်ချက်ကြောင့် လမ်းခုလတ်တစ်နေရာသို့ တက်၍ ရာသီဥတု၏ အခြေအနေကို စောင့်မျှော်ရင်း အနားယူနေကြသည်။

ထိုအခိုက် စံရဖွေတို့လူစု သစ္စာဖောက်လိုက်ကြလေပြီ။ ထိုနေရာမှတဖန်ဆက်၍ ခရီးထွက်ခဲ့ကြလေပြီ။ ရာပသိန်သတ်တို့က မူးမေ့ဟန်ဆောင်နေကြလေပြီ။ မြောက်ဦးမြို့သို့ မလိုက်နိုင်ကြောင်းကို အရေးဆိုနေကြလေပြီ။ မြောက်ဦးမြို့မှာ ထမင်းလက်ဆုံ ပျော်ပွဲစားရင်း အားလုံးကွက်မျက်ရန် အဆင်သင့် စီမံထားမှုသည် မအောင်မြင်တော့ချေ။ တပည့်တပ်သားအချင်းချင်းမှာလည်း သွားမသွား လားမလားဟူသော အခင်းနှစ်ခုကြောင့် ဗရုသဏ္ဍာရုန်းရင်းဆန်ခတ်ဖြစ်ခါ ပစ်ခတ်ပေါက်ကွဲရန်ပွဲကြီးဖြစ်လျက် ရှိကြလေ၏။ ရန်သူ့ဘက်တော်သား စံရဖွေနှင့် အမတ်ဒိန်သျှိန်၊ ရာပသိန်သတ် ဝါသတ်ငယ်စသော မျက်နှာဖြူဆယ်ဦးတို့သည်ငှင်း သစ္စာဖောက်စံရဖွေနှင့် တပေါင်းတည်း ဖြစ်နေသော ငမုံသာ၊ အောင်ကုလား၊ ကုလားရွှေလုံး၊ ငပုဝေ၊ ဒုံးကုလားရှောက်ဖွေ၊ သင်ချီသား ဒိုးအောင်ရှိ ကျွန်မသား သက်နုဝေ၊ ကုလားလင်းပြန် ရန်နရန်၊ လူလွန်ချမ်းအောင်သား၊ အမျိုးယုတ်ဦးကာရှီစသော တံစိုးစား ဆယ့်ခြောက်ယောက်တို့သည်ငှင်း လှေကြီးတစ်စင်းဖြင့် ပြန်ကြလေသည်။ မင်းသားကြီး၊ ဒေဝန်းကြီး၊ မြို့သူကြီး၊ ဒါးပိုင်ကြီးစသည်တို့ကား မြောက်ဦးရွှေမြို့တော်သို့ ဆန်မြဲဆန်ကြလေသည်။ တပြည်လုံးပင် ထောင်ထားပုန်ကန်မှုကို အစွမ်းကုန် စကြရချေတော့သည်။ တရုတ်သကြန်ကျသကဲ့သို့ တစ်နိုင်ငံလုံး သေနတ်သံဆူလျက် ရှိနေချေပြီ။

အကြံညဏ်ပက်စက် စကောလောက်မှ ဖောက်မနက်သော စံရဖွေအောင်ကုလားစသော သစ္စာဖောက်တို့မှာ ဗြိတိသျှမျက်နှာဖြူများအား မမှန်မကန်လုပ်ကြံကာ သစ္စာဖောက်ခြင်း လက်ထောက်ချခြင်းတို့ကြောင့် မင်းသားကြီး၊ မြို့သူကြီး၊ ဒါးပိုင်ကြီးစသော ရခိုင်ခေါင်းဆောင်ကြီးများမှာ အင်္ဂလိပ်မျက်နှာဖြူတို့၏ အဖမ်းဆီးအချုပ်နှောင်ကို ခံကြ

ရလေသည်။

ဤသို့လျှင် မင်းသားကြီး ဦးရွှေဘန်း၊ ဒေးဝန်းကြီး ဦးအောင်ကျော်ရှီ၊ မြို့သူကြီးဦးအောင်ကျော်ဇံ၊ ဒါးပိုင်ကြီး ဦးကျော်ပုံစသူတို့အား ဖမ်းဆီး၍ ကာလကတ္တားသို့ ယူဆောင်ပြီးသွားကြသည်။ ထို့နောက် စင်ကာပူမြို့သို့ ပို့သည်။ ထို့နောက် အိန္ဒိယပြည် ဒါဂါနယ်ရှိ ကာလိန်ကင်းခေါ်သောထောင်တွင် အကျဉ်းချထားခြင်းကို ခံရလေသည်။ ၎င်း၏အမှုကို Lord macanley က Chief Court of Calcutte တွင် စစ်ဆေးလေသည်။ နောက်ဆုံးတရားစီရင်သောအခါ ရခိုင်ခေါင်းဆောင်ကြီးများအား တသက်တကျွန်းဟု စီရင်ချမှတ်လိုက်သည်။ ထိုစဉ်အခါက ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီ ပြင်သစ်အရှေ့ အိန္ဒိယကုမ္ပဏီ ဒတ်ချအရှေ့အိန္ဒိယကုမ္ပဏီဟူ၍ သုံးခုရှိခဲ့ကြသည်အနက် ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီဆိုင်ရာ ဘင်္ဂလားအစိုးရက ရခိုင်ပြည်ကို အုပ်ချုပ်သည်။ ၎င်းကုမ္ပဏီဆိုင်ရာ မဒရတ်အစိုးရက အုပ်ချုပ်သည် ရခိုင်တော်လှန်ရေးခေါင်းဆောင်ကြီးများသည်၊ လက်နက်ခဲယမ်းမီးကျောက်စသည်များကို ပြင်သစ်ပိုင် (အိန္ဒိယပင်ဒီချယ်ရီနယ်)မှတဆင့် ယူ၍ ယခုမေယုမြစ်ခေါ် မယူကမ်းနယ်မှ ရခိုင်ပြည်သို့ သွင်းသည်။

ထိုရခိုင် တော်လှန်ရေး ခေါင်းဆောင်များသည် မိမိတို့၏ ရခိုင်ပြည်ကို တမ်းတရင်း ရတုစပ်ဆိုခဲ့ကြသည်။ ထိုရတုများအနက်မှ ဒေဝန်းကြီး ဦးအောင်ကျော်ရှီနှင့် မြို့သူကြီး ဦးအောင်ကျော်ဇံ၏ ရတုများကို အနည်းငယ်စီ ဖော်ပြလိုက်ပါအံ့။

ဒေဝန်းကြီးဦးအောင်ကျော်ရှီ၏ရတု

အောင်ယန္တျ။ ။ မကိုဋ်တန်ဆာ၊ ဘုန်းညွှန့်ဖြာသည်၊ ဇရာခေါင် တပြောင်ထွန်းလျှံလင်း၊ ရွှေကျောင်းဗိမာန်၊ ဇေတဝန်ဝယ်၊ ထေရ်ပုံ့သဃ်ာမင်းသို့၊ ရဟန်းနှင့်မတူ၊ ရှာကိုစွန့်ထား၊ ဟေဝန်တောမှာ၊ ထွက်သွားစံတော်မူလျက်၊ တောရဂုံသတ္တဝါ၊ ဗျဂ္ဃါဟတ္ထိ၊ စပါးကြီးသည်၊ မြွေ(မြွီ)ငန်းများလာ၍၊ ခြေရင်းတွင် ညွတ်ရိုသေ၊ သုံးလူထွဋ်ချာ၊ တရားတော်ကို၊ ယင်းမှာ နာကြသည်တည်း၊ မြတ်သုံးစဉ်ရှင်ဘုရား၊ သာရလင်္ကာဟိုးဟိုးကျော်သည် (တိမ်ဆုံးကျော်သည်)၊ ပြည်ရွာနတ်များကြား၍၊ ကျင့်တရားမြဲ ဆောက်တည်၊ ဘုရားဟော ပိဋကတ်ကို၊ နှုတ်လွတ်ဝမ်းတွင် လွယ်လျက်၊ သီလဝယ်အကျိုးသာ၊ နိဗ္ဗာန်လမ်းမှတ်၊ ဘုံအထွဋ်သို့ လက်မှီလုကာနှင့်၊ ခြောက်ဘုံသာစိုးပိုင်နင်း၊ လေးယောက်မောင်ပင် ဝေယန်ရှင်သည်၊ ထက်ခွင်သိကြားမင်းလည်း၊ မှန်မထွင်းသိမြင်ခါ၊ ကိုယ်တို့ပျော်မှတ်- နတ်ဘုံရပ်သို့ လွတ်လတ်ပင်ခေါ်ယူလျက်၊ ကိုးကွယ်ရာလို၍ပေ၊ သင်္ကာဒေဝပုရိန္ဒသည်၊ ချီကြွ၍လူ့ပြည်သို့၊ သက်လျှင်မြန်ထွက်ပြီးကာ၊ စူဠာမုနိ ဓါတ်တော်ရှိမှာ၊ သွားပြီးကျိန်းသင့်ပါဟု၊ ကြိမ်ဖန်များစွာ လျှောက်၍ပေ၊ သဃ်ာမြောက်များကို၊ တို့ဘုရားကို၊ ပင့်ငြားခေါ်တုံလေက၊ သက္ကရာဇ် (၁၁၉၂ ခုနှစ်ဝယ်) တစ်ထောင့်တရာကိုးဆယ်စွန်းနှစ်ခုက၊ ဝါခေါင်လပြည့်ကျော် ဆယ်ရက်နေ့တွင်၊ မနက်အချိန်မှာလည်း၊ လူ့ဘုံခွင် မျိုးလေးဖြာ၊ တကာရင်းဖျား တပည့်သားကို၊ ပယ်ထားနောက်ခိုင်းပါလျက်၊ ထက်နတ်ရွာဝတိံဝယ်၊ စူဠာမုနိ၊ ဓါတ်တော်ရှိသို့၊ ကြွဘိတက်သွားလေတည်း။ နတ်ပြည်ရပ်ဘုံသို့လေ။ ။

မြို့သူကြီး ဦးအောင်ကျော်ဇံ၏ ရတု

သုံးဆယ့်တစ်ဘုံ၊ အလုံးစုံသည်၊ အကုန်သာအနိစ္စတည်း၊ သင်္ခါရဓမ္မဝိညာဏ်၊ လောကခံကို၊ နိဗ္ဗာန်မမှတ်ရဟု၊ အစိန္တေယျသုံးလူချာ၊ ဓမ္မာတရား ရှိလျက်သားကို၊ တွက်စားမပြုပါဘဲ၊ စိတ်ရှိရာ ကျင့်တုံငြား၊ ဒေါသရန်ငြိုး ဝမ်းထဲသို၍၊ ငွေကိုတံစိုးစားလျက်၊ သူမိုက်များယခုခါ၊ ကြံရာအဟုတ်၊ အကျွန်ုပ်ကို၊ မဟုတ်ဖြစ်ပေသာလျှင်၊ ဖျက်ဆီးလာ လူဆယ့်ခြောက်၊ အူစောက်လင်းပြန်၊ မျိုးမမှန်သည်၊ သူ့ကျွန်စဖိုပေါက်တို့၊ ပြုမွှေနှောက်ကုံပြီးခါ၊ ရှင်လူအများ၊ ဆင်းရဲသားကို၊ နှိပ်စက်ဖိစီးပါ၏။ လူမိစ္ဆာအယူမှား၊ မဟုတ်မမှန်၊ မုသားကံကို၊ လုပ်ပြန်ကျမ်းစွဲငြားလျက်၊ မတရားပြုသောခါ၊ ကူန္ဒာသက္ကာပုရိန္ဒသည်၊ ဌာနကိုယ့်နေရာက၊ ကြည့်ပြီးသာဆန်းတပြား၊ မကောင်းသောသူ၊ မတော်လူတို့ အယူအကျင့်မှား၍၊ တရားနှင့်မတည်ကြည်၊ ပြုကျင့်ရာကို၊ သူဇာသိကြားပြည်က၊ မြင်တုံလေသောအခါ၊ ရှေ့ဆက်ကျူးလွန်၊ ပစ္စုန်ပွန်သည်၊ အမှန်မကောင်းပါတည်း၊ နတ်တကာ မနာလို၊ ဓမ္မာယွင်းချွတ်၊ ဒေသျှိန်သတ်နှင့်၊ ဝါသတ်မင်းတို့ကိုကား၊ နှင်လင်းမြို့ရွာဒူရ၊ ဒုက္ခပူပန်၊ တိုင်းရောက်မှန်သည်၊ နိုင်ငံမဖြိုမှဲ၍၊ မနေရပြောင်းရွှေ့ဆို၊ ကုသိုလ်လဲရှား၊ ပါပပွားသည်၊ မင်းများသူမိုက်ကိုလျှင် မြို့ထုတ်နှင်ဘိလပ်သို့၊

လျှင်စွာ မကြာပို့လေပါသည်။ ။ မှန်စွာနေရာမြို့တည်း။

ဒေဝန်းကြီးမြို့သူကြီးတို့၏ရတုများကို အစေ့အစုံ ဖော်ပြလျှင် ရှည်လျားနေမည် စိုးသောကြောင့် အနည်း ငယ်စီသာ ဖော်ပြလိုက်ရပါကြောင်း ရခိုင်မျိုးချစ်အပေါင်း သူတော်ကောင်းတို့သည် ငါတို့၏ အတိတ်အကြောင်း ပစ္စုပ္ပန်အကြောင်း မကောင်းချေတကားဟူ၍သာ ပြုကြပါ စေကုန်သတည်း။ တစ်ဦးကို တစ်ဦးအာဃာတမထားဘဲ ယခုလက်ငင်းဆိုက်ရောက်နေသော ပြည်တွင်းရန်၊ ပြည်ပ ရန်၊ ကုလားဘေးရန်စသည်များကိုလည်း တညီတညွတ် တည်း မေတ္တာရှေ့ထား၍ ရန်သူများဘေးမှ ကင်းဝေးဖယ် ရှားနိုင်ကြပါစေကုန်သတည်း။

နိုင်ငံရေးသင်ခန်းစာ

၁။ တိုင်းတပါးကို အကူအညီယူကာ သတိကြီးစွာပြု

၂။ ညီညွတ်ရေးကို မရရအောင်ပြု။

၃။ သစ္စာဖောက်မှုကို ဝေးဝေးရှောင်ခွာပြု။

၄။ ရဟန်းတော်များ နိုင်ငံရေးဝင်စွက်ခြင်းမှ ရှောင် ကြည်ခြင်းပြု။

၅။ တဗိုလ်ကျ တဗိုလ်တက်စနစ်ကို အားခဲပြု။

၆။ မျိုးချစ်စိတ်ကို နေ့တိုင်းမွေးမြူပြု။

၇။ လူမျိုးခြားကို ယုံကြည်ခြင်းမှ ရှောင်ခွာပြု။

၈။ အမျိုးကိုထိက မချိအောင်နာခြင်းကိုပြု။

၉။ ကိုယ့်လူမျိုးကို ဥပေက္ခာရှုခြင်းမှ ရှောင်ခွာပြု။

၁၀။ အမြဲမပြတ် တိုးတက်ခြင်း၊ နိုးကြားခြင်းကို ရှေ့ ရှုပြု။

ကောင်းမြတ်သူ (မြောက်ဦးမောင်)
**မြို့ဟောင်း**

# ရခိုင်စာပေ အမြုတေများ

မေယျဝတီကျော်ဇင်အောင်

တို့တိုင်းနိုင်ငံ၊ ရဂုံစံနှင့်၊ ငှက်သံညှင်းညှင်း၊ ပန်းဝင်းဝင်းနှင့်၊
ဆီးနှင်းဖြိုးဖြိုး၊ ရွာသည်မိုယ်းသို့၊ တိမ်းခိုးတိမ်းဝှမ်း၊ ကောင်းကင်မှုန်းမှျ၊
တောင်တန်းသချော်၊ မြင်တုံလေသော်၊ သဲကြွေလောက်အောင်၊ သည်မြိုင်ချောင်က၊
နောက်တောင်အထဲ၊ ပျံသန်းဝဲလော၊ အေးအေးထွေထွေ၊ ရံပင်လယ်နှင့်၊
ကမ်းခြေသာယာ၊ ကျွန်းရမ္မာဟု---။

အထက်ဖော်ပြပါ ကောက်နှုတ်ချက်များမှာ လွမ်းဟန်သာသော ကျွန်းရမ္မာသို့၊ အင်းဝနေပြည်တော်မှ ရခိုင်စာဆို ရဟန်းတစ်ပါး၏နှလုံးသားမှ စီးကျယိုဆင်းခဲ့သော ကျေးစေလင်္ကာ ပွင့်ချပ်လွှာကလေးများပင် ဖြစ်သည်။ ထိုကဲ့သို့ အဖိုးထိုက်ရတနာ ရခိုင်စာပေ၏ အမြုတေများမှာ၊ တိမ်ဖုံးသော လပမာကဲ့သို့ မြန်မာစာပေ၏ လောင်းရိပ်အောက်တွင် ပျောက်ဆုံးတိမ်ပါးလျက် ရှိပေသည်။ ဤသည်ကို ထူး၍မဆန်းသော ဝိသမလောကကြီး၏ နိယာမဓမ္မတာ ကံကြမ္မာ အလှည့်အကြိမ်ဟု ကျွန်ုပ်တို့ နှစ်သိမ့်နေခဲ့သည်။ ထိုသို့ နိယာမဓမ္မတာ ကံကြမ္မာအလှည့်အကြိမ်ဟု ဆိုခြင်းကို လက်ရှိလောကကြီး၏ အလှည့်အကြိမ်က လက်ခံနိုင်မည်လော။

ပြောင်းလဲတိုးတက်နေသော လောကကြီး၏ အလှည့်အကြိမ်က ထိုသို့မယူဆပေ။ အနှစ်သာရအားဖြင့် ရခိုင်လူမျိုးတို့၏ ဘဝမဏ္ဍိုင်မှေးမှိန်တိမ်ပါးခဲ့သလောက် ရခိုင်လူမျိုးတို့၏ အနုပညာအဖူးအညှောင့်များလည်း ညှိုးခြောက်လာခဲ့ရခြင်းဖြစ်သည်ဟု ယူဆပေသည်။ ဒိဋ္ဌအားဖြင့်ဆိုရမူ၊ သတ်တူသံကွဲ၊ သို့မဟုတ် မိတူဖကွဲဖြစ်သော မြန်မာစာပေ၏ လောင်းရိပ်ကလည်း ရခိုင်တို့၏ အနုပညာစာပေ အဖူးအညှောက်များကို နှိပ်ကွပ်ဖုံးလွှမ်းလျက်ရှိသည်။ ဤသို့ဖြစ်လျှင် အရပ်ရပ်သော အခြေအနေများက ကျွန်ုပ်တို့အား ပူးဝင်ဖန်စားလျက် ရှိနေပေပြီ။ ကျွန်ုပ်တို့၏ အဘို့တွင် ဝမ်းနည်းကြေကွဲဘွယ်ရာ ဖြစ်ရပ်များနှင့်သာ ရင်ဆိုင်လျက်ရှိပေသည်။

ထိုကဲ့သို့ ချို့တဲ့မှုအရပ်ရပ်တို့နှင့် ရင်ဆိုင်နေရသော ကာလဤအချိန်တွင် ရခိုင်စာဆိုတစ်ဦး၏လက်ရာ၊ အဖိုးထိုက်ရတနာများကို ဖော်ထုတ်ခွင့်ရ၍လည်း တနည်းအားဖြင့် ဝမ်းသာရပေမည်။ ၎င်းမှာ ခေတ်ကာလအားဖြင့် အမရပူရ ဘကြီးတော်လက်ထက်လောက်က ဖြစ်သည်။ ယနေ့တိုင်ဆိုလျှင် နှစ်ပေါင်းတစ်ရာကျော်ကာလတို့ ကျော်နင်းလာခဲ့ပြီးဖြစ်သည်။ အနှစ်တစ်ရာကျော်ကာလသည် ရာဇဝင်အတိုင်းအတာအားဖြင့် လှမ်းညောင်းလှပြီဟုကား မဆိုသာသော်လည်း အသစ်အသစ်များသည် ဟောင်း၍ဟောင်း၍ လာခဲ့၏။ အဟောင်းအဟောင်းများသည် ပျောက်၍ ပျောက်၍ ကွယ်ခဲ့၏။ မည်သို့ပင်ဖြစ်စေ အသစ်တို့သည် အတိတ်၏ မျက်ကွယ်ကာလကို မကျော်လွန်နိုင်ကြပေ။

တစ်စုံတစ်ခုမှတ်စုမှတ်ရာ အခိုင်အမာ မရှိသေးသော ထိုစာဆို၏ လက်ရာများကို ဖော်ထုတ်ရန်မှာ အသို့လျှင် စိုးရိမ်လွန်းသည်ဟု ဆိုနိုင်ပါအံ့နည်း။ ယနေ့သည်ပင် အချိန်လွန်နေပြီ ဖြစ်သည်။ နတ်လူနှစ်လို၊ စိမ်းမြညိုသည် ငါတို့ကင်းရွာ၊ နောက်ဒိသာ၌ ဟူသော ကျေးစေလင်္ကာ၏

အချပုဒ်ဖြင့် စာဆိုမှာ ရမ်းပြဲကင်းရွာဇာတိဖြစ်ကြောင်းကို သာမညအားဖြင့် သိရ၏။ ကင်းရွာဟူသည်မှာ အပေါင်၏ အမည်မျှသာ ဖြစ်သေး၏။ ဝိသေသအားဖြင့် ကင်းခြောက်ရွာ ရှိသည်ဟု သိရ၏။ ၎င်းကင်းခြောက်ရွာတွင် စာဆို၏ ဖွားမြင်ရာဇာတိမှာ တောင်ပြိုင်ရွာဖြစ်သည်ဟု တစ်ဆင့်စကားမှတ်သားဘူး၏။

မဟော်လင်္ကာ၏ အချီနိဒါန်းတွင် ရဟန်းအမည်ဦးဝရ၊ လူအမည် ဦးစောဦးဟု ပါရှိသော်လည်း ထိုအမည်များကို လူသိမများလှ၊ ကင်းဆရာဟူ၍သာ လူသိများခဲ့သည်။ ကင်းဆရာသည် မြန်မာသက္ကရာဇ် (၁၁၉၃)ခုနှစ်၏ ရှေ့ပိုင်းတွင် ဖွားသန့်စင်၍ ၎င်းသက္ကရာဇ်၏ နောက်ပိုင်း၊ ဦးဝရ(ရဟန်းဘွဲ့)ဦးစောဦးဟူ၍၎င်း၊ အထူးသဖြင့် ကင်းဆရာဟူသော အမည်များဖြင့် ထင်ရှားလာခဲ့သည်။ ၎င်းမြန်မာသက္ကရာဇ် (၁၁၉၃)နှစ်၏ ပတ်ဝန်းကျင်ကာလသည် ရခိုင်ပြည်၏ ကံကြမ္မာဆိုးဝါးချိန်ဖြစ်သဖြင့် ထီးသုဉ်းနန်းသုဉ်း တစ်ပြည်လုံး ကြိမ်းမီးအုံးနေသော အချိန်ဖြစ်သည်။ အလာကောင်းလျက် အခါနှောင်းပုဂ္ဂိုလ်ပေတည်း။

ထို့ကြောင့် စာဆိုရှင်ဦးဝရသည် မွေး၌ာနီမှ ဝေးရာဆီသို့ ပညာရှာမှီးရန် စွန့်စားခန်းဖွင့်ခဲ့ရပေသည်။ အင်းဝသို့ရောက်၍ သုံးနှစ်မျှကြာသောအခါ။

မြကျွန်းဂနိုင်၊ ဝဖြိုးလှိုင်သည်၊ ရခိုင်ညွှန့်ဖူး၊ မြောက်ဦးရွှေနန်း၊ ပေါ်ထွန်းလင်္ကျာ၊ သဲပြင်သာထက်၊ ရမ္မာဝတီ၊ အောင်ချာဆီက၊ ကြွချီ၍လာ၊ စာသင်ပါသော်၊ ပန်းဝါကန့်ကော်၊ သုံးကြိမ်ပေါ်အောင် မမျှော်မတွေး၊ ကြာမြင့်ခဲ့၍၊ မွေးမိဘခင်၊ မရွှင်ညိုးပြ၊ သားကိုတ၍၊ ၌ာနဝေးကွင်း၊ သတင်းမတည်၊ ရှိလိမ့်မည်ကြောင်း၊ ဟူ၍၎င်း စက်ရိပ်ဝန်းဝန်းပွင့်သစ်ပန်းသို့၊ ခိုင်ကျန်းမောင့်မာ၊ ဤလဝါကို၊ ရတနာပူရ၊ အင်းဝတွင်ခေါ်၊ နေကျိန်းပျော်လိမ့်၊ ဟူ၍၎င်း။

သားကွဲမိခင်၊ ကျေးဖူးရှင် ၂ပါးတို့၏ စိတ်ဒုက္ခကို ကျေးစေလင်္ကာဖြင့် ပြန်လည်နှစ်သိမ့်ပုံများမှာ အမျိုးကောင်းသားတို့၏ လက္ခဏာကို ပေါ်လွင်ထင်ရှားစေခဲ့သည်။ စာဆိုရှင်သည် ရဟန်းပုဂ္ဂိုလ်တစ်ပါး ဖြစ်သော်လည်း အနှစ်တရာ မမေ့သာ၊ အနှစ်တစ်သောင်း မမေ့ကောင်းသော အပေါင်းမိတ်သင်္ဂဟများနှင့် မွေးရပ်ဒေသကို လွမ်းဆွတ်တသ နေမည်မှာ မလွဲပေ။ သို့သော်နှစ်ကူးလည်၍ အစချီသောရတုဖြင့် ရခိုင်ပြည်မှ ဗမာပြည်သို့ လွှမ်းခဲ့သော ရှင်မဟာရဋ္ဌသာရကဲ့သို့သော ရခိုင်စာဆို၏ လွမ်းဟန်များကို တိုက်ရိုက်သုံးစွဲထားသည်ကို မတွေ့ရသောကြောင့် လူသာမန်တို့သည် ရခိုင်ပြည်အား အထင်သေးကောင်းသေးမည်ပင် ဖြစ်သည်။

သို့ရာတွင် မြကျွန်းဂနိုင်၊ ဝဖြိုးလှိုင်သည်၊ ရခိုင်ညွှန့်ဖူး၊ မြောက်ဦးရွှေနန်း---။ စသော စကားလုံးများမှာ စာဆိုလူပုဂ္ဂိုလ်၏စိတ်တွင် ရခိုင်ပြည်အား ကြည်နူးမှုပြနေ လွမ်းဆွတ်ဘွယ်ရာစကားလုံးများပင် ဖြစ်၏။ ဤသို့ဆိုလိုရင်း အဓိပ္ပါယ်ကို တိုက်ရိုက်မသုံးစွဲဘဲ သွယ်ဝိုက်သောနည်းဖြင့် သုံးစွဲထားသည်မှာ၊ သုခမာလတာ ဂုဏ်မြောက်ရုံသာမက၊ အတ္ထာလင်္ကာရလည်း ပါလှပေသည်။ ဤသို့လျှင် စာဆိုပုဂ္ဂိုလ် ၂ဦးတို့၏ ကဗျာပရိယာယ်အတိမ်အနက်ကိုလည်း အကဲဖြတ်ကြစေလိုသည်။ ရခိုင်စာဆို၏ ကဗျာဉာဏ်ရည်မှာ ဘကြီးတော်လက်ထက် ပေါ်ထွန်းခဲ့သော ဦးမင်း၊ ဘိုးသူတော်ဦးမင်း၊ ဆီမီးစုံစားဦးရွှန်းစသော ခေတ်ပြိုင်စာဆိုများနှင့် နှိုင်းယှဉ်သင့် မသင့်ကိုလည်း စာရှုသူများအကဲဖြတ်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ကင်းဆရာ၏ လက်ရာမွန်များကို ကျွန်ုပ်တို့ အထူးကြိုးပမ်းရှာဖွေခဲ့ပေသည်။ ယနေ့တိုင် စုံစုံလင်လင်ရှာဖွေစုဆောင်း၍ မရရှိသေးပေ။ ကျွန်ုပ်တို့ တွေ့ရှိရမိထားသမျှကို စာရင်းပြုရလျှင်-

၁။ ကျေးစေလင်္ကာ နှစ်ပုဒ်။

၂။ အောင်ချက်ဒီပါချီပုဒ်စုံရတု။

၃။ စစ်တွေ ယောချောင်းကံစောက်ရွာနေ သွေးချင်းတစ်ဦးထံပေးသော မေတ္တာစာ။

၄။ ပေတစ်ဆယ့်နှစ်အင်္ဂါရှိ မဟော်သင်္ကာတော် (ဟောစာ)။

၅။ စစ်တွေသွားခရီးစဉ်ဖွဲ့လင်္ကာ (ရေလမ်းခရီး)။

၆။ လက်ရေးအလှသင် လင်္ကာတိုကလေးများဖြစ်သည်။

ကျေးစေလင်္ကာနှစ်ပုဒ်နှင့် ပုဒ်စုံရတုတို့ကို ရန်ကုန်မြို့ ကေပျာက်မြောင်းရပ်၊ မင်္ဂလာသုခ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ သီရိပဝါရဓမ္မာစရိယ သိရောမဏိစာချကထိက၊ အရှင်ဉာဏမဥ္ဇူထံမှတမူ၊ ဦးမြိုင်သန့် (ရန်ကုန်တက္ကသိုလ်) ထံမှတမူ၊ ပေါင်းနှစ်မူတို့ကို ရရှိခဲ့ပေသည်။ စာနှစ်မူလုံး

မှာပင်၊ လက်ရေးမူများ ဖြစ်ကြပေသည်။ မူအသီး၌ပင်၊ ချို့ယွင်းချက်များ အသီးသီးရှိနေကြသည်ကို တွေ့ရပါသည်။ ပုဒ်ပြည့် အရေအတွက်လည်း မတူညီကြချေ။ အချီအချတွင်လည်း အချင်းချင်းကွဲပြားလျက် ရှိသည်။

ကျေးစေလင်္ကာပထမပုဒ်၏အချီတွင်၊ တောင်ဂန္ဓမာဟု စာနှစ်မူလုံးကို အညီအညွတ်ရှိပေ၏။ အချတွင် ရမ္မာသို့ ပေးဆက်ပါလေဟု အရှင်ဉာဏမဥ္ဇူမူ၌ ရှိသော်လည်း ဦးမြိုင်သန့်မူ၌၊ ပျံကာလျှိုကျေးဆက်ပါလေဟု အသီးသီး ကွဲပြားလျက် ရှိနေပေသည်။ ပုဒ်ပြည့်အရေအတွက်ချင်းလည်း အနည်းငယ်ကွာခြားလျက် ရှိသည်။ အရှင်ဉာဏမဥ္ဇူမူ၌ လေးပိုဒ်ပို၍ ဦးမြိုင်သန့်မူ၌ လေးပုဒ်လျော့နေသည်ကို တွေ့ရသည်။ ဒုတိယလင်္ကာတွင်လည်း ထိုနည်းနှင်နှင်ပင် အချင်းချင်းကွဲပြားခြားနားချက်များ အသီးသီးရှိနေကြသည်။

ထိုသို့ စာမူချင်းမညီမညွတ် ရှိနေကြရာတွင်၊ တမူကို နှိုပ်၍ တမူသို့လိုက်ရန်မှာ သေးနုပ်လှပေသည်။ ထို့ကြောင့် ဤသို့ သိသာရုံမျှဖော်ပြလိုက်နိုင်ခြင်း ဖြစ်သည်။ စာမူဟောင်းများကို နောက်ထပ်ရှာဖွေ၍ အပိုအလိုနှင့် အမှားအမှန်များကို အချင်းချင်း ညှိနှိုင်းဆုံးဖြတ်နိုင်မည် ဖြစ်သည်။ ပိုဒ်စုံရတုတွင်၊ အချီသုံးပုဒ်လုံး ညီညွတ်လျက်၊ အချတွင် မူချင်းကွဲပြားခြားနားလျက် ရှိသည်။ ပုဒ်ပြည့်အရေအတွက်မှာလည်း လျှိုပိုခြင်းများ ရှိသည်။ အရှင်ဉာဏမဥ္ဇူမူ၌၊ ပထမတွင် (၇၇)ဒုတိယတွင်၊ (၈၄)တတိယတွင် (၈၁) ဖြစ်၍၊ ဦးမြိုင်သန့်မူ၌ ပထမတွင် (၇၁)ဒုတိယနှင့် တတိယတွင် (၇၉)ဖြစ်၍၊ အချင်းချင်းချွတ်ချော်နေကြသည်။ အချပုဒ်များတွင်လည်း ထိုနည်းနှင့်ပင်မညီမညွတ်ကြချေ။ ဤ၌လည်း အလွန်မွန်မြတ်သော စာကောင်းပေမွန်များဖြစ်၍ ပိုပိုတန်တန် အမှားအမှန်ကို မပိုင်ခြားလိုသေးပေ။ စာရှုသူများ မြဲစမ်းနိုင်ကြရန် အနည်းငယ် ဖော်ပြပါအံ့။ ၎င်းပိုဒ်ရတုတွင် တပြည်ရပ်ခြား၊ စာသင်သားရဟန်းငယ်များ၏ ဘဝသရုပ်ကို၊ ကရုဏာရသပါပါနှင့် ပိုင်နိုင်စွာစပ်ဆိုထားသည်မှာ။

-----၊ တို့ဆီပြည်ရွာ၊ နေကျိန်းခါတုံ၊ လိုရာမပြည့်၊ ထောက်ပံ့ဖြည့်လျက်၊ တပည့်တကာ၊ သဒ္ဒါသနား (တရား) ကျင်သူများခဲ့၊ ခုကာပျော်စေ၊ ဤရွှေပြည်၌၊ ရောင်ခြည်နီပေါ်၊ ဆွမ်းချိန်လျှော်မှ၊ သူတော်ဆင်းရောင်၊ ဝင်းဝင်းပြောင်ဟု၊ ညီအောင်ဖုံးလွှမ်း၊ ဝတ်သင်္ကန်းနှင့်၊ ရဟန်းအလိုက်၊ သပိတ်ပိုက်၍၊ စရိုက်စရာ၊ ညှိုးမျက်နှာနှင့်၊ ပြည်ရွာရပ်ခွင်၊ ဆွမ်းခံဝင်လည်း၊ ကျွမ်းကျင်မဟူ၊ မသိသူဟု၊ ပြည်သူရပ်သား၊ ကန်တော့များ၏၊ တပါးကိုချည်း၊ မျှရုံတည်းမှ၊ မနည်းလုံးလ၊ ကြိုးပမ်းရ၏၊ ဘဝရှေ့ဟောင်း၊ တောင်းဆုယူ၊ ရွှေဝသူနှင့်၊ အတူကြမ္မာ၊ ကံမပါ၍၊ မေတ္တာမသက်၊ ကြည်မျက်ခွက်နှင့်၊ လွန်လျက်စိမ်းကား၊ ဖြစ်သလားဟု၊ တွေးများကြံမှိုင်၊ မသိနိုင်ဘဲ၊ မခိုင် သဘော၊ စိတ်ဝမ်းမျောခဲ့----။

ဤသို့လျှင် အိမ်စဉ်လျှောက်၍ ဆွမ်းခံစားရသော ရဟန်းဘဝကို သက်သာချောင်ချိသည်ဟု၊ လူဒါယကာများက အထင်ရောက်တတ်သော်လည်း၊ လွယ်ယောင်နှင့်ခက်၍၊ တိမ်ယောင်နှင့် နက်သော ရဟန်းဘဝကို အတွေ့အကြုံများနှင့်၊ မပိုမယို စပ်ဆိုထားသည်မှာ၊ သရုပ်ပြစာပေတစ်မျိုးပင် ဖြစ်၏။ ဝမ်းတစ်ထွာအတွက်၊ လမ်းတကာလှဲ့၍၊ ညှိုးငယ်ပင်ပန်းစွာ မေတ္တာရပ်ခဲ့သော်လည်း ဆွမ်းရေးမလွယ်ကူ၍၊ စိတ်ဝမ်းငယ်ခဲ့ရပုံများကို ပိုင်နိုင်စွာ စပ်ဆိုထားသည်မှာ ဖတ်မိသူတိုင်း ကရုဏာရသဖြစ်နိုင်ရုံသာမက၊ ကြည်မဆည်နိုင်စရာတစ်မျိုးလည်း ဖြစ်၏။ ဤသည်တို့ကြောင့်ပင် ကင်းဆရာ၏ လက်ရာများကို မွန်မြတ်သော စာကောင်းပေမွန်များဖြစ်သည်ဟု ကျွန်ုပ်ဆိုနိုင်အပ်ပါသည်။

ယောချောင်းကံစောက်ရွာနေ သွေးချင်းတစ်ဦးထံ ပေးသော မေတ္တာစာကို၊ ရခိုင့်တန်ဆောင် အတွဲ(၁)၊ အမှတ် (၁)တွင် ဆောင်းပါးရှင် ဓညစံကဒင်း၊ ပေဆယ့်နှစ်အင်္ဂါရှိ မဟော်လင်္ကာ(ဟောစာ)ကို ရခိုင်တန်ဆောင်အတွဲ(၁)အမှတ်(၈)တွင် ဆောင်းပါးရှင် အရှင်ရဝိန္ဒက ၎င်းအမြွက်မျှ ကောက်နှုတ်ချက်ရေးထားပြီးဖြစ်သဖြင့် ဤ၌လျစ်လျူပြုအပ်ပါမည်။

စစ်တွေသွားခရီးစဉ်လင်္ကာ (ရေလမ်းဖွဲ့)ကို အရှင်ဉာဏမဥ္ဇူထံမှတမူ၊ ဦးမြိုင်သန့်ထံမှတမူ၊ စစ်တွေခရိုင်မင်းပြားမြို့နယ် မယ်လွှမ်းဆရာတော်ထံမှ တမူပေါင်းသုံးမူတို့ကို သိမ်းဆည်းရရှိပါသည်။ ၎င်းစာသုံးမူလုံး၌ပင် အချီအချ အညီအညွတ်ရှိလျက်၊ ကိုတွင်းကာရံအနည်းငယ်ကွဲပြားရုံမှတပါး၊ အဓိပ္ပါယ်စကားသွားမှာ ကွဲပြားခြင်း မရှိလှပေ။

ဂုဏ်းလင်္ကာတွင် ထူးခြားချက်တစ်ရပ်ရှိ၏။ လင်္ကာဟု ဆိုသော်လည်း သာမန်ဆောင်းပါးတစ်ပုဒ်ထက်ပင် ရှည်လျားလှ၏။ ပုဂံခေတ်အစ မျက်မှောက်ခေတ်အထိ အရှည်လျားဆုံးလင်္ကာမှာ စကားလုံးတစ်ရာကျော်မျှသာ ရှိ၏။ စကားလုံးတစ်ရာကျော်တိုင် ရှည်လျားသော လင်္ကာမှာ ရှာမှရှားလိမ့်မည်။ ယခု ကင်းဆရာ၏လင်္ကာမှာ စကားလုံးပေါင်း ခြောက်ရာကျော်ကျော်ရှိ၏။ အရှည်လျားဆုံးလင်္ကာဟုဆိုလျှင် စကားကျွန်လိမ့်မည် မထင်။ ဂုဏ်းလင်္ကာမှာ-

မြမြလျှံရောင်၊ ဤလူ့ဘောင်၌၊ တထောင်နှစ်ရာ၊ သချ်ာဆယ်ခု၊ ရတုသာရ၊ တန်းဆောင်လတွင်၊ ရက္ခရွှေပြည်၊ မျိုးလေးဆွီလည်၊ ဝင်မည်ငါတို့၊ စာပို့စာကူး၊ တိုင်ပင်ဦးမှ၊ ဆည်းဖူးဆံရေ၊ ထွေထွေစုံစွာ၊ မျိုးရိက္ခာနှင့်၊ ရတနာသုံးပါး၊ ဦးထိပ်ထား၍၊ ညွှတ်တွားမိဘ၊ ကင်းကထ၍၊ ----၊ ဟူ၍အစချီပြီးလျှက် ရေလမ်းခရီးစဉ်အတိုင်း ဖွဲ့နွဲ့စီကုံးသွားရာစစ်တွေသို့ အရောက်တွင်

ဆတ်ရိုးကျမြောက်၊ အနောက်မယူ၊ ရှေ့မူကစ္ဆပ၊ အင်းဗိုက်ဝနှင့်၊ မြမြညို့ညို့၊ စစ်တွေမြို့ဟု၊ နတ်တို့ပျော်ရာ၊ ဝတီသာသို့၊ ဟူ၍ဂုဏ်း၊ --၊ စစ်တကောင်းဒါကား၊ ဘင်္ဂလားက၊ စပါးနှင့်ဆန်၊ သင်္ဘော်ခံ၍၊ မည်ံမဆိတ်၊ သပိတ်ကရား၊ အိုးခွက်များနှင့်၊ ကုလားမင်းဒရာဂျီ၊ ကပ္ပလီလိုလို၊ အညိုအမောင်း၊ အသားကောင်းနှင့်၊ ဖလောင်းသင်္ဘော်ဟူ၍ဂုဏ်း၊ ယိုးဒယားဇင်းမယ်၊ တရုတ်ပြည်က၊ အထည်အထုပ်၊ ဗျအုပ်ဒေါင်းလန်း၊ ဝယ်ခြမ်းမအား၊ အောက်သားတလိုင်း၊ လှေဆိုင်းဆိုင်းနှင့်၊ ဟူ၍ဂုဏ်း၊ ဆိပ်ကမ်းမြို့၏ စည်ကားခဲ့ပုံများကို တခမ်းတနားစီကုံးထားသည်ကို တွေ့ရသည်။ ဂုဏ်းမှ တဖန် အပြန်ခရီးကိုလည်း စီကုံးသွားပြန်ရာ၊ သရက်အုံးကော၊ သောသောလျှံထိန်၊ ကချိန်ဟု၊ ဝတီနတ်ရွာ၊ အိမ်ရောက်လှာသည်ကင်းရွာဘုန်းကြီးလူထွက်သောဝ်း။ ။

ကင်းဆရာသည် ဒေသကာလအားလျော်ာ် ကဗျာလင်္ကာပေါင်းများစွာတို့ကိုလည်း ဖွဲ့နွဲ့စီကုံးကြောင်းကို ရှေးလူကြီးများမှတဆင့် မှတ်သားဘူးသည်။ အချို့ ကဗျာလင်္ကာများကို ဘုန်းတော်ကျောင်းများ၌ သင်အံပို့ချကြောင်းကိုလည်း သိသည်။ ဘုန်းတော်ကြီးကျောင်းများတွင် နေသော ကျောင်းသားသူငယ်များသည် ဂုဏ်းကဗျာလင်္ကာကို နှုတ်လွှတ်ဆောင်၍၊ လက်ရေးသတ်ပုံများကို မမှားအောင် လေ့ကျင့်ရသည်ဟု ဆိုပါသည်။ ထို့ကြောင့် ဂုဏ်းကို လက်ရေးအလှသင်လင်္ကာတို-------များဟု ခေါင်းစဉ် တပ်လိုက်ရခြင်း ဖြစ်သည်။

ဂုဏ်းလင်္ကာများကို ယနေ့တိုင်စုံလင်အောင် ရှာဖွေစုဆောင်း၍ မရဘဲရှိနေပါသည်။ သက်သေခံမျိုးစေ့အဖြစ် တစ်ပုဒ်စနှစ်ပုဒ်စကို၊ ရန်ကုန်မြို့ မင်္ဂလာသုခတက္ကသိုလ်ကျောင်းတိုက်၊ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး (ပျံလွန်တော်မူပြီး)ထံမှ ကူးယူမှတ်သားဖူးသည်။ ဆရာတော်ကြီး၏ မိန့်ကြားချက်အရ လင်္ကာများကို ကျောင်းသားဘဝတွင် နှုတ်လွှတ်ဆောင်၍ လက်ရေးအလှသင်ကြရသည်ဟု ဆိုသည်။ ယခုလည်း နှုတ်လွှတ်ပင်၊ ရွတ်ဆိုပြခြင်းဖြစ်သည် ဂုဏ်းကို မူအတိုင်းအောက်၌ ဖော်ပြပါသည်။

သည်ဓလေ့တွင် သည်တပင်တည်း။
သည်တွင်သေးချာ၊ သည်သို့ခါလျှင်၊
သည်သာတထူး၊ သည်သာကျူးသည်၊
ညွှန့်ဖူးဝေဝေလျှန်းလျှန်းတည်း။ ။

ဤသို့လျှင် ရခိုင်စာပေ၏ အမြုတေအညွှန့်အဖူး များမှာ၊ လွှင့်ပါးပျောက်ဆုံးလျက် ရှိကြပေသည်။ တိုင်းပြည်နှင့် လူမျိုးအတွက် တာဝန်မကင်းသော ကျွန်ုပ်သည်တာဝန်မဲ့လှ၏၊ ရိုးအ နုံချာလှ၏။ အထက်ဖော်ပြပါ ကင်းဆရာ၏ လက်ရာများကိုဂုဏ်း၊ စာတစ်စောင် ပေတဖို့ဖြစ်အောင် ပုံနှိပ်ဖြန့် ဖြူးနိုင်ခြင်းမရှိသေးသည်မှာ ကျွန်ုပ်နှင့်တကွ သုတေသီများအတွက် ဝမ်းနည်းဘွယ် ဆုံးရှုံးမှုကြီးတစ်ရပ်ပင် ဖြစ်တော့သတည်း။

**မေဃဝတီကျော်ဇင်အောင်**

# ရခိုင်မျိုးချစ်များ တော်လှန်ခဲ့စဉ်က

**စစ်တွေမောင်**

၁၉၄၂-ခုနှစ်က ဖြစ်ပါသည်။ ရခိုင်မျိုးချစ်လူငယ်တို့သည် ဒီပါရုံ၊ အမြင့်ကျွန်း၊ ကျောက်တန်းတို့ကို ဖြတ်ကျော်၍ မယူလမ်းမကြီးကို သိမ်းပိုက်ခဲ့ကြပါသည်။ မယူလမ်းမကြီးရှိ ဆိပ်တိုက်ညောင်ပင်စခန်းတွင် ဗြိတိသျှတပ်နှင့် ရင်ဆိုင်တိုက်ကြသည်။ ထရပ်ကားကြီးများနှင့် ချီတက်လာကြသော ဗြိတိသျှတပ်သားတို့သည် လက်နက်အင်အားကြီးမားသော်လည်း စိတ်ဓါတ်ကျဆင်းနေကြသဖြင့် နောက်ဆုတ်ထွက်ပြေးကြသည်ကို တွေ့ရပါသည်။ ရခိုင်မျိုးချစ်တပ်သားတို့သည် စစ်တွေမြို့ကို ဗြိတိသျှတို့လက်ထဲမှ အတင်းပြန်ယူရန်အတွက် ရခိုင်စစ်ကြောင်း ချီတက်လာခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော် ဗိုလ်မှူးရန်အောင်တို့နှင့်အတူ လိုက်ပါလာကြခြင်း ဖြစ်သည်။ စစ်တွေမြို့၏ အဝင်တံခါးဖြစ်သည့် ဆိပ်တိုက်ညောင်ပင်စခန်း၌ ခေတ္တအနားယူကြပါသည်။ ဤဆိပ်တိုက်ညောင်ပင်စခန်းကား ရှေးနှစ်ပေါင်း ၅၀၀-ကျော်လောက်က အကျာမြို့၏ ပင်လယ်ဆိပ်ကမ်းတစ်ခုပင် ဖြစ်၏။ အာကျပ်တော်ကုန်းရှိ လက်ဝဲသလုံးတော်စေတီ၏ အရိပ်အာဝါသကို ခိုလှုံလျက်လာခဲ့ခြင်းဖြစ်သည်။ ဤဆိပ်တိုက်ညောင်ပင်စခန်း၌ နှစ်ပေါင်း ၁၀၀-ကျော်က ရခိုင်မျိုးချစ်ကြီးများဖြစ်သည့် မင်းသားကြီး ဦးရွှေဘန်း၊ ဒေးဝမ်းကြီး ဦးအောင်ကျော်ရွှီနှင့် မြို့သူကြီး ဦးအောင်ကျော်ဇံတို့ ဗြိတိသျှတော်လှန်ရေး စီစဉ်ခဲ့သော လျှို့ဝှက်စခန်းတစ်ခုလည်း ဖြစ်ခဲ့သည်မဟုတ်ပါလော။ ရခိုင်မျိုးချစ်တပ်သားများသည် စစ်တွေမြို့ကို အတင်းထိုးဝင်ကြရာ ဗြိတိသျှတပ်နောက်ဆွယ်တပ်သားတို့သည် ဖရိုဖရဲထွက်ပြေးကြလေတော့သည်။ ရခိုင်မျိုးချစ်များ ဗမာ့လွတ်လပ်ရေး တပ်မတော်သားတို့သည် စစ်တွေကို သိမ်းပိုက်ကြပြီးမှ နိပ္ပွန်ရှေ့ပြေးတပ်သားတို့ ဝင်လာကြသည်ကို တွေ့ရတော့သည်။ ရခိုင်မျိုးချစ်လူငယ်တို့ ဤသို့ တော်လှန်ခဲ့ကြသောအဖြစ်အပျက်များကို ရာဇဝင်၌များစွာပင် တွေ့ရပါသည်။ ရခိုင်မြေကား အာဇာနည်တို့၏ မြေပင်ဖြစ်သည်ကို ရာဇဝင်အဖြစ်အပျက်များက သက်သေထူလျက်ရှိပါသေးသည်။

ရှေးနှစ်ပေါင်းများစွာက ကစ္ဆပနဒီခေါ် ကုလားတန်မြစ်ဖျားမှ ဆင်းလာသော အဇ္ဇုနမင်း၏သားတော် မာရယုမင်းသားသည် ရက္ခပူရတိုင်း ဝေသာလီမြို့တော်ကို ဝင်ရောက်ဖြိုဖျက်နေသော လူသားစားတို့၏ရန်စွယ်ကို ခုခံကာကွယ်လျက် ရခိုင်မျိုးရိုးကို စောင့်ရှောက်ပေးခဲ့သည် မဟုတ်ပါလော။ ရာဇဝင်၌ အာဇာနည်ဘုရင်မင်းဗားကြီးသည် သတ္တိခဲရခိုင်ဇာနည်မဟာပညာကျော် ဆရာကြီးဦးမြဝါတို့နှင့် ရခိုင်ပြည်ပိုင်ဆိုင်သော ဘင်္ဂါ ၁၂မြို့ကို အလွန်အင်အားကြီးမားသော မဂိုလ်ဘုရင်လက်ခုတ်တွင်းမှ ကယ်ယူခဲ့ဘူးသည် မဟုတ်ပါလော။ ဘဝရှင်မင်းဖလောင်းကြီးသည် အလွန်ပရိယာယ်များလှပြီး လက်နက်အင်အားကြီးမားသော ပေါ်တူဂီတို့၏ရန်ကို ရခိုင်ရေတပ်အင်အားဖြင့် ခုခံတိုက်ထုတ်အောင်မြင်ခဲ့ဘူးသည် မဟုတ်ပါလော။ မင်းခမောင်းကြီး၊ စာဆိုဥက္ကာပျံနှင့် သက်မင်းကောင်းလှဖြူတို့သည် မြန်မာပြည်သို့ ဝင်ရောက်တိုက်ခိုက်လာသော ယိုးဒယားစစ်သည်တို့အား တိုက်ထုတ်ခဲ့ဘူးသည် မဟုတ်ပါလော။ မတရားကျူးကျော်စော်ကားဖိနှိပ်မှုဟူသ၍ကို ဤသို့ရခိုင်ဇာနည်များ တော်လှန်ခဲ့ဘူးပေသည်။

ရခိုင်ပြည်ပျက်ကိန်းကြုံ၍ အကွဲကွဲအပြားပြားဖြစ်နေသောအချိန်အခါ၌ ဘိုးတော်နယ်ချဲ့သမားတို့သည်

အတင်းဝင်ရောက်သိမ်းပိုက်ခဲ့သည်။ ရခိုင်ပြည်ကို အမျိုးမျိုးကြွေမွအောင် ဖျက်ဆီးခဲ့ကြသည်။ ရက္ခိုင်အာဇာနည် နန္ဒိသေနဗန္ဓုလဘွဲ့ခံ ဗိုလ်မှူးချုပ် မျက်တောင်ရှည်နှင့် ချင်းပျံလက်ရုံးပေါ်တို့သည် ကိုယ့်ပြည်ကိုယ့်မျိုးအတွက် အကြိမ်ကြိမ်တော်လှန်ခဲ့ကြဘူးလေသည်။ တစ်ကြိမ်တုန်းက ရခိုင်ပြည်အလုံးမှာ ၎င်းတို့လက်ဝယ်သို့ ပြန်လည်ရောက်ရှိခဲ့ဘူးသည်။ ရခိုင်အမှန်နှင့် တွေ့ကြုံရလေသည်။ နယ်ချဲ့တစ်ဦးကို နှင်လို၍ မျိုးချစ်လူငယ်တို့သည် ကိုယ့်ပြည်ကို နယ်ချဲ့လက်မှပြန်လည်ရယူလိုသောဆန္ဒဖြင့် ဘင်္ဂလားနယ်တွင်း၌ ရခိုင်မျိုးချစ်တော်လှန်ရေးတပ်ဖွဲ့ကို ဗြိတိသျှအကူအညီဖြင့် ဖွဲ့စည်းခဲ့ကြလေသည်။ ရခိုင်ပြည်တွင်းသို့ ဗြိတိသျှတပ်များနှင့်အတူ ဝင်ရောက်ခဲ့ကြသည်။ မြောက်ဦးမြို့တော်ကို ပြန်လည်သိမ်းပိုက်စဉ်က ရခိုင်မျိုးချစ်လူငယ်များသည် ရှေ့တန်းမှ ပါဝင်ခဲ့ကြလေသည်။ သို့သော် နယ်ချဲ့ဟူသမျှတို့သည် အသွေးအရောင်ကွဲပြားစေကာမူလည်း သဘောဆန္ဒမှာ တူညီကြ၏။ ဗြိတိသျှနယ်ချဲ့သမားသည် ရခိုင်မျိုးချစ်တို့အားပေးခဲ့သော ကတိကို အလွယ်တကူဖောက်ဖျက်လိုက်ကြတော့သည်။ ရခိုင်ပြည်ကား နယ်ချဲ့တစ်ဦးလက်မှ အခြားနယ်ချဲ့တစ်ဦးလက်သို့ ကူးပြောင်းခဲ့ရတော့သည်။ မျိုးချစ်အာဇာနည်မင်းသားကြီး ရွှေဘန်း၊ ဒေဝန်ကြီးဦးအောင်ကျော်ရွှီးနှင့် မြို့သူကြီး ဦးအောင်ကျော်ဇံတို့ ဦးဆောင်သော ဗြိတိသျှနယ်ချဲ့တော်လှန်ရေး ရခိုင်အာဇာနည်မျိုးချစ်တပ်ဖွဲ့များသည် ဗြိတိသျှအုပ်စိုးပြီး၍ နှစ်နှစ်မျှမကြာခင် တစ်ပြည်လုံးမှ ထကြွခဲ့ကြပြန်လေသည်။ ၁၈၂၇-ခုမှ ၁၈၃၆ ခုနှစ်အထိ တော်လှန်ခဲ့ကြသည်။

ဤသို့ လှုပ်ရှားမှုကြီးသည် နှစ်အနည်းငယ် ငြိမ်းအေးသွားသည်ဟု ထင်ရသော်လည်း ရခိုင်လူမျိုးတို့အနေဖြင့် လွတ်လပ်ရေး ဆုံးရှုံးပြီး သူတပါးလက်အောက်သို့ ရောက်ရသည့်အဖြစ်ကို မည်သို့မျှ လက်ခံနိုင်ကြသည်မဟုတ်ပါပေ။ ဗြိတိသျှအုပ်ချုပ်မှုလက်အောက်တွင် နှစ်ပေါင်းများစွာ ပြည်ရွာမငြိမ်မသက်မှုမှာ ငြိမ်းအေးစပြုလာသလိုလို တွေ့ရပြီး၊ စီးပွားရေးတိုးတက်လာမှုတို့ကို မြင်ကြရလေသည်။ ရခိုင်လူမျိုးတို့သည် အင်္ဂလိပ်နှင့် တွေ့ဆုံရခြင်းဖြင့် အနောက်နိုင်ငံယဉ်ကျေးမှုတို့ကို ဦးစွာရရှိလာကြသည်။ သို့သော်လည်း သူတပါးလက်အောက်ကျွန်သဘောက်ဘဝကိုကား အဘယ်လျှင် လက်သင့်ခံ၍ ရောင့်ရဲတင်းတိမ်မှု ရှိကြပါမည်နည်း။ ၁၈၇၀-ခုလောက်တွင် ဗိုလ်ဦးဖြူသည် ၎င်း၊ ၁၈၈၈ခုနှစ်တွင် ဗိုလ်မောင်ပိုင်နှင့် ဗိုလ်ငတောတို့သည် ၎င်း။ ၁၈၉၁ ခုတွင် ဗိုလ်ကြာထွန်း၊ ဗိုလ်ရွှေလှနှင့် ဗိုလ်လာဘတို့သည်၎င်း၊ ဆင့်ကာဆင့်ကာ တော်လှန်ခဲ့ကြလေသည်။ ၁၈၉၂-ခုနှစ်တွင် မယူမြစ်မင်္ဂလာကြီးတောင်ကို အခြေပြု၍ ချင်းဗိုလ်နှင့်ဗိုလ်ဖော်အောင်တို့သည် လက်နက်ကိုင်တော်လှန်ရေးကြီးကို ဖန်တီးကြပြန်သည်။

ရခိုင်ပြည်နှင့်ရခိုင်လူမျိုးတို့၏ လွတ်လပ်ရေးကို အသက်တမျှ ချစ်ခင်မြတ်နိုးကြသော ရခိုင်မျိုးချစ်အာဇာနည်တို့၏ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်မှာ အခြေအနေအရ မအောင်မြင်ခဲ့သည့်အတွက် စည်းရုံးညီညွတ်မှုကို ရယူပြီး ဥပဒေအတွင်းဆောင်ရွက်သော လမ်းစဉ်သို့ ကူးပြောင်းခဲ့ကြလေသည်။ ဗြိတိသျှလက်အောက်သို့ အတူတူကျရောက်နေကြသော ရှမ်း၊ကရင်၊ဗမာ၊ကချင်၊ချင်း၊မွန် အစရှိသော ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံး၏ သွေးစည်းလှုပ်ရှားမှုကို ရခိုင်မျိုးချစ်ကိုယ်တော် ဦးဥတ္တမသည် စတင်ဆောင်ရွက်ခဲ့လေသည်။ ရခိုင်မျိုးချစ်များဖြစ်သော ဦးမဲအောင်၊ ဦးစိန်လှအောင်တို့၏ နိုင်ငံရေးစွမ်းဆောင်မှုကို မှတ်တမ်းများ၌ များစွာပင် ဖတ်ရှုကြရ၏။ စာရေးဆရာတစ်ဦးက ဦးစိန်လှအောင်ကို ရန်သူဖြစ်သော ဗြိတိသျှလက်ပါးစေတို့က အဆိပ်ပင်-------ကြွေးခဲ့ကြသည်ဟု ရေးသားထားလေသည်။ ဦးမြထွန်း၊ ဦးထွန်းအောင်၊ ဦးရွှေသာ၊ ဦးသာဇံလှ၊ ဦးအောင်ထွန်းဦး၊ ဦးစံရွှေဘု တို့သည် ရခိုင်ခေါင်းဆောင်ကြီးများ ဖြစ်ခဲ့ကြသည်။ ရခိုင်ပြည်အသင်း၊ လူငယ်နိုးကြားရေးအသင်း၊ ရခိုင်အမျိုးသား ကွင်းဂရက်အသင်းကြီးတို့သည် ရခိုင်ပြည်မှ ဗြိတိသျှဆန့်ကျင်ရေးအဖွဲ့အစည်းများ ဖြစ်ခဲ့ကြလေသည်။ ဆရာတော်ဦးစိန္တာနှင့် ဆရာတော်ဦးပညာသီဟတို့၏ ဦးဆောင်မှုများကိုကား လူတိုင်းသိရှိပြီးသားပင် ဖြစ်ပါသည်။ ရခိုင်လူငယ်တို့ ဂျပန်တော်လှန်ရေးလှုပ်ရှားမှုများကို မှတ်တမ်းတင်၍ ထားသင့်ကြပေသည်။ ဤဆောင်ပါး၌ အကျဉ်းမျှ ဖော်ပြလိုပါ၏။

ဤဆောင်းပါးအစတွင် ရခိုင်မျိုးချစ်များ စစ်တွေမြို့ကို အင်္ဂလိပ်လက်အောက်မှ ကယ်တင်ခဲ့ပုံကို ရေးသားဖော်ပြပြီးဖြစ်၏။ ဂျပန်နှင့်ပူးပေါင်း၍ ဗြိတိသျှနယ်ချဲ့ကို တော်

လှန်ခဲ့ကြရာ၌ နယ်ချဲ့လက်ခုတ်တွင်းမှ လွတ်မြောက်သွားသည်ဟု ဆိုရမည်ဖြစ်သော်လည်း ဖက်ဆစ်ခြီဖဝါးအောက်သို့ သက်လျှောရသည့်အဖြစ်သည်ကား အလွန်ကြေကွဲစရာကောင်းသောအဖြစ် မဟုတ်ပါလော။ နိုင်ငံရေးခေါင်းဆောင်တို့သည် ကိုယ့်ပြည်ကိုယ့်မျိုး လွတ်လပ်ရေးအတွက် နည်းလမ်းအမျိုးမျိုးကို အသုံးပြုခဲ့ကြပေသည်မှ တခါတရံ အမှားနှင့်တွေ့ကြုံရ၏။ တစ်ခါတရံမှာ အခြားနယ်ချဲ့တစ်ဦးနှင့် ပေါင်းစည်းရသော လမ်းစဉ်သည်ကား အလွန်မသေချာလှသော လမ်းစဉ်စွန့်စားသော လမ်းစဉ်ပင် မဟုတ်ပါလော။ အင်္ဂလိပ်တို့သည် နတ်မြစ်ကိုဖြတ်ကျော်၍ ဘင်္ဂလားသို့ ဆုတ်ခွာကြသောအချိန်အခါ၌ အနောက်တံခါးဝဖြစ်သည့် စစ်တွေခရိုင်ကို တိုင်းရင်းသားခေါင်းဆောင်များ အုပ်ချုပ်လျက်ရှိကြလေသည်။ တဘက်မှာ အင်္ဂလိပ်စစ်တပ်များ ထိုးဖောက်ဝင်ရောက်လာသည်ကို တွန်းလှန်လျက်၊ နောက်တဘက်မှာ ဖက်ဆစ်တော်လှန်ရေးကို စီစဉ်ကြလေသည်။ လက်နက်အပြည့်ဖြည့်ကာ ကုလားတန်မြစ်ဖျားသို့ တိတ်တဆိတ်ခုတ်မောင်းသော မော်တော်ဘုတ်နှစ်စင်းကို ဂျပန်စစ်တပ်စစ်တွေကို သိမ်းပိုက်ပြီး လမကြာခင်ပင် တွေ့မြင်လိုက်ရပါသည်။ မယူကမ်းခြေသို့ တက်သွားကြသော ဗိုလ်လှထွန်းကျော်၊ ဗိုလ်နီထွန်း၊ ဗိုလ်သာထွန်းအောင်၊ ဗိုလ်ရွှေသာတို့သည်၎င်း ကုလားတန်မြစ်များ ပလက်ဝနယ်ကို လက်ရသိမ်းပိုက်ကြသော ဦးကျော်မြ၊ ဦးမောင်နီ၊ ဗိုလ်စောဦး၊ ဦးထွန်းဝင်းဖြင့် ဗိုလ်ကြာလှအောင်တို့သည်၎င်း။ မောင်းဆွဲစခန်း၌ ဌာနချုပ်ဖွင့်လှစ်ကြသော ခရိုင်ခေါင်းဆောင် ဦးဘစံနှင့် ခရိုင်မှူးဦးစံတင့်တို့သည်၎င်း။ ပြတေားစခမ်း၌ လူစုနေသော ဆရာတော် ဦးပညာသီဟသည်၎င်း၊ ဤလျှို့ဝှက်သော လှုပ်ရှားမှုတွင် အလွန်အရေးကြီးပါကြလေသည်။

၁၉၄၃ခု ဩဂုတ်လတစ်ရက်နေ့တွင် မင်းပြားမြို့ ဗိုလ်တဲ၌ ဦးဘစံ၊ ဦးညိုထွန်း၊ ဦးအောင်ထွန်းဦးအစရှိသော ခေါင်းဆောင်များနှင့် ဗိုလ်ရန်အောင်၊ သခင်စိုး၊ တက်ဘုန်းကြီးဦးသိန်းဖေ ကိုတင်ရွှေနှင့် ဗိုလ်တင်မြတို့ တွေ့ဆုံကြသည်။ တီးတိုးဆွေးနွေးကြသည်။ ထို့နောက် လူစုခွဲကြသည်။ တက်ဘုန်းကြီးဦးသိန်းဖေမြင့်နှင့် ကိုတင်ရွှေတို့ကို တိုင်းရင်းသားခေါင်းဆောင်တို့သည် ကုလားတန်မြစ်ဖျားသို့ တိတ်တဆိတ်ဆောင်ကျဉ်း၍ ဘင်္ဂလားနယ်သို့ ပို့လိုက်ကြ၏။ ဦးဘစံ၊ ဦးညိုထွန်း၊ ဗိုလ်စောဦး၊ မောင်တင်မြင့်နှင့် ဦးကျော်မြတို့သည် သခင်စိုးတို့နှင့်အတူ နွားရုံတောင်၊ ကျောက်ငွေား၊ ကလိန်တောင်၊ တောင်ဂုတ်တို့ကို ဖြတ်ကျော်၍ သံတွဲဂွချောင်းသို့ ဦးတိုက်သွားကြ၏။ မကြာမီပင် ညိုထွန်းနှင့် ကိုတင်ရွှေတို့သည် ဂွချောင်းပင်လယ်ကမ်းခြေတွင် အသင့်စောင့်ဆိုင်းနေသော အမ်အလ်တိုက်သင်္ဘောသို့ ရောက်အောင်ဂျပန်ကျည်ဆန်ကြားမှ ကူးခတ်သွားကြပြီး ဘင်္ဂလားပင်လယ်အော်ကိုဖြတ်ကျော်ခါ ဘင်္ဂလားဆိပ်ကမ်းသို့ ဦးတိုက်လွှင့်ကြလေသည်။ မကြာမီပင် ညိုထွန်း၊ သခင်ဘိုးလှ၊ သခင်ထွန်းစိန်နှင့် ဝိုင်ယာလက်အော်ပရေတာတစ်ဦးတို့သည် ကုလားတန်မြစ်ဖျားကို ဖြတ်ကျော်ခါ၊ လေးမြို့မြစ်ညာမှ စုံဆင်းကြတော့သည်။ သခင်ဘိုးလှနှင့် သခင်ထွန်းစိန်တို့သည်ကား အင်္ဂလိပ်တို့နောက်ဆုတ်ခါနီးတွင် အိန္ဒိယသို့ ဖမ်းယူခြင်းခံရသော ရခိုင်တိုင်းရင်းသားအစည်းအရုံးခေါင်းဆောင် သုံးဆယ်ကျော်အထဲတွင် ပါဝင်သူများဖြစ်ကြသည်။ ဒကား၊ ကုန်မိလာ၊ ဒါန(ခ)ပူထောင်များ၌ အကျဉ်းချခံနေရရာမှ တော်လှန်ရေးလုပ်ရန်အတွက် ထွက်ခွင့်ရခဲ့သူများ ဖြစ်ကြသည်။ ၎င်းတို့အဖွဲ့သည် လေးမြို့မြစ်ညာချင်းရွာတရွာ၌ စတဲချကြသည်။ ဦးညိုထွန်းသည် ခရိုင်ဝန်ရုံးစိုက်ရာ မြို့ဟောင်းမြို့မှတဆင့် ဌာနချုပ်တည်ရာ မောင်းဆွဲစခန်းသို့ တိတ်တဆိတ်ရောက်ရှိလာပြီး၊ ခရိုင်ခေါင်းဆောင်ဦးဘစံ ဆရာတော်ဦးစိန္တာအစရှိသောပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ တိတ်တဆိတ်ဆွေးနွေးသည်။ ထိုနေ့ညၣ် ဦးဘစံ၊ ဦးညိုထွန်းတို့ကို ဆောင်ယူသွားသော လှေသမ္ဗာန်ကြီးတစ်ခု ငါးရာကောက်ချောင်းငယ်မှ တရွေ့ရွေ့ထွက်ခွာသည်ကို တွေ့မြင်လိုက်ရသူ ရှားပေလိမ့်မည်။ ရက်များမကြာမီပင် သခင်ဘိုးလှနှင့် ဦးထွန်းစိန်တို့ကို ဂျပန်ကင်ပေတိုင်တို့က ဖမ်းမိပြီဆိုသောသတင်း တမဟုတ်ချင်းပြန့်နှံ့သွားတော့သည်။ ဦးညိုထွန်းသည် စက်သားရွာမှတဆင့် နကံသို့ ကူးလေသည်။ နကံရွာအိမ်ကြီးတစ်ဆောင်အထက်ခန်း၌ တစ်ညတွင် ဦးမောင်နီ၊ ဦးဘစံ၊ ကိုစံသာကျော်၊ ဗိုလ်စောဦးတို့ကို အတူတွေ့လိုက်ရပြီး၊ ဦးညိုထွန်း ကုလားတန်မြစ်ဖျားမှ အိန္ဒိယသို့ လွှတ်ကျော်သွားပြီဆိုသော သတင်းကို တိတ်တဆိတ်ကြားရပါတော့သည်။

၁၉၄၄ ခုနှစ်တွင် ဗြိတိသျှတပ်ဖွဲ့ ၁၃၆ သို့ ရခိုင်သူငယ်များကို တိတ်တဆိတ်လျှို့ဝှက်စွာ လွှတ်ကြလေသည်။ ဗိုလ်သာကျော်၊ ဗိုလ်မောင်ကလေး၊ ဗိုလ်သာထွန်းအောင်၊ ဗိုလ်စံသာကျော်တို့သည် လေထီးဖြင့် ရခိုင်နယ်တွင်းသို့ ဆင်းကြလေပြီ။ ရခိုင်မျိုးချစ်တပ်မတော်ကိုကား၊ ဖွဲ့စီးပြီးခဲ့ပြီမဟုတ်ပါလော။ မေဂျာ-----ကပ္ပတိန်ကျော်နှင့် ဦးညိုထွန်း၊ ဗိုလ်ကြာလှအောင်တို့တပ်ဖွဲ့သည် ကုလားတန်မြစ်ကြောင်းဆင်းလာကြ၏။ ဇင်းခင်ရွေရွာတွင် ဂျပန်ကို စတင်သုတ်သင်ကြလေသည်။ ၁၉၄၁ ခု ဇန္နဝါရီလ၁ရက်နေ့မှာ ဦးပညာသီဟတပည့်သား ရဲဘော်တို့သည် ပြဒေးစခန်း၌ရှိနေသော ဂျပန်ဗိုလ် ကိုဂါဦးစီးသည့် ဂျပန်များကို သုတ်သင်ရှင်းလင်းကြလေသည်။ မေဂျာကရှုးဗိုလ်ညိုထွန်း၊ ဗိုလ်ကြာ လှအောင်တို့ ကြီးမှူးသော မျိုးချစ်တပ်ဖွဲ့သည် စက်သား ရွာမှ တဆင့်သံသရာဖြောင်းပြာဘုရားများသို့ ချီတက်၍ ဂျပန်များနှင့် ရင်ဆိုင်တိုက်ကြလေတော့သည်။

'ခြသေ့်ပါတီ' အမည်ခံ အခြားပြောက်ကျားတပ်ဖွဲ့တွင် ဗိုလ်မောင်ကလေး ကိုထွန်းလှိုင်၊ ဘုံပေါက်သာကျော်တို့ ဦးစီးလျက်ပါကြခါ ပေါက်တောနယ်ကို ဝင်ရောက်၍ ဂျပန်များကို သုတ်သင်ရှင်းလင်းကြတော့သည်။ ရခိုင်ပြည်မှ ဂျပန်တို့ ရှင်းလင်းသွားကြသောအခါ ရခိုင်မျိုးချစ်များသည် မြန်မာပြည်တွင်းသို့ သက်ဆင်း၍ မြန်မာများကို ကူညီကြလေသည်။

ဤကဲ့သို့သော စပ်ကူးမတ်ကူးအချိန်အခါ၌ တိုင်းရင်းသားခေါင်းဆောင်များနှင့် မျိုးချစ်တပ်သားအချို့ကို ဗြိတိသျှ "ဗီ" တပ်ဖွဲ့မှ လိုက်လံဖမ်းစီးနေသည်ကို တွေ့ရ၏။ ဦးညိုထွန်း၊ ဦးကျော်မြ၊ ဦးပညာသီဟ၊ ဗိုလ်ကြာလှအောင်တို့အား အိန္ဒိယသို့ လေယာဉ်ဖြင့် တင်ဆောင်ယူသွားသောသတင်းကို ကြားရပြန်လေသည်။ မကြာမီပင် ကြက်ကိုင်းတန်ရွာ၌ ဦးညိုထွန်းကို ဗြိတိသျှစစ်တပ်ပုလိပ်များ လာရောက်၍ ဖမ်းဆီးသွားပြန်လေသည်။ မကြာမီပင် ဦးညိုထွန်းသည် ကန်ဒီမြို့သို့ ဗိုလ်နေဝင်း၊ ဗိုလ်လကျ်ာတို့နှင့် လိုက်ပါသွားရသည်ဟု ကြားရပါ၏။ ထို့နောက် ဗြိတိသျှတပ်ဖွဲ့ ဗိုလ်အချို့ရောက်ရှိလာပြီး ရခိုင်မျိုးချစ်ပြောက်ကျားတပ်များကို စစ်တွေသို့ခေါ်ယူ၍ တပ်ဖွဲ့ကို ဖျက်သိမ်းလိုက်သောလက်မှတ်စာနှင့် ငွေအသပြာတရာ၊ ဖျင်တိုတထည်စီကို ပေးကမ်းခဲ့လေသည်။ ဤကား ရခိုင်မျိုးချစ်လူငယ်တို့၏ ဂျပန်တော်လှန်ရေး နိဂုံးသတ်ပင် ဖြစ်ပါတော့သည်။

သို့သော် ရခိုင်မျိုးချစ်တို့၏ လုံးပန်းမှုများသည် ထိုက်သင့်သောအကျိုးကို ဖြစ်ထွန်းမည်ကား မလွဲပါပေ။ ဗြိတိသျှနယ်ချဲ့အောက်က လွတ်မြောက်ရန် အိန္ဒိယပြည်သည်ပင်၊ နှစ်ပေါင်း ၁၀၀ကျော် နည်းအမျိုးမျိုးဖြင့် လုံးပန်းခဲ့ရ၏။ ကိုယ့်အမျိုးကိုယ့်ဒေသကိုယ့်ပြည်၏ ထွန်းသစ်ရေးအတွက် လှုပ်ရှားမှုသစ်တစ်ရပ်ကို ဖန်တီးလာကြသော ရဲဘော်မျိုးချစ်တို့သည် ရှေးရာဇဝင်ကြောင်း အဖြစ်အပျက်များမှ သင်ခန်းစာများယူ၍ အသစ်အသစ်ဖြစ်ပေါ်နေသော ပြဿနာများကို ဖြေရှင်းကျော်နင်းနိုင်ပါစေသတည်း။

**စစ်တွေမောင်**

# 'ဥက္ကာပျံ'

မောင်တင်ဦး

ရခိုင်မင်းသမီးချောင်းကို ရေးသားစီကုံးသူကဗျာစာဆိုရှင်အမတ်ကြီး အဒူမင်းညို ပြီးနောက် ဥက္ကာပျံသည် ရခိုင်ကဗျာစာဆိုများအနက်တွင် အထင်အရှားဆုံးသော စာဆိုရှင်ဖြစ်ပေသည်။ သို့သော် 'အောက်အာကာဗွိ'၊ ဝါရောထွိ၍ လီထက်ကားရီ၊ ရီထက်မြီနှင့်" စသဖြင့် ရခိုင်သံလေးလေးကြီးဖြင့် ရေးသားစပ်ဆိုခဲ့သော ရတုဧကေပိုဒ်သုံးပိုဒ်လောက်မှတပါး ဤစာဆိုရေးသားခဲ့သော အခြားကဗျာလင်္ကာများမှာ ရှာမရလောက်အောင်ပင် တိမ်မြုပ်ပျောက်ကွယ်လျက် နေခဲ့သည်။ သူ၏ကဗျာလင်္ကာများသာ တိမ်မြုပ်နေသည်မဟုတ်၊ သူ၏အတ္ထုပ္ပတ္တိအကြောင်းအရာများကိုလည်း တစုံတရာရှာဖွေ၍ မတွေ့ရသောကြောင့် ခိုင်ခိုင်လုံလုံ မှတ်တမ်းတင်ထားရန် မဖြစ်နိုင်ခဲ့ချေ။ ရခိုင်ပြည်တွင် ရှေးဟောင်း ပေပုရပိုက်တို့သည် များစွာ တိမ်မြုပ်ပျောက်ကွယ်ခဲ့ကုန်ပြီ။ တစ်ဦးစ၊ နှစ်ဦးစဖြစ်သောပုဂ္ဂိုလ်များ၏လက်ထဲတွင်သာ စုဆောင်းလျက် ထားရှိကြောင်း သိရ၏။ ယင်းတို့ကို ဖော်ထုတ်၍ သုတေသနလုပ်ငန်းကို ကျယ်ကျယ်ဝန်းဝန်းပြုစုလုပ်ကိုင်နိုင်ပါမှ စာဆိုဥက္ကာပျံနှင့် သူ၏ကဗျာလင်္ကာများသည်၎င်း၊ ရှေးရခိုင်လူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံတို့သည်၎င်း ထင်ရှားစွာပေါ်ပေါက်ထွန်းကားလာချေမည်။

ယခုသိရှိထားသောဥက္ကာပျံ၏အကြောင်းကားအနည်းငယ်မျှသာ ဖြစ်သည်။ ဤသိရှိထားရချက်များမှာလည်း ရာဇဝင်သမိုင်းများပါ အချက်အလက်များသာ ဖြစ်သဖြင့် အခါခပ်သိမ်း ခိုင်လုံလှပြီဟု ယူဆရန်ခဲယဉ်းလှ၏။ ထိုထက်ပိုမို ဆိုးသည်ကား တစ်ခုသောသမိုင်းနှင့် တစ်ခုသော သမိုင်းတို့သည် ဤဥက္ကာပျံအကြောင်းကို ဖော်ပြရာ၌ အညီအညွတ်မရှိဘဲ ကွဲပြားခြားနားလျက် ရှိနေခြင်းပင်ဖြစ်သည်။ သို့သော် နှောင်းခေတ်တွင် ရေးသားကြသော ရခိုင်ပြည်သမိုင်းဆရာတို့သည် ဥက္ကာပျံအကြောင်းနှင့် စပ်လျဉ်း၍ ၁၁၄၉ ခုနှစ်စပြီး၊ ဓညဝတီအရေးတော်ပုံကို ထူးထူးခြားခြားကိုးကားဖော်ပြသည်ကိုကား တွေ့ရပေသည်။

ဥက္ကာပျံသည် မြန်မာသက္ကရာဇ် ၉၅၅ခုနှစ်တွင် ရခိုင်ပြည်၌ နန်းတက်တော်မူသော မင်းရာဇာကြီးလက်ထက် သားတော် အိမ်ရှေ့မင်း မင်းခမောင်းထံတွင် ဆရာအဖြစ် ထမ်းရွက်ရသူဖြစ်သည်။ ဥက္ကာပျံ၏ မွေးဖွားရာဇာတိနှင့် မိဘမည်ရည်တို့ကိုကား တစုံတရာ မသိရှိနိုင်ချေ။ ဥက္ကာပျံသည် 'စိန်တင်' ရွာကို အပိုင်စားရသောကြောင့် 'စိန်တင်ရွာစား' ဟုလည်း ခေါ်သည်ဟု ဖော်ပြကြသည်။ မင်းခမောင်းကား ကိုယ်ကျန်းစိတ်ကျန်းရှိသူ မင်းသားတစ်ပါးဖြစ်သောကြောင့် ဥက္ကာပျံနှင့် မင်းခမောင်းဆရာနှစ်ဦးတို့သည် များစွာ ဖက်မိလေတော့သည်။

မင်းခမောင်းသည် ခမည်းတော်မင်းရာဇာကြီးကို သုံးကြိမ်သုံးခါ လုပ်ကြံကာ ထီးနန်းလုရာ၌ ဥက္ကာပျံသည် အခါပေးဆရာတစ်ဦး ဖြစ်ပေသည်ဟု ရှေးရှေးရခိုင်ရာဇဝင်များတွင် ဖော်ပြကြသည်။ ပဌမအကြိမ်၌ မင်းခမောင်းနှင့် ဥက္ကာပျံတို့သည် ငရှူး၊ ပြေူးစသော ကျေးကျွန်များကို ကြီးမှူးလျက် ဖခမည်းတော်အား လုပ်ကြံရာ မအောင်မြင်သောကြောင့်၊ ဟံသာဝတီသို့ ပြေးဝင်ခိုလှုံကြရသည် ဆိုသည်။ ဥက္ကာပျံသည် ရတုကဗျာများကို ရေးသားစီကုံးရင်း ဟံသာဝတီတွင် ကဗျာစာဆိုရှင်တစ်ဦးအနေဖြင့် အထူးကျော်ကြားလာလေသည်။ နောင်အခါတွင် ဖခမည်းတော်

က ကျူးလွန်ခဲ့သော အပြစ်ကို ခွင့်လွှတ်သောအခါ မင်းခမောင်းနှင့်ဥက္ကာပျံတို့သည် ရခိုင်ပြည်သို့ ပြန်လာခဲ့ကြ၏။

တစ်နှစ်၊ နှစ်နှစ်ခန့်ကြာသော် မင်းရာဇာကြီးကိုယ်တိုင် ဟံသာဝတီကို တိုက်ခိုက်လေရာ မင်းခမောင်းနှင့် ဥက္ကာပျံတို့လည်း အမှုတော်ထမ်းရင်းနောက်တော်မှ လိုက်ပါရလေသည်။ ထိုသို့သောအချိန်တွင် အခွင့်ကောင်း အခါကောင်းကို ရပြန်သဖြင့် မင်းခမောင်းသည် ဆရာဖြစ်သူ ဥက္ကာပျံ၏ ညွှန်ကြားချက်ဖြင့် ဖခမည်းတော်အားလုပ်ကြံပြန်သည်ဟု ရခိုင်ရာဇဝင်များက ဆိုသည်။ ဤအကြိမ်တွင်လည်း မအောင်မြင်ပြန်သောကြောင့် ရန်သူဘက်သို့ ခိုလှုံဝင်ကြရပြန်၏။ သို့သော် သေရခြင်းအတူတူ ရန်သူလက်အတွင်းသေရခြင်းထက် မိမိဖခင်ခြေရင်းတွင် သေရခြင်းက မြတ်သည်သဘောရသောကြောင့် စွန့်စွန့်စားစားရန်သူများအကြားမှ ဖောက်ထွက်ကာ ဖခမည်းတော်ထံ ပြန်ခဲ့၏။ မင်းရာဇာကြီးသည် သား၏စွန့်စားပုံကို လွန်စွာသဘောကျလှသောကြောင့် မင်းခမောင်းကိုခွင့်လွှတ်ကာ ပေးမြဲစည်းစိမ်ကို ပြန်လည်ပေးပြန်လေသည်။

သက္ကရာဇ် ၉၈၃ခုသို့ ရောက်သောအခါ အိမ်ရှေ့မင်း၊ မင်းခမောင်းသည် ဘေးတော်များ၏ ကုသိုလ်ဖြစ်သော သံတွဲမြို့ ဆံတော်၊ နံတော်၊ အံတော် ဘုရားများကို ဖူးမြော်ရန် ခမည်းတော်၏ ခွင့်ပြုချက်အရ ထွက်ခဲ့လေသည်။ သံတွဲမြို့တွင် ဘုရားသချီ (ဝါ)ဘုရားကျွန်များ ဖြစ်ကြသော တလိုင်းခေါင်းတော်ကျွန်၊ မဟာမေဒင်စစ်သုံးပန်းများဖြစ်သော ကုလားခေါင်း၊ အင်ရှား၊ မတူလာ၊ နောပံ၊ ကခ်ါစသည်တို့နှင့် ပူးပေါင်းမိပြန်ကာ ဖခမည်းတော်ကို နန်းချရန် ကြံစည်ကြပြန်သည်။ ဤ၌လည်း မင်းခမောင်း၏ ဆရာဥက္ကာပျံသည် ကြံစည်ရာတွင် ပါဝင်သည် ဆိုသည်။ ထိုအကြောင်းကို မင်းရာဇာကြီးကြားသိသဖြင့် ချီတက်လာသော မင်းခမောင်းကို ငစင်ရိုင်းကျွန်း၊ ဘားမြို့က ဆီးဆို့ တိုက်ခိုက်ရာ မင်းခမောင်းကို ဖမ်းမိလေ၏။ ဤအကြိမ်၌ ဥက္ကာပျံသည် သားတော်ကို ဆုံးမရန် အထိန်းအကြီးထားသူဖြစ်လျက်နိုင်အောင် မဆုံးမနိုင်သဘောရသဖြင့် စည်းစိမ်မှနှုတ်ကာ မဟာမြတ်မုနိဘုရားတွင် ဘုရားကျွန်အဖြစ် လှူတော်မူသည်။ ဧည္ဝတီအရေးတော်ပုံ၌ကား လက်ကိုဖြတ်၍ လှူသည်ဆို၏။

ဤသို့ဖြင့်လျှင် ကဗျာစာဆိုရှင် ဥက္ကာပျံသည်ဘုရားကျွန် ဖြစ်ရလေသည်။ ဘုရားကျွန်ဘဝကား ယုတ်နိမ့်လှပေစွ။ သက္ကရာဇ် ၉၉၀တွင်း မင်းရာဇာကြီးနတ်ရွာစံလွန်တော်မူသော် သားတော်မင်းခမောင်းသည် ခမည်းတော်၏ ရိုက်ရာကို ဆက်ခံတော်မူသည်။ ထိုအချိန်တွင် မင်းခမောင်းသည် ဆရာရင်းဖြစ်သူ ဥက္ကာပျံကို မမေ့ပေ။ ဆက်လက်သူကောင်းပြုရန် ပြန်ခေါ်သော်လည်း ဥက္ကာပျံက ဘုရားကျွန် ဆိုသည်မှာ ဘုရားကျွန်မျှသာတည်း။ ဤကျွန်ဘဝမှ လွတ်မြောက်ခြင်းငှာ မတတ်နိုင်ရာဟုဆိုကာ မလိုက်ပါဘဲနေသည်။ ဤသို့ဖြင့် တစ်ကြိမ်က နန်းတွင်းတွင်ထင်ပေါ်ကျော်ကြားခဲ့သော ရခိုင်စာဆိုပညာရှိဥက္ကာပျံသည် မထင်မရှားဘုရားကျွန်အဖြစ်ဖြင့်သာ အနိစ္စရောက်ရလေတော့သည်ဟု မှတ်ယူဖွယ်ရှိပါတော့သတည်း။

ဥက္ကာပျံ၏ ဆယ့်နှစ်ရာသီဘွဲ့
(ပေမူအတိုင်း ဖော်ပြထားပါသည်။)

မင်းခမောင်းသည် အရှေ့ဟံသာဝတီတိုင်းမှာနေ၍ သုံးနှစ်စေ့လျှင် ရခိုင်ပြည်သို့ပြန်မည်အကြောင်းကို ကျွန်ယုံပညာရှိဦးကာဗျာန် စာစီကုံး၍၊ မင်းခမောင်းကို တင်ဆက်တော်မူသော တစ်ဆယ့်နှစ်ရာသီရတုစာ။

**တပေါင်းလဘွဲ့**

**ဟောမန်ကုံပြောင်း၊ လတပေါင်းသည်၊ ချမ်းဆောင်းနွေကာလ၊ တပေါင်းမင်းလွင်၊ ရွှက်ကျင်တောင်လေထက၊ ကြွေကျပင်တကား၊ ဖူးပရာဇ်ဆောင်၊ သီကုံးယောင်သို့၊ ခြောက်ရောင်စိမ်းခြေဖြာလျက်၊ ရှုချေသော် လွမ်းဖွေတိ၊ ပွင့်သီးတကာ၊ ပင်တိုင်းမှာသည်၊ ချိန်ခါအညီညီသို့၊ ကြည့်သရွှေ့လွမ်းယောင်ဖွေ၊ တပေါင်းမင်းလွင်၊ ရွှက်ကျင်ရတုလေကာ၊ ကျမ်းသီဟန်နှယ်မပြား၊ ညှာစိန်းရွှေတူ၊ ငွေတူပန်းကြွက်နားတည်း၊ ဒေါနားချက်တရာ၊ ဝယ်ယာကျက်ရုန်း၊ ဂမုန်းစံကား၊ ဆပ်သွားဇီသဝါနှင့်၊ နော်ဇာသည်ဇော်ကျိုပန်းပုန်းညက်ကြန့်ဇာ၊ ဇလတ်တာသည်၊ ခတ္တာပန်းခေါက်ရန်းနှင့်၊ ပြိုင်ပန်းပွင့်ဝေလူ၊ လေပြေသင့်မူး၊ တောလုမ်းမွှေးနန်းကြူမျှ၊ မည်ဇူသည်ပန်းထင်ရှား၊ ကွမ်းဘဲဆင်ဝေ၊ ငုန်းရွှေပန်းချိုရားနှင့်၊ ကုမ်းသီထားနှယ် အတူ။ ဟောမံကုန်ပြောင်း၊**

လတပေါင်းသည်။ ချမ်းဆောင်းအကုန်ယူ၍၊ သာနို့ဟူ ကန်ဝကော်ပန်း။ပွင့်မျိုးစုံစွာ၊ ဝိမ္မတပေါင်းဆန်း၍၊ စွန်းစွန်းဆွပ်ယူ၊ ဆယ်ချောင်းထိပ်မိုးဖုန်းလျှံဖျိုးကို၊ ရှိခိုးတောင်းပန်၏လေ။

ကဆုန်လဘွဲ့

တန်ခူးကုံပြန်၊ တာသင်္ကြန်လည်း၊ လွန်လတ်သည် ခုဆန်းမည် ကဆုန်လ၊ မောင်ကြောင့်စိတ်ပူ၊ မွှေးသတတနှင့်၊ စိမ်းရောင်မြပင်တကာ၊ ရွက်သစ်နုဆောင်၊ ပင်တိုင်းပြောင်သည်၊ ခြောက်ရောင် အလျှံဖြာသား၊ ရှုချေသော်လွန်းချေတိ၊ ကဆုန်ရေသွန်း၊ မိုယ်းပန်းပွင့်လှာဘိက၊ စိတ်သတိညှိုးပူဆာ၊ ခြိုးသားယင့်ယူ၊ စိတ်ပူရောက်ပြန်လှာက၊ ဘုံမွှေ့ရာသလွန်ထက်၊ ညည့်လေးယံမှာ၊ တယံမျှမေမစက်တည်း၊ ကြံတွေးဆနေစည်ခါ၊ ဝတိန်တရိုး၊ ပစ္စုံမိုယ်းသည်၊ ဖြိုးဖြိုးရွာပြလှာ၏၊ မေလွမ်းခါကို မောင်မသိ၊ ပစ္စုံသခင်၊ ပြိုးပြောက်ဆင်သည် ကောင်းခင်လျှပ်ရောင်ပြီးမျှ၊ ကြည့်ရှုဘိခုချိန်ခါ၊ သောတာပန်လောင်း၊ ရောင်မောင်းတထောင်ဖြာသား၊ ထွက်လှာသည်နေမင်း၊နတ်အိန္ဒခေါ်တွင်၊ ဝတိန်ခွင်ဝယ်၊ မြင်းဆင်ရထားကတ်၍၊ ချီသွားကြွတ်အစည်ပြောင်၊ မြင့်မိုရ်လှည့်ပတ်၊ ယုဂ္ဂါန်ထွင့်ဝယ်၊ ချည်းကတ်သွားလတ်ကျင်မှု၊ ဘုန်းရှင်သည်ပစ္စုံနတ်၊ မြပန်းမြပင်၊ မြကုန်းဆင်သည်၊ နတ်ရှင်မြင်ပြန်လတ်က၊ ဆွတ်ဆွတ်ပြုန်းရေရွှင်၊ ဘယ်ကတင်ဆုမ်း၊ ဖန်ကြိန်လုမ်းနှင့်ပင်တည်း၊ လက်ျာတွင်စွဲသံလျက် မိုးနတ်ဘုန်းရှင်၊ ကမြဲဆင်သည်၊ ပျော်ရွှင်မြင်းနှင့်ထွက်က၊ ပြိုးပြက်လျှပ်ရောင်ဖြာ၊ ကဆုန်စမိုယ်း၊ ထစ်ကြိုးသွန်ကျလှာသည်။ ။ မေတို့လွန်းရာဖို့လေ။

သီတင်းကျွတ်လဘွဲ့

သူတော်မိတ်မှတ်၊ လဝါကျွတ်သည်၊ ဆန်းလတ်ခါ၊ လုရွှာပွဲသဘင်၊ ဆီမီးတန်ဆောင်၊ ပန်းထောင်ထီးကြီးပြင်၍၊ သင်ပုန်းတင်တန်းပြက်ခတ်၊ အဋ္ဌသီနှင့်၊ ပဥ္စသီကို၊ အညီစောင့်သုမ်းမှတ်၍၊ ဒါနဝတ်စွန့်ကြလျှ မင်းပွဲသဘင်၊ မြို့ပြင်တချို့လူက၊ သီဇာဟူသောက်ပြွန်းပြွန်း၊ ကောင်းမှုလက်ဆောင်၊ ထမင်းထောင်ကိုပန်၍၊ အံ့ဖွေမှုအသံချိုလက်ခုတ်ဖြောက်ဖြောက်ခြင်းကောက်သံပြိုင်ဆို၍၊ အလိုလိုသောသောရု၊ ဝါကျွတ်သဘင်၊ ပျော်မှုရွှင်သည်၊ လူရှင်အစုစုနှင့်၊ ယစ်ဝမှုအော့အံ့ကာ၊ တချို့ဆဲသည်၊ တချို့ရိုကရာန် ခိုက်ရှာ၍၊ တချို့သာပြစ်တင်ကုန်၊ ပိန်ပေါင်ခရာ၊ စည်ဒုပ္ပါနှင့်၊ ပတ်သာမြို့လုမ်းချုံမျှ၊ ကခြိမ့်ပတ္တလား၊ စောင်းညင်း ပတ်သာ၊ တူရိယာသည် လုရွှာသဘင်များနှင့် တသောသော ထမင်းထောင်၊ လှိုင်ကူထွတ်ထားဘုရားပါး ရောက်အောင်တည်း၊ ကြိုးဆောင်သည်အစုစု၊ သာစုကြံကြံ၊ နေ့ညဉ့်ညံသည် အသံတရုရုနှင့်၊ ရွှင်ပျော်မှု အသွယ်သွယ်၊ ရာသီလည်းလွတ်၊ ဝါလည်းကျွတ်သည်၊ နှင်းလည်းတဝေဝေနှင့်၊ ဝဲရတ်မြေဟောဝန္တာ၊ လေညင်းလာခါ၊ မေလွမ်းရာကို မောင်တော်မသိသာ၍ ကျူးရှေ့ကြာရရှိသည်စုံရကြောင်းကို၊ ခွင့်တောင်းလျှောက်တင်ပေသည်။ ။ မကြာရောက်လာ ဘို့လေ။ ။

နတ်တော်လဘွဲ့

သဇင်ပေါ်စ၊ နတ်တော်လဝယ်ချမ်းရမည်၊ လွန်မတည် စိတ်ဖျာယ၊ မယ်ချည်းလွမ်းဘုံ၊ ဆယ်ထပ်ချုံသော်၊ မလုံသည်ကာလကို၊ တူနှစ်ပါးစုံရစေ၊ ဆယ်ချောင်းထိပ်တင်၊ ဝယ်ယံရှင်ကို၊ မောင်ပင်လျှောက်တင်လေလော့၊ နွမ်းနယ်သာပင်ပန်းမော၊ ခြောက်ထပ်နတ်ရွာ၊ တူသီတာမှာ၊ ဒေဝါနတ်သိကြားလည်း၊ မသနား၊ မကြင်မူ၊ ချမ်းဝှန်တိုးသည်၊ နှစ်မျိုးနှင့်ပင် မတူတည်း၊ ခုဘယ်သူနှုပ်တည်သည်၊ ရိုးခြင်ထဲတွင်း၊ အလွန်ပြင်း၍၊ ချမ်းခြင်းဇောင်ဆိုးသည်တည်၊ မြေးဆောက်တည်မရအောင်၊ စက်ဘုံထဲဝယ်၊ ရေခဲရေကြေဆောင်သို့၊ တမျက်တောင်မရှက်ချင်၊ စက်ခမ်းမွှေရာ၊ ညောင်စောင်းသာမှာ၊ ဗျာပါစီးပြစ်တွင်၍၊ ကိရိယာတောင်မြင်းမိုရ်အထွတ်တင်သည်၊ သခင်နတ်မင်းကိုလည်း၊ ကြိမ်များဖန်လျှောက်တောင်းဆိုချမ်းတက်ချမ်းမျိုး၊ အမှန်တိုးသည်၊ ချမ်းဝှန်အလွန်သဲခဲ့၊ မေချည်းမနေကြေ၊ ရှင်နတ်များတို့ ကိုယ်ချင်းမဆာသည်လော၊ ဇောင်ချမ်းသည့်အခါကို၊ လိုင်ထက်လက်တင်၊ မေ့သက်ရှင်နှင့်၊ တူပင်ပျော်ရလို၏၊ စီးပြစ်သွေတခါခါ၊ ဆယ်ဖြာလက်ကို၊ ပန်းပွင့်ဟန်ပမာသို့၊ ပေါင်း၍သာဦးတင်မှတ်၊ ထက်အာကာမှာ၊ စုဋ္ဌာမုနိဓါတ်နှင့်၊ ဤသောင်းရတ်ဇမ္ဗူတွင်း၊ ကိုယ်စားတော်သည်၊ မဟာမုနိရှင်ကို၊ တိုင်လျှောက်ကျင်ဆုတောင်းခါ၊ ချမ်းဝှမ်လွန်သက်သာသည် ပြာသိုဆန်းလှာဖို့လေ။ ။

(အထက်ပါ ဥက္ကာပျံ၏ ဆယ့်နှစ်ရာသီဘွဲ့များကို မြန်မာနိုင်ငံသုတေသနအသင်း ဂျာနယ်အတွဲ ၁၃၊ အပိုင်း ၃မှ တဆင့် ကူးယူဖော်ပြပါသည်။)

မောင်တင်ဦး

# 'ဒွါရာဝတီတိမ်ဆီပျံ့ပဲမြို့သံတွဲ'

ဦးတင်မောင်ခွေး

ရခိုင်တိုင်းတွင် ဓညဝတီ၊ မေဃဝတီ၊ ရမ္မာဝတီ၊ ဒွါရာဝတီဟူ၍ 'ဝတီ' လေးရပ် ထင်ရှားသည်။ ဓညဝတီသည် ရခိုင်မြို့ခေါ် မြောက်ဦးမြို့ကို ဆိုလိုသည်။ မေဃဝတီသည် မာန်အောင်မြို့ကို ခေါ်သည်။ ရမ္မာဝတီဟူသည် ရမ်းဗြဲမြို့ ဖြစ်သည်။ ဒွါရာဝတီကား သံတွဲမြို့တည်း။

သံတွဲမြို့ကို ဒွါရာဝတီမြို့ဟု အသိအမှတ်ပြုကြသည်။ ပြောစမှတ်ရှိကြသည်။ ယခုသံတွဲမြို့ဟုခေါ်သော ရှေးက ဒွါရာဝတီမြို့သည် အာကာပျံ့ဝဲခဲ့သည်။ အာကာပျံ့ဒွါရာဝတီမြို့ကို သံဖြင့်တွဲခြင်းခံရသဖြင့် သံတွဲမြို့ခေါ်လာသည် နိပါတ်လာဇာတကတွင် အရင်းခံနေသည်။ ဒသနိပါတ်၊ ယဋ္ဌပဏ္ဍိတဇာတ်တွင် ဤသို့ပါရှိသည်။

### နိပါတ်ဇာတက

တကျိပ်သော မင်းညီနောင်တို့သည် ဇမ္ဗူဒိပ်ကျွန်းအလုံး၌ရှိသော မင်းအဖြစ်ကိုယူကုန်အံ့ဟု မြို့မှထွက်၍ အစဉ်သဖြင့် ကာဠယောနကမည်သော မင်း၏နေရာဖြစ်သော အယုဇ္ဈမြို့သို့ရောက်လျှင် ထိုအယုဇ္ဈပြည်ကို မိမိတို့လက်သို့ရောက်လေကုန်၏။ ထိုဒွါရာဝတီမြို့၏ တစ်မျက်နှာမှာကား သမုဒ္ဒရာ၊ တစ်မျက်နှာမှာကား တောင် ရှိ၏။ ထိုဒွါရာဝတီမြို့ကို ဘီလူးတို့သိမ်းဆည်းအပ်သည်ဖြစ်၍၊ ထိုမြို့ကို စောင့်ရှောက်သော ဘီလူးသည် ရန်သူတို့ကိုမြင်၍ မြည်းအသွင်ဖြင့် မြည်လျှင် ထိုမြည်သောခဏ၌ ဘီလူးတို့အာနုဘော်ဖြင့် မြို့အလုံးအရင်းသည်ကောင်းကင်သို့ ပျံ့တက်၍၊ မဟာသမုဒ္ဒရာဝယ် ကျွန်းငယ်တစ်စု၌တည်၏။ ရန်သူတို့ သွားကုန်သည်ရှိသော်၊ တဖန်ပြန်လတ်၍ မိမိနေရာ၌သာလျှင် တည်၏။ ထိုမင်းညီနောင်တကျိပ်တို့ ရောက်လာသောအခါ၌လည်း၊ မြည်းယောင်ဆောင်သော ဘီလူးတို့သည် ထိုမင်းညီနောင်တကျိပ်တို့၏ လာခြင်းကိုသိ၍ မြည်း၏မြည်ခြင်းကို မြည်၏။ ထိုမြို့သည် ကောင်းကင်သို့ ပျံ့တက်၍ သမုဒ္ဒရာကျွန်းငယ်၌ တည်၏။ ထိုမင်းညီနောင်တကျိပ်တို့သည် မြို့ကိုမမြင်ကုန်၍ ပြန်ကုန်သည်ရှိသော်၊ တဖန်လာပြန်၍ မိမိနေရာအရပ်၌ တည်၏။ ထိုမင်းညီနောင်တကျိပ်တို့သည် ဒွါရာဝတီမြို့၌ မင်းအဖြစ်ကို ယူခြင်းငှာ မတတ်နိုင်သည်ရှိသော်၊ တဏှာဒီပါယနအမည်ရှိသော ရသေ့အထံသို့သွားပြီးလျှင် ရှိခိုးကုန်၍ 'အရှင်ဘုရား၊ အကျွန်ုပ်တို့သည် ဒွါရာဝတီမြို့၌ မင်းအဖြစ်ကို ယူခြင်းငှာ မတတ်နိုင်ပါကုန်။ အကျွန်ုပ်တို့အား တစ်ခုသောအကြောင်းကို ပြတော်မူပါကုန်လော့' ဟု မေး၍ 'ကျုံးပြင်အရပ်၌ တစ်ခုသောမြည်းသည် ရှိ၏။ ထိုမြည်းသည် ရန်သူတို့လာသည်ကိုမြင်၍ မြည်း၏အသံကို မြည်သော ခဏ၌ မြို့သည်ပျံ့၍ သွား၏။ သင်တို့သည် ထိုမြည်း၏ခြေတို့ကို ကိုင်လေကုန်။ ဤသည်လျှင် သင်တို့၏ အလိုကြီးခြင်း၏အကြောင်းတည်း' ဟုဆိုသည်ရှိသော်၊ ထိုမင်းညီနောင်တကျိပ်တို့သည် ရှင်ရသေ့ကို ရှိခိုးပြီးလျှင် သွားလေ၍၊ တကျိပ်သော မင်းညီနောင်တို့သည်ပင်လျှင် မြည်း၏ခြေကိုကိုင်ပြီးလျှင် 'အရှင့်ကိုထား၍ အရှင်မှတပါးသောသူသည် ကိုးကွယ်ရာမရှိပါ။ ငါတို့မြို့ကို သိမ်းယူသောအခါ၌ မမြည်ပါလင့်' ဟု တောင်းပန်ကုန်၏။ မြည်းသည် 'ငါသည်မမြည်ဘဲ နေခြင်းငှာ မတတ်ကောင်း၊ သင်မင်းသားတို့သည်ကား ရှေးဦးစွာ လာလတ်ကုန်၍ လေးယောက်ကုန်သောသူတို့သည် ကြီးစွာသော သံချောင်းတို့ကိုယူ၍၊ မြို့တံခါးလေးမျက်နှာတို့၌ ကြီးစွာသော သံတံသင်းတို့ကို

မြေ၌စိုက်၍ မြို့၏ပျံအံ့သောကာလ၌ သံချောင်းတို့ကို ကိုင်၍ သံချောင်း၌ဖွဲ့အပ်သော သံကွင်းကို သံတံသင်း၌စွပ်လေကုန်။ မြို့သည် ပျံတက်ခြင်းငှာ မတတ်နိုင်လတ္တံ့' ဟုဆို၏။

ထိုမင်းညီနောင်တကျိပ်တို့သည် ကောင်းပြီဟုဆို၍ ထိုနေ့ည သန်းခေါင်ယံ၌ ဝင်လျက်သံချောင်းတို့ကိုယူ၍ မြို့တံခါးလေးမျက်နှာတို့၌ သံတံသင်းတို့ကို မြေ၌စိုက်၍ တည်ကုန်၏။ ထိုခဏတွင် မြည်းသည်မြည်၏။ မြို့သည် ပျံခြင်းငှာ အားထုတ်၏။ တံခါးလေးမျက်နှာတို့၌ တည်ကုန်သော မင်းသားတို့သည် လေးခုသောသံချောင်းတို့ဖြင့် ကိုင်ကုန်၍၊ သံချောင်း၌ ဖွဲ့အပ်သောသံကွင်းတို့ကို သံတံသင်းတို့၌ ဖွဲ့ကြကုန်၏။ မြို့သည်ပျံတက်ခြင်းငှာ မတတ်နိုင်။ မင်းညီနောင်တကျိပ်တို့သည် ထိုနောက်မှမြို့သို့ ဝင်ပြီးလျှင် မင်းကိုသတ်၍ ဒွါရာဝတီပြည်ကို ယူကုန်၏။

ဤသံတွဲမြို့ဇာတ်ကြောင်းသည် နောက်ပိုင်းပြောဆိုလာကြရာတွင် အပိုအလွန်အရောအနှော၊ အထွေးအယှက်များ ရှိလာခဲ့သည်။ ဇာတ်ကြောင်းများလည်း လွဲချော်၍ ပြောလာကြသည်။ ရာဇဝင်များတွင်ပင် ဤသို့ဖြစ်တတ်ကြောင်းကို ရမ်းဗြဲတောင်ကျောင်းဆရာတော်သည် ရခိုင်ရာဇဝင်သစ်ကို ပြုစုရေးသားရာတွင် ဆရာမေဓည်းရာဇဝင်ထိုရာဇဝင်ကို မှီ၍ ရေးသောအချို့သော ရာဇဝင်သစ်တို့၌ကား၊ အပိုအလွန်များစွာ ပါလေသည်။ ဇာတ်လာစကားနှင့်မညီလေ' (၁၈၇)ဟူ၍၎င်း။ 'အချို့ရာဇဝင်သစ်၌လည်း စီစစ်ခြင်းမပြု ဇာတ်ဝတ္ထုစကားပြင်ထက်၊ ချဲ့ထွင်ကာရေးသား၍ အများကြီးပါလေသည်။ ပညာဖြင့် ဆင်ခြင်၍ ဇာတ်တွင်လာစကားကိုသာ မှတ်သားနှလုံးမူရမည်' (၂၀၀) ဟူ၍၎င်း စကားချပ်၍မှာကြားထားသည်။ သို့သော သံတွဲမြို့သည် မိုးပျံဒွါရာဝတီဖြစ်သည်ဟူသော အယူအကြည်ကိုကားအညီအညွတ် လက်ခံသဘောတူကြသည်။

## ဒွါရာဝတီ

ဒွါရာဝတီသည် မဇ္ဈိမဒေသရှိ အိန္ဒိယဒွါရာဝတီနှင့် သံတွဲမြို့ခေါ်သော၊ ရခိုင်ဒွါရာဝတီဟူ၍ နှစ်မြို့ရှိနေသည်။

အင်္ဂုရပေတဝတ္ထုတွင် အင်္ဂုရမင်းသားသည် ဒွါရာဝတီပြည်မှ ကမ္ဘောဇပြည်သို့ လှည်းတထောင်ဖြင့် ကုန်သွယ်သွားကြောင်း၊ အပြန်တွင် ဒွါရာဝတီ၌ အလှူကြီးပေးကြောင်း ပါသည်။

ဤအကြောင်းကိုထောက်၍ အိန္ဒိယကြေးမုံကျမ်းကြီးကို စီစဉ်ရေးသားရာတွင် ဆရာတော်ဦးကိတ္တိသည် 'ဒသနိပါတ်ဃဋပဏ္ဍိတဇာတ်၌ ဝါသုဒေဝမင်းသားတကျိပ်တို့နေရာဒွါရာဝတီမြို့သည် တဖက်က သမုဒ္ဒရာ၊ တစ်ဖက်က တောင်ရှိကြောင်းကို ဆိုလိုတော်မူသည်" ဟု အိန္ဒိယဒွါရာဝတီမြို့ကို ညွှန်ပြသည်။ ထိုနောက် "ဤအခါသမယမှာလည်း ဒွါရကမြို့ (ဒွါရာဝတီ)သည် တောင်တဖက်သမုဒ္ဒရာတစ်ဖက်၌ ရှိ၏။ မြို့နား၌လည်း ရိုးမတီးခေါ်သော မြစ်ငယ်လည်းတစ်ခုရှိ၏။ သေးငယ်သော မြို့ပင်ဖြစ်ငြားသော် ကမ္ဘာပေါ်မှာ ထင်ပေါ်လျက် ရှိနေ၏။" ဟု အိန္ဒိယဒွါရာဝတီကို "အိန္ဒိယကြေးမုံကျမ်းကြီး" (စာမျက်နှာ ၁၁၈-၁၂၀)တွင် ခရီးစဉ်နှင့်ညွှန်ကြားရေးသားထားသည်။

အိန္ဒိယတွင် ဒွါရာဝတီမြို့သည် အထင်အရှားရှိသည်။ ရခိုင်ပြည်တွင်လည်း ဝတီလေးရပ်အပါအဝင် ဒွါရာဝတီမြို့သည် အထင်အရှားရှိနေသည်။ ထိုအကြောင်းကို "ဒွါရာဝတီမြို့ကို သံဖြင့်တွဲ၍ ယူအပ်လေသည်ကို အကြောင်းပြု၍ သံတွဲမြို့ဟု တွင်ပေကြောင်း၊ ဤသံတွဲမြို့ဟူသည်လည်း အခြားတပါးပြည် မဟုတ်"ငါတို့ရခိုင်လေးမြို့အဝင် ဒွါရာဝတီသံတွဲမြို့ဖြစ်ကြောင်းစသည်တို့ဖြင့် ရာဇဝင်မှတ်စု၊ ရတုမော်ကွန်း အခန်းခန်းတို့တွင် စီစဉ်ရေးသားမှာထားမိန့်ဆိုကြလေသည်" ဟု ရမ်းဗြဲတောင်ကျောင်း ဆရာတော်သည် ရခိုင်ရာဇဝင်သစ်တတိယတွဲ စာမျက်နှာ ၁၀၀ တွင် ရေးခဲ့သည်။ တဖန် "ဒွါရာဝတီပြည်ဟူသည့် အိန္ဒိယပြည်ကြီး၏မြောက်ပိုင်းတွင်သာ ရှိသည်ဟု ဆိုသင့်သည်။ ယင်းသို့ယူသင့်သော်လည်း ရှေးပဝေဏီက စီစဉ်ရေးသားမှာထားစီရင်သော ရာဇဝင်ဝတ္ထုရတုမော်ကွန်း အခန်းခန်းတို့၌ ဒွါရာဝတီဟူသည် ငါတို့ရခိုင်လေးမြို့အဝင် သံတွဲမြို့ပင်ဖြစ်ကြောင်းနှင့် ဆိုသောကြောင့် ထိုရာဇဝင်စကားတို့ကို ထောက်ထားရှုမျှော်၍ သင့်လျော်ရာ ရေးပြလိုက်ပေဦးအံ့" ဟု ဆက်လက်မိန့်ကြားသည်။

"အန္တရကပ်တစ်ဆယ့်တကပ်မြောက် အဦး၌ တင်မြောက်အပ်သော မဟာသမ္မတမင်းမှစ၍ ဝရမန္ဓါတုမင်းဖြစ်တော်မူသောအခါ ထိုမင်း၏သားတော်သည် ဂဇပတိ၊ အဿပတိ၊ နရာပတိ၊ ဝဏ္ဏပညာဟူ၍ ၄ယောက်

ရှိကြောင်း။ ထို၄-ယောက်တို့တွင် ဂဇာပတိသားတော်အား ဇမ္ဗူဒိပ်ကျွန်း၏ မြောက်ပိုင်းကို၊ အဿာပတိအား ဇမ္ဗူဒိပ်ကျွန်း၏ တောင်ပိုင်းကို၊ နရပတိအား ဇမ္ဗူဒိပ်ကျွန်းအရှေ့ပိုင်းကို ပေးအပ်တော်မူကြောင်း အငယ်ဆုံးဝဏ္ဏပညာကို မေးတော်မူရာ မိမိကပေးရာကို လိုပါသည်လျှောက်သဖြင့် ကံမြင့်ရာဇာတွင်ပေကြောင်း၊ ၎င်းကံမြင့်ရာဇာအား ဂဝံပတိ၊ ပရမီသွာ နတ်မင်းတို့ ဖန်ဆင်းတည်ထောင်၍ ပေးအပ်သော ငါတို့ရမ္မာဝတီပြည်၊ ဒွါရာဝတီပြည်၊ မေဃာဝတီပြည်၊ ဓညဝတီပြည်တို့ဖြင့် ထွန်းပေါ်ပေါက်လေကြောင်းနှင့် ဆိုလေသည်။ ယင်းသို့ဆိုအပ်သော စကားများကိုလည်း ထောက်ထား၍ ဆင်ခြင်ယူရမည်။ ဤသို့ရေးသားပြဆိုအပ်သော ရာဇဝင်စကားတို့သည် တင်စားသည်ပင်ဖြစ်စေ၊ စင်စစ်မှာမူ ဝါသုဒေဝစသော မင်းညီနောင်တကျိပ်တို့ မလာမရောက်မီကပင် ဒွါရာဝတီ၊ ဝေသာလီစသော ငါတို့ရခိုင်ပြည် မဟာဝိမိကတိုင်း၌ ရှေးရှေးသော မဟာသမ္မတမင်းတို့၏ အဆက်အနွယ်ဖြစ်သော မင်းများတို့ ပြုစုတည်ထောင်မင်းမူဘူးကြသော တိုင်းပြည်ဟူ၍ကာ၊ မှတ်သားသင့်ပေကြောင်း” ဟူ၍လည်း ထောက်ခံရေးသားထားသည်။

ရခိုင်ရှေးဟောင်းသမိုင်းစာတမ်း လက်ရေးရာဇဝင်မူတစ်ခု၌လည်း ဒွါရာဝတီသံတွဲမြို့အကြောင်းကို ဤသို့ရေးသားပါရှိသည်။

## ဒွါရာဝတီအကြောင်း

မဟာသုန္ဒရေတွင် မြင်သောသားကား ဘုန်းတန်ခိုးအလွန်ကြီး။ မဟေသူရာနတ်မင်း၏သမီး သုဝဏ္ဏပဘာနှင့် အိမ်ထောင်သင့်ရာဝယ် သမုတ္တိဒေဝမင်းသားကို မြင်၏။ ၎င်းလည်း ပါရမီသွာရာနတ်၏ သမီးသုဂန္ဓကလျာနှင့် အိမ်ရာသင့်၏။ မဟေသူရာနတ်သမီးနှင့် ပါရမီသွာနတ်သမီးနှစ်ပါးသည် ညီကြ၍ သားမြေးတို့ကို တည်ထောင်၍ နေစေသော အရာကိုရှာကြရစေဟူ၍ ရှာကြည့်လတ်သော် လူ့ပြည်နတ်ပြည်နှင့် အလွန်နီးသောကြောင့် လူနှင့်နတ်တို့ ရောယှက်သဖြင့် အိမ်ရာတည်ထောင်ထိုက်သော ရသေ့မုနိအလောင်းတော်တို့ကား ဘုရားအဆက်ဆက် ပါရမီပြည့်လတ့်သောအရာ သာသနာတော်လည်း အဆက်ဆက်တည်ရာဖြစ်သော နတ်၏ရတု၊ လူ၏ရတု၊ နတ်တို့၏ပျော်ဘွယ်၊ လူတို့၏ပျော်ဘွယ်၊ နတ်တို့၏ခဲဘွယ်တို့နှင့် အလွန်ပြည့်စုံသော ရမ္မဝတီဟူသော ရွှေပြည်မြတ်ကို မြင်လေလျှင် ဤပြည်တွင်သာ ငါတို့သားမြေးတို့သည် တည်ထောင်အံ့သောအရာကောင်း၏ ဟူ၍ မဟေသူရာနတ်ကား အနောက်ပိဿနိုးနတ်ကားတောင်၊ ကာဠုနတ်ကားမြောက်၊ သိကြားအရှေ့၊ ဗြဟ္မာ အလယ်နေကြပြီးသော် ငါးရာ့ငါးစင်းမြစ်တို့ဝယ် တစင်းအကျုံးဝင်သော ငါးဆယ့်ငါးဖြာအတက်နှင့် ပြည့်စုံသော သတ္တဝါတို့၏အလိုကို မဏိဇောတိရသပတ္တမြားကဲ့သို့ ရတနာမျိုးတို့ဖြင့် အလိုခပ်သိမ်းကို ဖြည့်သော ကစ္ဆပနဒီဟူသောမြစ်ကြီးကို အလယ်ထားပြီးသော်၊ တာဝတိံသာနှင့် တုသိတာနှစ်ပါးသည် စပ်ထားဘိသကဲ့သို့ ပြုရကုန်ပြီးမှ လူ့ဘုံ-နတ်ဘုံဝယ် ပျော်မြူးဘွယ်သောအရာတို့ကို ပြုကြပြီးလျှင်၊ မြို့ကြီးလေးမြို့၊ မြို့ငယ်တစ်ရာ့ကိုးဆယ့်ရှစ်မြို့၊ ပြင်ရံမြို့ပေါင်း လေးထောင်၊ အထူးထူးသော ခဲဘွယ်-စားဘွယ်တို့သည် ရတုအလိုက်ဖြစ်ထွန်းသော နတ်ဥယျာဉ်၊ ရေတွင်း၊ ရေကန်၊ အင်းယောင်း၊ အင်းဝန်း၊ အိုင်ချောင်း၊ မြောင်းအပြည့်အမွန်အနံ့အစပ် စီရင်ပြီးသော်၊ ဆန်းကြယ်စွာသော ကေလာသပတောင်တွင် မြင့်မိုရ်တောင်ထွတ်နှစ်ပါးကို တုစပ်ပြန်ရသကဲ့သို့ တံတားစကျော်၊ စောင်းတန်း၊ လှေကား၊ ဝန်း၊ တံတိုင်း၊ ရင်တား၊ ဗိမာန်၊ နန်း၊ ပြဿဒ်၊ စရပ်၊ မဏ္ဍပ်၊ ကန္နား၊ တံခါးကြီး၊ တံခါးငယ်၊ ကျုံး၊ တန်ဆောင်း၊ ပစ္စင်ရင်တား၊ ပြအိုးစသော မြို့အင်္ဂါတို့ကို အစုံစီရင်လျက် ရှေးဦးစွာ ဒွါရာဝတီရွှေမြို့ပျံကို တည်၏။

## သံတွဲအကြောင်း

ထိုအခါဝယ် မင်းသားညီနောင်တကျိပ်တို့သည် ဒွါရာဝတီရွှေမြို့ပျံကို ဆင်ခေါင်းအရပ်ကနေ၍ စစ်ကပ်လာ၏။ ဆင်ခေါင်းဟူသည်ကား ဂေါတမအလောင်းတော်သည် ဆင်တဇာစ်ဖြစ်၍၊ ခန္ဓာရွှေ့လျောပြီးလျှင် ထိုအရပ်ကို ဆင်ခေါင်းဟု တွင်၏။ ဝါသုဒေဝမင်း၏ ပြဿဒ်တပင်တိုင်ကို မသွားသာ၍ လူရှစ်သောင်းတို့ တူးပေါက်သည်ကို ‘စလထုံပေါက်’ ဟု တွင်၏။ ထိုဒွါရာဝတီမြို့ပျံကို မင်းညီနောင်တကျိပ်တို့ အကြိမ်ကြိမ်တိုက်ခိုက်သော်လည်း၊ မြစ်တစ်ဖက်၊ တောင်တဖက်ခံနေသောကြောင့် လူပြောဟောသံ ဆင်မြင်းတို့မြည်သောအသံတို့သည် ကောင်းကင်သမုဒ္ဒရာက

သာကြား၍ တိုက်၍မရနိုင်လျှင် ထိုမြို့၏ အရှေ့ဘက်၌ သီတင်းသုံး၍နေသော နတ်မျက်စိကိုအစိုးရသော ကဏှာ ဒီပါယနရသေ့ထံသို့ တမန်စေလွှတ်၍ စုံစမ်းလေသော်၊ ကဏှာဒီပါယနရသေ့လည်း ဤမြို့ကိုစောင့်နေသော 'ဘီလူး မပြည့်ဝ' သည် မြင်းအရုပ်ယောင်ဆောင်၍ မြို့ကိုလကျာ ရစ်လှည့်၍ မြည်ပြီးလျှင် ကောင်းကင်ထက်သို့ ပျံဝဲ၍ တက်ပြီး မှ ပန်းဆိုင်းဆွဲသကဲ့သို့ နေ၏။ ထို့ကြောင့် ဤ မြို့သည် ကောင်းကင်သမုဒ္ဒရာ၌သာ အသံကို ကြားရ သည်ဖြစ်သောကြောင့်၊ မြို့ပျံဟူ၍ ခေါ်ကြကုန်၏။ ဤမြို့ ကို ရလိုသော် ဘီလူးမပြည့်ဝကို နွားနို့၊ ထောပတ်အချို အရသာပေး၍ တောင်းပန်ပြီးမှ ဤမြို့ကို အလယ်ချက်၌ သံတင်းပုတ်ရိုက်၍ ဦးခေါင်း-ခြေလက်တို့ကို တူးဖြတ်လေ က ဤမြို့သည် မပျံနိုင်လတ္တံ့ဟု ကဏှာဒီပါယနရသေ့က သင်တို့သခင်ကို ပြောလေဟု မှာလိုက်သည်ကို 'ပြောလီ ကျွန်း' ဟု တွင်၏။

ထိုရသေ့ဆိုလိုက်သည့်အတိုင်းလျှင် မြို့၏လည်ပင်း စသည်တို့ကို ဖြတ်လှီးပြီးသော် တပါးသောအရပ်၌ တံသင်းပုတ်နှက်၍ ထိုမြို့ကို သံကြိုးဖြင့်တွဲ၍ တိုက်လေ လျှင် မပျံနိုင်သည်ဖြစ်၍ မင်းနှင့်တကွ မြို့ကို ရလေ၏။ သံနှင့် တွဲရသောအစဉ်အားဖြင့် 'သံတွဲ' ဟူ၍တွင်၏။ အရပ်လေးမျက်နှာကို ထွက်ဝင်သွားလာနိုင်သောကြောင့် 'ဒွါရာဝတီ' ဟု ရှေးကအမည် တွင်၏။

ဤသမိုင်းစကားမှာလည်း ဒွါရာဝတီမြို့သည် ရခိုင် သံတွဲမြို့ဖြစ်ကြောင်း ရှေးအယူအဆကို ထောက်ခံညွှန်ပြ ထားသည်။

အင်းဝနရပတိကြီး (၈၀၄-၈၃၀)နှင့် မင်းပြိုင်အုပ်စိုး သော မြောက်ဦးဒုတိယမင်းအလီခင် (၇၉၅-၈၂၀)သိမ်း ယူသော သံတွဲဘုရင်မ 'စောယင်မိ'သည် အလီခင်ထံ သံတွဲ မြို့ဘွဲ့အဖြည့်ခံ ရတုနှစ်ပိုဒ် ဆက်သည်။ ဒုတိယအပိုဒ် တွင် သံတွဲမြို့သမိုင်းပါရှိသည်။

'မောင်တို့နေရာ၊ ရွှေပြည်သာသို့၊ လိုက်ပါဟူလည်း၊ မတူရာလော၊ မသိမောခဲ့၊ မင်းစောဒသ၊ ဘာတိကတို့၊ ဒီပဇမ္ဗူ၊ လုံးလုံးချူ၍၊ ခွန်ယူသိမ်းမြန်း၊ ထီးနန်းတည်ရာ၊ မယ်တို့ရွာလည်း၊ ဒွါရာဝတီ၊ သိင်္ဂီရောင်လျှံ၊ မြို့ရှင်ပျံဝယ်၊ ပတ်ရံသုံးထောင်၊ သုံးဆူနောင်လည်း၊ ရှုသောင်ရှုသာ၊ အာကာထက်လင်း၊ ဘဝင်ချင်းမျှ၊ ခပင်းနတ်လူ၊ ကိုးရာ မူသား၊ မျိုးတူဇနီး၊ မကြီးဘုန်းသစ်၊ ချစ်လို့သနား၊ နောင် အားမေတ္တာ၊ သက်လိုပါ၍၊ သရဏာပွင့်၊ ပန်းသုံးဆင့်ကို၊ မောင်နှင့်ခိဌာန်ပန်ရစေ'

ဤရတုကို ထောက်ထား၍ 'မိုးပျံမြို့ဒွါရာဝတီသည် ဝါသုဒေဝတို့ကြောင့် သံတွဲမြို့တွင်လာကြောင်း' ရခိုင်တို့ အစဉ်အဆက် ယုံကြည်မှတ်သားလာခဲ့သည်ကို အထင် အရှားတွေ့မြင်ရပါသည်။

ရခိုင်ရာဇဝင်ဆရာတို့ကဲ့သို့ပင် မြန်မာကဗျာဆရာ များ၏ အမြင်မှာလည်း သံတွဲမြို့သည်၊ မိုးပျံမြို့ဒွါရာဝတီ ဖြစ်ကြောင်း ကောင်းစွာပင်ထောက်ခံကြပါသည်။ ယုံမှတ် ခဲ့ကြပါသည်။

ရတုနဝဒေးကြီးသည် 'ခရီးမြေရှည်' ချီ သံတွဲမြို့ အံ တော်ဘုရားတိုင်ရတု၊ ဒုတိယအပိုဒ်တွင် "မနီး ရွှေပြည်၊ ရန်စို့ ပယ်ချိုး၊ ဖြူရိပ်မိုးသား၊ တန်ခိုးထန်ပြင်း၊ ရခိုင်မင်း" ဟု မိုးပျံမြို့ကို ဖွဲ့ဆိုခဲ့သည်။

လက်ဝဲသုန္ဒရသည် 'မြတ်ပန်းဝေဆာ' ချီကျေးစေရတု ဒုတိယအပိုဒ်တွင် 'ပတ်သန်းခွေကာ၊ ရှေးသောအခါက၊ ဗိုလ်ပါဝန်းကျင် မြို့စီရင်သော်၊ ကောင်းကင်တိမ်မိုး၊ ပျံမည်စိုး၍၊ သံကြိုးရစ်ချည်၊ ဆိုင်းဘူးသည်ဟု၊ မြို့စည်သံတွဲ။ ရမ်းဗြဲပြည်ထောင်။ မန်အောင်တဆိုင်၊ ရခိုင်တသင်း၊ လေး ပါးမင်း၊--" ဟု သံဆိုင်းမြို့ကို အထူးဖွဲ့ဆိုထားပုံကို တွေ့ရ သည်။

ရွှေတိုက်စိုးဦးတိုးသည် အိမ်ရှေ့မင်းနှင့်အတူ ရခိုင် ပြည်ကို စစ်ချီရသည်။ သူ၏ ရခိုင်ချီရတုများတွင် သံတွဲ မြို့ကို မိုးပျံဒွါရာဝတီအဖြစ်၊ ဖွဲ့ဆိုခဲ့သည်။ 'မြမျက်စိန်ဖြာ' ချီရတုတွင် 'ရေဝန်းတောင်ရံ၊ မြို့မိုးပျံ' ဟူ၍ဒင်း၊ 'ဆင် မြင်းခြေသည်' ချီရတုတွင် 'တာရာဦးတွင်၊ ကွန့်မြူးမိုးယံ၊ ဖြူးဖြူးပျံသား၊ မြို့သံတွဲမည်၊ ရခိုင်ပြည်' ဟူ၍ဒင်း၊ 'ယဉ် ကြည်ရစ်သန်း၊ မိုးပျံနန်း' ဟူ၍ဒင်း၊ ရောင်လှစ်လျှပ်ဖြာ' ချီရတုတွင် 'ပျံနန်းထွက်တည်၊ မင်းနှင့်ပြည်' ဟူ၍ဒင်း၊ 'နေဝန်းစကြာ' ချီရတုတွင် 'ဆယ်ဆူမင်းပြိုင်၊ တန်ခိုးလှိုင် သား၊ မှိုင်းမြိုင်ဝေမို့၊ ဘီလူးမြို့' ဟူ၍ဒင်း၊ 'နွေကူးရာသီ' ချီရတုတွင် 'တန်ခိုးဆန်းကြွယ်မြို့မိုးကယ်' ဟူ၍ဒင်း၊ 'ပြောင်ရွှန်းရှစ်ပြိုင်' ချီရတုတွင် 'ဘီလူးစောင့်သည်၊ သို့ သည်ပြည်' ဟူ၍ဒင်း၊ 'ကောင်းကင်ပျော်သည်၊ ဈာန်ရ ပြည်' ဟူ၍ဒင်း ရေးသားပါရှိသည်။

မော်ကွန်းစာဆို နဝဒေးသည် ရခိုင်မော်ကွန်း ပုဒ်ရေ ၂၉တွင် "ဝါသုဒေဝ၊ ဒသနညီနောင်၊ မင်းကုံအောင်တို့၊ ပြောင်ပြောင်ဇမ္ဗူလှည့်သိမ်းယူသော်၊ ရှုရှုပင်လယ်၊ ငှက်နှယ်ပျံ့ဝဲမြို့သံတွဲဝယ်၊ ဝှန်သဲမည်ရှူး၊ မြည်းဘီလူးကို၊ ပွဲဦးခင်းလှစ်၊ မင်းချည်းဖြစ်က--" ဟု ဒွါရာဝတီမြို့ကို မြို့သံတွဲဟူ၍ပင် မော်ကွန်းထိုးခဲ့သည်။

အာသောကရာမတိုက်၊ ရတနဘုံကျော်ကျောင်းတိုက် ကျောက်စာတွင် "ရခိုင်ဥေဝတီစသော ဒွါရဝတီတိမ်ဆီမိုးယံပျံသည့် မြို့မှသော်လည်း လက်နက်နိုင်ငံဖြစ်၍ ရွှေဘုန်းတော်အား သိကြားစောင်မချီးပင့်သဖြင့် ရွှေမြို့တော်သို့ရောက်တော်မူသော" ဟူ၍ သံတွဲမြို့အကြောင်း ပါရှိသည်။

စိန္တကျော်သူဦးဩသည် လက္ခဏာသတ်ပုံသံပေါက်တွင် "ဒွါရပူရ၊ မိုးသို့ပျံသံနှင့်ချိတ်ကာတွဲ" ဟု စပ်ဆိုခဲ့၏။ ၎င်းကို မြောင်းလှမြို့စားမင်းကြီး သီရိမဟာဇေယျသူသည် ကဝိလက္ခဏာဒီပနီကျမ်းတွင် ပိဋကတ္ထအဝယဝတ္ထုတို့ဖြင့် ယဋ္ဌပဏ္ဍိတဇာတ်သံတွဲမြို့ဝတ္ထုကို ရည်ညွှန်းဖွင့်ပြဖြေဆိုရေးခဲ့သည်။

ကျည်းကန် ကိုယ်ရင်ကြီး ရှင်နန္ဒဓဇသည်လည်း စွယ်စုံကျော်ထင် အမေးပုစ္ဆာသတ်ပုံများတွင် "သူ့ရန်သူကြံ၊ မိုးသို့ပျံ၊ နာမံဘယ်မြို့ဘယ်ကြောင့်နည်း' ဟု ဖွဲ့စပ်မေးမြန်းခဲ့ရာ ကျီးသည်းဆရာတော်သည် အဖြေခန်းတွင် ယဘ ပဏ္ဍိတဇာတ်ဖြင့် ရခိုင်သံတွဲမြို့ကို ညွှန်ပြရေးသား ဖြေဆိုခဲ့သည်။

မြန်မာပညာရှိများ၏ အမြင်မှာလည်း ရခိုင်အယူအဆနှင့် မကွဲ "ဒွါရာဝတီ၊ တိမ်ဆီပျံ့ဝဲ၊ မြို့သံတွဲ" ပင်တည်း။

ဦးတင်မောင်ငွေး

# ရမ္မာဝတီ၏ တောလတ်တေးကဗျာများ

ရမ္မာ-သက်ရွှေ

ဘင်္ဂလားပင်လယ်အော်ထဲတွင် ပေါလောပေါလော တခေါခေါနှင့်အိပ်မောကျလျက်တည်ရှိနေသော ရမ္မာဝတီ မည်သော ကျွန်းလေးကိုကား သတိထားကြဟန်မတူ လူမျိုး တမျိုးလျှင် တမျိုးအလျှောက် သူ့ယဉ်ကျေးမှုနှင့်သူ ပျော်ပါးထွန်းကား နေကြသည်မှာကား ဓမ္မတာပင်ဖြစ် သည်။ ဤရမ္မာဝတီမည်သော ရမ်းဗြဲကျွန်းလေးတွင်လည်း ယဉ်ကျေးမှု သရုပ်ဆောင်တေးကဗျာများ ရှိကြလေရာ ဖော်ကောင်လုပ်ရပေမည်။

ရခိုင်မြေပေါ်တွင် ကြီး၍ ရခိုင်ရွှေသီးများကို စားနေ ရသော ရခိုင်လူမျိုးများသည် ရခိုင်ယဉ်ကျေးမှုကို လစ်လျူ ရှုမထားသင့်ပေ။ ရမ္မာဝတီသည် ရခိုင်ကမ်းမြောင်ဒေသ၏ တစိတ်တဒေသတွင် ပါဝင်ပြီးလျှင် ရခိုင်မျိုးရိုး ရခိုင်ဇာတိ သာကီဝင်အဆက်အနွယ်များပင် ဖြစ်လေသည်။

ကမ္ဘာတစ်ဝှမ်းလုံးတွင် သဘာဝအနေအထားက ပိုင်း ခြားထားသဖြင့် လူမျိုးအမျိုးမျိုး ယဉ်ကျေးမှုအမျိုးမျိုး ပေါ် ပေါက်လာရာကား အဆန်းမဟုတ်တော့ပေ။ ရခိုင်မြေပေါ် တွင် မွေး၍၊ ရခိုင်အမျိုးအနွယ်ဝင်များပင် ဖြစ်ကြသော် လည်း တရပ်နှင့်တရပ်၊ တဒေသနှင့်တဒေသ အခေါ် အဝေါ်အပြောအဆိုများက ဆင်တူရိုးမှားဖြစ်သလို ကဗျာ လင်္ကာများ ဖွဲ့နွဲ့သီကုံးခဲ့ကြသည်မှာလည်း မတူကြပေ။

စစ်တွေမြို့မှ ဆရာထွန်း စီကုံးရေးသားသော "သာ ခြင်း" များနှင့် ရမ္မာဝတီမှ သုံးလေ့ရှိကြသော (ဇမ်း)ခေါ် ကဗျာများသည် ခပ်ဆင်ဆင်တူဟန်ရှိလေသည်။ ဆရာ ထွန်းရေးသော ကော်ကနုသာခြင်းမှ ကောက်နုတ်ကာ ဖော် ပြရလျှင်- "ချစ်လှမရယ် သံသာ ခေါ်ခြင်းရာလေ မာလာ ယုကျွန်း မှိုင်းဝေဝေလေ သီတာကမ်း ဘီလူးမှာဂုမ္ဘာဏ်၊ တန်တန် လေ-ဆီး မိမောင်ကြီး သိကြားယာဉ်မှာ ကိုယ် တိုင်စီး၍ ပျိုကြီးရှိရာ မောင်ကြီးလာလေ- ထပါနှမ မြတ် လေးဆူလေ ဇမ္ဗူပန်းကို နမ်းမဝလေး" ဟူ၍ပင် ဖြစ်သည်။

ဤကဗျာကို ကြည့်၍ ရမ္မာဝတီမှ "ဇမ်း" ခေါ်ရာ ကဗျာ များကို နှိုင်းယှဉ်ကြည့်နိုင်လေသည်။

ရမ္မာဝတီမှ အပျို-လူပျို များသည် တောတောင်များ သို့ သွားရာတွင်၎င်း၊ ငါးရှာဟင်းခူးသွားရာတွင် ၎င်း၊ လူပျို အပျို လှည့်ရာတွင် ၎င်း၊ တောသဘာဝ၏ အလေ့အထ အားဖြင့် နှုတ်တိုက်ဖွဲ့နွဲ့သီကုံးခဲ့ကြခြင်း ဖြစ်သည်။

မိန်းမက ယောကျ်ားကိုမြင်သောအခါ ပါးစပ်ဖျားမှ တရွရွနှင့် ရွတ်ဆိုချင်သော စိတ်ကသန်လာရာကား ဇမ်း နှင့်ပင် အော်ကာဆိုတတ်ကြလေသည်။ ယောကျ်ားများက လည်း မိန်းကလေးများမြင်လျှင် ဆိုတတ်ကြသဖြင့် သူတ ပြန်ငါတပြန်ဆိုကြသော 'ဇမ်း'ကား ရမ္မာဝတီ၏ ယဉ်ကျေး မှု တောတေးကဗျာအဖူးအထွင့်ကလေးတစ်ခုပင် ဖြစ်လေ သည်။

မိန်းမ။ ။ "ရုပဆောင်လေ မောင်မောင်စိတ်လေ ကနေ့ဆိုလေ လေး ဘိုချုပ် အုတ်တယ်။ ရက်မှာ ပုချေ မောင်မျက်နှာကို မမြင်ရလို့ တသသကေမိရေ"

ယောကျ်ား။ ။ "ဒီအသံလေ ကြားပြန်ရကေ ရင်ဝ ဓါတ်ဖုံ့ဆွဆွခုန်ကေ အာရုံစိတ်မှာ မျိုသိုက်ကေကြုံလို့"

ဤကဗျာနှစ်ပုဒ်သည် အတိုင်အဖောက်အားဖြင့် မိန်းမနှင့်ယောကျ်ားဆိုကြခြင်း ဖြစ်သည်။ နွဲ့သီကုံးထားပုံ မှာလည်း အလွန်ပင်ပီတိကျစရာကောင်းပေသည်။ သူ့ အသံနေအသံထားနှင့် ပီပီသသရွတ်ဆိုတတ်ပါမူ အသည်း နှလုံးများကိုပါ ပဲ့ကြွေအောင်ဆွေးအောင် နိုင်စွမ်းရှိပေ သည်။

တယောက်ကိုတယောက် ဥပမာ-ဥပမေယျနှင့် တင် စားကာ သီဆိုထားပုံမှာ

"ရှေးသရောခါ ကြမ္မာကေရာ ဆိုးညစ် ပွင့်ဝီဝါလေ ညှာမမြဲ ခဝဲလေးပန်းကို ဘုရားရင်မှာ မောင်တင်ဆက်ခါ ညှိုးနွမ်းပြန်ရာ"

လွန်လေပြီးသော ရက်များစွာက မောင်တော်ကံကြမ္မာသည် မည်၍မည်မျှဆိုးယုတ်နွမ်းကြွေခဲ့ပါသနည်းဆိုသော် ချစ်သူနှမယမင်းအလှအတွက် မြတ်စွာဘုရားထံတော်ပါးမှာ ဝင်းဝင်းဝါဝါအရောင်များဖြင့် လှပတင့်တယ်သည့် ခဝဲပန်းကလေးများကို ချစ်သူနှမလေးအား အာရုံထားခါ ဆက်ကပ်ခဲ့ငြားသော်လည်း မောင်တော်၏ခဝဲပန်း များသည် နွမ်းကြွေ၍သာ သွားပါသည်။ ချစ်နှမလေးနှင့်ကား မပေါင်းဖော်ရဘဲ ဝေးကွာခဲ့ရပါသည် တကားဟူ၍ပင် ဆိုလိုပါသည်။ ဤအဖွဲ့အနွဲ့ကိုကြည့်လျှင် အလွန်ပင်လျှင် ဂုဏ်မြောက်ပါသည်ဟု ဆိုရပေမည်။

ဤကဲ့သို့သာလျှင် ဖွဲ့နွဲ့သည်မဟုတ်ပါအခါရာသီလအချိန်များကို ကြည့်ကာ နှုတ်မှထွက်ပေါ်လာသည်မှာလည်း အံ့သြစရာပင်ကောင်းပါသည်။ တပေါင်းတန်ခူးမိုးသံကြူးလာသဖြင့် တစ်ယောက်ကိုတစ်ယောက် မြင်လျှင်စချင်ရွှင်ချင်သော တောသဘာဝ၏ လုံမပျို---လူပျိုများသည် ကြူးရင့်ကြွေးကြော်မြည်ကာ အော်ကာတမ်းတခဲ့ကြပြန်သည်။

"တောင်လီလေးဖြူး မိုးသံကြူးကေ နှစ်ကူးပြန်ရာ ချစ်တေမောင် ငယ်က ချစ်နတ် ကွဲရခြင်းကို တွေးလို့ မကုံစိတ်ကခုန်လေ အာရုံစိတ်ကို မပိတ်နိုင်ပါ"

"ခါ၀သန်လေ ဟေမန်နှောင်း တပေါင်းလမှာ မောင်နက်မေမှာ ချစ်ရေးတေးကို ဆွေးနွေးကပ်မေ"

"ကလကွက်, လင်းကွက်မြည်သံ တည်ည်ကေ မိုးသံပြီန်းပြောက် မေပြောဟန်လေ မောင်မကြားက ဟောပြောပါလ"

ပဌမကဗျာတွင် ဆိုလိုသည်မှာ "မိုးဦးရာသီသို့ ကျရောက်လာရာကား တောတောင်ရေသဘာဝဓါတ်များကလည်း တမျိုးတဖုံပြောင်းလဲ လာလေသည်။ ထိုအချိန်တွင် တောင်လေညင်းကလည်း တိုက်ခတ်သွင်းလာပြီးလျှင် မိုးသားမိုးတိမ်များကလည်း တက်လာကြရာ တဂျုံးဂျုံးနှင့်မိုး ဟိန်းသံများကိုပင် ကြားရပြန်ရာ နှစ်သစ်ကူးစ တပေါင်းတန်ခူးအချိန်များတွင် ချစ်သူနှင့်ကွဲနေပါမူ မလွမ်းမဆွေး မပူပါနှင့်ဟူ၍ မိမိ၏စိတ်ကိုပင် တားဆီးသော်လည်း မရ နိုင်ပါ"

ဒုတိယကဗျာ၏ ဆိုလိုရင်းမှာ "မောင့်ချစ်သူ မိုးဦးကျရာသီကူးပြောင်းတော့မည် ဤကဲ့သို့ မိုးဦးရာသီသို့ရောက်လာလျှင် တောသဘာဝအလျောက် လုပ်ရေးကိုင်တာများကို လုပ်ကိုင်ရန်အတွက် ချစ်ဘက်သက်နှံများလိုပါသဖြင့် မေနှင့်မောင်လည်း အချစ်၏ရိပ်ညိုအောက်တွင် ပျော်ရွှင်စွာ ခိုလုံပါရန် ဆွေးနွေးတိုင်ပင်ကြပါမည်" ဟုဆိုလိုပါသည်။

တတိယကဗျာ၏ ဆိုလိုရင်းမှာ "ယခုကား မိုးဦးရာသီကျရောက်နေပြီဖြစ်၍ မိုးမင်းကအနိုင်ယူကာ ရွာသွန်းသွန်းချနေပါမည်။ ဤကဲ့သို့ မိုးရာသီကျရောက်လာလျှင်ကလကွက်ငှက်၊ လင်းကွက်ငှက်များကလည်း သဘာဝမြူးတူးပျော်ပါးသောအသံကိုကြားနေရသဖြင့် ချစ်သူနှမလေး၏အသံများက တိမ်ဝင်နေသဖြင့် မောင်တော်က မကြားရပါ။ သို့ဖြစ်၍ မောင်တော်ကြားအောင် ပြောပါ"

မှတ်ချက် (ဤကဗျာသည် လူပျိုလှည့်ရာတွင် သုံးသောကဗျာဖြစ်သည်။)

ဤမျှမကသေးပါ လယ်တောယာတောများတွင် တောင်ယာများကို စောင့်ရှောက်နေသော လုံမပျိုများ၏ အသံများကိုလည်း ဤကဲ့သို့ ကြားရပြန်လေသည်။

"စာခြောက်သံ တည် မစဲ တုံးခေါင်ခေါင်လေ ယာတောင်ထက်မှာ ချစ်တေမေမှာ ညာဘက်ပါးကို နီစားလားယာ"

ဆိုလိုသည်မှာ "တောင်ယာများတွင် စာသူငယ်များဖျက်ဆီးသဖြင့် ကောက်စပါးများကို စောင့်ရှောက်နေသဖြင့် မောင်တော်သည်နှမလေးဖြစ်နေပုံကို မြင်လှည့်ပါနှမလေး၏ လက်ျာဘက်ပါးကို နေထိုးသဖြင့် အလွန်ပူနေပါသည် မောင်တော်" ဟူ၍ပင် ဖြစ်သည်။

အောက်ပါကဗျာများသည် ရမ္မာဝတီ၏ တောလူပျိုအပျိုများ၏ နှုတ်ဖျားမှ ဇဝနဉာဏ်ဖြင့် အလိုအလျောက်ထွက်ပေါ်လာသောအခါ ရာသီအဖွဲ့ဇမ်းကဗျာများ ဖြစ်ပါသည်။

"မှိုင်းဝီဝီလေ ကာရီအတွင်းမှာ ပုချေခါးကိုင်လေ ရင်ကိုမဗျာ ငါးရရက်လား ရှုပဆောင်လေ မောင်မောင်စိတ်မှာ စေတနာမိတ္တာစိတ်နက်မီးလိုက်ခြင်းရာ"

ဆိုလိုရင်းအဓိပ္ပါယ် "အုံ့မှိုင်းဝေရီလျက် ရှိနေသော ငါးလှောင်ကန်တွင်းမှာ ငါးထည့်နေသော အို-ချစ်နှမ ငါးရပါသလား၊ မောင်တော်က စေတနာ သဒ္ဒါတရားနှင့် မေးမြန်းခြင်း ဖြစ်ပါသည်။"

"ဦးရိတ်တောင်စေတီ- ဦးရိတ်တောင်စေတီ---ဖူး ဇောင်လားခါ မောင်မပါလေမေသာတိုးတွန့်ဖူးဝန့်ဖို့လား ပုချေ"

ဆိုလိုရင်းအဓိပ္ပါယ်။ ။ "ရှေးမင်းကောင်းမင်းမြတ်များ တည်ထားကိုးကွယ်တော်မူခဲ့သော မြို့ဟောင်းမြို့ရှိ ဦးရိတ်တောင်စေတီကို ဖူးမျှော်ရန် သွားရသော်လည်း မောင်တော်မပါသေးသည့်အတွက် မဖူးဝန့်ဘဲချစ်သူမောင်တော်အား စောင့်မျှော်နေပါသည်။ မောင်တော်" ဟုပင် ဆိုလိုပါသည်။

"သုံးပင်တိုင်ကေမြိုင်မြိုင်ဆောက်ကေ ခြံပေါက်ထဲမှာ လူလာရေလေ ရှက်တယ်တစ လူလာရေလေ ကြောက်တယ်တစ, ပုဆိုးခြုံဗျာဘုံဘဝမှာ--ဝန်ဖကယ်မှိုင်---"

ဆိုလိုရင်းအဓိပ္ပါယ်။ ။ တောဓလေ့ တောသဘာဝ အလျောက် ဆောက်ထားသော သုံးပင်တိုင်အိမ်ပေါ်ထက်မှ အိမ်ကြီးရှင်၏သမီးတော်သည် လုလင်ပျိုများ လာလျှင် ရှက်သလိုကြောက်သလိုနှင့် အထဲမှ အပြင်ကို မထွက်ဘဲ ခေါင်းခြုံကာ ပုန်းအောင်းနေသလား၊ မောင်တော်လူပျိုများမှာ ချစ်နှမလေးများကို မမြင်ရပါသဖြင့် တငိုင်ငိုင်နေရပါသည်ဟု ဆိုလိုပါ၏။

"မိမချစ်ဘမချစ်ကေနှင့် ပိုက်ဘက်စီ ရွာလယ်ခေါင်မှာ အိမ်ချေဆောက်လို့ နှစ်ယောက်နှိမ်ဖို့ ပျိုရေမေမှာ မောင်မောင်နောက်က မလိုက်ကေဝံ့လား"

ဆိုလိုရင်းမှာ။ ။ အမိအဖများက မချစ်မကြိုက်၊ မနှစ်သက်သော်လည်း မောင်နှင့်မေတို့၏ဘဝတွင် ချစ်ခြင်းမေတ္တာက ပိုကဲနေပါသည်။ မောင်၏ချစ်လှသက်ထား နှမတော် မောင်တော်သည် အမိအဖများက မချစ်မနှစ်သက်သော်လည်း နှမလေးကို ကြင်ယာအဖြစ် ရွေးချယ်ပါမည်။ မောင်တော်တို့၏ ရွာလယ်ခေါင်တွင် အိမ်ဆောက်ကာ နှစ်ယောက်ချင်းနေပါ့မည်။ နှမတော်သည် မလိုက်ဝံ့ပါလားဟူ၍ ဆိုလိုပါသည်။

"လပြာသိုလ်မှာ ခွါညိုပွင့်စ ရိပ်မြိုင်မြိုင်လေ ဂနိုင်အောက်မှာတစ်ယောက်ကေလျှင် မောင့်အသွင်ကို မမြင်လီလား ချေမေမေရှေ့တည့်တည့် ပြရဖို့လား---"

ဆိုလိုရင်းမှာ။ ။ အို---ချစ်နှမသက်ထား ပျိုမေ- မောင်တော်သည်ကား ယခုလို ဇချမ်းလှသော ဟေမန္တခါမှီ ဆောင်းရာသီမှာ တောအထပ်ထပ်တောင်အထပ်ထပ်တို့ဖြင့် မှိုင်းပြပြမှုံရီနေသော ဤလိုတောတောင်ထဲမှာ အဖော်မပါတစ်ကိုယ်တည်း ချမ်းခိုက်ခိုက်တုံနေသည်ကို မမြင်ပါလားနှမတော်---။ နှမတော်၏ညီမလေး မောင်တော်၏ခေမချော အလှလေးကို မောင်တော်ပြောလိုက်ပါ့မည် နှမတော်ဟု ဆိုလိုပါသည်။

"လွှမ်းခြင်းကြောင်းရာအဖြာဖြာကို ဖွေရှာကာတွက် လောကခွင်မောင်ဆင်မှာ လွှမ်းအင်ပွါးပွါးပျိုရေမေကို လွှမ်းဒဏ်ချက် မပြန်ဝံ့ပါ။"

ဆိုလိုရင်းအဓိပ္ပါယ်။ ။ အို---မောင့်ကလျာ သက်ဘူဖေ့ာသဲအူ မောင်တော်၏ရင်ဝယ်တွင် အပူမီးတောက်ပြောင်ကာ လောင်မီးပမာ ဖိစီးပူပြင်းနေပါသည်။ ချစ်နှမလေးနှင့်မတွေ့ရ၍ ပူခြင်း၊ စကားစမည်ပြောချင်သော်လည်း မပြောရ၍ ပူခြင်း၊ စက်ရာပေါ်ဝယ် နှစ်ကိုယ်တူ ချစ်ရေမျှကာ ပေါင်းချင်သော်လည်း မပေါင်းရသည့် အချက်များကြောင့် မောင်တော်၏ရင်ထဲတွင် ဆို့ထစ်နေသော အချစ်မီးလျှံများသည် အဘယ်မည်သောအခါ ဖြေဖျောက်၍ရနိုင်ပါအံ့နည်း။ ။ ဤကဲ့သို့ အပူပြီးဖြာလျက် တောက်လောင်နေသည်ကို ချစ်လှသက်ထားအား ဖွင့်ဟကာ မပြောဝံ့ပါဟု ဆိုလိုပါသည်။

"သန်းခေါင်ကြက်နက် မိုးလင်းကြက်ကယ် နှစ်ချက်တွန်ယာ ဇာတိနေလေ-ကိုယ့်ဒေသကို ပြန်ရဘို့ယာ၊ ပျိုလေး မေကို မာစေကြောင်း ဆုတောင်းခမေပုချေ"

မှတ်ချက်။ ။ (ဤကဗျာသည် လူပျိုလှည့်ရာတွင် အများအားဖြင့်သုံးသည်။)

ဆိုလိုရင်းအဓိပ္ပါယ်။ ။ အိုချစ်သူငယ်-ယခုချိန်ကား သန်းခေါင်ကြက်နှင့်မိုးလင်းကြက် နှစ်ကြိမ်စလုံးက တွန်ကျူးခဲ့လေပြီ။ မောင်တော်၏စေ့ဆော်သံနာရီပြန် ကြက်ငယ်ကလေးများက မောင်တော်အား နှိုးဆော်ချက်ပေးနေပေပြီ။ သို့ဖြစ်၍ မောင်တော်၏ နေရပ်ဒေသချက်မြုပ်ရာ ဌာနသို့ ပြန်တော့ပါမည်။ မောင်တော်ပြန်သွားသော်လည်း ချစ်နှမလေးအား မမေ့တော့ပါ။ ချစ်နှမလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ ဆိုသည်ကိုလည်း အမြဲဆုတောင်းနေပါသည်။ ။

တောသဘာဝတွင် နာရီများက ရှားရှားပါးပါးဖြစ်၍ ကြက်သံများကို ဇဟိုစည်သံများသဖွယ် အသုံးပြုခြင်းမှာ ဓမ္မတာပင် ဖြစ်သည်။ "ရွှေဇဟိုစည်သံများ မကြားရ

ကြာချေပြီ- လေးလရာသီ” ဟူသောကဗျာတွင် “ကြက်သံကို ဗဟိုပြုရှာကြတယ်” ဟူ၍ ရေးထားရကား တောသဘာဝ လုလင်ပျိုများ၏ ရွှေစည်တော်ကား ရွှေကြက်တယ် အဖော်သဟာများပင်တည်း။

ဓမ္မာဝတီ၏ တောကျေးရွာများမှ “ဇမ်း” ခေါ် ကဗျာများကို ဤမျှဖော်ပြရလျှင် တော်လောက်မည် ထင်သည်။ အမှန်အားဖြင့် ဖွဲ့နွဲ့ကာစကားပြေရေးသားမည် ဆိုပါက ကဗျာများ၏ အရသာကို မည်ရွေ့မည်မျှ ခံစားရမည်မှာ မပြောပြလောက်အောင်ပင် ကောင်းပေလိမ့်မည်။

ကျွန်တော်စုဆောင်းထားသောကဗျာများအနက်မှ သင့်တော်သလိုသာ ဖော်ပြရခြင်းဖြစ်သည်။ အခွင့်အခါကြုံပါက ရေးသားဖော်ပြဦးမည်။ ရမ္မာဝတီကျွန်းလေးသည် သဘာဝအနေအထားအားဖြင့် ရှုချင်စဘွယ်ရာ ကျွန်းလေးတစ်ကျွန်းဖြစ်သလို လူ့ဘဝ၏ယဉ်ကျေးမှုတွင်လည်း သူမတူအောင် တိုးတက်နေကြောင်းကို ဤတောကျေးလက်ကဗျာများကို ကြည့်ခြင်းအားဖြင့် သိသာလောက်ပေသည်။ လူငယ်လူရွယ်ကလေးများမှအစ စာအုပ်မပါ ကလောင်မရှိဘဲ တောတောင်များတွင် နှုတ်တိုက်ရွတ်ဆိုတတ်ကြခြင်းပင်လျှင် အံ့သြစရာကောင်းပေသည်။ တချို့လူများမှာမူ မဆိုတတ်မပြောတတ်၍ စာအုပ်ဖြင့် ကူးယူကာ ရွတ်ဆိုကြသူများလည်း ရှိပြန်ရကား သူတို့ထဲမှတဆင့် မွန်မြတ်သန့်စင်သော “ရမ္မာဝတီ၏ တေးကဗျာများ” ကို စုဆောင်းကာ ထိန်းသိမ်းထားရခြင်းသည် ဇာတိသွေးပီသသည်ဟု ဆိုရပေမည်။ မျိုးရိုးမပယ် သဘာဝမဖျောက်ဟူ၍လည်း ဆိုရပေမည်။

နောက်တစ်နေ့သော် ရမ္မာဝတီမှ တေးကဗျာများသည် မြန်မာ့စာအုပ်စင်ပေါ်တွင်မက ကမ္ဘာ့စာအုပ်စင်ပေါ်တွင် ထင်ထင်ရှားရှားမြင်နိုင်ပါစေသတည်းဟူ၍ ဆုတောင်းရင်း ဤနေရာတွင် နားပေဦးမည်။

တောတေးကဗျာများ ပေါ်ထွန်းပါစေ

**မျှော်သက်ရွှေ**

# ရမ္မာဝတီ၏ တောလက်တေးကဗျာများ

ရမ္မာ–သက်ရွှေ

ကျွန်တော်သည် 'မျိုးရိုးမပယ်သဘာဝမဖျောက်'ဟူသောစာလုံးကလေးများကို ၁၉၆၂ခု ရန်ကုန်တက္ကသိုလ် ရခိုင်ကျောင်းသားကျောင်းသူများအသင်းမှ ထုတ်ဝေလိုက်သည့် ရခိုင်တန်ဆောင်မဂ္ဂဇင်းစာအုပ်ကို လှန်လှောလိုက်တိုင်း ကျွန်တော့စာလုံးကလေးများက ပြုံးပြကြသည်။ နောက်တစ်ခုက 'အခွင့်အခါကြုံပါက ဖော်ပြရပေဦးမည်' ဟူသော ဝန်ခံချက်ကတိတရားကိုလည်း ကျွန်တော်မမေ့ပျောက်နိုင်ပါချေ။ မိမိ၏သဘာဝရေမြေတောတောင် လူနေဒေသများက ကျွန်တော့်နှလုံးသားကို လှုပ်ရှားသွေးဆောင်စေပါသည်။ ကျွန်တော့်ဦးနှောက်ထဲမှ အသိဉာဏ်ကလည်း 'ဇာတိဂုဏ်ကို ဖော်ထုတ်ပါ အဖိုးမတန် အဆင့်အတန်းနိမ့်ကျသော စာပေဟူ၍ကား မရှိ' ဟူသော အတွေးများက လှုံ့ဆော်ပေးရကား တရေးတမောအိပ်နေသော ကျွန်တော်သည် တဖန်အိပ်ရာမှ နိုးရပေဦးမည်။

မြန်မာမျိုးရိုးတလျှောက် တနသ်ာရီတိုင်းတွင်လည်း မိမိ၏ရိုးရာဒေသတေးကဗျာများ ရှိပေရာ အနုပညာ၏ အမွေခံ ရွှေဝယ်ဇေသည် 'ထားဝယ်ဒိန်းသံများ'ကို ရေးသားဖော်ထုတ်နေသည်များလည်း မျိုးရိုးမပယ် ဇာတိဂုဏ် မဖျောက်ဟု ဆိုရပေမည်။

ကျွန်တော်တို့၏ ရမ္မာအလှ တေးကဗျာများ ခေါ် 'ဇမ်းလက်ာရ'သည် ပေါင်းစည်းခြင်းငှာ မတတ်နိုင်ချေ။ လေနှင့်အတူ ပျံလွင့်ကာ လွင့်ပါးကုန်ကြသည်။ ထိုသူတို့သည် စာအုပ်များတွင် မှတ်သားရေးထားခြင်း အလေ့အထကား မရှိပေ။ သို့ဖြစ်၍ တစ်နေ့သော်ကား တိမ်ကောမြုပ်ကွယ်သွားမည်မှာ သေချာလှပေသည်။ ယခုတဖန်လည်း စာရှုသူများသို့ ရမ္မာဝတီ၏ တောကျေးသားတေးကဗျာများ၏ ကိုယ်စား ကျွန်တော်ကထပ်မံ၍ နောက်တဖန်တင်ပြလိုက်ရပေသည်။

ကျူးဆို။ ။ "အို---လေ---လေ၊ အို---လေ အမ၊ တခွန်းခေါ်လေ---ခေါ်သံမကြား နှစ်ခွန်းခေါ်လေ ခေါ်သံမကြား သူ့နားပြင်မှာ ရွှေခင်လီးလို့ မကြားလား---ချစ်တဲ့မောင်မှာ၊ ညဥ့်ခေါင်သန်းနက်၊ ရွာကထွက်လို့၊ အသက်ကို ပုံ ရင်ကတုံ၊ တဟုန်ပြီးကာ လာခဲ့ရကား ချစ်နှမလေး-"

ခက်ဆစ်အဓိပ္ပါယ်။ ။ အို---လေး---လေး---ဆိုသည်မှာ ခေါ်ရန်အတွက် အားယူသောစကားစ ဖြစ်သည်။

သူ့နားပြင်။ ။ နားဆွဲ၊ နားဖောင်းဝတ်နေသော နေရာ။

ရွှေခင်လီးလို့။ ။ ရွှေဖြင့်ပြုလုပ်ထားသော နားဝတ်တန်ဆာလေး----၍၊ ရခိုင်သံ၏ 'လီး'သည် 'လေး'ဟူသော အဓိပ္ပါယ်ရသည်။

ညဥ့်ခေါင်သန်းနက်။ ။ ညဥ့်နက်သန်ခေါင်ယံ အချိန်

တဟုန်ပြီးကာ။ ။ အလျင်အမြန်ပြေး၍ လာသည်။

ဌင်းကဗျာ၏ ဆိုလိုရင်းအဓိပ္ပါယ်။ ။ အို---မောင်ရဲ့ ချစ်လှစွာသောအမ- မောင်တော်သည် နှမတော်နှင့် စကားပြောရပါစေကြောင်းဖြင့် အမလေးအား တစ်ခွန်းမက နှစ်ခွန်းမက ခေါ်နေပါသည်။ နှမတော်၏နားတွင် ရွှေဖြင့်ပြီးသော နားဖောင်းက အလွန်တရာလေးနေပါသဖြင့် မောင်တော်၏ခေါ်သံကို မကြားပါလားနှမတော---။ မောင်တော်မှာကား ဤမဲမှောင်လှသော ညဥ့်အချိန်မတော်တွင် မိမိ၏ မွေးရပ်ဒေသက ထွက်လာကာ ဘေးရန်အပေါင်းကိုလည်း မကြောက်ရွံ့ဘဲ အသက်ကိုလည်း ပဓာနမထား၊ ချစ်နှမအတွက်နှင့်ဆိုလျှင် သေလျှင်လည်း

သေပါ စေတော့ဟူ၍ လျင်မြန်သောအဟုန်ဖြင့် ရွာမှထွက်လာပါ သည် မောင့်နှမတော်---။ ဟူ၍ ဆိုလိုပါသည်။

မိန်းမ။ ။ "ဇာကလာလေ--ဇာရွာသားရောင်---စကားချိုမှာ---ပျားသကာလို---ထင်ပါရေကား အို---မောင်းမောင်အသံကို ကြားပြန်ရတယ် ရင်ဝကခုန် ဘဝင်တုန်ကေ စည်ဗုံတီးယောင် အိုမောင်းမောင်"

ခက်ဆစ်အဓိပ္ပါယ်။ ။ ဇာကလာ မည်သည့်ဒေသကလာသနည်း။

ဇာရွာသား။ ။ မည်သည့်ရွာသားဖြစ်သနည်း။

မှတ်ချက်။ ။ 'ဇာ'ဟူသော ရခိုင်စကားသည် မြန်မာတို့၏ 'ဘယ်'ဟူသောအမေးစကားဖြစ်သည်။ ဇာက၊ ဘယ်က။ ဇာလဲ၊ ဘယ်လဲ။ ဇာလုပ်၊ ဘာလုပ်ဟူ၍ပင် ဖြစ်သည်။

ဒေအသံ= ဒီအသံ = ဤအသံ။

အဓိပ္ပါယ်။ ။ အို---စကားချိုသာချစ်လှစွာသော မောင်တော်--- မောင်တော်သည် မည်သည့်ဒေသ မည်သည့်ရပ်ရွာက ဖြစ်ပါသနည်း။ မောင်တော်နှုတ်တော်မှ ထွက်လေသောလေသံသည် (စကားသည်) ချိုမြိန်လှစွာသော ပျားသကာများကို စားရသကဲ့သို့ အရသာရပါပေသည်။ ဤလိုအသံများကို နှမတော်၏နားထဲတွင် ကြားရပါလျှင် နှမလေး၏ရင်တစ်ခုလုံးသည်ကား တဆွဆွခုန်နေပါသည်။ ဘဝင်စိတ်ဇောကလည်း မည်သို့မည်ပုံ ခံစားရသည် မသိပါမောင်တော်၊ စည်များ၊ ဗုံများကို တီးခတ်သလို အသံအူများက တစ်မျိုးခံစားရပါသည်ဟူ၍ပင် ဆိုလိုပါသည်။

ကျား။ ။ နေကဲခြုံနှင့်ဆူးခြုံတောက၊ တောပြုး(ချိုး) မကူ၊ အိမ်ပြုး (ချိုး)ကူယောင်၊ ဖြူယေစိတ်လေ---၊ ရူပဆောင်လေ မောင်မောင်စိတ်မှာ၊ အတွင်းလဲပူ ပြင်လဲပူဗျာ၊ အပူယှက်လို့ ခါတ်ဖိုဖို့ရာ။

ခက်ဆစ်အဓိပ္ပါယ်။ ။ ဝနက်ခြုံ = ဝါးနက်ခေါ် ချုံ။

ဖြူးယေစိတ် = သန့်ရှင်းဖြူစင်လှသော စိတ်သဘော။

ရူပဆောင် = အလှအပကို ဆောင်သော။

ခါတ်ဖိုဖို့ရာ = ခါတ်မီးဖိုကဲ့သို့။

ဆိုလိုရင်းအဓိပ္ပါယ်။ ။ အို--- ချစ်နှမ ဝါးနက်ချုံနှင့်ဆူးချုံတောမှ တကျော်ကျော်မြည်ကာ တွန်ကြူးနေသော ချိုးကူသံလေးသို့ ချစ်နှမလေး၏အသံသည်ကား သာယာလှပါဘိသည်။ မိမိ၏ အိမ်၌ လက်သတ်မွေးမြူထားသော ချိုးငယ်ကလေး၏အသံကဲ့သို့ ချိုသာနာပျော်ဘွယ်ကောင်းလှပါပေသည်။ ချစ်နှမလေး စိတ်သဘောထားသည်လည်း ဖြူစင်သန့်ရှင်းပုံပေါ်သည်။ ဤလို သန့်ရှင်းစင်ကြယ်သော သဘောထား၊ နဂိုရုပ်ရည်လှသော ချစ်နှမလေး၏ ကိုယ်လေးကို မောင်တော်သည် ချစ်ကြိုက်နှစ်သက် မိပါသည်။ သို့သော်လည်း ချစ်နှမလေးသည် ကားမောင်တော့်အပေါ်မှာ တုန့်ပြန်မေတ္တာပေးနိုင်မည် မထင်ပါ။ သို့ကြောင့် မောင်တော်သည် နေဆယ်ဆူဘယ်မကသော အပူမျိုးဖြင့် အတွင်းရောအပြင်ပါ အသည်းနှလုံးများ ဆွေးမြေ့လျက်နေပါသည်ဟု ဆိုလိုပါသည်။

(မှတ်ချက်- အထက်ပါကဗျာများသည် လူပျိုလှည့်ရာတွင် အများအားဖြင့် သုံးသော ကဗျာများဖြစ်ပါသည်)

ဤလိုကဗျာမျိုးကိုသာလျှင် ဆိုကြသေးသည် မဟုတ်ပါ။ သဘာဝဓလေ့အားဖြင့် ထင်းခွေ၊ ဟင်းခူး၊ ငါးရှာသွားသည့်အခါများတွင်လည်း အပျိုကို လူပျိုကမြင်လျှင် လိုက်၍ ဆိုတတ်ကြသည်။ မိန်းမကလည်း စတတ်ကြသည်။ ဤအဖွဲ့အနွဲ့များကလည်း ချိုသာလှပေသည်။ တောတောင်များသို့ သွားရာတွင်လည်း အချိန်အခါရာသီများအလျှောက် ချစ်သူများကို တမ်းတကြပြန်လေသည်။

"တောင်ပေါ်ထက်တွင်၊ ကဇွန်းပင်လေ၊ ကြီးချင်ပါဘိ မိုးကိုထိလို့ ပျိုမေရို့ကိုပင် မောင်လိုချင်ကေ လူပင်မသိ စိတ်ကရှိရေ---"

ခက်ဆစ်အဓိပ္ပါယ်

ရို့ကို = တို့ကို

စိတ်ကရှိရေ = စိတ်ထဲကရှိပါသည်။

ဆိုလိုရင်းအဓိပ္ပါယ်။ ။ "အို---ချစ်နှမ၊ တောင်ပေါ်ထက်တွင် ပေါက်ရောက်နေသော ကဇွန်းပင်သည်ကား----။ မြေပြန့်တွင်ပေါက်ရောက်နေသော ကဇွန်းပင်လို ကြီးထွားသံမာစေချင်ပါသည်။ သို့ရာတွင် မြေသြဇာများက မကောင်းပါသည့်အတွက် သန်မာခြင်းငှာ မတတ်နိုင်သည့်နည်းတူ၊ မောင်တော်လည်း နှမလေးအား ချစ်ခင်နှစ်သက်ပါလျက် နှမလေးက မကြင်နာ မနှစ်သက်ထင်ပါသည်။ မောင်တော်သည်ကား နှမလေးကို ချစ်ကြိုက်နေသည်မှာ ကြာပါပြီ---" ဟု ဆိုလိုပါသည်။

ဤကဗျာလေးကို ကြည့်လျှင် ဓနဥစ္စာရှိသောသူနှင့်

ဆင်းရဲနွမ်းပါးသောသူကို ရည်ရွယ်ကာ စပ်ဆိုထားပုံရသည်။ ဂုဏ်မြောက်သည်။ ရသပါသည်ဟု ဆိုရပေမည်။ ဥပမာ-ဥပမေယျ တင်စားချင်လှသည်။ ယဉ်သည်၊ ချိုသာ နာပျော်ဘွယ်လည်း ကောင်းသည်၊ နူးညံ့သိမ်မွေ့သည်၊ တောင်ပေါ်မှာပေါက်နေသော ကဇွန်းပင်သည် မောင်တော်နှင့်တူသည်။ ဥစ္စာခနေသည် မြေဆီလွှာနှင့်တူသည်။ မြေပြင်၌ပေါက်နေသော ကဇွန်းပင်သည် ဥစ္စာခနေပေါများသော သူနှင့်တူသည်။ ထိုကဲ့သို့ တင်စားထားသည်မှာ လှသည်။ နှမတော်သည် မြေပြန့်၌ လှပနူးညံ့သော ကဇွန်းဟင်းကိုသာ ခူးစားချင်သည်ဟူ၍ ဖွဲ့နွဲ့ထားသည်။ ဤအဖွဲ့အနွဲ့သည် မူပိုင်သောအဖွဲ့အနွဲ့မျိုးပင် ဖြစ်လေသည်။

"တောနက်အချောင်၊ ကူကလောင်၊ ဖိုးခေါင်သံမြူး၊ ဥသြကြူးလို့ တန်းခူးမာသ၊ မောင်မောင့်စိတ်မှာ လွမ်းနာကျလို့၊ နှမရှိရာ မှန်းလိုက်ခါ၊ ဘယ်မှာမသိ၊ အတွင်းလဲပူ၊ ပြင်လဲပူ၊ နီဆယ်ဆူသို့၊ မရှိမချိယာရားပုချေ----"

ခက်ဆစ်အဓိပ္ပါယ်

တောနက်အချောင် = တောချောင်တောနက်ထဲ

ကူကလောင် = ကူကလောင်ငှက် = နီ = နေ ဖြစ်ပါသည်။

ဖိုးခေါင် = ဖိုးခေါင်ငှက်

မချိယားကာ = ဆွေးမြေ့နွမ်းရိခြင်း

ပုချေ = ချစ်၍ခေါ်သောစကား

ဆိုလိုရင်းအဓိပ္ပာယ်။ ။ "မောင့်ချစ်နှမ ဤတန်ခူးလအချိန်ရာသီများ ကျရောက်လာလျှင်ကား တောကြိုတောင်ကြား၊ ချောင်းကြိုချောင်းကြား မြိုင်ညိုတောတွင် ရွက်ဟောင်းဝါရွှေတို့သည် မြေကျကာ ကြွေလေပြီ။ သစ်ပင်၏ ခက်များမှ ပုရစ်ဖူး၊ ပုရစ်တန်များတို့သည်ကား ဘဝသစ်ကို တဖန် လေ---လာကြပြန်လေသည်။ ဤအချိန် ဤအခါ ဤရာသီများတွင် အဖော်ကွဲကာ ပူဆွေးတမ်းတလျက် တကျော်ကျော်တွန်ကြူးအော်မြည်နေကြသော ကူကလောင်ခေါ်ငှက်၊ ဖိုးခေါင်ငှက်နှင့် ဥသြငှက်တို့သည် မိမိတို့၏ဘာသာဘာဝတေးများကို ရင့်ကြူးခဲ့ကြသည်။ ဤအသံများကိုကား မောင်တော်သည် တကိုယ်တကာယတည်း ဤတောဤတောင်၌ အဖော်ကွဲနေချိန်တွင် ကြားရပါသဖြင့် မောင်တော်၏အသည်းနှလုံးများသည် ပဲ့ကြွေကုန်ကြလေပြီ။ ဆွေးမြေ့ကုန်ကြလေပြီ၊ မောင်တော်၏ အသည်းသည် သံမဏိဖြင့် ဖုံးလွှမ်းထားခြင်းလည်း မဟုတ်။ မောင်တော်၏ ကိုယ်ခန္ဓာသည် သစ်သားရုပ်ဖြင့် ထုလုပ်ထားခြင်းလည်း မဟုတ်၊ သို့ဖြစ်၍ မောင်တော်သည် ဤလိုဖိုခေါ်မတန်း ချစ်စခန်းဖွင့်ကြသော ချိုတေးသံများကို ကြားရလျှင် ဆွေးပူမိသည်။ ချစ်နှမကို လွမ်းမိသည်။ မောင်တော်၏ ခန္ဓာလေးအား နေဆယ်ဆူပူသည်နှင့် မမျှအောင် ပူပါသည်။ ဤလိုပူခြင်းမျိုးကို မောင်တော်မှတပါး အဘယ်သူသိနိုင်ပါအံ့နည်း။ ဟူ၍ ဆိုလိုပါသည်။"

အထက်ပါကဗျာကို ဖွဲ့နွဲ့ထားခြင်းမှာ ရာသီဥတုများနှင့်လိုက်၍ လွမ်းရပုံပင်ဖြစ်သည်။ တန်ခူးမာသနွေခေါင်လဖြစ်သော အချိန်ရာသီများတွင် တကိုယ်တကာယ တည်ထောင်ရာတွင် အဖော်ကွဲကာ သွားနေရစဉ်တွင် တောသဘာဝဖြစ်သော ငှက်သံများကို ကြားရသဖြင့် လွမ်းရခြင်း၊ တောတောင်များ၏ သာယာပုံကိုကြည့်၍ လွမ်းရခြင်းကို စပ်ဆိုကြသည်။ မိမိ၏အသည်းနှလုံးသားများသည် ဤရာသီ၊ ဤလတွင် ချစ်သူနှင့်ဝေးနေရပါက ဆွေးမြေ့ရပုံများကို အမွှမ်းတင်ကြသည်။ သူတို့၏ဓလေ့သဘာဝအလျှောက်ရသ၊ ဌာန်ကရိုဏ်၊ ကျကျသီဆိုတတ်ပါမူ နားထောင်ရသူ၏ နားဝတွင် ဆီထိသော ဂွမ်းဝါကဲ့သို့ အိပျော့စေချင်ပါသည်။

နောက်တဖန်တုံလည်း "ဆောင်းနှင်းရာသီ၊ ပွင့်ဝီဝီ ဇာတီပြင်နာ၊ တောင်စောင်းဖျားမှာ လှေများသခင်၊ မွှေးသဇင်ကို မောင်မြင်လတ်ကေ၊ ချစ်တယ်မေ၊ ပုချေတွက် လှမ်း လက်ပေးမယ်"

ခက်ဆစ်အဓိပ္ပါယ်။ ။ ပွင့်ဝီဝီ= ပန်းပွင့်များ ဝေဝေဆာဆာ

ဇာတီပြင်နား = စေတီပြင်အနီးအနားတွင်

"ကေ" ဟူသောစကားသည် "လျှင်" ဟူသော စကားနှင့်တူသည်။

လှများသခင်။ ။ အလှတွင် သူမတူသောပန်း (သဇင်ပန်းကို ဆိုလိုသည်)

လှမ်းလက်ပေးမယ် = ဆွတ်ပေးပါ့မယ် ခူးပေးပါ့မယ်

ဆိုလိုရင်းအဓိပ္ပါယ်။ ။ အိုချစ်သောနှမ ဆောင်းရာသီ၏ အထွဋ်အထိပ်သရဖူဖြစ်သော ပန်းသဇင်လေးသည်ကား မောင်တော်တို့၏ ဘုရားရင်ပြင် မွှေးစေတီရင်ပြင်အနီးတွင် ပွင့်လျက်ရှိပါသည်။ ချစ်နှမသာ ဤပန်းသဇင်

လေးကို ပန်ဆင်မည်ဆိုပါက မောင်တော်ဆွတ်ခူးပေးမည်မှာ အဆင်သင့်ရှိပါသည်ဟု ဆိုလိုပါသည်။

ဤဘွဲ့သည် ချစ်သူနှမလေးအား ရာသီအလိုက်ပွင့်ကြသော ပန်းများကို ဆွတ်ခူးပေးမည်ဟူသော အဖွဲ့မျိုးဖြစ်ပါသည်။ သဇင်ပန်းလေးကို တင်စားထားသည်မှာ လှသည်။ "ဆောင်းနှင်းရာသီ" ဟူသောပါဒသည် ဆီလျော်သည်။ ဖွဲ့ပုံဖွဲ့နည်းမှာ သေသပ်သည်။ ကဗျာပါရဂူများ၏ ဦးနှောက်မှလာသော စကားသံများကဲ့သို့ ပီပီတီတီရှိလှသည်။ ကဗျာဆရာဦးကြင်ဥသည် "ကျန်နှင်းဝတ်ဖွေ" ဟူသော တပေါင်းလကို နှင်း၏အကြွင်းအကျန်ဖြစ်သောလဟူ၍ တင်စားဖွဲ့ဆိုထားသည်။ ဤအဖွဲ့မျိုးလို "ဆောင်းနှင်းရာသီ" ဟူသောအဖွဲ့သည်လည်း လှသည်။ ချောသည် သာလျှင်ဖြစ်သည်။ စာအုပ်မပါ ကလောင်မရှိသော တောသဘာဝအလှပျိုများက ဤလိုတေးသံမျိုးကို စပ်ဆိုကြသည်ကို အံ့သြမိပေသည်။ သဇင်ပန်းကိုလည်း "သဇင်" ဟူသော တင်စားမျိုးဖြင့် တင်စားထားသည်။ "သုမာလဘာ" ဂုဏ်မြောက်သည်ဟု ဆိုရပေမည်။

"တက်လိုင်းကဆူ၊ ကျလိုင်းအူ ကျောက်ဖြူမြစ်မှာ ရွက်ဖြူဖြူကို လွှင့်ထူကာထား၊ ကုက္ကလံမြောက်ကို သွားမှ ပြန်ခဲ့မယ်ကား ပုချေ--"

ခက်ဆစ်အဓိပ္ပါယ်။

တက်လိုင်း = ဒီရေတက်လာသောအချိန်

ကျလိုင်း = ဒီရေကျသောအချိန်

ကုက္ကလ မြောက်သို့သွား ရွက်တိုင်၏အဖျား၌ လွှင့်ထူထားသော ကုက္ကလံ၏ အဖျားသည် မြောက်ဘက်ကို လွှင့်နေပါလျှင်-

ဆိုလိုရင်းအဓိပ္ပါယ်။ ။ အိုမောင့်နှမတော် ခုအချိန်မှာကားဆိုလျှင် မောင်သည် ကျောက်ဖြူမြစ်ထဲတွင် လှေသမ္ဗာန်များနှင့် သွားနေရပါသည်။ ကျောက်ဖြူမြစ်တွင် ကျလှိုင်းများကလည်း သောင်ကမ်းကို ရိုက်ပုတ်ကာ မောင်တော့်ကို နှုတ်ခွန်းဆက်သကြသည်။ တက်လာသော မြစ်ရေများသည်လည်း သဲသောင်ကမ်းများကို ရိုက်ပုတ်ကာ နှုတ်ဆက်ကြသည်။ မောင်တော်သည် ခုအချိန်များမှာ ကျောက်ဖြူမြစ် (ဘင်္ဂလားပင်လယ်)ထဲတွင် ရွက်ကုန်ဖွင့်ကာ ထူလျက်ရှိသည်။ ချစ်နှမလေးနှင့် ဝေးကွာနေသည်မှာလည်း ကြာပါပြီ။ မိုးဦးကျရာသီတွင် တောင်လေများ တိုက်ခတ်လာလျှင် ရွက်တိုင်ဖျားမှ ကုက္ကလံလေးသည်ကား မြောက်ဘက်သို့ ယိမ်းပြပါလိမ့်မည်။ ဤအချိန်အခါဆိုလျှင် မောင်တော်ပြန်လာပါလိမ့်မည်။ နှမတော်ဟူ၍ပင် ဆိုလိုရသည်။

အထက်ပါကဗျာသည် ကုန်ကူးကာ မြစ်ပင်လယ်ထဲ၌ ချစ်နှမလေးနှင့် ကွဲကွာနေသောအခါ ဖွဲ့နွဲ့သီကုံးကြခြင်းဖြစ်သည်။ ဤကဗျာကိုရေးမိလျှင် ကျွန်တော်တခါက ဖတ်ဖူးမိသော မြဝတီစာအုပ်ထဲမှ "ကုက္ကလံမြောက်ကို လှဲ့ကာပြန်ခဲ့မယ် ရွှေညာသူရဲ့" ဟူသော အဖွဲ့လေးတစ်ခုကို သတိရမိသည်။ ဤအဖွဲ့သည်လည်း တကယ့်ခံစားချက်ကို တင်စား၍ ရေးသားခြင်းဖြစ်သည်။ အလှအပလေ ပြုလုပ်ထားသော လှေသမ္ဗာန်များ၏ ကျက်သရေဆောင် ကုက္ကလံလေးသည် လေယူလိုက်တိုင်း ယိမ်းနွဲ့ပုံကို ရေးဖွဲ့ထားကြသည်။ အထူးမှာ ကုက္ကလံသည် သူတို့၏လေကြောင်းပြအရာရှိကလေးတစ်ဦးပင် ဖြစ်ပါသည် မဟုတ်ပါလော။

အထက်ပါကဗျာများကို ချုံ၍ကြည့်မိလျှင် အလွန်သာယာလှသော အဖွဲ့အနွဲ့မျိုးဖြစ်ကြောင်းကိုလည်း တွေ့ရသည်။ ရှေးခေတ်မြန်မာ့တေးကဗျာဆရာကြီးများကဲ့သို့ပင် ရာသီဘွဲ့၊ တောဘွဲ့များကို စပ်ဆိုထားကြသည်။ ကဗျာဆရာဦးကြင်ဥသည် တောဘွဲ့ရာသီဘွဲ့များကို ဖွဲ့နွဲ့သီကုံးထားသည်။ ဤကဗျာများနှင့်စာလျှင် ရမ္မာအလှ၏ တေးမြမြကလေးများကိုလည်း စံမှီသည်ဟူ၍ ဆိုရပေမည်။

အချစ်ဘက်တွင်လည်း ချစ်သူကလေးနှင့်ကွဲကွာနေရ၍ လွမ်းလျပုံ၊ မိမိ၏အသည်းနှလုံးသားများတွင် အပူမီးတောက်လောင်ပုံများကို ဖွဲ့နွဲ့သီဆိုထားခြင်းများကို ကြားရသူတို့၏ နှလုံးသားဝယ် ကြေကွဲလွမ်းဆွတ်မိပါလေတော့သည်။ တောတောင်များမှ အဆွဲအငင် အသံနေအသံထားပီသမျှတစွာ သီဆိုကြသော အသံများကို ကြားရလေသည်။ တစ်ခါတုန်းက ကျွန်တော်သည် မိမိနေသောရွာ (စည်ခြို ရွာ)မှ ဆင်ပုတ်ရွာသို့ ကိစ္စတစ်ခုဖြင့် သွားရပါသဖြင့် သူတို့၏ အသံများကို ကြားရခဲ့ဖူးပါသည်။ သာယာသည်၊ နာပျော်ဘွယ်ကောင်းသည်၊ သီဆိုတတ်ပုံကို ချီးကျူးမိပါသည်။ သူတို့၏ ဦးနှောက်နှင့် နှလုံးသားကို အံ့သြမိသည်။

ဤကဗျာလင်္ကာရခေါ် (ဇမ်း)သည် ရမ္မာဝတီ၏ တစ်နေရာတစ်ဒေသများတွင် ပြန့်ပွားနှံ့စပ် ပျံ့လွင့်၍ရှိသော်ငြားလည်း မြန်မာနှင့်ကမ္ဘာကမူ သိကြဟန်မတူချေ။ ယခု

မူ ကျွန်တော်၏စေတနာဖြင့်ပင် မြန်မာစာအုပ်စင်မှတဆင့် မှတ်တမ်းတင်လိုက်ပါပေသည်။

နိဂုံးချုပ်အနေနှင့် တစ်ခုတင်ပြချင်သည်မှာ ရမ္မာဝတီ၏ တေးအလှများကိုလည်းမူ မမေ့ပါရန် တိုက်တွန်းလိုက်ပါသည်။ ရမ္မာဝတီ၏ အလှကဗျာများသည် တိမ်မယောင်နှင့် နက်လှပါပေသည်။ ရခိုင်အနုပညာရှင်ကြီးများသည် "ရမ္မာဝတီ" ဟူသောစွင့်ကားနေသော အမည်ကိုကား မမေ့အပ်လှပါပေ။

ရမ္မာဝတီ၏ တေးအလှကဗျာများသည် ဤရွှေ့ဤမျှသာရှိသည် မဟုတ်ပါ။ မကုန်ရွှေ့နိုင်လောက်အောင်ပင် ရှိပါသည်။ သို့ရာတွင် ပေါင်းစည်းခြင်းငှာ မတတ်နိုင်ကြဘဲ လေနှင့်အတူ ပျံ့လွင့်နေကြသည်။ ကျွန်တော်သည် ညဏ်စွမ်းရှိသ၍ ဖော်ထုတ်ပါမည်ဟူ၍ပင် ဆုံးဖြတ်ထားပါသည်။ ကျွန်တော့်ကို ကူညီသော (မောင်ဘိုအောင် ယခု လေ့ကျင့်ရေးတပ်တွင် သင်တန်းတက်ရောက် သင်ကြားနေသူ)အား ကျေးဇူးအများကြီးတင်ရှိပါကြောင်းနှင့်ပင် ဤကဏ္ဍတွင် ဤမျှနှင့်ပင် တော်လောက်ပါပြီ။

ရမ္မာဝတီ၏ တောအလှတေးကဗျာများ
ပေါ်ထွန်းပါစေ
**ရမ္မာမြေ–သက်ရွှေ**

# ရခိုင်မင်းကျိန်းတုံးညို

**အသျှင်သီရိ**

ရွှေတုံးညိုမှာ ရခိုင်ဘုရင် ဥဂ္ဂါဗလသီရိသုဓမ္မာရာဇာ (သကြစ် ၁၀၃၆-၁၀၄၇)မင်း၏သားတော် ဖြစ်သည်။ ထိုမင်းကို ခြိပ်ချောင်းဘုရားတွင် မှူးမတ်တို့လုပ်ကြံကြလေသော် မိဖုရားနှစ်ပါး ထွက်ပြေးခဲ့ရသည်။ တောင်နန်းစံမိဖုရား သုဝဏ္ဏကလျာသည် ကျိန်းတိုက်တွင် (ဦးဘိုးလူ အလို-မြေပုံအနီး ဒုဂုံကန်သာရွာ)ရွှေတုံးညိုကို မွေးဖွားခဲ့သည်။ ဆင်းရဲပြီးခနိုရည်ရောင်းစားသဖြင့် အနောက်ခနိုတာခေါင်းတွင်လေသည်။ ထိုနောက် သူပုန်သူကန်များကို တွန်းလှန်နိုင်၍ ထင်ရှားသဖြင့်ရခိုင်ဘုရင်က တန္တဗိုလ်မင်း ခန့်လေသည်။ ထိုမင်းလွန်လျှင် စန္ဒဝိဇဘွဲ့ဖြင့် မင်းအဖြစ်ဆက်ခံရလေသည်။ မြောက်နန်းစံမိဖုရား မဒါလီမှာ မောင်တော်ငလုံးနှင့် ဘူးရွက်မညိုးကျော်လမ်းအတိုင်း ပြေးခဲ့ရာ မုဆိုးဘိုခေါ် ရွှေဘိုသို့ရောက်လျက် သားတော်အောင်ဇေယျကို မွေးဖွားခဲ့လေသည်။ နောင်အခါ အလောင်းမင်းတြားအဖြစ် ကျော်ကြားခဲ့ရလေသည်။ ဤအတိုင်းပျံ့လွန်လေပြီးသော မင်္ဂလသုခဆရာတော်သည် မဒါလီ၏မောင်တော်ငလုံး မှတ်တမ်းမှ တင်ပြခဲ့လေသည်။ ငလုံးမှာ ရွှေဘိုမှ ရခိုင် ပြည်သို့ ပြန်လာပြီးနောက် ဤခရီးစဉ်မှတ်တမ်းကို ရေး ထားခဲ့ခြင်းဖြစ်သည်ဟူ၏။

ရှေ့နေ ဦးဘိုးလူအဆိုအရ ရွှေတုံးညိုမှာ ကန်သာရွာမှတဆင့် နွားကုန်သည်များနှင့် ရမ်းဗြဲသို့လိုက်ပါလာခဲ့ပြီး ကျောက်နီမော်အနီး ဟုန်းချောင်းနားရှိ ရှေးအခေါ် ငခင်ပြင် ယခုမင်းသားစုခေါ်အရပ်တွင် ငါးရှာ၊ ခနိုရောင်းလျက် နေခဲ့လေသည်။ တစ်နေ့သ၌ ရွှေတုံးညိုသည် ငါးရှာနေစဉ် ရခိုင်ဘုရင်စန္ဒသူရိယရာဇာမင်းကို အခွန်မဆက်ဘဲ အာခံနေသော ရမ်းဗြဲဝန်ကို ဘမ်းရန်လာကြသည့် ရဲမက်လေနှင့် ပက်ပင်းတွေ့ဆုံကြသည်။ ထိုရဲမက်တို့သည် ချောင်းထဲ၌ ဖြားရေစောင့်လျက် အိပ်နေကြစဉ် ရွှေတုံးညိုက လက်နက်များကို လုယက်သွားခဲ့လေသည်။ ထိုအခါမှစ၍ ရွှေတုံညိုသည် ထိုလက်နက်ဖြင့် လူသူစုလျက် တန္တဗိုလ်မင်းအမည် ခံကာ အမ်း၊ ဒလက်၊ မြေပုံ၊ မင်းပြားထိ တပ်စွဲလေသည်။ ထိုနောက် ကျိန်းဆရာတော်၏ ဗေဒင်ယတြာအရ ပြုလေရာ ရခိုင်မင်းကခေါ်ယူပြီး စစ်သူကြီးအဖြစ် ခန့်ထားခဲ့လေသည်။ ထိုမင်းလွန်လျှင် မင်းဆက်ခံ၍ စန္ဒဝိဇယဘွဲ့ဖြင့် အုပ်ချုပ်ခဲ့ရလေသည်။ ၎င်းဦးဘိုးလူသည် ၁၉၅၈-၅၉နှစ် ထုတ် ဤရခိုင့်တန်ဆောင်မဂ္ဂဇင်း၌ စန္ဒဝိဇယရာဇာဟူ သောအမည်ဖြင့် ဆောင်းပါးအကျယ်ကို ရေးသားဖော်ပြ ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်၏ ရေးသားချက်ကို အထူးဖော်ပြနေရန် လိုမည်မဟုတ်ပါ။

ဤသို့ ကျိန်းတုံးညိုနှင့် ပတ်သက်ရာ ရာဇဝင်အယူအဆအမျိုးမျိုးရှိခဲ့ကြရာ ကျွန်ုပ်သည် စိတ်ပါဝင်စားစွာ လေ့လာမိခဲ့သည်။ ထို့ကြောင့် ကျိန်းတုံးညိုနှင့် ပတ်သက်၍ ရာဇဝင်စာမူတစ်ခုကို အသျှင်စက္ကိန္ဒရှာဖွေစုဆောင်း၍ ရရှိထားသော စာမူပင်ဖြစ်သည်။ စာမူကို မင်းပြားမြို့ ဦးဝါသဝထံမှတဆင့် အသျှင်စက္ကိန္ဒရရှိထားခြင်းပင် ဖြစ်သည်ဟု သိရသည်။ ထိုစာမူမှာ ဣန္ဒြိယကြေးမုံကျမ်းကို ရေးသားခဲ့သော မင်းပြားမြို့အပိုင် ခြိတ်တောင်ကျောင်းသစ်ဆရာတော် ဣန္ဒြိယဗုဒ္ဓသာသနာပြု ရဟန်းတော်ဦးကိတ္တိရေးသားခဲ့သော စာမူပင်ဖြစ်သည်။ ထိုစာမူ၌ ကျိန်းတောင်ရှင်ဘုရားသမိုင်းနှင့် ပါးတော်ဓါတ်သမိုင်း ကျောက်ခုံတော်ဓါတ်သမိုင်းအပါအဝင် ဘုရားသမိုင်းစာ

အုပ်တွင် ထည့်သွင်းပါရှိသည်။ ၎င်းစာအုပ်ကို မင်းပြားမြို့မှ ဘုရားလူကြီးလူငယ်များ၏ တောင်းပန်ချက်အရ ဆရာတော် ဦးကိတ္တိရေးသား၍ ၁၃၀၉-ခုနှစ်တွင် ရန်ကုန်မြို့ ဝသမတစာပုံနှိပ်တိုက်တွင် ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။ ထို စာမူ၌ "ကျိန်းတုံးညို"၊ ရာဇဝင်မှာ အတော်ပြည့်စုံလှပါသည်။ ထိုဆရာတော်၏ အယူအဆကိုလည်း သိရှိနိုင်ရာသည်။

၎င်းဆရာတော်၏ ရေးသားချက် ကျိန်းတုံးညိုရာဇဝင်ကို ရာဇဝင်သုတေသီများ စိတ်ပါဝင်စားသူများအဖို့ လေ့လာနိုင်ကြပါစေရန် အသျှင်စက္ကိန္ဒ၏ ခွင့်ပြုချက်အရ အောက်ပါမူအတိုင်း ကူးယူဖော်ပြလိုက်ပါသည်။

**ဆရာတော်ဦးကိတ္တိ၏ ကျိန်းတုံးညိုရာဇဝင်**

**ဓညဝတီရခိုင်ပြည်တွင် မင်းတို့ပျော်ရာ မြောက်ဦးမြို့တော်၌ "စန္ဒဝိမလဓမ္မရာဇာ" မည်သော မင်းသည် မိဖုရားဖြစ်သူ "ဖွားစော" နှင့် မင်း၏အဘိသိက်ကိုခံ၍ သက္ကရာဇ် ၁၀၆၂ ခုနှစ် ဝါဆိုလဆန်း ၂ရက်၊ သောကြာနေ့တွင် ထီးနန်းတက်တော်မူလေ၏။**

**ထိုမင်းလက်ထက်မှာ နန္ဒစည်သူ သက်စံရွှေစသော သူပုန်ရန်သူတို့သည် ပုန်ကန်သောင်းကြမ်းကြကုန်၏။ ထိုရန်သူတို့၏ ဘေးရန်ကြောင့် မင်းကြီးသည် ကောလိယမြို့၏ နန်းရာဖြစ်သော မြို့သာယာအရပ်သို့ ရွှေ့ပြောင်းကာနေတော်မူလေ၏။ တဖန်လည်း ထိုရန်သူတို့အင်အားကို မခံမရပ်နိုင်ပြန်သောကြောင့် တောတန်းအရပ်သို့ပြောင်းသွား တိမ်းရှောင်လျက် နေတော်မူလေ၏။**

**ထိုအခါ မင်း၏စစ်သူကြီးဖြစ်သော "နန္ဒဗလ"က မင်းကြီးအမိန့် အာဏာတော်ကို ခံယူလျက် စစ်သားရဲမက်ဗိုလ်ပါ မြောက်မြားစွာတို့နှင့် ထွက်ခွာသွားတိုက်လေရာ၊ နန္ဒစည်သူ သက်စံရွှေစသော ရန်သူအပေါင်းတို့သည် အညာပေကျွန်းသို့ တလမ်းတည်းခရီးဖြင့် ထွက်ပြေးသွားကြလေကုန်၏။ မင်းကြီးလည်း တောတန်းကျွန်းမှ ပေါင်းတွတ်ရွာသို့ တဖန်ပြန်လှန်၍ ပြောင်းရွှေ့နေတော်မူပြန်လေ၏။**

**တိုင်းပြည်နိုင်ငံကလည်း မအေးမချမ်း၊ ရန်သူသူပုန်တို့ကလည်း မတန့်ရပ်၊ တိုက်ခိုက်လုယက်မြဲအမှုတို့ကြောင့် ထိုရန်သူအပေါင်းတို့ကို နှိပ်ကွက်နှိမ်နင်းရန်အတွက် ပညာရှိတို့နှင့် တိုင်ပင်ပြောဟောနေစဉ် ပညာရှိတစ်ယောက်က တြွင်းနိဒါန်းအလိုအားဖြင့် တင်လျှောက်သည်ကား-**

**သူခိုးတို့ကို၊ တန္တဗိုလ်၊**
**ခေါင်းကိုရိတ်ဖြတ် သတ်လတ္တံ့။**
**ယောကျ်ားတစ်ယောက်၊ တိုင်တားဆောက်၍**
**ရပ်စောက်ပြည်ကို ပြင်လတ္တံ့။**

**အရှင်မင်းမြတ် ဤသို့တြွင်းနိဒါန်းထွက်ရှိပါသည်။ ၎င်း တြွင်းနိဒါန်းအရမှာကား ခါတ်လေးဝတွင် အန္တောခါတ်မ- စနေဂြိုဟ်က အားရှိသည်ဖြစ်သောကြောင့် စနေသားတစ်ယောက်ကို "တန္တဗိုလ်မင်း" တင်မြှောက်တိုက်ခိုက်မှ ရန်သူအပေါင်းကို ထောင်းထောင်းညက်ညက်ပယ်ဖျက်နိုင်ပါမည်။ ဤသို့လျှောက်ထားပြောဆိုလေ၏။ ထိုပညာရှိစကားကို "နန္ဒဗလ" စစ်သူကြီးက သဘောကျလျက် အနောက်ဘက်တရိုးတွင် ခနိတာခေါင်းအဖြစ်ဖြင့် မင်းမှုထမ်းနေသော "ကျိန်းတုံးညို"ကို "တန္တဗိုလ်မင်း" တင်မြှောက်သင့်ပါသည်။ သူသည်ပညာစွမ်းကလည်း မနည်းပါ။ သူရဂုဏ်သတ္တိအလျှောက်နှင့် ရန်သူဟူသမျှကို တစ်ခါတည်းအကြွင်းအကျန်မရှိလေအောင် ပယ်ဖျောက်နိုင်ပါမည်။ ဤသို့ "နန္ဒဗလ" စစ်သူကြီးကလည်း လျှောက်တင်ပြန်လေ၏။ ထိုတြွင်းနိဒါန်းအလိုကို "စန္ဒဝိမလဓမ္မရာဇာ" မင်းနှင့်တကွ ပညာရှိမှူးမတ်တို့သည် အားရနှစ်သက်တော်မူကြလေကုန်၏။**

**ထိုကျိန်းတုံးညိုအကြောင်းကား ရှေးလွန်လေခဲ့သော နှစ်ပေါင်းများစွာက ရခိုင်ပြည်လုံးဆိုင်ရာ တိုက်နယ်အပေါင်းတွင် ကျိန်တိုက်ထောင့်ချောင်းကြီးခေါ်သော အရပ်၌ တုံးညိုဆိုသူ လူစွမ်းကောင်းတစ်ယောက် ဖြစ်ထွန်းပေါ်ပေါက်လာ၏။ သူတကာတို့ထက် ရဲစွမ်းသတ္တိဂုဏ်ထူးလည်း ရှိ၏။ တုံးညိုသည် ဆင်းရဲညှိုးနွမ်းသဖြင့် အုန်းခနိရည်ထမ်းရောင်းလျက် သက်မွေးဝမ်းဝရှာကြံ၍သာ စားသောက်နေရပေ၏။ လူများတို့နှင့် စကားပြောသော အခါမှာ မင်းဖြစ်ပုံစိတ်ထားနှင့် ပြောဆိုလေ့ရှိ၏။ ရပ်သူရပ်သားလူသူငယ်များတို့ကလည်း တုံးညိုကို လှောင်ပြောင်သော စကားဖြင့် (တုံးညိုအုန်းထမ်း၊ လူစွမ်းပေါ်ထွက်၊ ဆန်းတရက်တွင်၊ ရွှေနန်းတက်မည်၊ ပုရပိုက်မှာ စာတွေ့သည်) ဤသို့လျှင် မြင်မြင်သမျှကပင် သိုက်တဘောင် ဖွဲ့ဆိုကြကုန်၏။**

ဤသို့ တိတ်နိမိတ်တဘောင်ကို တုံးညို၏ ဦးရိုးဖြစ်သူ ငါးခူတောင်ဆရာ ဘုန်းတော်ကြီး ကြားသိလေလျှင် တစ်နေ့သ၌ တုံးညိုကိုခေါ်၍ ဗေဒင်တွက်ချက်ကြည့်ရှုရာတွင် ဇာတာ စန်းလက် ကောင်းသည်ကို မြင်သဖြင့် ငါ့တူသည် မင်းဖြစ်အံ့။ ဆင်းရဲပင်ပန်းသော်လည်း လက္ခဏာဇာတာကား မင်းဖြစ်မည် အမှန်ပါသည်။

ငါ့တူ သတိထားလေ၊ ဤသို့လျှင် အထွေထွေသော ဗေဒင်စကားကိုမြင်သည့်အတိုင်း ဟောပြောလေရာ၊ တုံးညိုမှာလည်း ယားရာကို ကုတ်မိသလို၊ မင်းဖြစ်ဟန်သရုပ်ကို အဟုတ်ထင်မှတ်သဖြင့် ဆရာဦးရိုးအား ရှိခိုးဝပ်တွားပြီး ပြန်လာလေ၏။ တုံးညိုစိတ်က မှတ်ထင်သည်မှာ ယခုတော့ ငါမှာဆင်းရဲသား မင်းလောင်း၊ နောင်အခါကျတော့မှ မင်းမြောက်တန်ဆာနှင့် ရွှေနန်းရှင်ဘဝဖြစ်ရတော့မည်ကား မချွတ်ပေဟု ဟူးရားဗေဒင်စကားကို အမြဲအစွဲမှတ်ထား၍၊ လူမြင်တိုင်းကိုလည်း ယုံကြည်အောင် ဟောပြောလေ၏။ ယင်းသို့ မင်းဖြစ်ဟန်သဘောကို စိတ်မနောပိုလျက်ပင် ဝမ်းစာရေးအတွက် အုန်းခနိအလုပ်ဖြင့် ဆက်မပြတ်လုပ်ကိုင်ကာ စားသောက်နေလေပြန်၏။

အပေါင်းအဘော်တို့ကလည်း တုံးညိုစကားကို မယုံကြည်ပျက်ရယ်ပြုကာ လူစုရာမှာပင်။ တုံးညိုမင်းလောင်းထီးဆောင်းရမည်ဟူ၍လည်း ပြောဆိုကြကုန်သည်။ တစ်နေ့သ၌ တုံးညိုသည် သားကျွေးမယားကျွေးအလို့ငှာ ခနိရေရောင်းချရန် မြစ်ချောင်းဝက လောင်းကြီးတစင်းနှင့် ရေလမ်းကြောင်းကို ကြည့်နေစဉ်- သလွန်တောင်အရပ်က စစ်တပ်သားသုံးကျိပ်လောက်တို့သည် လာရောက်ကြကုန်၏။ အဆင်သင့် တုံးညိုနှင့်တွေ့ဆုံကြ၍ သေရည်သောက်ဆိုရန် ပြောဆိုကြပြန်သော်- တုံးညိုကလည်း အလျင်အမြန်ထိုစစ်သားတို့ကို မိတ်ဆွေအသွင်ပြုလျက်၊ သေရည်ကို အလိုရှိတိုင်း ဝမ်းဝအောင်သောက်စေလေ၏။ စစ်သားတို့ကလည်း မြစ်ဆိပ်ကမ်းပါးတွင် တစ်နေ့လုံး သေရည်ကို သောက်ပြီးမှ လူမှန်းမသိအောင် မူးယစ်အိပ်ပျော်နေကြဆဲအခါတွင် တုံးညိုက အကြံရသဖြင့် ငါ့ကိုသိကြားလာမသည်။ ငါသည် ယနေ့ကစ၍ မင်းလုပ်တော့မည်ဟု ဝမ်းမြောက်ဝမ်းသာ စစ်သားတို့မှာ ပါလာသော သေနတ်ဓါးလက်နက်များတို့ကို လွတ်ရာ၌ာန၌ တွင်းတူး၍ လျှို့ဝှက်မြှုပ်နှံထားလေ၏။ ယင်းနောက် စစ်သားတို့နှင့်အတူ စိတ်ချလက်ချအိပ်မြဲတိုင်း အိပ်နေလေ၏။

စစ်သားတို့ အမူးအယစ်ပြေ၍ အိပ်ရာမှနိုးကြလတ်သော် မိမိတို့မှာ ပါလာသောလက်နက်တို့ကို မမြင်ကြသဖြင့် ပျောက်ချက်ပုံထူးသောကြောင့် မယုံသင်္ကာနှင့် တုံးညိုကို မေးစမ်းကြကုန်၏။ တုံးညိုကလည်း ကျွန်တော် တစုံတခုမျှ မသိပါ။ ခင်ဗျားတို့နှင့်အတူ အိပ်နေပါသည်။ ဤအခိုက်တွင် ဘယ်သူခိုးမှန်းမသိပါ။ အတင်းငြင်းပယ်နေသောခါ ထိုမှဤမှ ရှာဖွေကြသော်လည်း မတွေ့မမြင်ကြ။ တုံးညိုအပေါ်မှာလည်း စိတ်မချနိုင်ကြဘဲ၊ သလွန်တောင်စစ်သားတို့သည် မိမိနေရင်းရပ်သို့ ပြန်သွားကြလေကုန်၏။ စစ်သားများ ပြန်သွား၍ များမကြာမီ တုံးညိုသည် တွင်းထဲမှ စစ်လက်နက်တို့ကို အကုန်လုံး တူးဖော်ယူပြီးလျှင် တော်သင့်ရာလူများကို စုဆောင်းလျက်၊ တိုင်းပြည်တွင် ဆူပွက်နေသော ရန်သူသူပုန်တို့ကို တိုက်ဖျက်ရန်စစ် ချီထွက်သွားလေ၏။ ထိုအခါ ဆရာဦးရိုးငါးခူတောင်ဘုန်းတော်ကြီးထံသို့ ရှေးဦးစွာဆိုက်ရောက်လေရာတွင် ဘုန်းတော်ကြီးဘုရားက စကားချေင်ဖြင့် ဘယ်ကိုသွားအံ့နည်း၊ ဘာကိစ္စရှိလို့ ငါ့ကျောင်းကို လာသလဲဟု မသိဟန်နှင့် မေးစမ်းပြန်လေသော်- တပည့်တော်မှာ ဆရာတော်ဟောပြောလိုက်သည်တိုင်း မှန်ပါသည်။ ယခုလက်နက်အင်အားလည်း ပြည့်စုံပြီး ရန်သူတို့ကို တိုက်ခိုက်၍ မင်းလုပ်တော့မည့်အချိန်အခါ ဆိုက်ရောက်ပါပြီ။ ရှေးဦးစွာ ပါးတော်ကြောင်ဖို ကိုတိုက်ခိုက်ရန်လာသည်။ ဤသို့ခြင်းရာစေ့စုံလျှောက်ထားပုံကို ဘုန်းတော်ကြီးဘုရားကြားသိရသော်- ဤသို့မိန့်ဆိုလေ၏။ 'ပါးတော်ကြောင်ဖို၊ ကျိန်းတုံးညို၊ ကြပ်စင်ပြိုမှ၊ ကြောင်ကျအံ့ ဤသို့သိုက်တဘောင်လာရှိသောကြောင့်၊ ငါ့တူမှာ ကြောင်ဖိုကို မတိုက်သင့်၊ ကြပ်စင်ပြိုလျှင် အလိုအလျှောက်ရအံ့၊ ဤသို့မိန့်ဆိုသောစကားကို တုံးညို "သတိရသဖြင့် ပြန်သွားပြီးလျှင် ကြပ်စင်ကျွန်း၊ စစ်ကဲရဲဘော်ကို ရှေးဦးစွာ တိုက်လေ၏။ စစ်ကဲရဲဘော်အင်အားနည်းခြင်းကြောင့် လက်နက်ချလျက်- နောင်တစ်ယောက်ကိုတစ်ယောက် မတိုက်စတမ်းဟု နှစ်ကိုယ့်တကိုယ် သစ္စာရေသောက်ပြီးလျှင် တိမ်းရှောင်နေလေ၏။

တုံးညိုသည် ကြပ်စင်ကျွန်းကို မကြာမီအောင်မြင်

လေ၏။ ကြပ်စင်ကျွန်းပြိုသည်ဟု ပြောဆိုသံကြားသည်နှင့်တပြိုင်နက် ပါးတော်ကြောင်ဖိုကလည်း ကြောက်လန့်တကြား တပါးသောအရပ်သို့ တိမ်းရှောင်ထွက်သွားလေ၏။ တုံးညိုမှာလည်း ထောင့်ချောင်းကြီးအရပ်၌ သူ့ရဲဘော်အဖွဲ့တို့နှင့် ထိုနှစ်မိုးဥတုကုန်လွန်အောင် စောင့်ဆိုင်းကာနေလေ၏။ တန်ဆောင်မုန်းလပြည့်ကျော်လျှင် ဆင်ခြင်စဉ်းစားသတိတရားတို့ဖြင့် သူတော်သူမြတ်အသွင်ကို ဝတ်ဆင်းပြီးမှ မြောက်ဦးမြို့တော်သို့ တိတ်နိမိတ်နားထောင်ရန် တကိုယ်တည်းသွားလေ၏။ မြို့သူမြို့သားတို့က တုံးညို၏ရဲစွမ်းသတ္တိကို ကြားသိရှိကြသည့်အတိုင်း မင်းကြီးထံတင်လျှောက်ကြကုန်၏။ ထိုအခါ 'စန္ဒဝိမလဓမ္မရာဇာ' မြတ် ကျွန်တော်သည် အရှင်၏အကျိုးကို လိုလားတောင့်တပါသည်။ ဆင်းရဲပင်ပန်းရပါသည်။ အရှင်မင်းမြတ် ရန်သူများတို့ကိုလည်း ဖြိုဖျက်တိုက်ခိုက်ခဲ့လာရပါသဖြင့် ကျိန်းတိုက်တနယ်လုံးတွင် အကုန်လုံးအေးချမ်းပါလေပြီ။ ဤသို့လျှောက်တင်သောစကားကို ဘုရင်မင်းမြတ်က သဘောကျနှစ်သက်တော်မူသောကြောင့် ကျိန်းတုံးညိုအား အနောက်ဘက်တရိုးရှိ ခနိခြင်းများကို အပိုင်စားပေးပြီးလျှင် ခနိတာခေါင်းဘွဲ့တံဆိပ်ဖြင့် ရာထူးဌာနန္တရခပ်နှိပ်ပေးလိုက်လေသတည်း။ ထိုနေ့ကစ၍ ကျိန်းတုံးညိုသည် ခနိတာခေါင်းတွင်လေ၏။

"နန္ဒဗလ" စစ်သူကြီးလျှောက်တင်ချက်အရ ဘုရင်မင်းမြတ်က အနောက်ဘက်ခနိခေါင်းဖြစ်သူ ကျိန်းတုံးညိုကို သက္ကရာဇ် ၁၁၆၄-ခုနှစ်၊ တပို့တွဲလဆန်း ၄ရက်၊ စနေနေ့တွင် "တန္တဗိုလ်မင်း" တင်မြှောက်၍ ရန်သူတို့ကို တိုက်ဖျက်ချေရမည်ဟု အမိန့်အာဏာပေးတော်မူလိုက်ပေ၏။

ထိုကန္တဗိုလ်မင်းသည် ပြည်နိုင်ငံတွင် ဆူပူသောင်းကြမ်းနေသော "သင်းမပိုးရွှေ" စစ်တပ်ကို ရှေးဦးစွာစတင်တိုက်ခိုက်လေရာ၊ မကြာမီချက်ခြင်း အောင်မြင်လေ၏။ သက္ကရာဇ် ၁၀၆၅-ခုနှစ် တော်သလင်းလဆုတ် (၈)ရက်နေ့ သောကြာနေ့တွင် "သင်းမပိုးရွှေ"သည် လူများစွာစုဆောင်းလာပြီးလျှင် ကျိန်းကျွန်းတိုက်၊ ကြက်သရေရွာကို တိုက်ခိုက်ဖျက်ဆီးပြန်လေ၏။ တန္တဗိုလ်မင်း ဘွဲ့တံဆိပ်ရရှိသော ကျိန်းတုံးညိုကလည်း တဟုန်တည်းနှင့် ရဲမက်ဗိုလ်ပါတို့ကို ယူဆောင်လျက် တိုက်ဖျက်လေသော် ရန်သူဘက်မှ ကျဆုံးသောသူတို့ကား ရေတွက်မရ-

ဓားမကျမြစ်ထဲတွင် သဲကျွန်းပေါ်သကဲ့သို့ လူသေကောင်တို့သည် ဖူးဖူးရောင်ရောင် မြောက်များစွာမျှောနေကြလေကုန်၏။ စစ်ဗိုလ်ချုပ်ကြီး သင်းမပိုးရွှေနှင့် စစ်ကဲကြီး "သီရိဇေယျ"ကို ကျိန်းတုံးညိုက လက်ရဖမ်းမိပြီးလျှင် အဆုံးစီရင်လိုက်ပေ၏။

တစ်ကြိမ်မှာလည်း ကြပ်စင်ကျွန်း၌ ယခင်က ရှေ့ဦးစွာ အတိုက်ခံခဲ့ရသော "စစ်ကဲရဲဘော်" သည် သစ္စာကိုဖောက်ပြီးလျှင် ကျိန်းတုံးညိုနှင့် ဆိုင်ပြိုင်တိုက်ခိုက်လိုသည့်အတွက် ရဲမက်ဗိုလ်ပါလက်နက်စုဆောင်းနေသည်ကို တန္တဗိုလ်မင်းခေါ်ဆို ကျိန်းတုံးညိုကြားသိလေလျှင် "စန္ဒဝိမလဓမ္မရာဇာမင်းကို ပေါင်းထွတ်ရွာမှ မြောက်ဦးမြို့တော်သို့ ပြောင်းထားခဲ့ပြီးလျှင် အမြန်လာရောက်တိုက်ခိုက်လေ၏။ စစ်ကဲရဲဘော်သည် မခံမရပ်နိုင်သောကြောင့် ထွက်ပြေးတိမ်းရှောင်နေပြီးသော် တဖန်ဓါးပိုင်းကြီးဖြစ်သူ "ဦးဒီ" လကျ်ာမြန်ထွန်းဖြူ ကုလား-တလိုင်စသည်တို့နှင့် ညီညာပေါင်းသင်း၍ ပေါင်းတွက်ရွာကို တိုက်ဖျက်ကြလေကုန်၏။ ထိုရန်သူအပေါင်းတို့ကိုလည်း ကျိန်းတုံးညိုသည် ဂစ္ဆပနဒီမြစ်အကူးတွင် သေနတ်အမြောက်တို့ဖြင့် မိုးရွာသကဲ့သို့ ပစ်ချလေသော် ရန်သူစစ်သားတို့သည် ကြမ်းထင်းဖောင်မျှောသကဲ့သို့ ရေထဲတွင် မျှောသေကြလေကုန်၏။ "နန္ဒဗလ" စစ်သူကြီးမှာ တန္တဗိုလ်မင်းနှင့် စိတ်ဝမ်းကွဲပြားပြီးလျှင် ယခင်က စစ်ကဲရဲဘော်နှင့်သာ ပေါင်းသင်းပြီးသော် ရန်သူလုပ်နေလေ၏။

သက္ကရာဇ် ၁၀၆၆-ခုနှစ်သို့ ကျသောအခါ ကဆုန်လတွင် နန္ဒဗလစစ်သူကြီးနှင့် စစ်ကဲရဲဘော်တို့သည် ထိမ်းထိုင်းကျွန်းက ခံတပ်ကြီးဖွဲ့စည်းလျက် သောင်းကြမ်းပုန်ကန်ကြပြန်၏။ ထိုခံတပ်ကြီးကိုလည်း ကျိန်းတုံးညိုက အရေးမစိုက်ဘဲ နောက်လိုက်နောက်ပါတို့နှင့်တခါတည်း အပြီးငြိမ်းချမ်းလေအောင် ပြုလိုက်ပေ၏။ ထိုနှစ်တော်သလင်းလအတွင်းမှာလည်း လကျ်ာမြန် ထွန်းဖြူနှင့် သက်စံရွှေတို့သည် ကျိန်းကျွန်းက ကြက်သရေရွာသားလူအများတို့နှင့် တိုင်ပင်ညီညွှတ်ပြီးမှ တန္တဗိုလ်မင်းထံသို့ လာရောက်ပြီးလျှင် အမှုခံစာချုပ်တွင် လက်မှတ်ရေးထိုးကြကုန်၏။

သက္ကရာဇ် ၁၀၆၇-ခုနှစ်၊ ကဆုန်လဆုပ်-၄ရက် တနင်္လာနေ့တွင် စင်ကဲ့ရဲဘော်က လူအင်အားတို့နှင့် မြို့ရွာဇနပုဒ်များကို လုယက်ဖျက်ဆီးကာ တဖန်နေပြန်လေ၏။

ထိုအကြောင်းကို ကျိန်းတုံးညိုကြားသိလတ်မူ၊ ဆူပူသောင်းကြမ်းနေသော ရန်သူအပေါင်းတို့ကို ငြိမ်းအေးစေခြင်းငှာ စစ်တပ်ကြီးဖြင့် တိုက်ခိုက်၍ အောင်မြင်ခြင်းသို့ ရောက်လေ၏။ စစ်ကဲရဲဘော်မှာ ကျောက်ခုတ်စအင်းဘက်သို့ ထွက်ပြေးပြီး ခံတပ်ချ၍ တဖန်ခုခံနေပြန်လေ၏။ ကျိန်းတုံးညိုက လိုက်လံတိုက်ခိုက်လေရာ၊ ပိန်းနဲချောင်းကျွန်းသို့ လက်ပန်းချကာ ရှောင်တိမ်းပြေးနေလေ၏။

ထိုနောက် စစ်သူကြီးနန္ဒပလသည် လေးမြို့ချောင်းကပါးတော်အရပ်သို့ ပုန်းလျှိုး၍ စစ်သည်ဗိုလ်ပါထုနှင့်လူများကို လာရောက်နှိပ်စက်ကလူးပြုနေပြန်ရာ၊ တန္တဗိုလ်မင်းကြားသိ၍ နှိပ်ကွက်လိုက်နိုင်သဖြင့် ပြိုပျက်၍ လေးမြို့ချောင်းသို့ ထွက်ပြေးကြလေ၏။ ၎င်းနှစ် တန်ဆောင်မုန်းလဆုပ်(၇)ရက် ကြာသပတေးနေ့၊ ဉီးရာဇ်တောင်စား "ငမဲ" သည် ပြည်တောင်ညိုက ဆူပူလေလျှင် တန္တဗိုလ်မင်းလက်ရဖမ်းဆီးလိုက်လေသည်။ ၎င်းနောက် ကျွန်းသူကြီး "အောင်ဆွေ"လည်း ဘောက်ချောင်းဦးစွန်းတောင်ရပ်၌ သက္ကရာဇ် ၁၀၆၈-ခုနှစ်၊ တော်သလင်းလမှာစစ်တပ်ချ၍ ပေါင်းတွတ်ရွာသားများကို ကျိန်းကျွန်းတိုက်နယ်သို့ ပြောင်းရွှေ့ထားလေ၏။

"စန္ဒဝိမလ ဓမ္မရာဇာ" မင်းကိုကား မြောက်ဦးမှ "စလင်္ကာသူ" ခေါ်သော တောင်မော်တွင် ဝါးနန်းဆောက်လုပ်နေစေ၏။ ထိုအခိုက်မှာ နန္ဒပလစစ်သူကြီးမိုက်က၊ တောတန်းကျွန်း၌ ခိုးယူ၍ထားပြန်လေ၏။ တန္တဗိုလ်မင်းကြားလတ်သော် စစ်လက်နက်ဖြင့် တိုက်ခိုက်လေလျှင် မခုခံနိုင်က ဘောက်ချောင်းအရပ်ရှိခံတပ်ကြီးသို့ ထွက်ပြေးသွားလေ၏။

"စန္ဒဝိမလဓမ္မရာဇာ" မင်းကား အိမ်နိမ့်သက်တော်(၂၀) နန်းစံသက်တော်(၆)၊ သက္ကရာဇ် ၁၀၆၈-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၅)ရက် ဗုဒ္ဓဟူးနေ့၊ သက်တော်(၂၆)နှစ်တွင် နန်းကျတော်မူလေ၏။ နံတော်တနင်းလာသားတည်း။ နန်းကျပြီး တိုင်းပြည်တွင် မနေခဲ့ဘဲ အနောက်ပြည်သို့ သွားရောက်နေရာ နတ်ရွာစံတော်မူလေ၏။

ဤသို့လျှင် ရခိုင်ပြည်မှာ မင်းမဲ့ဖြစ်နေရာ တောင်ဘက်စား ရဲဘော်သီဟသားတော် "သတိုးလှ" သည် မိဖုရား "ဖွားသွေး"နှင့် ဘိသိတ်ခံ၍ စန္ဒသူရိယရာဇာဘွဲ့ဖြင့် သက္ကရာဇ် ၁၀၆၈-ခုနှစ် တန်ခူးလဆန်း (၁၁)ရက် ကြာသပတေးနေ့ မင်းလုပ်ဆက်ခံစိုးစံလေသည်။ ထိုမင်းလက်ထက်လည်း ပြည်ရွာမငြိမ်းဆူပူသောင်းကျန်းမြဲရှိလေရာ မင်းခန်းစိုးခန်း၌ လိမ္မာသောတန္တဗိုလ်မင်းသည် နှိပ်ကွက်ဆောင်ရွက်မှုဖြင့် ဘုရင်မင်းအား နှစ်သိမ့်စေတော်မူလေ၏။ ထိုမင်းကား နန်းရက်မရှည်၊ အိမ်နိမ့်(၄၆)နန်းစံ(၄) သက္ကရာဇ် ၁၀၇၂-နှစ် တော်သလင်းလတွင် သက်တော်(၅၀)ပြည့်သောအခါ လူဆိုးတို့ပုန်ကန်၍ နတ်ရွာစံရလေသည်။ နံတော်တနင်္လာသားတည်း။

ထိုနောက်မကြာမီ တန္တဗိုလ်မင်းခေါ်ဆို ကျိန်းတုံးညိုသည် "သီရိဝဇိရ" ဘွဲ့ဖြင့် ကျိန်းတိုက်ထောင့်ချောင်းကြီးအရပ်ကနေ၍ ရခိုင်ပြည်ကို ယာယီထီးနန်းဆက်ခံ၍ အုပ်ချုပ်လေသည်။ ထိုမင်းသည် ယခုကျိန်းတောင်တန်းမြောက်ဘက် အစွန်းဆုံး၌ ယခုကျောက်ငုံတော်ဓါတ်ခေါ် ကျောက်ကုန်းတော်ဓါတ်ကို တည်ထားခဲ့သည်။ ထိုအခိုက်တွင် ရတနာပူရအင်းဝပြည့်ရှင် "သီရိမဟာသူရဓမ္မရာဇာ" မင်းက ရခိုင်ပြည်တွင် မင်းမရှိဟုကြား၍ မဟာမြတ်မုနိသိမ်ကို ဆောက်လိုခြင်းဖြင့် စုံစမ်းစေသည်။ ထိုအခါ "သီရိဝဇိရ" မင်းကသိ၍ ငါဘုရင် ထင်ရှားရှိသည်၊ သဘောမတူနိုင်ဟု ရာဇသံ ပြန်လိုက်ပြီ။ နန်းထက်မိဖုရား "ရွှေကူ" နှင့် ဘိသိတ်တဖန်ခံ၍၊ သက္ကရာဇ် ၁၀၇၂-ခု တန်ဆောင်မုန်းလဆန်း(၁)ရက်တွင် မြောက်ဦး၌ ရွှေနန်းသိမ်းမြန်း၍ စိုးစံတော်မူလေသည်။ နံတော်သောကြာသားတည်း။ ထီးနန်းအမည်ကား "စန္ဒဝိဇယရာဇာ" ဟူသော ဘွဲ့တံဆိပ်ကို ခံယူစိုးစံလျက် အိမ်နိမ့်(၄၅)၊ နန်းစံ(၂၁) သက်တော် (၆၆) သက္ကရာဇ် ၁၀၉၉-ခုနှစ် ကဆုန်လတွင် နတ်ရွာစံလေသည်။

ထီးနန်းစိုးစံသည်မှစ၍ နတ်ရွာစံသည်ထိတိုင်အောင်ကား အကျဉ်းချုံး၍ ဖော်ပြလိုက်သည်၊ တုံးညို၏ မင်းဖြစ်လာရခြင်းနှင့်ပတ်သက်သော ဆရာတော်၏ရေးသားချက်ကိုသာ မူရင်းအတိုင်း ဖော်ပြခဲ့ပါသည်၊ စန္ဒဝိဇယမင်းအုပ်ချုပ်စဉ် အဖြစ်အပျက်ကိုကား ရှည်အံ့စိုး၍ ချန်ထားလိုက်သည်၊ အလိုရှိက ထိုဆရာတော်၏မူရင်းကို ဖတ်ရှုကြစေလိုပါသည်။

ရခိုင်ရာဇဝင်များ၌ "စန္ဒဝိဇယ" တုံးညိုမင်းကို အတိအကျဖော်ပြ မတွေ့ရှိရချေ၊ "စန္ဒဝိမလရာဇာ" မင်းလက်

ထက် တိုင်းပြည် ဆူပူသောင်းကျန်းမှုများပြားသဖြင့် သူခိုး သန္တတို့ကို ဖျောက်ဖျက်နိုင်ရန် ဆရာတော်သံဃာတော် များနှင့် ပြည်သူများက ဘုရင်အား တိုက်တွန်းချက်အရ တြင်းနိဒါန်း အလိုနိမိတ်အတိုင်း စနေသားတစ်ယောက်ကို တန္တဗိုလ်မင်း ခန့်အပ်ရမည်ဟု တင်ပြကြသဖြင့် အနောက် ဓနိတာခေါင်းကို စိုးပိုင်သော ရွှေတုံးညိုကို ခေါ်ယူခန့်ထား ကြသည်ဟု ဖော်ပြတွေ့ရှိရသည်။ ၎င်း၏ ဘဝဖြစ်စဉ် မျိုး ရိုးဇစ်မြစ်ကိုကား စေ့စုံစွာမတွေ့ရ။ စန္ဒဝိမလရာဇာမင်း လက်ထက် အမှုတော်ထမ်းရွက်ပြီး "သတိုးလှ" ခေါ် "စန္ဒ သူရိယမင်း" လက်ထက်အဆုံး စန္ဒဝိဇယအမည်ဖြင့် မင်း အဖြစ်ဆက်ခံသည်ဟုသာ တွေ့ရသည်။ ယခုဆရာတော် ၏ တုံးညိုရာဇဝင်နှင့် မင်္ဂသုခဆရာတော်၏ လေုံးမှတ် တမ်းအပြင်၊ ရှေ့နေကြီးဦးဘိုးလူ၏ ရေးသားချက်တို့ကို ညှိနှိုင်းချိန်ဆကြလျက် ရွှေတုံးညို၏အဆက်အနွယ်ကို သိနိုင်ကြပေသည်။

ဤဆောင်းပါးကို တင်ပြနိုင်ရန် ကူညီပေးသော အသျှင်ဦးစက္ကိန္ဒအား အထူးကျေးဇူးတင်ကြောင်း ဖော်ပြ အပ်ပါသည်။ ရခိုင်ရာဇဝင်လေ့လာသူများနှင့် စိတ်ပါဝင် စားကြသူများ ဤထက်ပိုမို၍ ဆက်လက်သုတေသနရှာမှီး နိုင်ကြပါစေဟု အာသီသပြုပါသတည်း။

အသျှင်သီရိ

# ရခိုင်ပြည်နယ် အစီရင်ခံစာ

**မောင်ထင်**

ကုလားပန်ဇင်းချောင်းသည် စိုင်တင်တောင်ကို မေးတင်၍ တောင်ဘက်ရှိ မယူမြစ်ထဲသို့ လျောဆင်းလေသည်။ ချောင်း၏အနောက်ဖက်ကမ်းတွင် တလျှောက်လုံးလိုလို ပြန့်ပြန့်ပြူးပြူးရှိ၏။ အရှေ့ဘက်ကမ်းမှာမူ တောင်ဘဇားရွာမှ ဗူးသီးတောင်မြို့အထိ တောင်နှင့်နီးသောကြောင့် ခပ်စောက်စောက်ရှိသည်။ သို့သော် အားလုံးကိုခြုံ၍ ကြည့်လိုက်လျှင် ကုလားပန်ဇင်း မြစ်ဝှမ်းသည် ဧရာဝတီမြစ်ဝှမ်းအငယ်စားကဲ့သို့ သာယာစိုပြေသည်။

မြစ်ဝှမ်းတလျှောက်လုံးတွင် လယ်များ၊ ဥယျာဉ်များနှင့် ခြံများသည် စိမ်းလန်းအေးမြသော အရိပ်အာဝါသကို ပေးနေကြသည်။ ထိုအရိပ်အာဝါသအောက်တွင် စစ်တကောင်းအနွယ် လူမျိုးတို့နှင့် ရခိုင်တိုင်းရင်းသားတို့သည် နီးတကျက်ကျက် ဝေးတသက်သက် စကားစဉ်အရ အတူတကွ နေထိုင်လာခဲ့ကြသည်။ ဤသို့နေထိုင်လာသည်မှာ မနေ့က နေထိုင်လာသည်မဟုတ်၊ ဗြိတိသျှတို့ ရခိုင်ပြည်ကို ချဉ်းနင်းဝင်ရောက်လာသည့်နေ့ကစ၍ နေထိုင်လာခြင်း ဖြစ်သည်။

### ရခိုင်သည် မြန်မာအကြီးစား

ရခိုင်တို့သည် အိမ်ရှင်ဖြစ်၏။ စစ်တကောင်းသားတို့ကား ဧည့်သည်တည်း။ သို့ရာတွင် ကျွန်ုပ်တို့ တိုင်းရင်းသားများသည် လူမျိုးမာနရှိကြသည်။ ရာဇဝင်ကိုပြန်ကြည့်လျှင် ကျွန်ုပ်တို့သည် သာကီဝင်မင်းမျိုးမှ ဆင်းသက်လာသည်ဟု ဆို၏။ ရခိုင်သည် မြန်မာအကြီးစား ဖြစ်သည်။ ထို့ကြောင့် ရခိုင်သည် သာကီဝင်အကြီးစားဟု ဆိုရချိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဆွေမျိုးကြီးသည် တော်ရုံတန်ရုံအလုပ်ကို အောက်ကျနောက်ကျအလုပ်ဟု ထင်သည်။ ဧည့်သည် လူမျိုးတို့က ရေကြည် ရာမြက်နုရာ၌ နယ်သစ်တည်ရန် ရောက်လာကြသူများဖြစ်၍ ပိုက်ဆံရမည့်အလုပ်မှန်သမျှကို အောက်ကျနောက်ကျဖြစ်သည်ဟု မယူဆကြချေ။ ထို့ကြောင့် ဧည့်သည်တို့ နေထိုင်ရာ ကုလားပန်ဇင်းမြစ်ဝှမ်း ၏ အနောက်ဘက်ကမ်းခြေတွင် လယ်ယာ၊ ဥယျာဉ်၊ သီးနှံလုပ်ခြင်း၊ နွားခြံ၊ ဆိတ်ခြံတို့သည် ရွှေပဒေသာမြေက ပေါက်စေသော်ဟူသည့် သဘောတရားအတိုင်း မြေမှပေါက်၍ လာကြ၏။ ရခိုင်တိုင်းရင်းသားတို့ ပိုင်ဆိုင်သော အရှေ့ဘက်ကမ်းခြေတလျှောက်၌ကား စီးပွားရေးသည် ကြုံလှီလာလေသည်။ သို့ရာတွင် ဗြိတိသျှအုပ်ချုပ်ရေးစနစ်အောက်၌ရှိသော ငြိမ်ဝပ်ပိပြားရေး စီမံကိန်းတို့သည် ရှိသူနှင့်မရှိသူနှစ်ဦးစလုံးတို့၏ လူမှုအဆောက်အအုံကို မပြိုကွဲအောင် ထိန်းသိမ်းပေးနိုင်ခဲ့လေသည်။

### စစ်ပြေးတို့၏ လက်နက်

၁၉၄၀-၄၁ခုနှစ်၌ ဒုတိယကမ္ဘာစစ်ကြီးသည် မြန်မာနိုင်ငံတဝှမ်းလုံးကို တုန်လှုပ်ချောက်ချားအောင် ဖန်တီးခဲ့လေသည်။ ထိုအခါ ရခိုင်တိုင်းသည်လည်း ဖယိုဖရဲ ဖြစ်လာခဲ့၏။ ပန်းတောင်း၊ တောင်ကုတ်လမ်းမှ လှိမ့်၍တက်လာသော အိန္ဒိယတိုင်းရင်းသားစစ်ပြေးတို့၏ ဂယက်သည်

စစ်တွေမြို့အထက်သို့ပင့်၍ ရိုက်လေရာ ကုလားပန်ဇင်း မြစ်ဝှမ်းသည် အခြေပျက်၍ လာခဲ့လေ၏။ ရသေ့တောင်၊ ဗူးသီးတောင်၊ မောင်တောနယ်ရှိ အမျိုးသားများသည် ဆန်ကောထဲတွင် ထည့်၍လှိမ့်သော ဇီးဖြူသီးကဲ့သို့ လိမ့်ကြကုန်၏။

ထိုအချိန်က ရခိုင်တိုင်း၌ ဖြစ်ပျက်ခဲ့သမျှတို့သည် မြန်မာပြည်၌ ဖြစ်ပျက်ခဲ့သော နည်းအတိုင်းပင် ဗြိတိသျှတို့ အောင်မြင်စွာ ဆုတ်ခွာသော အချိန်သည် တော်လှန်ရေးသမား မြန်မာတို့အတွက် အချိန်ကောင်းဖြစ်၏။ ထို့ကြောင့် ဗြိတိသျှစစ်ပြေးနှင့် ၎င်း၏အပေါင်းပါတို့သည် မြန်မာတို့ကို မယုံကြည်နိုင်ကြချေ။ ထို့ကြောင့် မိမိတို့ အောင်မြင်စွာဆုတ်ခွာလေအောင် စစ်ပြေးဘက်တော်သားတို့သည် တိုင်းရင်းသားအချင်းချင်းတို့ကို ရန်တိုက်ပေးခဲ့၏။ ထိုရန်တိုက်ပေးသောနည်းမှာ ဆန်းပြားသောနည်း မဟုတ်ချေ။ ဗြိတိသျှဘက်တော်သားတို့က မြန်မာအမျိုးသားမဟုတ်သော သူတို့ကို ကာကွယ်ရေးအကြောင်းပြ၍ ၎င်းတို့ယူမသွားနိုင်သော လက်နက်တို့ကို ပေးအပ်ခဲ့ခြင်း ဖြစ်၏။

ထိုလက်နက်တို့သည် မြန်မာပြည်အား ဖြိုဟ်မွှေခဲ့လေသည်။

ဤဥပဒေသအတိုင်း ရခိုင်ပြည်တွင် အိန္ဒိယသို့ အောင်မြင်စွာ ဆုတ်ခွာရသော ဗြိတိသျှဘက်တော်သားတို့သည် လက်နက်အများအပြားကို ရခိုင်အမျိုးသား မဟုတ်သူတို့ထံတွင် အပ်နှံခဲ့၏။

ထိုအချိန်တွင် စစ်တွေခရိုင်အရေးပိုင်မှာ အိန္ဒိယပင်ရှိ ဉာဉ်ဝန်ထမ်းဦးဦးကျော်ခိုင် ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် အရပ်ပျက်နေသော အခြေအနေကို ထိန်းသိမ်းရန် တာဝန်ယူခဲ့ရသည်။

စစ်ပြီးကာလတွင် ဦးဦးကျော်ခိုင်၏အကြောင်းကို စစ်တွေမြို့သားများက အမျိုးမျိုးပြောကြ၏။ စစ်တကောင်းသားများကလည်း အမျိုးမျိုးပြောကြ၏။ တစ်ဦးက ၎င်း၏ ကျေးဇူးကိုအောက်မေ့တသ၍ ပြောသည်။ တစ်ဦးကားမူ အပြစ်တင်လိုသော လေသံဖြင့် ပြောသည်။ မည်သူမည်သို့ ပြောပြော ဦးဦးကျော်ခိုင်သည် မိမိဇာတိချက်ကြွေနယ်မြေကို ချစ်ခင်မြတ်နိုးသော ပုဂ္ဂိုလ်အဖြစ်ဖြင့်၎င်း၊ တာဝန်ကျေပွန်သော ပြည်သူ့ဝန်ထမ်းတစ်ဦးအဖြစ်ဖြင့်၎င်း၊ စစ်တွေခရိုင်၏ လုံခြုံရေးအတွက် ရှုပ်ရှုပ်ချွံချွံဆောင်ရွက်ရင်းနှင့် ဗြိတိသျှဘက်တော်သား စစ်ပြေးတို့၏ လက်နက်နှင့် ကျဆုံးခဲ့ရသည်ကို မည်သူမျှ ငြင်းနိုင်လိမ့်မည် မဟုတ်ချေ။

ကုလားပန်ဇင်း မြစ်ဝှမ်းဒေသအဝင်ဝတွင် ဦးဦးကျော်ခိုင်သည် သူချစ်မြတ်နိုးသော အမျိုးသားတို့အတွက် အသက်ကို ပေးခဲ့ရသည်။ ဗြိတိသျှတို့ကား တင်ပါးနှင့်ခြေဖဝါးတသားတည်းကျအောင် ပြေးခဲ့လေပြီ။ မျိုးရိုးဇာတိမာန် ပြင်းထန်သော ရခိုင်အမျိုးသားတို့ကား လက်သီးကို ဆုပ်၍ လက်ရုံးကိုတန်း၍ အံကိုကြိတ်၍ ကျန်ရစ်ခဲ့လေသည်။

## ရခိုင်လူငယ်တို့ သတ္တိ

ဒုတိယကမ္ဘာစစ်အတွင်း၌ ရခိုင်တိုင်းသည် ဗြိတိသျှနှင့် ဂျပန်တို့၏ တိုက်ပွဲစစ်ကြောင်းထဲတွင် ကန့်လန့်ကျရောက်ခဲ့ရသည်။ ရခိုင်နယ်စပ်ရှိ နယ်မြေတို့သည် ဂျပန်လက်သို့ ကျတုံ၊ ဗြိတိသျှလက်သို့ ကျတုံ၊ တလက်မှတလက်သို့ ခဏခဏ ကူးပြောင်းခဲ့ရ၏ ။ ထိုအချိန်က ဗိုလ်ချုပ်အောင်ဆန်း၏ စီမံခန့်ခွဲမှုတို့သည် ခေါင်းဆောင်ပီသခြင်း မရှိခဲ့ပါမူ ရခိုင်တိုင်းရှိ မျိုးချစ်လူငယ်တို့သည် အချိန်ကာလကို မစောင့်ဘဲ ဂျပန်ကို ခံချကြမည်ဖြစ်၏။ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ စည်းရုံးမှုမှာ ကျေးရွာရှိလူငယ်များမှ အခြေခံစည်းရုံးခြင်းဖြစ်သောကြောင့် ရခိုင်လူငယ်တို့သည် ဗိုလ်ချုပ်အောင်ဆန်း၏ နည်းပရိယာယ်ကို ကောင်းစွာနားလည်ကြသည်။ ထို့ကြောင့် ၎င်းတို့သည် ဂျပန်နှင့်ပူးပေါင်းဆောင်ရွက်ဟန်ပြု၍ ဂျပန်ကို မည်သို့တိုက်ထုတ်ရမည်ဟု ဆင်ကြံကြံနေကြ၏။

တစ်နေ့သောအခါ ဂျပန်လက်အောက်၌ ဖွဲ့စည်းသော တို့ဗမာအစိုးရ နိုင်ငံခြားရေးဌာန ဝန်ကြီးသခင်နု၏ ကုက္ကိုင်းအိမ်နောက်ဖေးတွင် တဲပုတ်နှင့်နေထိုင်သူ ရခိုင်အမျိုးသားလူငယ် မောင်ညိုထွန်းသည် ၎င်းနေထိုင်ရာ တဲပုတ်မှ ပျောက်ခြင်းမလှ ပျောက်သွားခဲ့သည်။

ထို့နောက်၌ကား မြန်မာပြည်မှ လူငယ်များသည် အိန္ဒိယသို့ နည်းမျိုးစုံဖြင့် ရောက်သွားကြသည်ဟု ကြားရ၏။ များမကြာမီ ရခိုင်ကမ်းရိုးတန်းတွင် မဟာမိတ်တို့၏ မော်တော်ဘုတ်ကလေးများ မကြာခဏဝင်ရောက်လာသည်ဟု သတင်းရရှိ၏။ ဂျပန်တို့သည်လည်း ရခိုင်ကမ်း

ရိုးတန်းမှသည် မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းအထိ မြေလွတ်မြေလပ် သဲသောင်ပြင်ဟူသမျှကို တင်းကျပ်စွာ ကင်းချလေသည်။ ဤအထဲတွင် မောင်ညိုထွန်းနှင့်တကွ ၎င်း၏ရဲဘော်ရဲဘက်တို့သည် ဂွနှင့် သံတွဲအကြားရှိ ကမ်းရိုးတန်းသို့ မဟာမိတ်မော်တော်ဘုတ်ဖြင့် လစ်လျှင်လစ်သလို မကြာခဏဝင်ရောက်လာလေ့ရှိသည်။ ၎င်းတို့လူစုသည် အိန္ဒိယစစ်စခန်းနှင့် မြန်မာတော်လှန်ရေး လျှို့ဝှက်စခန်းတို့ကို အသက်ဆံဖျားစွန့်၍ ဆက်သွယ်ပေးခဲ့ကြသည်။

၁၉၄၃-၄၄ ခုနှစ်တွင် ဂျပန်တို့က အိန္ဒိယသို့ စစ်ချီတက်တော့မည်ဟု ကြုံးဝါးလေ၏။ များမကြာမီ အာသံပြည်နယ်ရှိ အင်ဖာမြို့သည် နက်ဖြန်သော်၎င်း၊ သဘက်ခါသော်၎င်း ဂျပန့်လက်တွင်းသို့ ကျဆင်းတော့မည်ဟု သတင်းလွှင့်သည်။ မြန်မာနိုင်ငံခြားရေးရုံးသည် ဂျပန်စစ်သေနာပတိရုံးမှ ပေးသော အင်ဖာတိုက်ပွဲသတင်းတို့ကို အလွန်ကောင်း၏ဟူ၍ ဩဘာပေး၍ နေသည်။ ထိုရုံးရှိ အတွင်းဝန်နှင့်ဝန်ကလေးအမျိုးမျိုးတို့သည် "အင်ဖာကျပြီ" ဟု ခေါင်းစည်းတပ်သော ကြေငြာချက်အမျိုးမျိုးတို့ကို တစ်နေ့တစ်မျိုး ရေးသားစီကုံး၍ ဂျပန်သံရုံးနှင့် သဘောတူညီနိုင်းတိုင်ပင်လျက် ရှိနေသည်။ သို့သော် ရခိုင်ပြည်တွင်း၌ကား ဦးစိန္တာ၊ ကြာလှအောင်စသော မျိုးချစ်ပုဂ္ဂိုလ်တို့သည် ရခိုင်ပြောက်ကျားများကို လျှို့ဝှက်စွာဖွဲ့စည်း၍ ရခိုင်တော်လှန်ရေးကို လျှို့ဝှက်စွာ စတင်လုပ်ဆောင်နေကြသည်။

အင်ဖာသည် ဂျပန်လက်သို့ တော်တော်နှင့်မကျနိုင်။ ဤအတွင်း ဂျပန်ကင်ပေတို့သည် ရခိုင်မျိုးချစ်လူငယ်တို့ကို တစ်ယောက်ပြီးတစ်ယောက် ဖမ်းဆီးသုတ်သင်လျက်ရှိသည်။ မျိုးချစ်လူငယ်တို့ကလည်း သူဦးလျှင်သူ၊ ကိုယ်ဦးလျှင်ကိုယ် ဟူသောသဘောဖြင့် ဂျပန်ကင်ပေနှင့် စစ်သားတို့အား ရခိုင်ရိုးမတောင်တန်းကြီးထဲတွင် တိတ်တိတ်ပုန်းသုတ်သင်လျက်ရှိကြ၏။ ဤသို့နှင့် တိတ်တိတ်ပုန်းတော်လှန်ရေးကြီးသည် အထင်ကရ တော်လှန်ရေး ဖြစ်လာခဲ့လေသည်။

ရခိုင်ပြောက်ကျားတို့၏ တော်လှန်ရေးသည် အရှိန်ရလာပြီးသည့်နောက် မရှေးမနှောင်း၌ မြန်မာတစ်ပြည်လုံးတွင် ဂျပန်တော်လှန်ရေးကို တပြိုင်နက်တည်း စတင်လုပ်ဆောင်ခဲ့ကြသည်။ မြန်မာနိုင်ငံအထက်ပိုင်း၊ တစ်နေရာ၌ကား စစ်ဌာနချုပ်နှင့် အဆက်ပြတ်နေသော ဗိုလ်ဗထူးသည် ၁၉၄၅-ခု၊ မတ်လ ၂၇ရက်နေ့တည်းဟူသော ရက်ချိန်းကို မစောင့်နိုင်ဘဲ တော်လှန်ခဲ့လေသည်။

**ဗြိတိသျှတို့ ဝင်လာလျှင်**

တော်လှန်ရေးကြီးကို ငါးလကျော် ခြောက်လမျှ လုပ်ဆောင်လိုက်ကြပြီးသည့်နောက် ဒုတိယကမ္ဘာစစ်ကြီးသည် ပြီးဆုံးလေ၏။ ထိုအခါ ဗြိတိသျှမဟာမိတ်တပ်သားတို့သည် ရခိုင်တိုင်းသို့ ဝင်လာကြလေသည်။

တော်လှန်ရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် လော့ဒ်လူဝီမောင့်ဘက်တန်တို့သည် နှစ်ဦးနှစ်ဝကောင်းစွာ နားလည်မှုရှိကြ၏။ သို့ရာတွင် အောက်ပိုင်း၌ကား ဖယိုဖရဲပင် ဖြစ်သည်။ အချို့သော မဟာမိတ်စစ်တပ်တို့သည် ဗိုလ်ချုပ်အောင်ဆန်း၏ တော်လှန်ရေး တပ်မတော်သားတို့အား သစ္စာဖောက်တပ်မတော်ဟူ၍ပင်လျှင် ပြက်ချော်သောစကားကို ဝါဒဖြန့်ကြ၏။ အောက်ပိုင်းရှိ ဗြိတိသျှဗြူရိုကရက်တို့ကလည်း လက်စားချေလိုသော သဘောထားများကို ပြလာကြသည်။ ဤအကြောင်းကြောင့် တော်လှန်ရေးကာလအတွင်းတွင် ဗြိတိသျှမဟာမိတ်တို့အား ရွပ်ရွပ်ချွံချွံကူညီခဲ့သော ရခိုင်ပြောက်ကျားတို့ကို ဗြိတိသျှမဟာမိတ်တို့ကိုယ်တိုင်ကပင်လျှင် စိတ္တရှိဖိစီးနှိပ်စက်လာကြ၏။ ထို့ကြောင့် ဂျပန်ရန်ကို အားကြိုးမာန်တက်ခုခံတော်လှန်ကြသော ရခိုင်တော်လှန်ရေးသမားတို့သည် စိတ်အပျက်ကြီးပျက်လာခဲ့ရသည်။ စစ်ပြီးစခေတ်တွင် ဗြိတိသျှဆန့်ကျင်ရေးစိတ်ဓါတ် ပထမဦးစွာပြန်လည်ပေါ်ပေါက်ခဲ့သည်မှာ ရခိုင်တော်လှန်ရေးသမားတို့၏ ဒေသမှစတင်ပေါ်ပေါက်ခဲ့လေသည်။

ဗြိတိသျှမဟာမိတ်တို့ ဝင်လာသော လမ်းပေါက်အတိုင်း အိန္ဒိယနိုင်ငံမှ လူမျိုးစုံတို့သည် မြန်မာပြည်ထဲသို့ အလုအယက်ဝင်လာကြသည်။ ဆွဲ့၊ အ၊ ကျိုး၊ ကန်း၊ နူ၊ ဝဲ စသော သူတောင်းစားလူထုသည်ပင်လျှင် စစ်တကောင်းမှ တဆင့် မဂိုလမ်းသို့အရောက် အူယားဖားယားပြေးဝင်လာကြသည်။ ၎င်းတို့ဝင်လာသော လမ်းကြောင်းကား ကုလားပန်ဇင်းမြစ်ဝှမ်းမှ အစပြုလေသည်။

စစ်တကောင်းအနွယ်တို့သည် ကုလားပန်ဇင်းမြစ်ဝှမ်းသို့လာသောအခါ နို့စားဆိတ်မတစ်ကောင်ကိုသာ

ယူဆောင်ခဲ့ကြသည်။ ၎င်းနှင့်အတူ ရှေးကမြန်မာပြည်တွင် မနေထိုင်ဘူးသော အဆွေအမျိုးတို့လည်း ပါလာကြသည်။ များမကြာမီ ကုလားပန်ဇင်းမြစ်ဝှမ်းဒေသ အနောက်ဘက်၌ လယ်မြေ၊ ဥယျာဉ်၊ ဆိတ်ခြံစသည်တို့သည် စည်ကားသိုက်မြိုက်လာလေသည်။ အရှေ့ဘက်ကမ်းရှိ ရခိုင်တိုင်းရင်းသားတို့ကား စစ်ဘေးစစ်ဒဏ်ကြောင့် ခရုဆံကျွတ်ဖြစ်နေကြရသည်။

ဗြိတိသျှမဟာမိတ်တပ်သားတို့နှင့် တော်လှန်ရေးပြောက်ကျားတို့သည် တစတစနှင့် ဆက်ဆံရေးမပြေပြစ်ဖြစ်လာရလေသည်။ ဗြိတိသျှတို့သည် ရခိုင်ပြောက်ကျားကို အသုံးချချိန်က ချခဲ့ပြီးဖြစ်၍ ၎င်းတို့ထံမှ နောက်ထပ်ဘာအကူအညီမျှ မလိုချေ။ ယခင်က ဗြိတိသျှတို့အား ရခိုင်ပြောက်ကျားတို့က အကူအညီပေးခဲ့သော ရာဇဝင်ကဏ္ဍတရပ်လုံးကို ရေ၌မျှော၍ ပစ်လိုကြသည်။ ဤအခြေတွင် တော်လှန်ရေးသမားတို့၏သဘောမှာ ဂျပန်လက်အောက်မှ လွတ်မြောက်ပြီးနောက် ဗြိတိသျှထံ အညံ့ခံ၍ ဝင်မည့်သဘောမျိုး မဟုတ်ချေ။ လိုအပ်လျှင် ဗြိတိသျှကိုပင် ပြန်၍ ချကြရဦးမည်။ ဤအချက်တို့ကို ဗြိတိသျှစစ်တပ်နှင့်ဗြူရိုကရက်တို့ကလည်း ရိပ်စားမိကြ၏။ ထို့ကြောင့် စစ်ဘက်နှင့် မြို့ပြဘက်နှစ်ဦးသည် ရခိုင်ပြောက်ကျားတို့၏ စည်းရုံးရေးကို ဖြိုခွင်းရန် နည်းပရိယာယ်အမျိုးမျိုးကို အသုံးချလာကြသည်။ ဦးစိန္တာသည် ထိုနည်းပရိယာယ်အောက်သို့ ကျရောက်ခဲ့လေသည်။ ထို့ကြောင့် ဗြိတိသျှအုပ်ချုပ်ရေးမျက်စိ၌ ဦးစိန္တာနှင့်အပေါင်းပါတို့ကို သူပုန်ဟူ၍ မြင်လာလေသည်။

ဤအခြေမျိုးသည် ရခိုင်တိုင်း၌သာ ရှိခဲ့သည်မဟုတ်။ မြန်မာပြည်၌လည်း အလားတူပင် ဖြစ်၏။ လောဒ့်လူဝီမောင့်ဘတ်တန်၏ မိတ်ဆွေနှင့်တူသော ကျေညာချက်သည် မြန်မာလူထုအတွက် များစွာနားဝင်ချိုပေသည်။ သို့ရာတွင် ဗြိတိသျှဗြူရိုကရက်တို့၏ ပြုမူပုံကား မြန်မာကိုလက်စားချေရန်နှင့် မျိုးချစ်တပ်မတော်၏ စည်းရုံးမှုကို ဖြိုခွင်းရန် ဖြစ်လေသည်။

## ဦးစိန္တာနှင့် ဗိုလ်ချုပ်အောင်ဆန်း

ဗိုလ်ချုပ်အောင်ဆန်းသည် ဤအခြင်းအရာတို့ကို မြင်၏။ ထို့ကြောင့် ဗြိတိသျှတို့၏ နည်းပရိယာယ်တို့ကို တိုက်ဖျက်ရန် ဘုရင်ခံအမှုဆောင်ကော်မတီထဲသို့ ဖဆပလ တစ်ဖွဲ့လုံးအနေဖြင့် ဝင်လာခဲ့လေသည်။ ဝင်လာလျှင် ဝင်လာချင်း ဦးစိန္တာလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ဘုရင်ခံက ထုတ်ပြန်လေအောင် ဆောင်ကြဉ်းခဲ့၏။

သို့ရာတွင် ဦးစိန္တာနှင့်တကွသော ရခိုင်ပြောက်ကျားတို့သည် ဗြိတိသျှတို့ကိုလည်း အသည်းနာခဲ့ပြီ။ ကုလားပန်ဇင်း၌ ဖြစ်ပျက်နေသော အခြင်းအရာတို့ကိုလည်း ရင်နာခဲ့ပြီ။ ၎င်းတို့သည် ဗြိတိသျှကို အနည်းငယ်မျှ အယုံအကြည်မရှိချေ။ ထိုအယုံအကြည်မရှိသော ဗြိတိသျှနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ လက်တွဲနေသည်ကိုလည်း နားမလည်နိုင်ချေ။ ၎င်းတို့၏ တစ်ခုတည်းသော ယုံကြည်ချက်မှာ လွတ်လပ်ရေးရအောင် ဂျပန်ကိုတိုက်သကဲ့သို့ ဗြိတိသျှကိုလည်း တိုက်ရမည်ဟူသော ယုံကြည်ချက်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ရခိုင်ပြောက်ကျားများကို နှိမ်သော ဗြိတိသျှနှင့် မဟာမိတ်ဖွဲ့၍ လွတ်လပ်ရေးကို လက်ဝါးဖြန့်တောင်းနေသည်မှာ ရယ်စရာပင် ဖြစ်တော့သည်။ ဤကဲ့သို့သော စိတ်ထားမျိုးကြောင့် ဦးစိန္တာသည် ဗိုလ်ချုပ်ကိုပင်လျှင် အထင်လွဲခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆-၄၇ခုနှစ်ခန့်တွင် ဦးစိန္တာလူစုကို နားချရန် မင်းပြားသို့ ရောက်ခဲ့၏။

ထိုအချိန်ကား တော်လှန်ရေးမာန်တက်ကြွနေသော အချိန်ဖြစ်၏။ ဗြိတိသျှဗြူရိုကရက်ကိုလည်း နှလုံးနာနေသော အချိန်ဖြစ်၏။ ရှေးယခင်က ဦးစိန္တာနှင့် ဗိုလ်ချုပ်တို့သည် နှစ်ဦးချင်းဆိုင်၍ အေးအေးဆေးဆေးဆွေးနွေးခဲ့ဘူးသည်လည်း မရှိ။ နဖူးတွေ့ ဒူးတွေ့တွေ့ကြရသော အချိန်လည်း ခေါင်းဆောင်နှစ်ဦးတို့ကြားတွင် စကားအောင်သွယ်ပေးမည့်သူလည်း မရှိ။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးစိန္တာတို့သည် ကောင်းစွာမျက်နှာချင်းမဆိုင်ခဲ့ကြရချေ။ ဤသည်ပင်လျှင် ဗြိတိသျှစစ်တပ်၏ အကြိုက်ဖြစ်လေသည်။

ထိုအချိန်မှစ၍ နောက်ပိုင်းတွင် ဗြိတိသျှစစ်အုပ်ချုပ်ရေးသည်၎င်း၊ ကက်စ်ဘီမြို့ပြအုပ်ချုပ်ရေးသည်၎င်း၊ ရခိုင်တော်လှန်ရေးသမားတို့အတွက် အန္တရာယ်ဖြစ်လာလေသည်။

သို့နှင့်ပင် လွတ်လပ်ရေးရအံ့ဆဲဆဲ၌ ရခိုင်ပြောက်ကျား၊ အလံနီ၊ အလံဖြူစသော လှုပ်ရှားမှုတို့ ပေါ်ပေါက်

လာခဲ့သည်။ ဗြိတိသျှ ဖြူရိုကရက်တို့၏ လုပ်နည်းမှာ တော်လှန်ရေးသဘောနှင့် နီးစပ်သော သူတို့ကို အလံနီ၊ အလံဖြူဖြစ်အောင် တွန်း၍ပို့သောနည်း ဖြစ်လေသည်။ အခြားတဖက်၌လည်း ကွန်မြူနစ်တို့က ဤသို့တွန်းပို့သမျှသည် ၎င်းတို့၏ အင်အားကြီးမားရေးအတွက် အမြတ်ဖြစ်သည်ဟု ယူဆနေပေသည်။

ဤအခြေကို အချိန်မီပြုပြင်ရန် လို၏။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် တောခိုအုံဆဲဆဲဖြစ်သော တော်လှန်ရေးသမားများကို ပြန်လည်သိမ်းသွင်းရန် ကြိုးစားခဲ့သည်။

## လူကြီးလူငယ် လွန်ပွဲ

သို့သော် ၁၉၄၇-ခုနှစ်၊ ဇူလိုင်လ ၁၉-ရက်နေ့၌ လုပ်ကြံသူ၏ သေနတ်သံသည် မြန်မာတစ်နိုင်ငံလုံးကို လွှမ်းမိုးခဲ့၏။ ပြည်သူအားလုံးသည် သဲအူပြတ်မျှ ဖြစ်ခဲ့ရ၏။ လွတ်လပ်ရေးရသည့်နေ့အထိ ယခင်က ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းခဲ့သော လုပ်ငန်းတို့သည် ဘာတစ်ခုမျှ အရာမထင်နိုင်ခဲ့ချေ။ ရခိုင်တိုင်းတွင် မကျေမနပ်ဖြစ်နေသော တော်လှန်ရေးသမားများနှင့် ရှေးရိုးလူဟောင်းကြီးများ၏ နိုင်ငံရေးလွန်ပွဲသည် စတင်ကျင်းပလာခဲ့လေသည်။

ဤနိုင်ငံရေးသည် ဒေသန္တရနိုင်ငံရေး ဖြစ်၏။ တော်လှန်ရေးသမား လူငယ်တို့သည် ဘေးအန္တရာယ်ရှိခိုက်တွင် မိပစ်၊ ဖပစ်၊ ရည်းစားပစ် သက်စွန့်ဆံဖျားတိုက်ခိုက်ခဲ့ကြ၏။ ၎င်းတို့မျှော်မှန်းချက် ရေရေရာရာ မရှိ။ စွန့်စားစိတ်သာရှိ၏။ များသောအားဖြင့် မျိုးချစ်လူငယ်တို့မှာ တောင်သူလယ်သမားသားသမီးများသာ ဖြစ်ကြ၏။ စစ်ပြီး၍ ဘေးအန္တရာယ်တို့ ကင်းရှင်းသွားသောအခါ များစွာသော ရပ်သူရွာသားတို့သည် မိမိတို့၏ အိုးအိမ်ကို ပြန်လည်ထူထောင်လာကြ၏။ ထိုသူတို့တွင် ရှေးမှီနောက်မှီလူကြီးပိုင်းမှ မြေပိုင်ရှင်သူဌေးအစရှိသည်တို့ ပါဝင်ကြ၏။ အချို့ကား အရာရှိအရာခံများ ဖြစ်ကြသည်။ အန္တရာယ်ကင်းဝေးသွားသောအခါ လူကြီးတို့ကား လူငယ်တို့ကို မည်သူမည်ဝါသည် ယခင်က ပြာတာ၊ စာရေး၊ စာချီ၊ လယ်သမား၊ အလုပ်သမားအစရှိသည်ဖြင့် ဖော်ထုတ်ကာ အဆင့်အတန်းခွဲခြား၍ လာကြသည်။ ဥပမာပြောရလျှင် "ဗိုလ်ကြာလှအောင်ဆိုတာ အရင်တုန်းက ဘယ်ရုံးမှာ ဘာပြာတာလုပ်တဲ့ကောင်လေးဘဲ" ဟူသော စကားမျိုးကို သုံးစွဲလာကြသည်။ လူငယ်ပိုင်း၌လည်း လူငယ်တို့၏ ဓမ္မတာထောင်လွှားမှု ရှိပေသည်။ လူကြီးပိုင်ကလည်း လူကြီးတို့၏ ဓမ္မတာခွဲခြားမှုရှိသည်။ ထိုအဖြစ်အပျက်မှ ဒေသန္တရဂုဏ်တုဂုဏ်ပြိုင်နိုင်ငံရေး လေရှူးသည် လူကုံထံပိုင်းတွင် အထူးသဖြင့် တိုက်ခိုက်ခဲ့လေသည်။

## ရခိုင် ဖဆပလ

မြန်မာနိုင်ငံသည် ၁၉၄၈-ခုနှစ်၊ ဇန်နဝါရီလ ၄ရက်နေ့တွင် လွတ်လပ်ရေးကို ကြေညာလေသည်။ မြန်မာတစ်နိုင်ငံလုံးတွင် တစ်ချိန်တည်း ပြိုင်တူပြည်ထောင်စုအလံကို လွှင့်ထူကြသည်။ အုပ်ချုပ်ရေးသဘောကိုကြည့်လျှင် ခရိုင်ဝန်၊ မြို့ပိုင်စသည်တို့သည် ခရိုင်၊ မြို့နယ် အကြီးအကဲဖြစ်သည်။ ထို့ကြောင့် ခရိုင်တိုင်း၊ မြို့နယ်တိုင်း၌ ခရိုင်ဝန်နှင့် မြို့ပိုင်တို့ကသာလျှင် ပြည်ထောင်စုအလံကို လွှင့်တင်ရန် လွတ်လပ်သော ပြည်ထောင်စုကြီးအဖွဲ့က သတ်မှတ်ပေးခဲ့၏။

သို့ရာတွင် စစ်တွေမြို့၌ကား၊ ဖဆပလ၏ အကြီးအကဲဖြစ်သော ဦးပညာသီဟကသာလျှင် အလံကို လွှင့်တင်ထိုက်သည်ဟု အခိုက်အတန့်အားဖြင့် ဝိဝါဒဖြစ်ခဲ့ရသည်။

ဤဝိဝါဒသည် ရခိုင်တိုင်း၌ ဖြစ်လာလတ္တံ့သော အခြင်းအရာတို့အတွက် အတိတ်နိမိတ်ပင် ဖြစ်ပေသည်။

ရခိုင်တိုင်းသည် မျက်စိကြီးနားကြီး ပုဂ္ဂိုလ်များကသာ ဦးစီးခေါင်းဆောင်ပြုသော တိုင်းဖြစ်သည်။ လူထုမှာ နိုင်ငံရေးသဘောတရားများ၌ များစွာဖွံ့ဖြိုးကြသည် မဟုတ်ချေ။ လူထုသည် အစိုးရအာဏာကိုသာလျှင် အစဉ်တစိုက်အသိအမှတ်ပြုခဲ့ကြသည်။ ပါတီအာဏာကို ကောင်းစွာသဘောပေါက်ကြသည် မဟုတ်ချေ။ သို့ရာတွင် လူထုအနေဖြင့် ပါတီထံမှ မိမိတို့၏လိုလားချက်ကို တောင်းခံလျှင် ရနိုင်လိမ့်မည်ဟု သဘောပေါက်ကြသည်။

ဤကားလူထု၏ အခြေခံအသိဉာဏ်ပင် ဖြစ်သည်။ အကယ်၍ နိုင်ငံရေးပါတီစည်းရုံးသူတို့သည် လူထု၏ အခြေခံအတိမ်အနက်ကို တိုင်းထွာ၍ လူထုအား နိုင်ငံရေးစည်းရုံးမှုအသိတရားတို့ကို ပေးနိုင်ခဲ့ပါလျှင် နိုင်ငံရေး

လုပ်ငန်း၌ ရှုပ်ထွေးသောပြဿနာတို့ ပေါ်ပေါက်ဖို့ခဲယဉ်းသည်။ သို့ရာတွင် အာဏာရှိပြီးသော နိုင်ငံရေးအဖွဲ့အစည်းသည် လူထုကို အကြိုက်ပေး၍ ဆွဲဆောင်ဘို့ကိုသာ ရည်ရွယ်သည်။ လူထုသိထိုက်သော အသိဉာဏ်ကို ပေးဘို့ရာ မရည်ရွယ်။

ဤအခြေအနေတွင် ဖ-ဆ-ပ-လ သည် ရခိုင်တိုင်း၌ မိုးကောင်း၍ လာခဲ့သည်။ ဖ-ဆ-ပ-လ ထဲတွင် နိုင်ငံရေးလုပ်ငန်း၌ အတွေ့အကြုံများသောပုဂ္ဂိုလ်အများပင် ရှိကြပါ၏။ ၎င်းတို့သည် ရခိုင်တိုင်း၏ အကျိုးငှာ ဝံသာနုရက္ခိတတရားကို ရှေ့ထား၍ ဆောင်ရွက်ခဲ့ကြပါသည်။ သို့ရာတွင် ယခင်က ပြဆိုခဲ့သည့်အတိုင်း အခြေခံတို့မှာ ခိုင်မာတောင့်တင်းခြင်း မရှိသောကြောင့် ဖ-ဆ-ပ-လ စည်းရုံးမှုသည် တောင်မရောက် မြောက်မရောက် ဖြစ်ခဲ့ရ၏။ ဉပမာ လူထုက ရခိုင်ဖဆပလကို ချည်ခင်ဝေငှရာဌာနချုပ်ဟုသာ အသိအမှတ်ပြုဟန်တူ၏။ မှုထမ်းရာထမ်းလောကကမူ၎င်း၏ အာဏာစက်ကို ဖ-ဆ-ပ-လက ဝင်ရောက်ဖျက်ဆီးနေသည်ဟု ယူဆဟန်တူ၏။ မြေရှင်နှင့် သူဌေးပိုင်အမြင်၌မူ ဖ-ဆ-ပ-လဌာနချုပ်သည် အခြေအနေမရှိသူတို့ စုဝေးရာဖြစ်သည်ဟု ယူဆကြဟန်တူ၏။ ပညာတတ်လူလတ်တန်းစားတို့ကမူ ဖ-ဆ-ပ-လသည် အရည်အချင်းရှိသူတို့အား ဖိနှိပ်ရာဌာနတစ်ခုဖြစ်သည်ဟု ယူဆကြဟန်တူ၏။

တစ်ခုတည်းသော ဖ-ဆ-ပ-လသည် ဌာနချုပ်တည်ရာ ရန်ကုန်မြို့၌သာ ရုံးထိုင်ရင်း ရခိုင်တိုင်းကို စည်းရုံးလျက် ရှိသည်။ ဒေသ၏ အခြေအနေကို မသိသဖြင့် နီးစပ်ရာ လူကအရင်ပြောသောစကားကို အခြေတည်၍ အလုပ်လုပ်လျက် ရှိနေသည်။ ဤအခြေအနေကို ပညာတတ်ရခိုင်လူငယ်တို့က အားမလိုအားမရဖြစ်သောကြောင့် ရခိုင်ပြည်ဆိုရှယ်လစ်ပါတီဟူသောအမည်ဖြင့် စည်းရုံးရန်ကြံစည်ခဲ့ဘူးသည်။ ၎င်းတို့၏ အကြံအစည်မှာ ရခိုင်တိုင်းရှိ လူလတ်တန်းစားနှင့် အထက်တန်းလွှာတို့ကို ဖ-ဆ-ပ-လ၏ အလံအောက်ဝယ် စည်းရုံးထားရန် ဖြစ်သည်။ ထိုအကြံအစည်ကို သင့်ပါသည်ဟု ပြောရန် အချက်များစွာ ရှိ၏။ ထိုနည်းတူစွာ မသင့်ပါဟူ၍ ပြောရန်အချက်လည်း များစွာရှိ၏။ ဖ-ဆ-ပ-လ အထွေထွေအတွင်းရေးမှူး ဦးဗဆွေသဘော၌မူကား စင်ပြိုင်ထောင်သည့်မူကို မှန်ကန်သည်ဟု မယူဆချေ။ ထို့ကြောင့် ထိုအကြံအစည်သည် ပျက်ခဲ့လေသည်။

နိုင်ငံရေးဖွဲ့စည်းရာ၌ အားရနှစ်သိမ့်ခြင်း မရှိကြသောအချိန်တွင် မြန်မာနိုင်ငံ၌ ရဲဘော်ဖြူနှင့် ကွန်မြူနစ်တို့သည် တောခိုကြလေသည်။ ဤတောခိုသော ဂယက်သည် ရခိုင်တိုင်းကို အကြီးအကျယ်ရိုက်လေသည်။

ထိုအခါမူဂျာဟစ်လှုပ်ရှားမှုသည်လည်း ရောင်တော်ပြန်နှင့် အတူရော၍ လွတ်လေသည်။

စစ်ပြီးခေတ် စစ်တကောင်း နယ်သားတို့၏ ဝါဒသည် နတ်မြစ်ဝတဖက်ကမ်းရှိ မယူတောင်တန်းဒေသနှင့် ကုလားပန်ဇင်းမြစ်ဝှမ်းဒေသတို့ကို နယ်သစ်အဖြစ်ဖြင့် အခြေစိုက်ရန်ဟူသော ဝါဒဖြစ်သည်။ ၎င်းဝါဒကို သွေးထိုးပေးသောသူမှာ ရခိုင်တိုင်းတွင် နှစ်ပေါင်းများစွာ နေထိုင်သွားခဲ့သော စစ်တကောင်းအမျိုးသားတစ်ဦး ဖြစ်သည်။ ၎င်းသည် ၎င်း၏တိုင်းရင်းသားအားလုံးကို လူလုံးလူရင်းနှင့် ချီတက်၍ အခြေစိုက်ရန် ပြင်ဆင်ထားခဲ့ရာ၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်ဟု ဆိုသည်နှင့် တပြိုင်နက် ၎င်း၏ပြင်ဆင်ချက်တို့သည် တမျိုးတဖုံ ဖြစ်လာခဲ့လေသည်။ ထိုအချိန်၌ မြန်မာနိုင်ငံအစိုးရသည်လည်း လူဝင်လူထွက်ပြဿနာကို အထူးဂရုစိုက် ကြည့်ကြပ်လာခဲ့ရလေသည်။ ထို့ကြောင့် ရခိုင်တိုင်းထဲသို့ စစ်တကောင်းလူမျိုးများ အလွယ်တကူဝင်ထွက်သွားလာရန် မဖြစ်နိုင်သောအခါ အဆိုပါ စစ်တကောင်းအမျိုးသားသည် ဒက္ကာမြို့မှနေ၍ မြန်မာနိုင်ငံအစိုးရအား ဆန့်ကျင်သော ဝါဒဖြန့်ချက်တို့ကိုသတင်းစာအသီးသီးတို့တွင် လှုံ့ဆော်ပေးခဲ့လေသည်။ နောင်သောအခါ ထိုမူဂျာဟစ် လှုပ်ရှားမှုတို့သည် တဖြည်းဖြည်း ကြီးကျယ်လာပြီးလျှင် သူပုန်ခေါင်းဆောင် ကာဆင်သည်လည်း နာမည်ကြီးဘို့ရာ ဖြစ်လာခဲ့လေသည်။

ရခိုင်တိုင်းတွင် မကျေနပ်မှုတို့သည် ဤသို့လျှင် တဆင့်ပြီးတဆင့် ထပ်၍ထပ်၍ တိုးတက်လာခဲ့လေသည်။

ရခိုင်တိုင်းတွင် ပြိတိသျှအုပ်ချုပ်ရေးသည် ပထမဦးစွာ အခြေစိုက်ခဲ့သည်။ တနည်းဆိုသော် ပြိတိသျှတို့၏ အုပ်ချုပ်ရေး နည်းနိသျတို့ကို ရခိုင်တိုင်းရင်းသားများ သည် ပထမဆုံးရခဲ့သည်ဟု ဆိုရပေလိမ့်သည်။

သာမန်အားဖြင့်ဆိုလျှင် အဆိုပါအချက်ကြောင့် ရခိုင်တိုင်း၏အုပ်ချုပ်ရေးသည် အဆင့်အတန်းမြင့်လိမ့်မည်ဟု ဆိုဘွယ်ရာ ဖြစ်၏။ သို့သော် တကယ်တမ်း၌မူကား ဤသို့ မဟုတ်ပါ။

**မှူထမ်းရာထမ်းတို့၏ မဲဇာ**

ဗြိတိသျှတို့သည် အောက်နှင့်အထက်မြန်မာနိုင်ငံတို့ကို တဆင့်စီသိမ်းပိုက်လိုက်သောအခါ၊ မူလက နယ်ချဲ့ရန် ၎င်းတို့ခြေကုပ်ယူခဲ့သော ရခိုင်တိုင်းကို တဖြည်းဖြည်း လျစ်လျူပြုလာခဲ့ဟန်တူသည်။ ရခိုင်တိုင်းကို ဗြိတိသျှတို့ သိမ်းပိုက်ပြီး အတန်ကြာသောအခါ ခရိုင်ဝန်တစ်ဦးသည် ကျောက်ဖြူနယ်ရှိ တောသူတောင်သားလယ်သမားတို့အား လူမျိုးခြားတို့က ဘိန်းဖြင့်စတင်ဖျက်ဆီးနေသည်ဟု အစီရင်ခံ၍ ဗဟိုအစိုးရတို့က လျစ်လျူရှုနေခြင်းကို တိတိလင်းလင်း ရှုတ်ချခဲ့ဘူးသည်။

ဗြိတိသျှပိုင် မြန်မာနိုင်ငံ၏ နယ်နိမိတ်ကျယ်ဝန်းလာသောအခါ ထူးချွန်သော ရခိုင်အမျိုးသားအရာရှိတို့ကို မြန်မာပြည်မသို့ ပို့၍ အမှုထမ်းစေသည်။ ထိုအရာရှိတို့သည် မြန်မာပြည်မ၌ အလွန်ပျော်ပိုက်ကြ၍တကြောင်း၊ ရခိုင်တိုင်းသို့ ပြန်လာ၍ ရာထူးကြီးကြီးဖြင့် အမှုထမ်းရန် အခွင့်အလမ်းနည်းပါးခြင်းကြောင့် တကြောင်း၊ ထိုအကြောင်းတို့ကြောင့် ထက်ထက်မြက်မြက်နှင့် နိုင်ငံအကျိုးကို သည်ပိုးရွက်ဆောင်နိုင်သော ရခိုင်အမျိုးသားအရာရှိကြီးများသည် ပင်စင်ယူပြီးသောအခါကျမှသာလျှင် ရခိုင်တိုင်း၌ ခေါင်းချနိုင်ခဲ့ကြသည်။

ရခိုင်တိုင်းတွင် နိုင်ငံခြားသွားရောက်၍ ပညာသင်ယူခဲ့သူတို့ အများပင် ထွန်းကားခဲ့၏။ ၎င်းတို့၏ အမျိုးအနွယ်အစဉ်အဆက်တို့မှာလည်း ကြေးရတတ်များ ဖြစ်ကြ၏။ အထက်တန်းအရာရှိတို့မှာလည်း အင်္ဂလိပ်နှင့်၎င်းတို့ အနွယ်များသာ ဖြစ်ကြ၏။ သို့နှင့်လည်း ရခိုင်တိုင်းသည် စီးပွားရေး၊ လူမှုရေးတို့၌ ဖွံ့ဖြိုးခြင်း မရှိခဲ့ချေ။

ဗြိတိသျှအစိုးရက ဆောင်ရွက်ပေးချက် တစ်ခုရှိ၏။ ရခိုင်တိုင်း၌ လယ်နှင့်၎င်း၊ ဆန်စက်နှင့်၎င်း ပတ်သက်သောအလုပ်သမား ရှား၏။ ၎င်းအလုပ်သမား အင်အားကို ဖြည့်နိုင်စေရန် ဗြိတိသျှတို့သည် ရခိုင်တိုင်းကို အိန္ဒိယသားတို့ ဝင်ချင်ထွက်ချင်တိုင်းဝင် ထွက်နိုင်ရအောင် စီမံဆောင်ရွက်ပေးခဲ့သည်။ အိန္ဒိယနှင့် မြန်မာခွဲသည့် အချိန်တိုင်အောင် အလုပ်သမား လူဝင်လူထွက်ကိစ္စကို ရခိုင်တိုင်း၌ အတော်အတန်လိုက်လျောပေးခဲ့ရ၏။ ဤအချက်ကြောင့်လည်း ရခိုင်တောသူတောင်သား လယ်သမားတို့၏ အခြေခံစီးပွားရေးနယ်ပယ်သည် ကျဉ်းမြောင်းခဲ့ရသည်။

အုပ်ချုပ်ရေးသဘောကို ဆက်၍ ပြောရလျှင် ဗြိတိသျှအုပ်ချုပ်ရေး ကြာမြင့်လာသောအခါ ရခိုင်တိုင်းသည် မင်းပြစ်မင်းဒဏ်သင့်သော မှုထမ်းရာထမ်းတို့၏ "မဲဇာ" ဖြစ်လာသည်။

မင်းပြစ်မင်းဒဏ်ဟူသည်မှာလည်း အမျိုးမျိုးရှိသည်။ အမှုထမ်းရာထမ်းတို့ ကိုယ်တိုင်က အုပ်ချုပ်ရေး၌ မဖြောင့်မတ်၊ စာရိတ္တ၌ မကောင်းမွန်၊ ဤအကြောင်းကြောင့် မင်းဒဏ်သင့်သည်က တစ်မျိုး၊ အုပ်ချုပ်ရေး၌ ပြောရန်မရှိ၊ စာရိတ္တ၌ သင့်တော်၏ဆိုပါသော်လည်း မင်းလိုလိုက်မင်းကြိုက် မခစားတတ်၊ ဤအကြောင်းကြောင့် မင်းဒဏ်သင့်သည်က တစ်မျိုး၊ ဤသို့ အမျိုးမျိုး ရှိသည်။ တစ်ခါတစ်ရံ၌လည်း မင်းပျိုမင်းလွင်တို့သည် "ကပ်"ခြင်း သဘာဝတရားကို နားမလည်၍ ရခိုင်တိုင်းသို့ အပို့ခံရသည်လည်း ရှိသေး၏။

**ရခိုင်သားတို့၏ စွပ်စွဲချက်**

မည်သို့ပင်ဆိုဆို၊ အထက်ပါရာဇမာန်ရှခြင်းခံရသူတို့ကို ရခိုင်တိုင်းသို့ ပို့ခြင်းစနစ်သည် ရခိုင်တိုင်း၏ အုပ်ချုပ်ရေး အဆင့်အတန်းကို အလွန်ပင်ထိခိုက်ခဲ့၏။

ဤအချက်ကိုလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသဘောတရားကို နားလည်ကြသော ရခိုင်အမျိုးသားတို့သည် မကျေနပ်ကြချေ။ ၎င်းတို့၏ တစ်ခုတည်းသော အစွဲကြီးမှာ "ငါတို့ရခိုင်ပြည်ကို ပစ်ထားသည်" ဟူသော အချက်ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရသည် ရခိုင်အမျိုးသားတို့၏ အလိုမပြည့်ဝသောကိစ္စတို့ကို ဖြည့်စွမ်းပေးရန် တာဝန်ရှိသည်။ သို့သော် အထက်ကပြခဲ့သော စကားစဉ်အရ အာဏာရသော နိုင်ငံရေးပါတီ၏ ချွတ်ယွင်းချက်ကို ကျွန်ုပ်တို့ သိရပေပြီ။ ထို့ကြောင့် အစိုးရအနေဖြင့် မည်သို့စွမ်းဆောင်နိုင်သနည်းဟူသောအချက်ကို စီစစ်ရမည်။

ဤသို့စီစစ်လိုက်သော် မယ်မယ်ရရဘာမျှ မရှိချေ။

အသို့လျှင် ရှိနိုင်ပါမည်နည်း။

လွတ်လပ်ပြီးဟု ကြွေးကြော်၍သုံးလမျှပင် မကြာ၊ အလံဖြူ၊ အလံနီ၊ ရဲဘော်ဖြူ၊ ကေအင်ဒီအို၊ အင်မ်အင်ဒီအို၊ စစ်ပြေးစသော သောင်းကျန်းမှုတို့အဆင့်ဆင့် ပေါ်လာခဲ့သည်။ ပြည်ထောင်စု အစိုးရသည် ရန်ကုန်အစိုးရဟုပင် အခေါ်ခံခဲ့ရသည်။ ဤအထဲတွင် ဝင်ဒါမီယာအစိုးရ မဖြစ်ရလေအောင် သူ့ခမျာဇွဲနဘဲကြိုးစွာဖြင့် ကြိုးပမ်းရသည်။ ရခိုင်တိုင်းအတွက် တစ်ခုဆောင်ရွက်မည်ဟု ကတိပြုလိုက်လျှင် ပြည်မ၌ပြဿနာနှစ်ခု ဖြစ်၍ဖြစ်၍လာသည်။

အခြားကို မဆိုထားဘိဦး။ ရခိုင်တိုင်း၏ မကျေနပ်ချက်တို့ကို စုံစမ်းမည်ဆို၍ စုံစမ်းသည့်ပဏ္ဏာမကော်မတီဖွဲ့စည်းခြင်းကိုပင်လျှင် ကြည့်ပါ။

ပြန်ကြားရေးဌာနဝန်ကြီး ဦးညိုထွန်းကိုယ်တိုင် ဦးစီးသော ထိုကော်မတီသည် ရခိုင်တိုင်းရှိ ချောင်းကြိုမြောင်းကြား ရွာသိမ်ရွာငယ်ပါမကျန်၊ တပင်တပမ်းဖြင့် စုံစမ်းရေးလုပ်ခဲ့၏။ အစီရင်ခံစာရေး၍ တင်ခဲ့၏။

သို့သော် စုံစမ်းရေးလုပ်ပါဟု စေခိုင်းသော ခေါင်းဆောင်တို့သည်ပင်လျှင် အဆိုပါအစီရင်ခံစာကို ဖတ်ရှုရန် အချိန်ရလိုက်လေသလောဟု တပ်အပ်သေချာ မပြောနိုင်ချေ။

ထို့ကြောင့် "ငါတို့ကိုပစ်ထားသည်" ဟူသော အစွဲအလမ်းသည် ပို၍ခိုင်မြဲလာသည်။

## ရခိုင်ပြည်နယ်-အသံ

မြန်မာနိုင်ငံ လွတ်လပ်ရေးရခါစတွင် ရခိုင်သီးခြားပြည်နယ်ဟူသော မထင်မရှားအသံသည် ပေါ်ခဲ့၏။

သို့သော် အမှန်မှာထိုသီးခြား ပြည်နယ်ဟူသော စကားသည် အဓိပ္ပါယ်မရှိချေ။ အဓိပ္ပါယ်မရှိကြောင်းကိုလည်း ပညာတတ်ရခိုင်အမျိုးသားတို့က ကောင်းစွာသိသည်။ ထိုအမျိုးသားတို့သည် ကုလားပန်ဇင်းမြစ်ဝှမ်းကပေးနေသော တိတ်ကြီးနိမိတ်ကြီးတို့ကို မြင်နေရသည်။ ထို့ကြောင့် သီးခြားပြည်နယ်ဟူသောအသံသည် သံမှန်မဟုတ်ချေ။

သို့သော် စဉ်းစားတတ်သူတို့၏ ဝမ်းထဲတွင် အမျိုးမျိုးကြံဆလာကြသည်။

မြန်မာပြည်မနှင့် ရခိုင်တိုင်းသည် အလွန်အဆက်ဝေးသည်။

မြန်မာပြည်မ၌ ဒုက္ခ-သုက္ခကြုံတွေ့နေခိုက်တွင် ရခိုင်တိုင်းအဖို့ ကယ်မည့်သူမပေါ်လာ ဖြစ်ခဲ့ရသည်။

ထို့ကြောင့် ရခိုင်အမျိုးသားတို့သည် မိမိကိုယ်ကို မိမိအားကိုးသောစံနစ်ဖြင့် အဘယ်ကြောင့် မလုပ်နိုင်ရမည်နည်း။

ဤအချက်တို့ကို ရခိုင်အမျိုးသားပညာတတ် လူတန်းစားတို့က လူကြီးလူငယ်မရွေး ပူးပေါင်းစဉ်းစားလာကြသည်။

ထို့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ရေးဟူသော အသံသည် တစတစနှင့် ပဲ့တင်ရိုက်၍လာသတည်း။

တကယ်တမ်း စဉ်းစားလိုက်လျှင် ရခိုင်နှင့်မြန်မာတို့သည် တမိသားမှ ပေါက်ဖွားလာသော သူများဖြစ်၏။

ရခိုင်နှင့်မြန်မာတို့ ရန်ဖြစ်လျှင်ဖြစ်ကြပါစေ။ သို့သော် ၎င်းတို့နှစ်ဦးသည် ကြာကြာရန်မဖြစ်နိုင်ပါ။ ညီအစ်ကိုချင်းစကားများကြသည့် ပုံပမာမျှသာ ဖြစ်၏။ စကားများပြီးလျှင် ပြန်၍ခေါ်ကြစမြဲပင်ဖြစ်၏။

တခြားကိုကြည့်ရန်မလို။ ပြည်နယ်ကိစ္စနှင့် စပ်လျဉ်း၍ တိုင်းရင်းသားချင်း သွေးထွက်သံယိုမှုများပင် ပေါ်ပေါက်ခဲ့၏။

သို့သော် ရခိုင်မြန်မာတို့မှာ ဤအကြောင်းကိစ္စနှင့်စပ်လျဉ်း၍ သွေးတပေါက်မျှပင် မစွန်းခဲ့ဘူးပါ။

မြန်မာတို့အနေဖြင့် တစ်သက်လုံးအတူတကွ ပေါင်းသင်းနေထိုင်သူက ခွဲခွါသွားမည်ဆိုလျှင် လွမ်းသလိုလို အောက်မေ့သလိုလို ရှိချင်ရှိမည်ဖြစ်၏။

သို့သော် ဤခေတ်ကြီး၌ လူအသီးသီးသည် မိမိကြမ္မာကို မိမိဖန်တီးလိုကြသည် မဟုတ်လော။

ထို့ကြောင့် ပြည်နယ်ကိစ္စတွင် ပြည်နယ်လိုချင်သူတို့က သူတို့၏ကံကြမ္မာကို သူတို့ဆုံးဖြတ်ကြဘို့သာ ရှိသည်။ ကျွန်ုပ်တို့ ပြည်မသားအနေဖြင့် ဒိုးတူဘောင်ဘက်ချင်းဖြစ်သည့်အားလျော်စွာ ကျွန်ုပ်တို့ကလည်း ၎င်းတို့အရေးတွင် ပြောပိုင်ခွင့်ရှိပါ၏။ သို့သော် ကျွန်တော်တစ်ဦး၏အနေဖြင့်ကား ဘာမျှမပြောလိုပါ။

ရခိုင်အမျိုးသားတို့၏ ဆန္ဒပြည့်ဝ၍ ရခိုင်မြန်မာနှစ်ဦးသား အနာဂတ်၌ ညီရင်းအစ်ကိုပမာ လက်တွဲသွားနိုင်ဘို့ကိုသာ ရည်ရွယ်မိသည်။

ထို့ကြောင့် ဤကိစ္စကိုသက်ဆိုင်သူတို့သည် ဆန္ဒရှိသည့်အတိုင်း ဆုံးဖြတ်ကြပါကုန်။

ထိုသို့ဆုံးဖြတ်ရာ၌ ပြည်နယ်ကို လိုသူတို့ကလည်း လိုချင်သောဆန္ဒကို လွတ်လပ်စွာပြကြပါ။ မလိုသူတို့ကလည်း မလိုချင်သောဆန္ဒကို လွတ်လပ်စွာပြကြပါ။ သို့သော် ဆန္ဒခြင်းမတူညီသည့်အချက်ကို အကြောင်းပြု၍ ရခိုင်အမျိုးသားအချင်းချင်း မေတ္တာတရားခေါင်းပါးသွားသည့် အခြေကို မရောက်ရလေအောင် ခေါင်းဆောင်တို့က ထိန်းသိမ်းသွားကြရန် မေတ္တာရပ်လို၏။

အများလိုရာကို ဆုံးဖြတ်ပြီးသည့် ကာလ၌ အများ၏ဆုံးဖြတ်ချက်ကို နာယူလေးစားကြဘို့သာ ရှိ၏။ အလိုဆန္ဒပြည့်ဝလာသည့်အချိန်တွင် ရခိုင်အမျိုးသားတို့၏ ဝံသာနုရက္ခိတတရားပြန်လည်ထွန်းကားလာဘို့ကိုသာ အလိုရှိအပ်၏။

ကျွန်တော်သည် တစ်ခုကိုသာ မျှော်လင့်လို၏။

ရခိုင်ပြည်နယ် ရရှိလာသောအခါ ကျွန်ုပ်တို့ပြည်မကြီး၏ အခက်အခဲတို့ကို ရခိုင်ပြည်နယ်သားတို့သည် ကိုယ်ချင်းစာနာနိုင်လိမ့်မည်ဟု မျှော်လင့်လိုပါသတည်း။

**မောင်ထင်**

# ရခိုင်ပြည် မြိတ်သျှတော်လှန်ရေးသုတေသန

မောင်ထင်

ယခုရောက်ဆဲ ခေတ်ကာလသည် သုတေသနစိတ် ဓါတ်နိုးကြားနေသောကာလ ဖြစ်သည်။ မြန်မာနိုင်ငံ သုတေသနအသင်းသည် အသင်းတည်ထောင်သောနေ့မှ စ၍ ယနေ့တိုင်အောင် ဂျပန်ခေတ်တွင် အဆက်ပြတ်ခဲ့ရ သည်မှတပါး နှစ်စဉ်ဆောင်ရွက်ဖွယ်အမှုတို့ကို ဆောင်ရွက် လျက် ရှိနေသည်။ ထို့နောက်လွန်ခဲ့သော နှစ်အနည်းငယ် မှ အစပြု၍ သုတေသနကောင်စီဟူသော ကျယ်ပြန့်သည့် အဖွဲ့အစည်းတစ်ခုပေါ်လာ၍ ထိုအဖွဲ့သည် သုတေသန စာတမ်း တင်ပြဆွေးနွေးနှီးနှောခြင်းများကို နှစ်စဉ်ကျင်းပ လာခဲ့သည်။ ဤကဲ့သို့သော လှုပ်ရှားမှုများကို အကြောင်း ပြု၍ နေ့စဉ်သတင်းစာတို့တွင်၎င်း၊ အပတ်စဉ်ဂျာနယ်တို့ တွင်၎င်း၊ လစဉ်မဂ္ဂဇင်းတို့တွင်၎င်း၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့်၊ သိပ္ပံရေးရာတို့၌ ကျွမ်းကျင်သူပညာရှင်တို့ သည် အချက်အလက်များ စုဆောင်းရှာဖွေတင်ပြလာကြ သည်။ ယနေ့ထုတ်ဝေကြသောစာအုပ်များတွင်လည်း ယင်းသို့အချက်အလက်ရှာဖွေစုဆောင်းတင်ပြကြခြင်းကို တွေ့မြင်နေကြရလေသည်။

သုတေသနလုပ်ငန်းရပ်ကို နှစ်မျိုးနှစ်စားခွဲခြားနိုင် သည်။ ဗဟုသုတအလို့ငှာ ရှေးဟောင်းနှောင်းဖြစ်တို့ကို ရှာဖွေထုတ်ဖော်အကဲဖြတ်၍ပေးသော သုတေသနက တစ် မျိုး၊ အတတ်သိပ္ပံအမျိုးမျိုးတို့ကို လူမှုရေး၊ စီးပွားရေး စသည်တို့၌ အသုံးချ၍ရအောင် တီထွင်ကြံဆရှာဖွေပေး သော သုတေသနက တစ်မျိုးဟူ၍ဖြစ်သည်။ အလွယ်ပြော လျှင် ဗဟုသုတသုတေသနနှင့် အသုံးချသုတေသနဟု ခေါ် နိုင်ပါသည်။

သုတေသနပြုရာ၌ အချက်အလက်ရှာဖွေစုဆောင်း သောအဆင့်၊ ထိုရှာဖွေစုဆောင်း၍ရသော အချက်အလက် တို့ကို ညှိနှိုင်းစီစဉ်သောအဆင့်၊ ညှိနှိုင်းစီစစ်ပြီး အချက် အလက်တို့ကို မှီ၍ကောက်ချက်ချကာ တိမ်မြုပ်နေသော အနက်အဓိပ္ပါယ် အသစ်အသစ်တို့ကို ဖော်ရသောအဆင့် စသဖြင့် အမျိုးမျိုးရှိပါသည်။ အသုံးချသိပ္ပံသုတေသန စသည်တို့၌မူကား မိမိ၏တွေ့ရှိချက် ယူဆချက်များ၊ မှန်- မမှန် ချိန်ထိုးကြည့်ပြီးလျှင် မိမိတွေ့ရှိချက် ယူဆချက် အတိုင်း လုပ်ဆောင်၍ ရနိုင်၊ မရနိုင်ကို လက်တွေ့စမ်း သပ်ကြည့်ရပါသေးသည်။ ဤကဲ့သို့ အဆင့်ဆင့် အင်္ဂါရပ် များနှင့် ညီမှသာလျှင် သုတေသနမည်ပါသည်။

ရှာဖွေစူးစမ်းချက် ဆိုကာမျှဖြင့် သုတေသနဟု ရုတ် တရက်မဆိုနိုင်သေးပါ။ ရှာဖွေစူးစမ်းရာ၌ အချက်အလက် များ တင်ပြသောအပိုင်းသည် အခြေခံအပိုင်း ဖြစ်ပါသည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်စသည်တို့တွင် အများ ရေးသားနေကြသည်မှာ အချက်အလက် စုဆောင်း နေကြသော သဘောမျှသာ ရှိပါသေးသည်။ ထိုမှတဆင့် တိုးတက်ကြံဆတီထွင်စရာအများပင် ကျန်ပါ သေးသည်။ အချက်အလက်ရှာဖွေစုဆောင်းရာ၌လည်း နည်းစနစ်မှန် မှန်ကန်ကန်ဖြင့် ယုတ္တိတန်သောအချက်များ ကို စုဆောင်း ကြသည်လည်း ရှိ၏။ လူပြောသူပြော စကားများကို အခြေ တည်၍ ဤသို့ဖြစ်တန်ကောင်း၏ဟု မျက်မှန်းရမ်းဆ ကောက်ချက်ချ၍ ရေးကြသည်လည်းရှိ၏။ ထို့ကြောင့်

အချို့ရှာဖွေ မှုများမှာ နည်းလမ်းစနစ်ကျနသလောက်၊ အချို့ရှာဖွေ မှုများမှာ တော်စွာလျော်စွာမျှသာ ရှိပါသေးသည်။ သို့ရာတွင် သုတေသနစိတ်ဓါတ်နိုးကြားလာသောကြောင့် အချက်အလက်စုဆောင်းတင်ပြရာ၌ ခွန်အားရှိလာလျှင် အနာဂတ်သုတေသနလုပ်ငန်းအတွက် အထောက်အပံ့ ရနိုင်စရာအကြောင်းရှိသည်ဟု ထင်မြင်ပါသည်။ အမှား အမှန်တို့ကို နှောင်းလူတို့က စိစစ်ကြည့်ကြပါလိမ့်မည်။ ထိုအခါကျမှ သုတေသန ဟုတ်-မဟုတ်ကို အကဲဖြတ်နိုင် ကြပါလိမ့်မည်။ သို့သော် ယနေ့ရေးသားနေကြသော သုတေသနသမားတို့က မိမိတို့အရေးအသားကို ခိုင်ခိုင်လုံ လုံဖြစ်အောင် ကြိုးစား၍ ရေးသားကြဖို့သာလျှင် မေတ္တာ ရပ်ခံလိုပါသည်။

အထက်၌ဖော်ပြခဲ့ဘိသကဲ့သို့ အချက်အလက်ရှာဖွေ စုဆောင်းတင်ပြလျက်ရှိနေကြခြင်းကြောင့် စာဖတ်ဝါသနာ ပါသူကျွန်တော်အဖို့ ယင်းစာများကို တဝကြီးဖတ်ရပါ သည်။ အထူးသဖြင့် ယခုအခါ ရှေးယခင်က တော်လှန်ခဲ့ ကြသော လှုပ်ရှားမှု ကြိုးပမ်းမှုအဖုံဖုံတို့ကို ဆောင်းပါးရှင် အမျိုးမျိုးတို့က စာအုပ်စာတမ်းများမှ ရှာဖွေ၍ ရလျှင်ရ သလို တင်ပြကြသည်ကို ကျွန်တော်ဖတ်ရှုရပါသည်။ ယင်း ဆောင်းပါးများ၌ အကျိုးအပြစ်နှစ်ရပ်စလုံးကို တွေ့နိုင်ပါ သည်။ သို့သော် ယခုကျွန်တော်တင်ပြလိုသည်မှာ အကျိုး အပြစ်ဝေဖန်ချက်ကို တင်ပြလိုခြင်းမဟုတ်ပါ။ တပါးသူတို့ အချက်အလက်စုဆောင်းနေကြပုံကို အကဲခတ်၍ အချက် အလက်စုဆောင်းရာ၌ ပြည့်ပြည့်စုံစုံ ဖြစ်လာကြစေရန် တိုက်တွန်းအားပေးလိုသော သဘောမျှသာ ဖြစ်ပါသည်။

ဤသို့ တော်လှန်ရေးအဆက်ဆက်များကို စာရေး ဆရာ သုတေသီပုဂ္ဂိုလ်များ တင်ပြကြရာဝယ် ချင်းတောင် နယ်၊ ရှမ်းပြည်၊ ကရင်နီနယ် (ယခု ကယားပြည်)၊ ကချင် တောင်တန်း အစရှိသော ဒေသတို့မှ ဗြိတိသျှကို တော်လှန် ကြသော ပုဂ္ဂိုလ်တို့၏ အကြောင်း ရှေးဟောင်းနှောင်းဖြစ် များကို ဒေသန္တရဗဟုသုတအခြေခံတို့ဖြင့် မှတ်တမ်းတင် နေကြသည်ဟု တွေ့ရပါသည်။ သို့ရာတွင် ထိုမှတ်တမ်းတင် သူတို့၏ စာများတွင် ၁၉-ရာစုနှစ် ရခိုင်ပြည်အမျိုးသား များ၏ ဗြိတိသျှဆန့်ကျင်ရေး တော်လှန်ရေးဆိုင်ရာ အကြောင်းရပ်များ မပါရှိကြပါ။ ကျွန်တော် မတွေ့မိ၍ မဖတ်မိခြင်း ဖြစ်ချင်ဖြစ်ပါလိမ့်မည်။

ရခိုင်ပြည်သည် မြန်မာပြည်ဖွား တိုင်းရင်းသားအား လုံးတို့၏ ဝံသာနုရက္ခိတတရားများ ပွားများစေရန် လှုံ့ဆော်ကာ ဗြိတိသျှကို ဆန့်ကျင်ခဲ့သော ဦးဥတ္တမအရှင် သူမြတ် မွေးဖွားရာဇာတိဖြစ်ပါသည်။ ထို့ကြောင့် မည် သည့်နည်းမဆို သူ့ခေတ်နှင့်သူဆိုသကဲ့သို့ ထိုဒေသ၌လည်း တော်လှန်ရေးသမားများ ထွန်းကားလိမ့်မည်ဟု ကျွန်တော် တွက်ဆမိပါသည်။

ထို့ကြောင့် ရခိုင်ပြည်နှင့် စပ်ဆိုင်သမျှ စာအုပ်စာ တမ်းတို့ကို ရှာဖွေဖတ်ရှုကြည့်မိပါသည်။ ဤသို့ဖတ်ရှုကြည့် သောအခါ ကျွန်တော်တွေ့ရသော အချက်များကို သုတေ သနပုဂ္ဂိုလ်များအကျိုးငှာ ယခုကျွန်တော်တင်ပြလိုက်ပါ သည်။

ကျွန်တော်၏တွေ့ရှိချက်မှာ အညွှန်းမာတိကာမျှသာ ရှိသေးသည်ကို ဂရုဓမ္မပြုကြစေလိုပါသည်။ ကျွန်တော်၏ အာသီသမှာ ဤကဲ့သို့ အညွှန်းကို ပေးလိုက်လျှင် သုတေ သနပုဂ္ဂိုလ်အပေါင်းတို့က ထပ်မံပြည့်စုံအောင် ရှာဖွေ၍ သင့်လျော်သလို တင်ပြနိုင်ကြပါစေရန် ဖြစ်ပါသည်။ ကျွန်တော်၏စာကြောင့် သုတေသနဝါသနာရှင်များ သုတေသနပြုရန် ဥဿာဟပြုကြပြီဆိုပါလျှင် ကျွန်တော် ကျေနပ်ပါမည်။

ဒုတိယကမ္ဘာစစ် မဖြစ်ပွားမီကာလက ကာလကတ္တား တက္ကသိုလ်တွင် သမိုင်းဆိုင်ရာစာပေတို့ကို ပို့ချနေသော ပါမောက္ခဒေါက်တာ အေ၊စီ၊ဘနာဂျီသည် မြန်မာနိုင်ငံနှင့် စပ်လျဉ်းသော သုတေသနများကို ပြုစုခဲ့ပါသည်။ ထိုပုဂ္ဂိုလ် ကြီးသည် မြန်မာ၊ အိန္ဒိယ၊ အာသံ၊ မဏိပူရစသော ဒေသ တို့၏ သမိုင်းများကို ကျွမ်းကျင်နှံ့စပ်သူ ဖြစ်သည်။ စစ် မဖြစ်မီက "မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်ခြင်း" ဟူသော ကျမ်းနှင့် "ဗြိတိသျှပိုင် အိန္ဒိယပြည်အရှေ့နယ် ခြားဒေသများအကြောင်း" ဟူသော ကျမ်းနှစ်စောင်ကို ပြုစုခဲ့ပါသည်။ အိန္ဒိယမြန်မာနယ်စပ်ဒေသ အရေးအခင်း အကြောင်းကို သိလိုလျှင် ဒေါက်တာဘနာဂျီကို ကိုးကား ကြရစမြဲဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်သည် အထက်တွင်ဖော်ပြ သော ဒုတိယကျမ်းတွင် ရခိုင်ပြည်နှင့်အိန္ဒိယပြည်စပ်ကြား ဒေသတို့၌ ဖြစ်ပွားခဲ့သော ၁၇၈၄-ခုနှစ်မှ ၁၈၂၆-ခုနှစ် အထိ အရေးအခင်းတို့ကို တင်ပြထားပါသည်။

ထိုပုဂ္ဂိုလ်ကြီးသည် ရခိုင်အိန္ဒိယနယ်စပ် အရေးအခင်းများအတွက် နယူးဒေလီအမျိုးသားမော်ကွန်းတိုက်တွင်ရှိသော နိုင်ငံရေးမှတ်တမ်း၊ လျှို့ဝှက်မှတ်တမ်း၊ စစ်ရေးမှတ်တမ်း၊ နိုင်ငံခြားရေး မှတ်တမ်းစသည်တို့ကို ကိုးကားသည့်အပြင် ၁၈၇၉-ခုနှစ်၌ စီရင်ရေးသားသော ဗြိတိသျှဘားမား ဂဇက်တီးယားတို့ကိုလည်း ကိုးကားထားပါသည်။ ထိုပြင်၎င်း၏ ကျမ်းကိုးစာရင်း၌ အင်္ဂလိပ်လို ဂီလဆင်၏မှတ်တမ်းမှသည် မြန်မာလို ကုန်းဘောင်ဆက်ရာဇဝင်အထိ ကျမ်းပေါင်းများစွာကို တွေ့ရပါသည်။

ထို့ကြောင့် ကျွန်တော်သည်ဒေါက်တာဘနာဂျီ၏ အရေးအသားမှတဆင့် ခြေရာကောက် ဗြိတိသျှဘားမား ဂဇက်တီးယား၌ ဖော်ပြထားသောအကြောင်းအရာထက် ပို၍စုံသော အကြောင်းအရာများကို ရှာမတွေ့ရသေးပါ။ ကျွန်တော်တို့မှာ ရှေးသမိုင်းပညာရှင်များ ရှာဖွေဗဟုသုတပြုခဲ့ကြသည်ကို တဆင့် မှတ်သားရခြင်းမျှသာ ရှိနေပါသေးသည်။ စင်စစ်စနစ်တကျ သုတေသနပြုကြပါလျှင် မြန်မာသမိုင်းကို အိန္ဒိယနိုင်ငံ၌၎င်း၊ ဗြိတိန်နိုင်ငံ၌၎င်း၊ မော်ကွန်းတိုက်၊ မြူစီမ်စသည်တို့တွင် ထိန်းသိမ်းထားသော အတိုင်းတိုင်းအပြည်ပြည်ဆိုင်ရာမှတ်တမ်းများကို ကြည့်ရှုလေ့လာသင်ကြား၍ သုတေသနပြုရန် လိုပါလိမ့်မည်။

ဗြိတိသျှဘားမား ဂဇက်တီးယား၏ အာဘော်အရဆိုပါလျှင် ၁၈၂၆-ခုနှစ်တွင် ရခိုင်ပြည်ကို သိမ်းပိုက်ပြီးသောနောက်ပိုင်းတွင် ရခိုင်ပြည်သည် အတော်အသင့်ငြိမ်ဝပ်ပိပြားလျက် ရှိပါသည်။ သို့သော် သံတွဲခရိုင် ဂဇက်တီးယားမှာမူ ဗြိတိသျှတို့သိမ်းပိုက်ပြီး နှစ်နှစ်အတွင်းဝယ် ဗြိတိသျှတို့က ရခိုင်ပြည်ကို တိုင်းရင်းသားများလက်သို့ ပြန်အပ်လိမ့်မည်ဟု နယ်သူနယ်သားတို့က ယူဆလျက်ရှိကြောင်း ဆိုပါသည်။ ဤအဆိုဖြစ်ပေါ်လာပုံကို ယခုခေတ် ကျွန်တော်တို့ ဆက်လက်သုတေသနပြုသင့်ပါသည်။ သို့သော် ဂဇက်တီးယားများတွင်ရေးသားသော စကားသွားစကားလာအရဆိုလျှင် ဘိုးတော်ဘုရားလက်ထက်၌ ဗြိတိသျှနှင့်ပေါင်း၍ မြန်မာအစိုးရကို ပုန်ကန်ခြားနားသော ချင်းပြန်၏ အဆက်အနွယ်များသည် ၁၈၂၈-ခုနှစ်လောက်တွင် ဗြိတိသျှတို့ကိုပြန်၍ ဆန့်ကျင်လာကြသည်ဟု သိရသည်။ ဗြိတိသျှတို့၏ အရှေ့အိန္ဒိယကုမ္ပဏီသည် ချင်းပြန်ကို ၁၈၁၂-၁၅ ကာလအတွင်းက မည်သို့ မည်ပုံရေးထိုးပေးထားခဲ့သည်မသိပါ။ သို့သော်၎င်း၏အဆက်များကား ရခိုင်ပြည်ကို ပြန်ရနိုး မျှော်လင့်နေဟန်တူပေသည်။ ၎င်းအဆက်များမှ ချင်းပြန်၏ ယောက်ဖအောင်ကျော်ရှီနှင့် ချင်းပြန်၏တူ အောင်ကျော်စံတို့ ဖြစ်ပါသည်။ အောင်ကျော်ရှီ၌ပါသော ရှီကို ရကောက်သံ၊ ဟထိုးထံနှစ်သံ တွဲ၍ ရွတ်ဆိုရလိမ့်မည် ထင်ပါသည်။ အင်္ဂလိပ်မှတ်တမ်း များမှာ (Rhee) ဟု ရေးသည်လည်း တွေ့ရပါသည်။ ရိုးရိုး (Ri) ဟု ရေးသည်လည်း တွေ့ရပါသည်။ ၎င်းတို့သည် မူလ က ဗြိတိသျှနှင့်ပူးပေါင်းခဲ့သူများပင် ဖြစ်သည်။ ဤသို့ပူးပေါင်းကြဟန်တူသည်။ တပ်အပ်ပြောစရာ အထောက်အထားမရှိပါ။ သုတေသနဆရာတို့က အကိုးအကားအခိုင်အလုံရှာ၍ ကြည့်မှသာ အမှန်သိရပေမည်။ သို့သော် ဂဇက်တီးယအမှတ်အသားများအရ ထိုအောင်ကျော်ရှီးနှင့် အောင်ကျော်စံနှစ်ဦးတို့သည် ဗြိတိသျှလက်အောက်တွင် အမှုထမ်းနေသော ရွှေဖန်ဆိုသူ၏ အကူအညီဖြင့် လုပ်ကြံမှုတစ်ခုကို ကျူးလွန်သည်။ ယင်းလုပ်ကြံမှု၏ အကြောင်းစုံကို အသေးစိတ်မဖော်ပြပါ။ သို့ရာတွင် ဤလုပ်ကြံမှု ဆိုသည်မှာ ဗြိတိသျှတော်လှန်ရေးသဘောက် မသက်ဝင်ပါ။ နယ် စားပယ်စားအဖြစ်ကို လိုချင်၍ ဆူပူထကြွသော သဘောမျှသာရှိပါသည်။

သို့သော် အောင်ကျော်ရှီ၊ အောင်ကျော်စံနှင့် ရွှေဖန်တို့သည် ဗြိတိသျှကို ပုန်ကန်ရာ၌ မအောင်မြင်ခဲ့ပါ။ ရွှေဖန်သည် မြန်မာမင်းအုပ်ချုပ်ရာ အင်းဝနေ ပြည်တော်သို့ ထွက်ပြေးသည်ဟု ဆိုပါသည်။ ထိုစဉ်က အင်းဝနှင့် ရခိုင်အဆက်ရှိမြဲရှိနေပုံကို စဉ်းစားရန် ရှိပါသည်။ သို့သော် ဤအရေးအခင်းအတွက် အချက်အလက်များမှာ တိမ်မြုပ်လျက်ရှိနေ၍ ယခုဖော်ပြပါအကြောင်းထက် ပို၍ဘာမျှ မတင်ပြနိုင်ပါ။

ထိုနောက် ၁၈၃၆-ခုနှစ်တွင် ရခိုင်ပြည်၌ ဗြိတိသျှတို့ကို အတိအလင်းပုန်ကန်ထကြွသည်ဟု အဆိုရှိပါသည်။ အသေးစိတ်ကို မဖော်ပြသောကြောင့် အထက်က အောင်ကျော်ရှီတို့နှင့် အဆက်ရှိမရှိကို မပြောနိုင်ပါ။ ဤသည်မှာလည်း နောက်ထပ်သုတေသနပြုစရာအတွက် တစ်ကွက်ဖြစ်ပါသည်။ ထကြွမှုအတွက် အကြောင်းရင်းမှာမူ အထက်ကပြဆိုခဲ့သည့်အတိုင်း ဗြိတိသျှတို့က လက်ဆောင်ဘဏ္ဍာလက်ခံ၍ ရခိုင်ပြည်မှ ထွက်သွားလိမ့်မည်ဟု

ယုံကြည် ပြီးလျှင် တိုင်းပြည်ပျက်သောအခါ ဗိုလ်လုပ်ကြရန် ကြိုးစား သည့်သဘောမျိုးနှင့်တူပါသည်။

သို့သော် ၁၈၇၀-၇၁ခုနှစ်သို့ ရောက်သောအခါ စစ်တွေခရိုင် မြို့ဟောင်းမြို့နယ်တွင် မင်းလောင်းပေါ်ပါသည်။ မင်းလောင်းမှာ မောင်ဦးဖြူ ဖြစ်သည်။ မောင်ဦးဖြူ၏လှုပ်ရှားထကြွမှုကို ဗြိတိသျှတို့ ချက်ခြင်းလက်ငင်းနှိမ်နင်းသည်ဟု မှတ်တမ်းများက ဆိုထားပါသည်။

၁၈၈၈-ခုနှစ်၌မူကား မြန်မာပြည်တွင် လှုပ်ရှားထကြွခဲ့သော ဗြိတိသျှတော်လှန်ရေးနှင့်ဆက်စပ်သည့် ရခိုင်ပြည် ဗြိတိသျှတော်လှန်ရေးပေါ်ပေါက်ခဲ့ပါသည်။ ထို ၁၈၈၈-ခုနှစ်မှာ အထက်မြန်မာနိုင်ငံကို ဗြိတိသျှတို့သိမ်းပိုက်ပြီး၍ နှစ်နှစ်ကြာသော ကာလဖြစ်သည်။ ထိုကာလအတွင်း၌ မဏ္ဍရာမင်းသားသည် ဗြိတိသျှလက်အောက်မဝင်ပဲ ဗြိတိသျှကို ပြန်လှန်ခုခံတိုက်ခိုက်နေပါသည်။

တစ်နေ့သောအခါ မဏ္ဍရာမင်းသားက စေတုတ္တရာနယ်သားတောာဆိုသူကို ဗိုလ်ခန့်၍ ရခိုင်သို့စေလွှတ်ပါသည်။ ဗိုလ်တောာသည် ဘုန်းကြီးနှစ်ပါးနှင့်အတူ ရခိုင်သို့ ဝင်ခဲ့လေသည်။ ဘုန်းကြီးနှစ်ပါးက ဗြိတိသျှကို တိုက်ခိုက်ရေးအလို့ငှာ လူစုထားသောတော်လှန်ရေးသမားများကို ပီးဆေးထိုးပေသည်။ အင်းအိုင်ခလှည့် လက်ဖွဲ့ချည်ပေးသည်။ ဗိုလ်တောာသည် ရခိုင်၌ နဂရာဂရန်ပိုင်ရှင် ရှမ်းမောင်ဗိုင်းဆိုသူနှင့်ဆက်မိ၍ ဗြိတိသျှတို့ကို တော်လှန်တိုက်ခိုက်လေသည်။

ဗြိတိသျှတို့ကိုတိုက်ရန် ရက်ချိန်းမှာ ၁၈၈၈-ခု ဧပြီလ ၁၆ရက်၊ ၁၇ ရက် ဖြစ်သည်ဟု ဆိုသည်။ ထိုရက်အမီ မြန်မာပြည်မှ လူပေါင်း ၁၂၀ တို့သည် နဂရာ ဂရန်ပိုင်ဒေသအတွင်းသို့ ချီတက်ကြသည်ဟုလည်း ဆိုသည်။ ဤသည်မှာ မြန်မာရှမ်းနှင့်ရခိုင်တို့ ဗြိတိသျှကို ပူးပေါင်း၍ တော်လှန်ကြသောအရေးပင် ဖြစ်သည်။

သို့ရာတွင် ဗိုလ်တောာဆောင်ရွက်ပုံမှာ အတင့်ရဲလွန်းဟန်တူသည်။ ဗိုလ်တောာသည် နောက်လိုက်နောက်ပါတို့ကို ပြောင်ပြောင်ကြီးပင် စုဆောင်းသည်။ ထို့ကြောင့် ဗိုလ်တောာ၏သတင်းသည် မြို့ဟောင်းသို့ ပေါက်ကြားသွားလေသည်။ မြို့ဟောင်းမြို့နယ်အရာရှိလည်း သတင်းစကားအတိုင်း လိုက်လံဖမ်းဆီးရာ ဗိုလ်တောာနှင့် နောက်လိုက်တို့ကို ထကြွရန် ရက်ချိန်းမကျမီအတွင်း ဖမ်းဆီးရမိလိုက်လေသည်။

ဗိုလ်တောာကိုဖမ်း၍ မြို့ဟောင်းဂတ်၌ ချုပ်ထားသည်ဟု ကြားရသောအခါ ဓားလွတ်ကိုင် ရှမ်းအမျိုးသား ၂၀ သည် နဂရာဂရန်ပိုင်ဒေသမှ ထွက်၍ မြို့ဟောင်းဂတ်ကို ဝင်စီးသည်။ ဝင်စီးသော နေ့စွဲမှာ ၁၈၈၈-ခု၊ ဧပြီလ ၈ ရက်၊ သန်းကောင်အချိန်ဖြစ်သည်။ မြို့ဟောင်းဂတ်မှ သေနတ်လက်နက်များကို သိမ်းယူ၍ ဖမ်းဆီးထားသူတို့ကို ထုတ်သွားပြီးလျှင် ဂတ်ကိုမီးရှို့သည်။ မြို့ကိုလည်း မီးတိုက်သည်။ မြို့၌ရှိသော အိမ်ခြေ ၇၆-အိမ် မီးလောင်ပျက်စီးသည်။ ဤတိုက်ပွဲတွင် ပုလိပ်အနည်းငယ်နှင့် ရွာသားအနည်းငယ် ထိခိုက်သေဆုံးသည်။ ဗိုလ်တောာကား လွတ်မြောက်သွားလေသည်။

ဧပြီလ ၁၄-ရက်နေ့တွင် စစ်တွေအရေးပိုင်သည် ဗိုလ်တောာတို့၏လူစုကိုလိုက်လံတိုက်ခိုက်သည်။ အရေးပိုင်နှင့် တော်လှန်ရေးအုပ်စုတို့သည် ပုလဲချောင်း၌ တွေ့ဆုံ၍ တိုက်ပွဲဖြစ်ပွားသည်။ တိုက်ပွဲ၌ တော်လှန်ရေးသမားများ အရေးနိမ့်၍ ကျဆုံးသူကျဆုံးသည်။ အဖမ်းခံရသူလည်း ခံရသည်။ ဤသည်တွင် ဤလူစုအစ ပျောက်သွားလေတော့သည်။ မှတ်တမ်းများတွင် ဗိုလ်တောာကို မိသည် မမိသည် ထင်ရှားစွာ ဖော်ပြထားခြင်း မရှိချေ။

သို့သော် တော်လှန်ရေးမှာ မီးမသေ သေးချေ။ ၁၈၉၀-ပြည့်နှစ်တွင် ရသေ့တောင်၊ ကျောက်တော၊ မြို့ဟောင်းမြို့နယ်တို့တွင် ကြာထွန်း၊ ရွှေလှ၊ လာဘတို့ ဦးစီးသော လူစုများထကြွကြသည်။ ၎င်းတို့ကို ဗြိတိသျှတို့က ထုံးစံအတိုင်း ဓားပြဂိုဏ်းသားများဟု ခေါ်သည်။ ထိုအချိန်တွင် ဗိုလ်ကျော်ဝသည် သံတွဲမြို့နယ်မှစ၍ ထကြွပြီးလျှင် မြို့ဟောင်းသို့ဝင်သည်။ ထိုလူစုများသည် မြို့ဟောင်းနှင့် ကျောက်တော်နယ်တို့တွင် လပေါင်းများစွာ ထကြွကြပြီးလျှင် နောက်ဆုံး၌ မအောင်မြင်၍ အဖမ်းခံရသူတို့ ခံကြရပြီးနောက် တကွဲတပြားဖြစ်သွားရလေသည်။

၁၈၉၁-ခုနှစ်တွင် မင်းလောင်းဖော်အောင်သားအဖတို့ ထကြွကြပြန်သည်။ မောင်ဖော်အောင်၏ အဖေမှာ ချင်းပိုဟု ခေါ်သည်။ ၎င်းတို့ထကြွရာနေရာမှာ မယူတောင်တန်း ဒေသဖြစ်သည်။ သို့ရာတွင် ၁၈၉၂-ခုနှစ် ဖေဖော်ဝါရီလ ၌ ၎င်းတို့သားအဖ အဖမ်းခံရသည်။

ဖော်အောင်သားအဖကို စစ်တွေမြို့ အကျဉ်းထောင်

၌ ချုပ်နှောင်ထားစဉ် အကျဉ်းသားပေါင်း ၇၀-ကျော် ၈၀-တို့က ထောင်ထကြသည်။ ထောင်မှူးကို သတ်ပစ်ကြသည်။ အကျဉ်းသမားတို့သည် လက်ကောက်များ၊ ခြေကျဉ်းများကိုဖြုတ်၍ ထောင်ပြင်ရောက်အောင် ကြိုးစားကြသည်။ ဖော်အောင်တို့သားအဖကို အချုပ်ခန်းဖွင့်၍ လွှတ်ပေးကြသည်။ သို့ရာတွင် ထောင်တံခါးမကြီးကို ပွင့်အောင် မလုပ်နိုင်ကြချေ။ ထောင်အရာရှိတို့က ဝိုင်းဝန်းခုခံ၍ ထောင်ထသူတို့ကို ပြန်လည်ဖမ်းဆီးကြသည်။ ထောင်ထသူတို့လည်း အပြစ်ရကြလေသည်။ ဤတွင် ဖော်အောင်သားအဖတို့၏ ဗြိတိသျှတော်လှန်ရေးလည်း စခန်းသိမ်းလေသည်။

ဤအဖြစ်အပျက်တို့ကိုကြည့်လျှင် ၁၈၈၆-ခုနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေး ဆုံးရှုံးပြီဟု ဆိုသည်နှင့်တပြိုင်နက် မြန်မာနိုင်ငံအရပ်ရပ်တွင် နေရာမလပ်ဗြိတိသျှတို့ကို ထကြွတော်လှန်တိုက်ခိုက်ကြသည်ဟု ဆိုရန်ရှိသည်။ ထိုခေတ်က မြန်မာ၊ ရခိုင်၊ ရှမ်း၊ မွန်၊ ချင်း၊ ကချင်၊ ကရင်၊ ကယားစသော လူမျိုးများ တစုတည်းတပေါင်းတည်း ပူးပေါင်းဆောင်ရွက်ကြပုံများကို ယခုခေတ်လူတို့ မှတ်သားဆင်ခြင်ရန် ရှိသည်။ မြန်မာနိုင်ငံသည် ပဒေသရာဇ်စနစ်အရ စော်ဘွားစော်ခံ မြို့စား ရွာစား ဘုရင်ခံစသည်တို့ နယ်ပယ်အလိုက် ကွဲပြားခြားနားစွာဖြင့် အုပ်ချုပ်စီရင်သော နိုင်ငံဖြစ်လင့်ကစား ဗဟိုအစိုးရတည်းဟူသော ဘုရင်မင်းမြတ်အစိုးရ၍ လွတ်လပ်ရေးရန်သူပေါ်လာသောအခါ လူထုတရပ်လုံးက တလုံးတစည်းတည်း ကြိုးပမ်းခဲ့ကြပုံကိုလည်း ခေတ်လူတို့လေ့လာရန် ရှိသည်။

နောက်ဆက်တွဲ။ ။ ၁၉၆၉-ခု ဇန်နဝါရီထုတ် မြဝတီမဂ္ဂဇင်း၌ "မြန်မာလွတ်လပ်ရေးတိုက်ပွဲ" ဆောင်းပါးတွင် "၁၈၂၄-ခုနှစ်တွင် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ သိမ်းပိုက်ထားသော အိန္ဒိယနယ်မြေထဲသို့ ချင်းပျံဟူသော ရခိုင်အမျိုးသားတစ်ယောက် ဝင်ရောက်ခိုလှုံပြီးလျှင် မြန်မာနိုင်ငံ၏ ဩဇာအာဏာကို တော်လှန်ပုန်ကန်လေသည်" ဟု ကျွန်တော်ရေးခဲ့ပါသည်။

ဇန်နဝါရီလ ၂၉-ရက်နေ့ထုတ် ဗိုလ်တထောင်သတင်းစာတွင် "အယ်ဒီတာ့ထံပေးစာ" အခန်း၌ ကျော်ဦးဟု လက်မှတ်ထိုးသူ ဆောင်းပါးရှင်တစ်ဦးက ချင်းပျံသည် ၁၈၁၅-ခုနှစ် ဇန်နဝါရီလ ၂၅-ရက်နေ့တွင် သေဆုံးပြီးဖြစ်၍ ၁၈၂၄-ခုနှစ်တွင် ချင်းပျံပုန်ကန်သည်မှာ ဖြစ်နိုင်မည်မထင်ဟု စောဒကတက်ပါသည်။

မှန်ပါသည်။ ၁၈၁၅-ခုနှစ်တွင် သေသူက ၁၈၂၄-ခုနှစ်တွင် ပုန်ကန်နိုင်မည် မဟုတ်ပါ။ သက္ကရာဇ်အမှန်မှာ ၁၈၁၂-ခု ဖြစ်ပါသည်။ ပမာဒလေခသဘောကြောင့် လွဲမှားသည်ကို ထောက်ပြသူကို ကျော်ဦးအား ကျေးဇူးတင်ပါသည်။

ဤကိစ္စကို ကျွန်တော်အသိနောက်ကျနေ၍ ယခုမှ ပြန်ကြားရပါသည်ကို ခွင့်လွှတ်ရန် မေတ္တာရပ်ခံလိုပါသည်။ ကျွန်တော့်ဆောင်းပါးမှာ မြဝတီမဂ္ဂဇင်းတွင်ရေး၍ ထိုမဂ္ဂဇင်းတွင် ပြန်ကြားခြင်းကိုလည်း သဘောပေါက်လိမ့်မည်ဟု ယုံကြည်ပါသည်။

"ချင်းပျံ"ကို "ချမ်းပြန်" ဟု ရေးမှ မှန်မည်ဟု ယူဆပါသည်။ စာဖတ်သူတို့ ပြင်ဆင်ဖတ်ရှုကြရန် မေတ္တာရပ်ခံပါသည်။

# အခြိမ်ပြ ၁၂နှစ်ကာလ ရက္ခိုင်ပြေ

ရက္ခ–ဇံထွန်းအောင်

နိဒါန်း

ဒေနိရက္ခိုင်ပြေရေ ဧရိယာစတုရန်းမိုင် ၁၄၉၁၄ ကျယ်ဝန်းပါရေ။ မြန်မာနိုင်ငံဇယ့် အနောက်ဘက်ကမ်းမာ အရှိလောင်ဂျီတွဒ် ၉၂ -၁၁၊နန့် ၉၄-၅၂ အကြား မြောက်လတ္တီတွဒ် ၁၇-၁၅ နန့် ၂၁-၂၇ အကြားမာတေဟိပါရေ။ ၁၉၆၂-ခုနှစ် ခန့်မှန်းစာရင်းအရ ရက္ခိုင်ပြေမာ လူဦးရှိ ၁၅၉၂၀၀၀ ဟိခပါရေ။ ၁၉၇၃-ခုရှီးပြီး သန်ခေါင်စာရင်းအရ လူဦးရှိ ၁၇၁၀၉၁၃ဦး ဟိပါရေ။

ရက္ခိုင်ရို့မာ ကိုယ်ပိုင်သမိုင်း စိုင်ဟိခပါရေ။ ဓညဝတီခိုက်၊ ဝေသာလီခိုက်၊ လေးမြို့ခိုက်၊ မြောက်ဦးခိုက်နန့် နယ်ချဲ့ဗြိတိသျှခိုက်တိကို ကျော်ဖြတ်လာပါရေ။ ၁၉၄၈-ခုကပင် ၁၉၆၂-ခုအတွင်းမာ ရန်ကုန်ပါလီမန်ခိုက်ကိုလေ့ တွိကြုံခရပါရေ။

ဇာခိုက်မာပင်ဖြစ်ဖြစ်၊ အုပ်ချုပ်တေ လူတန်းစားကို လိုက်ပြီးကေ ရက္ခိုင်ပြေရေ တိုးတက်ပါရေ။ ဆုတ်ယုတ်ပါရေ။ ၁၇၈၅-ခုမာ ရက္ခိုင်ပြေရေ မြန်မာနိုင်ငံဇယ့် တိုင်းတစ်ခုအဖြစ် ကျရောက်လာပါရေ။ ယင်းခါက စဗနာ မြန်မာနိုင်ငံဇယ့် သမိုင်းအတက်အကျကိုလိုက်ပြီးကေ ရက္ခိုင်ပြေရေ တိုးတက်ပါရေ။ ဆုတ်ယုတ်ပါရေ။

၁၉၆၂-ခုက မြန်မာနိုင်ငံမာ ပါလီမန်အုပ်ချုပ်ရီး သက်တန်းကုန်လားပါရေ။ မြန်မာ့ဆိုရှယ်လစ် လမ်းစိုင်ကို စတင်လာပါရေ။ ၁၉၇၄-ခု မတ်လ(၂)ရက်နိမာ ဆိုရှယ်လစ်ခိုက် ၁၂-နှစ် ပြေ့ပါဗျာယ်။ ယင်းကာလအတွင်းမာ ရက္ခိုင်ပြေဇယ့် အခြီအနိန်ရေ သမိုင်းမှတ်တိုင် တစ်ခုပါဗျာယ်။ မှတ်တမ်းတင်ထားသင့်ပါရေ။ ပြေသူတိ သိသင့်ပါရေ။ ယေဇု- လက်လှမ်းမှီရေစာအုပ်၊ စာတမ်း၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇိန်းတိကရဟိရေ အဖြစ်ပျက်တိကို အောက်မာပါ ပဿျောင်ရှီးသားရပါရေ။ သုတေသီတိ ဖြေ့စွမ်းကတ်ပါဖိ။

## နိုင်ငံရီးကဏ္ဍ

လူ့အဖွေ့အစေးတရပ်၊ တိုးတက်တေ၊ ဆုတ်ယုတ်တေဆိုစွာ ယင်းအဖွေ့အစေးဇယ့် နိုင်ငံရီးဘဝအခြီအနိန်မာ တေရေဆိုစွာ ပြောသားမဟိပါ။

## နိုင်ငံရေးပါတီတိ

၁၉၆၂-ခု မတ်(၂)ရက်နိ မြန်မာနိုင်ငံမာ တော်လှန်ရီးကောင်စီအစိုးရတက်ခါ ရက္ခိုင်ပြေမာ နိုင်ငံရီးပါတီတိ အမျိုးမျိုးဟိပါရေ။ မြို့ထက်မာ မကန်ဟိရေပိုင်၊ တောတွင်းမာလေ့ ဟိပါရေ။ ရက္ခိုင်တိုင်းရင်းသား ညီညွတ်ရေးပါတီ (ရတည)ရေ မြို့ထက်မာ အင်အားအကောင်းဆုံး ဖြစ်ပါရေ။ ယင်းရတညကို ၁၉၅၂-ခု နိုဝင်ဘာလမာ တေထောင်ခပါရေ။ တောမာဆိုကေ ဗကပ(ရက္ခိုင်ဒေသ)နန့် ရ ကပရိုရေ ထင်းရှားပါရေ။ ရကပရေ သခင်စိုးဇယ့် ကွန်မြူနစ်ပါတီ ဗမာပြည်(အလံနီ)ဘက်က ၁၉၆၀-ခုလောက်မာ ခွဲထွက်တေပါတီ ဖြစ်ပါရေ။

### ပြေတွင်းဆွေးနွေးပွဲ

မြန်မာနိုင်ငံ တော်လှန်ရီးကောင်စီရေ ၁၉၆၃-ခုမာ ပြေတွင်းစေ့စပ်ငြိမ်းချမ်းရီး ခေါ်ယူပါရေ။ ရက္ခိုင်ပြေက ရဲနီကျော်ဖံ့ရွှီ ဦးဆောင်ရေရက္ခိုင်ပြေ ကွန်မြူနစ်ပါတီ (ရကပ)နန့် ရက္ခိုင်မျိုးချစ်ပါတီတိကိုလေ့ အစိုးရရေ ခေါ်ယူတွိဆုံဆွေးနွေးပါရေ။ ရကပဇယ့် ရက္ခိုင်သမ္မတနိုင်ငံ ထူထောင်ရီးနန့် ခွဲထွက်နိုင်ရီးဆိုရေ တင်ပြချက်ကို တော်လှန်ရေးကောင်စီက လက်ခံဆွေးနွေးနိုင်ဖို့ မဟုတ်လို့ ၂၀-၇-၆၃ နိက တရားဝင် ပြန်ကြားခပါရေ။

### လမ်းစိုင်ပါတီ

တော်လှန်ရီးကောင်စီရေ မြန်မာနိုင်ငံကို နိုင်ငံရီးအရ ဦးဆောင်ဖို့ ၁၉၆၄-ခုမာ မြန်မာ့ဆိုရှယ်လစ် လမ်းစိုင်ပါတီ မှတပါး ကျန်ရေ မြို့ထက်ကပါတီအားလုံးကို ဥပဒေ ပြဋ္ဌာန်းပနာ ဖျက်သိမ်းစီပါရေ။ လမ်းစိုင်ပါတီကို ၁၉၆၃-ခုမာ တော်လှန်ရေးကောင်စီက တေထောင်စွာဖြစ်တေ။ ယေနောက် အစိုးရရေ လမ်းစိုင်ပါတီကို တိုးချဲ့စည်းရုံးစီပါရေ။ ရက္ခိုင်ပြေ ၁၇-မြို့နယ်စလုံးမှာ ယူနစ်ဖွင့်လှစ်ထားပါရေ။ ၁၉၇၁-ခုမာ ပါတီဝင်ပွာပြေ့သိုက်ပြေ့(တင်းပြေ့)၂၈၁၃ဦး၊ အရံနန့်ပါတီမိတ်ဆွေ ၃၂၁၆၂ဦးအထိ ဟိလာပါရေ။

### တောတွင်းပါတီတိ

ယင်းပြေတွင်း ဆွေးနွေးပွဲနောက်ပိုင်းမာ တောတွင်းပါတီတိရေ အရွီအတွက်များပါ လာသိပါရေ။ ရက္ခိုင်ပြေမာ- ဗကပ (ရက္ခိုင်ဒေသ) နန့် ရကပအပြင် ဗိုလ်ကြာလှအောင် ၁၉၆၄-ခုကတေထောင်ရေ ရက္ခိုင်ပြေ ညီညွတ်ရီးပါတီ(အေအန်ယူပီ) ရက္ခိုင်ပြေအမျိုးသား လွတ်မြောက်ရီးပါတီ (ရမလဖ)၊ ရက္ခိုင်ပြေ အမျိုးသား လွတ်မြောက်ရီးပါတီ (အေပီအာလ်ပီ)၊ အေအိုင်အေနန့် ၁၉၆၄-၆၅ လောက်က တေရေ ကုလားဇော်ဖားပါတီစစွာရို့ ဖြစ်ကတ်ပါရေ။

### အလင်းဝင်တိ

ယေဒါလေ့ တောတွင်းပါတီတိရေ အင်အားကောင်းမလာစွာကို တွိရပါရေ။ ၁၉၇၂-ခု နိုဝင်ဘာ ၂၀နိမာ အေအန်ယူပါတီဥက္ကဌ ဗိုလ်ကြီးကြာလှအောင်ရေ အလင်းဝင်လာပါရေ။ ယေဇုယင်းပါတီရေ သက်တမ်းကုန်လားဗျာယ်လို့ မှတ်နိုင်ပါရေ။ တစ်ခါ အေပီအာလ်ပါတီ (တချိန်က သံတွဲနယ်မာ ချင်းအမျိုးသားလွတ်မြောက်ရီးပါတီ နာမေခံခရေ) ခေါင်းဆောင်ပီတာ ဘချိုနန့် နောက်ပါတီ (၃၁)ဦးရေ ၁၉၇၃-ခု မေလ ၁၆ရက်နိမာ အလင်းဝင်လာပါရေ။ ယေ့အပြင် ၁၉၆၉-ခုကပင် ၁၉၇၁-ခုနှစ်အတွင်းမာ သပ်သပ်တောတွင်းပါတီဝင်မျိုးစုံ ၃၇၇ဦး အလင်းဝင်လာစွာကို တွိကတ်ရပါရေ။

### ဂိုဏ်းကဏ္ဍတိ

တောတွင်းပါတီတိဇယ့် ဘဝရေ ၁၂နှစ်အတွင်းမာ အေလောက်နန့် မတန့်။ ရကပရေ ၁၉၇၃-ခု အတွင်းမာ နှစ်ခြမ်းကွဲလားပါရေ။ ဂိုဏ်းဂဏစွဲ ဝင်လားပါရေ။ ရက္ခိုင်ဗကပတိလေ့သွင် အချင်းချင်းမယုံကြည် ဖြစ်လာပါရေ။ ၁၉၇၃-ခုအတွင်းမာ ဗကပ "ရက္ခိုင်ပြေနယ်" ဥက္ကဌ ကျော်မြရေ အတွင်းရေးမှူးကို ဖြုတ်ထုတ်သတ်တေ အထိဖြစ်လာပါရေ။ ရက္ခိုင်ဗကပခရိုင် စစ်ရီးတာဝန်ခံ ဗိုလ်လှထွန်းဘော်ရေ နောက်ပါ ၃၆-ဦးနန့် ၁၄-၁၁-၇၃ နိမာ အလင်းဝင်လာစွာအထိ ပြိုကွဲလားပါရေ။

### ရက္ခိုင်ပြေနယ်သို့

အစိုးရရေ ရက္ခိုင်ပြေဇယ့် နိုင်ငံရီးကို စေးရုံးရီး၊ စစ်ရီး၊ အုပ်ချုပ်ရီး၊ စီးပွားရီး၊ လူမှုရီးတိနန့် ထိန်းထားပါရေ။ ၁၂နှစ်အတွင်းမာ အစိုးရဇယ့် နိုင်ငံရီး ကောင်းလာစွာကား ပြောသားမဟိပါ။ တော်လှန်ရီးကောင်စီ အနိုန်နန့် ၁၉၇၀-ခုနှစ်မာ နိုင်ငံတော်ဖွဲ့စေးပုံသစ်ကို ရွီးဆွဲပါရေ။ ရက္ခိုင်လူထုဇယ့် အကြံဉာဏ်တိကိုပါ တောင်းခံပါရေ။ ဖွဲ့စေးပုံ အသစ်မာ ရက္ခိုင်တိုင်းကို ရက္ခိုင်ပြေနယ်အဖြစ် သတ်မှတ်ထားပါရေ။

ယင်းဖွဲ့စေးပုံကို မြန်မာတစ်နိုင်ငံလုံး အတေပြုနိုင်ဖို့ ၁၉၇၃-ခု ဒီဇင်ဘာလမာ ပြေသူတိက မဲပီးရပါရေ။ ရက္ခိုင်ပြေက ထောက်ခံ ၇၉၉၃၂ မဲနန့် ကန့်ကွက် ၇၂၆၁၆ မဲကို ပီးခကတ်ပါရေ။ အစိုးရဇယ့် ရက္ခိုင်ပြေနယ်ကို ရက္ခိုင်ပြေသူဇယ့် သဘောထားရေ ထင်ရှားနိန်ပါရေ။

**အောင်ပွဲ**

ယေဇု-၁၂နှစ်ကာလ ရက္ခိုင်ပြေကို နိုင်ငံရီးအရ သတ္တုချ ချလိုက်တေခါ အစိုးရဇယ့် အောင်ပွဲတိများပါ လာတ်ပါရေ။ တောတွင်းပါတီတိဇယ့် နယ်မြီကျိုင်း(ကျဉ်း) ပါလာတ်တေ။ ပျက်စီးပါလာတ်တေဆိုစွာက ထင်ရှားဟိလီ ပါယင့်။

**စစ်ရီးကဏ္ဍ**

စစ်ရီးဆိုစွာ နိုင်ငံရီးဇယ့် နောက်ဆက်တွဲဖြစ်တေ။ ပါးစပ်နန့် ဖြီသျှင်းလို့ မရစွာကို လက်နက်နန့် ဖြီးသျှင်းစွာ ကား ကမ္ဘာ့ထုံးစံ ဖြစ်တေ။ ယေဇု ၁၂နှစ်ကာလအတွင်း မာ နိုင်ငံရီးအရ ဖြီသျှင်းလို့ မရနိုင်စွာတိကို စစ်ရီးအရ ဖြီသျှင်းစွာကို တွိရပါရေ။ ရက္ခိုင်ပြေမာ စစ်ရီးအရ အလှုပ် ရှားဆုံးရေ ရက္ခိုင်ဗကပတိ ဖြစ်တေ။ ပြေသူကို အများဆုံး အနှောက်အယှက် ဖြစ်စီရေ။

**ဗကပတိ**

ဗကပရေ ရက္ခိုင်ပြေသူတိဘက်က ဆက်ကြေးအမျိုး မျိုး ကောက်ဆိုစွာ ပြောသားမဟိ။ ပြေသူကို ခြိမ်းခြောက် တေ၊ သတ်တေ။ အယင်မလုပ်စဘူး ၁၂နှစ် အတွင်းမာ စာသင်ကျောင်းတိကို ပိတ်တေအထိ ဖြစ်ပါလာတ်ပါရေ။ ယင်းပိုင်သျှောင် ပိတ်စွာရေ ၁၉၆၈-ခုလောက်ကပင် စခ ပါရေ။ တစ်နှစ်ထက်တစ်နှစ် တိုးလို့ ပိတ်လာစွာကိုရာ တွိရပါရေ။

**ဝင်စီးဝင်လု**

ယေ့အပြင် ဗကပတိရေ အင်အားပြရေ အနိန်နန့် ၁၉၆၅-ခုမာ ဂွမြို့ကို ဝင်စီးရေ။ ၇-၉-၆၇ နိမာ ကျောက် တော်မြို့ကို ၃-၁၀-၇၀နိမာ မင်းပြားမြို့ကို ၇-၇-၇၂နိမာ ရသိတောင်မြို့ကို ဝင်စီးခပါရေ။ အေချင့်တိ အပြင် ရဲစခန်း တိကို ဝင်တိုက်စွာတိ။ အစိုးရ ပစ္စေးတိကို ဝင်လုစွာတိ အစိုးရခရီးသယ်တိကို ပစ်ခတ်စွာ ဝင်စီးစွာတိ မကန်ဟိ ခပါရေ။

**မီဒီနန့်ဗကပ**

၁၉၇၀-ခုမာ ရက္ခိုင်ဗကပတိရေ မီဇိုလက်နက်ကိုင် အဖွဲ့ကို လက်ခံကျွေးမွီးထားပါရေ။ မီဇိုတိရေ အိန္ဒိယနိုင်ငံ ကထွက်ပြီးပါလာတ်ကတ်တေ လက်နက်ကိုင်အင်အားစု ဖြစ်ကတ်တေ။ ယင်းသူရို့နန့်ပူးပေါင်းပြီးကေ ရက္ခိုင်ဗကပ တိရေ လှုပ်ရှားမှု ရဲပါလာတ်ပါရေ။

**ပုဏ္ဏားကျွန်းနယ်**

ရက္ခိုင် ဗကပဇယ့် အင်အားအကြီးဆုံးဒေသရေ ပုဏ္ဏားကျွန်းမြို့နယ် ဖြစ်ခရေ။ ယင်းနယ်က ကွမ်းတောင် ရွာဆိုကေ ဗကပအောက်မာ အနှစ်၂၀ နိန်ခရပါရေ။ ယေ ဒါလေ့ အစိုးရဇယ့် စစ်ဆင်ရီးကြောင့် ၁၉၇၀-ခုမာ လွတ် မြောက်လာစွာကို တွိရပါရေ။ ယေဇု ဗကပတိရေ ယိုး ချောင်းဒေသကိုတက်ပြီး လားရပါရေ။ ပြေမက ပေါက် ခေါင်းပိုင် နားမကြီးလာပါရေ။ ယင်းနယ်မာ အစိုးရက ပြေသူ့စစ်တိကို တိုးချဲ့ဖွဲ့ပီးထားပါရေ။ ယေဇု ပြေသူ့ ဘုန်းစာ ဗကပတိရေ နယ်မြီကျိုင်းပါလာတ်ကတ်ပါရေ။

**ကုလားတတိုင်**

ရက္ခိုင်ပြေသူကို ဒုတိယအများဆုံး နှိပ်စက်စွာရေ ကုလားဇော်ဖားရို့ ဖြစ်တေ။ သူရို့ကိုယ်သူရို့ ရွှင့်ဂျာမဆာ မန်လွတ်လပ်တေ တော်လှန်ရီးတပ် (RMIRF) လို့ နာမေတပ် ထားပါရေ။ တစ်ခါက မူဂျာဟစ် ထခရေပိုင် တစခန်း ထခပါရေ။ မေယုဒေသမာ အလှုပ်ရှားဆုံး ဖြစ်တေ။ ရက္ခိုင်လူမျိုးနန့် ဗုဒ္ဓဘာသာဝင်လူနေးစုတောင် ထက်သား သက်၊ဒိုင်းနက်၊ မြို့တိကို နှိပ်စက်ပါရေ။ နှင် ထုတ်ခပါရေ။

ဇော်ဖားဇယ့် လှုပ်ရှားမှုရေ ၁၉၆၉-လောက်ကပင် ထင်ရှားပါရေ။ ၁၉၇၁-ခု ဘင်္ဂလားဒေ့ရှ်လွတ်မြောက်ရီး စစ်ပွဲ နောက်ပိုင်းမာ လှုပ်ရှားမှုကြီးထွားပါလာတ်ပါရေ။ လက်နက်အင်အား ကောင်းလာလို့ ဖြစ်တေ။ တစ်ဖက်က လေ့ နယ်စပ်မှောင်ခိုလုပ်ငန်းကို လက်ဝါးကြီးအုပ်ထားပါ ရေ။ ယေဇု သင့်အောင်အားဟိပါလာတ်တေ။ ယေနန့် မေယုဒေသက ပြေသူတိကို နှိပ်စက်ချင်ရေပိုင် နှိပ်စက်ပါ လာတ်ပါရေ။

**တောင်ပိုင်းမာ**

ရက္ခိုင်ပြေတောင်ပိုင်းမာဆိုကေ အေပီအာလ်ပါတီ ပီတာ ဘချိုရို့ရေ ကကောင်းအနှောက်အယှက် ပီးခပါရေ။ သံတွဲနန့် ဂွလမ်းကို စိုးမိုးထားခပါရေ။ ၁၉၇၀-ခု ဧရာဝတီ တိုင်းဘက်က ထွက်ပြီးပါလာတ်တေ ကေအန်ယူတိနန့် ပူး ပေါင်းပြီးကေ ခေါင်းတောင်နိန့်ခပါရေ။

**အလယ်ပိုင်း**

ရက္ခိုင်ပြေအလယ်ပိုင်း ကျောက်ဖြူဒေသမာ အီးချမ်း ရေလို့ အေနိဆိုနိုင်ပါရေ။ ၁၉၇၀-ခု မတိုင်ခင်ဆိုကေ ပြေသူကို တောတွင်းပါတီတိ နှောက်ယှက်စွာ တိဟိခပါ ယင့်။ ယေဒါလေ့ အေနိထိ မြီပုံနန့် အမ်းဒေသရို့မာ အခါ ခါ ထလာစွာကိုရာ တွိရပါရေ။

**နပခ**

ယင်းပိုင် ရက္ခိုင်ပြေသူတိကို နှောက်ယှက်ဖိနှိပ်စွာတိ ကို ဖြိုဖျက်ဖို့ဆိုပြီးကေ ၁၉၇၂-ခု စက်တင်ဘာလမာ စစ်တွေမြို့ကို ဌာနချုက်လုပ်ပနာ အစိုးရက အနောက် ပိုင်းတိုင်း စစ်ဌာနချုပ်ကို ဖွင့်လှစ်ပါရေ။ တစ်ဖက်ကလေ့ ပြေသူ့စစ်တိကို တိုးချဲ့လာပါရေ။ ရက္ခိုင်ပြေမာ ပြေသူ့ စစ်ဖွေ့စေးစွာကို ၁၉၆၈-လောက်ကပင် စတင်ခပါရေ။

**ထိုးစစ်တိ**

အစိုးရရေ ၁၉၇၃-ခုမာ မေယုဒေသက ဇော်ဖား ဌာနချုပ်ကို ထိုးစစ်ဆင်ပါရေ။ မေလ ၁၁-ရက်နိမာ စေတီ ပြင်နယ်က ဌာနချုပ်ကို ရဟိခပါရေ။ တစ်ချို့ကို ဖမ်းမိ ပါရေ။ တချို့ကား ထွက်ပြီးလွတ်လားကတ်တေ။ ဇော်ဖား ရို့မာ နယ်စပ်နားမာရာ နိန့်ဝံ့လားကတ်တေ။ ယေဇူ မေယုဒေသရေ ပြန်လို့ အီးချမ်းစပြုလာပါရေ။ အနောက် ပိုင်းတိုင်း စစ်ဌာနချုက်ဇယ့် ပထမဆုံး အောင်ပွဲလို့ ဆိုနိုင် ပါရေ။

တစ်ချိန်ထေးမာ တောင်ပိုင်းကိုလေ့ စစ်ဆင်မှုတိ လုပ်လာပါရေ။ သောင်းကြမ်းသူတိ ရပ်တေဖို ခက်လား ကတ်တေ။ နယ်မြေကျိုင်းပါလာတ်တေ။ ယေဇူအေပီ အာလ်ပါတီခေါင်းဆောင် ပီတာဘချိုနန့် နောက်ပါ(၃၁)ဦး ရေ ၁၆-၅-၇၃ နိမာ အလင်းဝင်လာပါရေ။ မကြာခင် သံတွဲခရိုင် ဗကပအတွင်းရီးမှူးလေ့သွင့် အလင်းဝင်လာပါ ရေ။ ယေဇူ တောင်ပိုင်းမှာလေ့ အီးချမ်းပါလာတ်တေလို့ မှတ်နိုင်ပါရေ။

**ဖမ်းမိစွာတိ**

အထက်ပိုင်းဒေသ ၁၉၇၃-ခု မေလကပင် နှစ်ကုန် အထိ ထိုးစစ်ဆင်စွာတိမာ သောင်းကြမ်းသူမျိုးစုံ ၁၂၂ဦး ကို အသီဖမ်းရပြီးကေ ၁၁၈-ဦးကို ဒဏ်ရာနန့် ဖမ်းဆီးရ ခပါရေ။ ယေ့အပြင် ၃၄၉ဦး လက်နက်ချအလင်းဝင်လာ ပါရေ။

**နိုင်ငံရေးရာ**

ယေဇူ ၁၂-နှစ်ကာလကို သတ္တုချကြေ့လိုက်တေခါ ဘရက္ခိုင်ပြေဇယ့် လုံခြုံရီး ရေနောက်ပိုင်းမာ သင့်အောင် ကောင်းလာစွာကို တွိရပါရေ။ တောတွင်းပါတီဇယ့် နယ် မြီကျိုင်းလာစွာကား ထထင်ရှရှား ဟိလီယင့်။ လက်နက် နန့် ဖြီသျှင်းစွာမာ နိုင်ငံရီးနေအရ အသာရသူက နိုင်ရေ ဂျေးရာ။

**အုပ်ချုပ်ရီးကဏ္ဍ**

လူအများနန့် နိန်ထိုင်ဆက်ဆံကတ်ရစွာမာ အုပ်ချုပ် ရီးဆိုစွာ ဟိရရေဂျေးရာဖြစ်တေ။ အုပ်ချုပ်မှုစနစ်ကို လိုက် ပြီးကေ ပြေသူ့တိဇယ့် ဘဝရေ တိုးတက်လားနိုင်ရေ ဆုတ် ယုတ်လားနိုင်ရေ။

**စနစ်ဟောင်း**

ဗြိတိသျှခိုက် (၁၈၂၆-၁၉၄၈)ကပင် ရက္ခိုင်ပြေကို ၁၇-မြို့နယ်အထိ ခွဲထားခပါရေ။ ခရိုင်သုံးခုခွဲထားကတ် တေ။ ၁၉၆၀-ခုမာ မေယုနယ်ခြားဒေသခရိုင်ကို စစ်တွေ ခရိုင်က ခွဲထုတ်ဖန်တီးထားခပါရေ။ ယေဇူ လေးခရိုင် ဖြစ်လားပါရေ။ အေစနစ်ကို အစိုးရရေ ၁၉၆၄-အထိ ဆက်ခံယူလာပါရေ။ ယေလေ့ ၁-၂-၆၄နိမာ မေယုခရိုင် စစ်တွေခရိုင်ထေးမာ ပြန်ပေါင်းထေ့လိုက်ပါရေ။ ယေဇူ စစ်တွေ၊ ကျောက်ဖြူနန့် သံတွဲသုံးခရိုင် ပြန်ဖြစ်လားခပါ ရေ။

### လအကတိ

၁၉၆၃-ခုမာ မြန်မာတစ်နိုင်ငံလုံးမာပိုင် ရက္ခိုင်ပြေက မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့်တိကိုလေ့ သွင့် လုံခြုံရီးနန့် အုပ်ချုပ်မှုကော်မတီ (လအက)အဖြစ် ဖွဲ့ စေးပြီးကေ အုပ်ချုပ်စီပါရေ။ ယင်းကော်မီတီကို စစ်တပ် က ပုဂ္ဂိုလ်တိနန့် ဦးဆောင်ဖွဲ့စေးထားပါရေ။ နောက်ပိုင်း မာ ရပ်ကွက်နန့်ကျေးရွာက လူတိပါဝင်ရေ။ အခြီခံအဆင့် ကော်မီတီကို ဖွဲ့စီးလာပါရေ။

### ကောင်စီတိ

၁၉၆၆-ခုမာ အလုပ်သမား အချင်းချင်းကို ကြီးကြပ်ထိန်းကွပ်ဖို့ လုပ်သားကောင်စီတိကို အခြီခံနန့် မြို့နယ်တိမာ ဖွဲ့စီးလာပါရေ။ ဗျူရိုကရေစီ ဖျက်သိမ်းရီးအတွက် ပထမခြီလှမ်းဖြစ်တေ။ တခါ ၁၉၆၇-ခုမာ လယ်သမားကောင်စီတိကိုပါ ဖွဲ့စီးပါလာတ်ပါရေ။

### ခရိုင်ကိုဖျက်

၁၉၇၂-ခု မတ်လ ၁၆ရက်နိမာ မြန်မာနိုင်ငံဇယ့် စနစ်သစ် အုပ်ချုပ်ရီးနန့်အညီ ရက္ခိုင်ပြေကို ပြန်လို့ ဖွဲ့စေးခပါရေ။ ခရိုင်အဆင့်ကို ဖျက်သိမ်းလိုက်ပါရေ။ မြို့နယ်ခွဲ (၃၂ ခုစလုံးကိုလေ့ သွင်းဖျက်သိမ်းလိုက်ပါရေ။ ယေဇုရက္ခိုင်ပြေဇယ့် အုပ်ချုပ်ရီးမာ အခြီခံဖြစ်တေကျေးရွာ (ရပ်ကွက်)၊ မြို့နယ်အဆင့်နန့် တိုင်းအဆင့်ထိရာ ဟိလာပါဗျာယ်။ အုပ်ချုပ်ရီးကော်မီတီတိထေးမာ လူထုလူတန်းစားကိုယ်စားလှယ်တိ ပါဝင်စီပါရေ။

မြို့နယ်နန့် တိုင်းလအက တိဇယ့် လုပ်ပိုင်ခွင့်တိရေကျယ်ပြန့်ပါရေ။ မိမိဒေသဇယ့် လုံခြုံရီး၊ အုပ်ချုပ်ရီး၊ စီးပွားရီး၊ လူမှုရီးအစုစုရို့အတွက် တာဝန်ဟိပါရေ။ ၁၉၇၃-ခုမာ ရပ်ကွက်နန့်ကျေးရွာလအကတိကို ကူညီဖို့ ရက္ခိုင်ပြေမာ စာရွီး (၁၁၆၈)ဦးကို ခန့်ခွင့်ပြုထားပါရေ။

### တရားစီရင်ရီး

စနစ်သစ်အုပ်ချုပ်ရီးနန့်အညီ တရားစီရင်ရီးကိုလေ့ သွင့်ပြုပျင်လာပါရေ။ စနစ်သစ်အုပ်ချုပ်ရီးမာ တရားသူကြီးကို တစ်ယောက်ထေး မထားပါ။ လူထုလူတန်းစားပါရေ။ အဖွဲ့ကရာ စစ်စီပါရေ။ ရုံးကိုလေ့ ပြေသူတရားရုံးလို့ သမုတ်ပါရေ။ ခရိုင်တရားရုံးအဆင့်ကိုလေ့ သွင့် ဖျက်သိမ်းလိုက်တေ။

### ပြေသူ့ကောင်စီဝင်တိ

၁၉၇၄-ခု ဇန်နဝါရီလ ၃ရက်နိ အတေပြုပြဌာန်းရေ ပြေထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စေးပုံသစ်အရ ရက္ခိုင်ပြေမာ ကျေးရွာရပ်ကွက် ကောင်စီဝင် (၁၈၅၂၇)ဦး၊ မြို့နယ်ပြေသူ့ကောင်စီဝင် (၁၄၅၂)ဦးနန့် ပြေနယ်ပြေသူ့ကောင်စီဝင် (၇၃)ဦးကို ရွီးချယ်တင်မြှောက်ခွင့် ရဟိပါရေ။ ရန်ကုန်ပြေသူ့လွှတ်တော်အတွက် (၄၂) ဦး ရက္ခိုင်ပြေက ကိုယ်စားလှယ်ရဟိပါရေ။ ယင်းပြေသူ့ကောင်စီနန့် ကိုယ်စားလှယ်အဆင့်ဆင့်ကို ၁၉၇၄-ခု ဇန်နဝါရီလအတွင်းမာ ရွီးချယ်တင်မြှောက်ခပါရေ။

### စီးပွားရီးကဏ္ဍ

လူရို့အသက်ရှင်လှုပ်ရှားဖို့အတွက် စီးပွားရီးရေ အခြီခံကျပါရေ။ လူ့အဖွဲ့စေး တရပ်ဇယ့် စီးပွားရီးစနစ်ကို လိုက်ပြီးကေ ပြေသူတိရေ ဆင်းရဲပါရေ ကြီးပွားပါရေ။

### စိုက်ပျိုးရီး

ရက္ခိုင်ရို့မာလေ့ အသက်ရှင်ဖို့အတွက် ကိုယ်ပိုင်စီးပွားရီး ဟိပါရေ။ စိုက်ပျိုးရီးကို အားထားရရေ့ လူ့အဖွဲ့အစေးတရပ်ဖြစ်တေ။ သမိုင်းအဆက်ဆက် စီးပွားရီးအတွက် ရာသီတို့ကို အားထားရပါသိန့်ရေ။

### ၁၂နှစ်ရာသီဥတု

၁၉၆၂-ခုက ၁၉၇၄ခုအထိ ရက္ခိုင်ပြေရာသီဥတုကို လိုလာကြေ့ရေခါ ကမ္ဘာ့ရာသီဥတု အနှူန်းမူမမှန်စွာကို တွိရပါရေ။ ၃နှစ်တစ်ကြိမ် ပိုင်မိုးနေးလား ပါရေ။ ဒုက္ခဆိုက်တေနှစ်ရေ ၁၉၆၇ခု ဖြစ်တေ။ စပါးသီးနှံ အပျက်အစီးများရေ။ ဆန်ပြဿနာပေါ် ခကတ်တေ။ နောက်နှစ်တိမာ ဆန်ဝီငှစွာကို စနစ်တကျလုပ်လာရပါရေ။

### လီမုန်တိုင်းတိ

၁၉၆၇-ခု အောက်တိုဘာလမာ ရက္ခိုင်ပြေအထက်ပိုင်းကို လီမုန်တိုင်းတိုက်ခတ်ခပါရေ။ နောက်နှစ် မေလ-

၁၀ရက်နိမာတစ်ခါ အထက်ပိုင်းနန့် အလယ်ပိုင်းကို အကြီးဆုံးလီမုန်တိုင်း တိုက်ခတ်တေ။ နှစ်တစ်ရာအတွင်းမာ အပြင်းဆုံး လီမုန်တိုင်း တိုက်ခတ်တေ။ နှစ်တစ်ရာအတွင်းမာ အပြင်းဆုံးလီမုန်တိုင်း ဖြစ်တေ။ တစ်နာရီမိုင် ၁၃၀-ကျော်ခရေ။

**ဆုံးယှုံးမှုတိ**

ယင်းလီမုန်တိုင်းရေ ရွာပေါင်း ၆၁၉ရွာကို ထိခိုက်စီပါရေ။ လူ ၁၀၇၃ဦးကို သတ်ပစ်ပါရေ။ ကျွဲနွား ၁၇၄၃၅ ကောင်ကို သီပျောက်စီပါရေ။ ပေါက်တောနန့်မြေပုံဒေသတိရေ အဆိုးဆုံးခံရကတ်တေ။ ယင်းဒေသတိမာ ပင်လယ်ရီအလုံးလိုက်ဝင်လာလို့ အေမျှလောက် သီကြီလားရပါရေ။ လီမုန်တိုင်းကြောင့် ကျပ်သိန်း ၂၀၀နီးပါး ဆုံးယှုံးလားရပါရေ။

**ဆယ်နှစ်ပြေနှစ်**

ဆယ်နှစ်ပြေ့ရေ ၁၉၇၂-ခုနှစ်က ရက္ခိုင်ပြေမာ မိုးကကောင်းနေးလားပါရေ။ ပျမ်းမျှမိုးလက်မ (၁၄၄. ၆)ရာဖြစ် တေ။ သာမန်ဆိုကေ လက်မ-၂၀၀ကျော် တတ်ပါရေ။ ယေဇုနောက်တစ်နှစ်မှာ ဆန်စျီးသုံးဆကျော်အထိ တက်လာပါရေ။ ၁၉၆၇-ခုနှစ်က ၈ဆကျော်အထိ တက်ခရေ။

**လယ်ယာစိုက်ပျိုးရီး**

ရက္ခိုင်ပြေမာ အသားတင်ဧက ၉သိန်းကျော် အထိစိုက်နိုင်ပါရေ။ ယေလေ့ ၁၉၆၂-ခုမာ ဧက ၈၃၃၀၀၀ ရာ စိုက်လာပါရေ။ ၇၃-၇၄မာ ဧက ၉သိန်းကျော်ရုံ အထိ စိုက်လာပါရေ။ ၁၉၆၆-၆၇ခုမာ ဧက၉၉၄၀၀၀ ကျော် စိုက်ခကေလေ့။ နောက်ပိုင်းမာ လျော့ပါလာတ်ပါရေ။ အကြောင်းရင်းက ရာသီဥတုမမှန်လို့နန့် ဘ၀လုံ ခြုံရီးမဟိကတ်လို့ဖြစ်တေ။

**လယ်လာမြို**

၁၄၇၂-၇၃စာရင်းအရ ရက္ခိုင်ပြေ လယ်ယာမြို လုပ်ကိုင်စွာမာ ၄-ဧကအောက်လယ်သယ် ၁၂၉၅၄၂ဦး၊ ၄ဧကအထက် ၇ဧကအောက်၊ လယ်သယ် ၄၀၃၄၀ ဦး၊ ၇ဧကအထက်၊ ၁၀ဧက အောက်၊ လယ်သယ် ၁၈၂၉၂ဦး၊ ၁၀ဧကအထက်၊ ၃၀ဧကအောက်၊ လယ်သယ် ၁၅၂၇၈ ဦးနန့်၊ ၃၀ဧကအထက် လုပ်ကိုင်လယ်သယ် ၇၉၂-ဦး ဟိကတ်ပါရေ။

**တမံကာရီတိ**

ပင်လယ်ကမ်းခြီဖြစ်လို့ ရီဖိုးဒဏ်ကို ခံရတတ်ပါရေ။ နေးရေများ ရေရာကွာပါရေ။ ၁၂နှစ်အတွင်းမာ ရီဖိုးကာကွယ်ဖို့ စီမံကိန်းနန့် လုပ်ခပါရေ။ စိုက်ပျိုးရီးကို အထောက်အကူဖြစ်အောင်လို့ပါဗျာယ်။ စီမံကိန်းပြီးကေ ကျပ်ငွေ ၁၈ သိန်း ကုန်ကျဖို့ ဖြစ်တေ။ ယေဇုရမ်းပြေ့နယ်က ဒေါရထဆေလုပ်ငန်းကို ၁၉၆၅-၆၆ကပင် စတင်ခပါရေ။ ၁၉၇၃-ခုမာ ပြီးစီးပါရေ။ ကျပ်ငွေ ၆-သိန်းကျော် ကုန်ပါရေ။ မြီပုံနယ် ပင်ခါးတာတမံလေ့သွင် ၁၉၇၃မာ ပြီးစီးပါရေ။ ကျပ်ငွေ ၁၆သိန်းကျော်ကုန်ပြီးကေ ရက္ခိုင်ပြေမာ အကြီးဆုံးတာတမံဖြစ်တေ။ ယေ့အပြင် အခြားဒေသတိမာလေ့ လိုအပ်တေ ပိုင်တာတမံတိ တေထားပီးပါရေ။ အစိုးရကငွီရင်း ပြေသူကလူအား ပူးပေါင်းလုပ်ရစွာတိပါဗျာယ်။

**ဆန်စပါး**

ရက္ခိုင်ပြေမာ ဆန်စပါးစိုက်ပျိုးရီးရေ ရှီးအခါကပင် ဟိလာပါရေ။ စိုက်ဧက ၉သိန်းကျော် ဟိရေ။ ထေးကဧက၈သိန်းကျော်ကို ဆန်စပါးစိုက်ကတ်ပါရေ။ များကာ မြောက်ပိုင်းလွင်ပြင်တိမာ စိုက်ကတ်တေ။ ၁၂နှစ်တွင်း စိုက်ဧကမာ အောက်ပါပသျှောင် ဖြစ်ပါရေ။ ၁၉၇၃-၇၄ မာ စပါးစိုက်လယ်သယ် ၁၅၆၇၉၂ဦး ဟိပါရေ။

| | | | |
|---|---|---|---|
| ၁၉၆၂-၆၃ | ၈၁၂၀၀၀ ကျော် | ၁၉၆၈-၆၉ | ၈၀၁၂၃၂ |
| ၁၉၆၃-၆၄ | ၈၈၁၀၀၀ ကျော် | ၁၉၆၉-၇၀ | ၈၁၀၉၉၆ |
| ၁၉၆၄-၆၅ | ၈၉၀၀၀၀ ကျော် | ၁၉၇၀-၇၁ | ၈၀၆၈၃၇ |
| ၁၉၆၅-၆၆ | ၈၈၂၀၀၀ ကျော် | ၁၉၇၁-၇၂ | ၈၁၄၂၈၃ |
| ၁၉၆၆-၆၇ | ၈၄၂၀၀၀ ကျော် | ၁၉၇၂-၇၃ | ၈၁၉၃၉၅ |
| ၁၉၆၇-၆၈ | ၈၂၂၄၄၉ ကျော် | ၁၉၇၃-၇၄ | ၈၁၄၃၆၀ |

### တခြားသီးနှံ

အခြားအဓိကသီးနှံတိမာ ဆီးရွက်၊ မြီပဲရွက် ဖြစ်ကတ်တေ။ ဆီးရွက်ကို ဧကဂထောင်ကျော် စိုက်တတ်ပါရ။ မာန်အောင်၊ ရမ်းပြေ့၊ တောင်ကုတ်နန့် လေးမြို့ကမ်းဒေသတိမာ အစိုက်များပါရေ။ မြီပဲကို ဧက၄ထောင်ကျော်ရာ စိုက်တေ။ နှမ်းကို ဧက၂၅၀၀ကျော် ပျမ်းမျှစိုက်တေ။ အစိုရရာဘာစိုက်စွာကို ၁၉၆၇-ကပင် တောင်ပိုင်းမာ စခပါရေ။

### လက်မှုလုပ်ငန်းတိ

ရက္ခိုင်ပြေဖယ့် ၁၂နှစ်ကာလမှာ လက်မှုလုပ်ငန်းတိရေ။ ရိုးရာလုပ်ငန်းတိရာ ဖြစ်တေ။ ယင်းအထေးက ရက္ကန်းနန့် အိုးဖုတ်လုပ်ငန်းတိရေ ထင်ရှားပါရေ။

ရက္ကန်းလုပ်ငန်းရေ ရက္ခိုင်ပြေမာ ရှီးအခါကပင် ဟိခရေ။ ယေလေ့အစိုးရနန့် ကုန်ကြမ်းပီး၊ ကုန်ချောယူစနစ်ကို ၁၉၆၅-၆၆ကရာ စတင်ပါရေ။ ၁၉၇၀-ခု စာရင်းအရ ရက္ခိုင်ပြေမာ လွန်းပျံရက္ကန်း (၂၄၆၀)စင်၊ လက်ရက္ကန်း (၆၇၀၆)၊ စက်ရက္ကန်း (၂)စင်း ပေါင် (၉၁၆၈)စင်း ဟိပါရေ။ မှတ်ပုံတင်မဲ့စင် ၃ထောင်ကျော်ဟိဖို့လို့ ခန့်မှန်းခကတ်တေ။ အဂုရိုးရာဆင် (၃၅)မျိုးအထိ ရက်လုပ်ပါရေ။ ယင်းရက္ကန်းတိထေးက (၄၅၆၂)စင်ရေ စစ်တွယ်မြို့မာ ဟိပါရ။

ရိုးရာအရ ထင်ရှားရေ အိုးခတ်ဒေသတိမာ စစ်ကိုင်း (ရသိတောင်နယ်)ကံသာ (မြီပုံနယ်)ရမ်းပြေ့နယ်နန့် ကင်းမော်(သံတွဲနယ်)ရို့ ဖြစ်ကတ်ပါရေ။ အိုးအပြင် အုတ်ဖုတ်လုပ်ငန်းကိုပါ ပြန်လို့လုပ်ကိုင်စွာကို တွိရပါရေ။

### စက်မှုလုပ်ငန်းတိ

၁၂-နှစ်အတွင်းမာ သဘာဝနေအင်အားကို အသုံးပြုလေပါတ်တေ စက်ရုံ အလုပ်ရုံ မဟိပါ။ လယ်ယာနန့် ပါတ်သတ်တေ ဆန်စက်ရာအများဆုံး ဟိပါရေ။ ဆန်စက်ပေါင်း (၅၀)ကျော်ပါရေ။ ၂၃စက်ရေ စစ်တွယ်မြို့ထက်မာ ဟိပါရေ။ ရက္ခိုင်တပြေလုံးမာ အစိုးရပိုင် ဆန်စက်(၆)စက်၊ သမဝါယမပိုင် (၁)စက်ရာ ဟိပါရေ။ အစိုးရပိုင် ၂၅တန်ကျ ဖွဲနုဆီစက်ကို စစ်တွယ်မြို့မာ ၁၉၆၄-ခုနှစ်က ပြီးစီးတေဆောက်ခပါရေ။

တောင်ပိုင်းမှာ သစ်စက်အများဆုံး ဟိပါရေ။ ယေလေ့ တပြေလုံးမာ သစ်စက် ၁၀ကျော်ရာ ဟိပါရေ။ အစိုးရသစ်စက် ၁စက်ရာ ဖြစ်တေ။ ဆားပြင်မာ အသစ်တေစွာ ဖြစ်တေ။ စစ်တွယ်မြို့မာ မဆွဲးစက်တစ်လုံးဟိကေလေ့ ကုန်ကြမ်းအခက်အခဲကြောင့် နောက်ပိုင်းမာ ပိတ်ထားရပါရေ။ ယေ့အပြင် ရီခဲနန့် ဘိလပ်ရေစက် (၂)စက်လေ ပါဝင်ပါရေ။ သံတွဲမာ ရီခဲနန့် ဘိလပ်ရေစက် (၁)စက်ကို အစိုးရက ၁၉၇၁-ခုမာ တေပီးရေ။ အုန်းဆံကြိုး (၁)စက်ကို သံတွဲမာပင် တေပီးပါသိန့်ရေ။ ပုဂ္ဂလိကသပုန်စက်၊ ဖယောင်းတိုင်စက်၊ ဘိလပ်ရေစက်သျှေတိမာ ပြောပလောက်အောင် မဟိပါ။

### ထုတ်ကုန်တိ

ရက္ခိုင်ပြေဖယ့် အဓိကထုတ်ကန်ရေ ဆန်စပါး ဖြစ်တေ။ နှစ်စိုင်တင်းသိန်း ၂၅၀ကျော် ထုတ်လုပ်နိုင်ပါရေ။ ဆန်စပါးကို အစိုးရက အဓိကထားဝယ်ယူပါရေ။ ၁၉၇၃-ခုမာ အနေးဆုံးစပါးစျီး ၆၀ဝိ ပီးထားပါရေ။ ဝယ်ယူရဟိရေ ၁၂နှစ်ကာလစပါးတင်း စာရင်းမာ အောက်ပါပသျှောင် ဖြစ်တေ။

| | |
|---|---|
| ၁၉၆၂-၆၃ | ၈၁၆၈၆၃၀ |
| ၁၉၆၃-၆၄ | ၉၉၂၈၂၃၃ |
| ၁၉၆၄-၆၅ | ၈၇၉၂၂၄၂ |
| ၁၉၆၅-၆၆ | ၆၈၀၈၇၂၃ |
| ၁၉၆၆-၆၇ | ၃၅၉၃၇၀၃ |
| ၁၉၆၇-၆၈ | ၃၀၆၈၂၅၉ |
| ၁၉၆၈-၆၉ | ၅၀၀၆၆၅၀ |
| ၁၉၆၉-၇၀ | ၅၂၅၄၂၇၂ |
| ၁၉၇၀-၇၁ | ၅၇၂၉၃၃၃ |
| ၁၉၇၁-၇၂ | ၄၄၇၀၈၅၉ |
| ၁၉၇၂-၇၃ | ၂၆၁၂၃၇၁ |
| ၁၉၇၃-၇၄ | သိန်း ၃၀ကျော် (၁၉၇၄-မတ်လ) |

သစ်ထုတ်လုပ်မှုကား တစ်နှစ်ကိုပျမ်းမျှ တန် ၂သောင်းကျော် ဖြစ်တေ။ မေယုဒေသမာဆိုကေ ကျွန်းပင်စိုက်ပျိုးစွာကို ၁၉၆၉-ခုကပင် စခပါရေ။

ဆားထုတ်လုပ်စွာကို ၁၉၆၅-၆၆ကပင် အစိုးရက အားပီးပါရေ။ ထုတ်လုပ်စွာ တစ်နှစ်ထက်တစ်နှစ်မြင့်ပါလာတ်တေ။ လီမုန်တိုင်းကြီးနောက်ပိုင်းမာ တိုးလို့များပါလာတ်တေ။ အလယ်ပိုင်းမာ ဆားင်သတ်လယ်တိကို ဆားအတွက်အသုံးချလာလို့ ဖြစ်တေ။ ယေဇာ့ အလယ်ပိုင်းရေ ဆားလုပ်ငန်းနန့် ထင်ရှားပါရေ။ ချက်ဆားအပြင် နီလှမ်းဆားကိုပါ ထုတ်လုပ်လာနိုင်ပါရေ။ ၁၉၇၂-၇၃ ခုမာ ဆားထုတ်လုပ်မှု ပိဿာသိန်း ၁၀၀ကျော် ဖြစ်တေ။ ပြေမကို သိန်း ၉၀ကျော် တင်ပို့ရပါရေ။

တခြားထုတ်ကုန်တိမာ သားငါး၊ ငါးပိ၊ ငါးခြောက်၊ အုန်းသီး၊ ကွမ်းသီး၊ ကွမ်း၊ အုန်း၊ ငရုပ်၊ ဆီးရွက်၊ ကြက်သွန်၊ သကာ၊ ဒယော စစွာရို့ ဖြစ်ကတ်တေ။

## ပို့ကုန်တိ

ခိုက်အဆက်ဆက်မာ ရက္ခိုင်ပြေဇယ့် အဓိကပို့ကုန်ရေ ဆန်စပါး ဖြစ်တေ။ အရာပို့ကုန်တိမာ ဆား၊ သစ်၊ နွား၊ ငါးပိ၊ ငါးခြောက်၊ ရက္ခိုင်ဒယော၊ အုန်းဆံ၊ အုန်းသီး အေပိုင်သျှောင်ရို့ ဖြစ်ကတ်တေ။ ၁၂-နှစ်ကာလအတွင်းမာ နိုင်ငံခြားဆန်တင်ပို့စွာ တန်ချိန်ရေ အောက်ပါပသျှောင်ဖြစ်တေ။

| | | | |
|---|---|---|---|
| ၁၉၆၂-၆၃ | ၁၁၁၂၁၇ | ၁၉၆၈-၆၉ | ၃၃၉၆၂ |
| ၁၉၆၃-၆၄ | ၈၅၈၁၉ | ၁၉၆၉-၇၀ | ၁၀၃၄၇ |
| ၁၉၆၄-၆၅ | ၆၇၉၇၂ | ၁၉၇၀-၇၁ | ၄၃၄၄၃ |
| ၁၉၆၅-၆၆ | ၉၇၅၁၃ | ၁၉၇၁-၇၂ | ၄၄၇၅၇ |
| ၁၉၆၆-၆၇ | ၄၃၃၈၇ | ၁၉၇၂-၇၃ | ၂၁၇၇၂ |
| ၁၉၆၇-၆၈ | ၂၆၇၂၆ | ၁၉၇၃-၇၄ | ၁၆၈၀၀ |

(၁၉၇၄-မတ်လ)

## သွင်းကုန်တိ

ဗြိတိသျှနယ်ချဲ့ခိုက်ပင် ရက္ခိုင်ပြေဇယ့် စီးပွားရီးရေ အမှီခိုခံစီးပွားရီး ဖြစ်လားပါရေ။ အမျိုးသား စီးပွားရီးကို အဖျက်ဆီးခံရပါရေ။ ယေဇာ့ ပြေတွင်းမာ ဆန်၊ သစ်၊ ငါးရို့ပိုင်စွာတိကလွဲလို့ အဓိကဝန်ရေ မဖူလုံဖြစ်လားပါရေ။ ယေနန့် တင်သွင်းကုန်တိမှားပါလာတ်ပါရေ။ စားသုံးဆီကို တစ်နှစ်မာ ပျမ်းမျှ ၄၇သိန်း ပိဿာကျော် တင်သွင်းရပါရေ။ ရက္ခိုင်ပြေဇယ့် ဆီထုတ်လုပ်မှုရေပိဿာ ၂သိန်းကျော်ရာ ဖြစ်တေ။ နှစ်စိုင် သကြားတန် ၁၃၀၀ကျော် စီးကရက်နန့် ဆလိပ် တစ်ကုဋေကျော်လေ့ တင်သွင်းရပါရေ။ အဝတ်အစား၊ စက်ပစ္စေး၊ ဓါတုဗေဒပစ္စေး၊ အိမ်သုံးပစ္စေး၊ ရန်၊ သွပ်အိုး၊ ဆီးဝါး၊ အလှကုန် မုံ့စေကအစ အသျှေကဇာတ်စွာတိအဆုံး အားလုံးကိုပိုင် ရန်ကုန်က တင်သွင်းရပါရေ။

## လမ်းပန်းဆက်သွယ်ရီး

စီးပွားရီးဖွံ့ဖြိုးစွာကို အထောက်အကူပြုစွာရေ လမ်းပန်းဆက်သွယ်ရီး ဖြစ်တေ။ ခိုက်တိုင်းမာရီကြောင်းကို ရာ ရက္ခိုင်ပြေက အားထားရပါရေ။ ရီလမ်းပို့ဆောင်စွာမာ အစိုးရနန့်ပုဂ္ဂလိကရို့က အပြိုင်လုပ်ကတ်ပါရေ။ ပုဂ္ဂလိကပိုင် လူစီးဘုတ် ၄၀ကျော် ဟိပါရေ။

## ရပကရ

ရက္ခိုင်ပြေတွင်း ပို့ဆောင်ရီးအတွက် ၁၉၆၂ခုက အစိုးရမာ လူစီးယိုင်(ယာဉ်) ၁၂စီးအား ဟိခပါရေ။ ၁၂နှစ်အတွင်းမာ အသစ် ၃စီးအပြင် အာရာအစီး တိထပ်လို့ အားဖြေ့ပါရေ။ ယေဒါလေ့ ပျက်စီးမှုကို တားမရပါ။ အစိုးရပိုင် စစ်တွေသင်္ဘောကျင်းကလေ့ သွင်းမတားနိုင်ပါ။ ယေဇာ့ ၁၉၆၄-ခုနှစ်စမာ လူစီးယိုင် (၈)စီးနန့် အနိုင်နိုင်လားနိန်ရပါရေ။ ပို့ဆောင်ရီး ကမောက်ကမ ဖြစ်မလာအောင် ကြိုးစားပီးပါရေ။ ၁၉၇၄-ခုနှစ်စက စဗနာ လောင်စာအခက်အခဲကြောင့် ခေါက်ရှိလျှော့ချလိုက်ပါရေ။ ရီကြောင်းဆက်သွယ်ရီး ညံ့စွာကို ပြောသားမဟိပါ။

ယေဒါလေ့ ဝင်ငွီကား မနေး။ ၁၉၆၂-၆၃ မာ ဝင်ငွီ ၆၆၆၂၄၅၅ ရပါရေ။ ၁၉၆၄-၆၅ ကစပြီးကေ နှစ်စိုင် ဝင်ငွီ ၁၁သိန်းကျော်လာပါရေ။ ၁၉၆၈-၆၉က စပြီးကေ ဝင်ငွေ သိန်း ၂၀ပါတ်ဝန်းကျင် ဟိလာပါလာတ်တေ။ ယင်းဝင်ငွီတိရေ လူစီးနန့် ကုန်တင်ရီယိုင်ရို့ဇယ့် နှစ်ရပ်ပေါင်း ဖြစ်တေ။

## ကုန်းလမ်း

လမ်းတကာလမ်းထေးမာ ကုန်းလမ်းရေအကောင်းဆုံး ဖြစ်တေ။ ယေလေ့ အေနိရက္ခိုင်ပြေမာ၊ ကာရီလမ်းမိုင် ၃၀၀ကျော်ရာ ဟိရေ။ ဒုံနာလမ်းက မိုင် ၁၄၀ကျော်

ရာ ဖြစ်တေ။ ၁၂နှစ်အတွင်းမာ စစ်တွေရသိတောင် မိုင် ၄၀လမ်းကို သိန်း၂၀ထက်မနေး ကုန်ကျခရေ။ ယေလေ့ အကျိုးမထူးခြား။ ၁၉၇၁ခု စက်တင်ဘာလ ၃၀နိမာ ပြေမ ဆက်သွယ်ရီးအတွက် တောင်ကုတ်ပန်းတောင်းလမ်းကို အစိုးရက ဖွင့်လှစ်လိုက်တေ။ ယေဒါလေ့ ပြေနယ်မြို့တော် စစ်တွေမြို့နန့် ကုန်းလမ်းဆက်သွယ်မှု မဟိလို့ တိုးတက် သင့်သလောက် မတိုးတက်၊ ကာရီအင်အားကလေ့ တပြေ လုံးမ အလုံး ၄၅၀ကျော်ရာ ဟိပါရေ။

**ပြေမဆက်သွယ်ရီး**

ပြေမနန့်ဆက်သွယ်ဖို့လီ လမ်းကိုရာ အဓိကထားရ ပါရေ။ စစ်တွေကျောက်ဖြူ သံတွဲ လီယိုင်ကွင်းတိအပြင် ၁၂နှစ်အတွင်းမာ ငွနန်မာန်အောင်ကွင်းကိုပါ နှီရာသီ ကွင်းအဖြစ် အသုံးပြုလာပါရေ။ ပြေမနန့်ရီကြောင်း ဆက် သွယ်စွာ ပုံမှန်မဟိပါ။ ခရီးသယ်တိကို အစိုးရပိုင် ပြေ တော်ညွှန့်သင်္ဘောတစ်စီး ထေးကရာတာဝန်ယူထားပါရေ။

**စီးပွားရီးအလားအလာ**

ရက္ခိုင်ပြေဇယ့် အနာဂတ်စီးပွားရီး ဖွံ့ဖြိုးဖို့ ၁၉၆၅-၆၉ခုကပင် ရီနံရှာဖွီစွာကို တွိရပါရေ။ စမ်းသပ်တူးဖော်စွာ ကို ၁၉၇၂-၇၃မာ လုပ်ပါရေ။ ရသိတောင်နယ် ကူတောင် ရွာနားမာ စတူးပါရေ။ အတွင်းပြင်ဒေသမာလေ့ ဆောင်ရွက်နိန်ပါရေ။ ကျပ်ငွီကုဋေ ၄၀၀၀တန်မာ ဘလ် သလင်းကျောက်ကိုလေ့ သွင့်ထုတ်လုပ်ဖို့ ဖြစ်တေလာတ်။ ယင်းကျောက်ရေ တောင်ကုတ်နယ် နီပူတောင်တန်းမာ ဟိပါရေ။

**လူမှုရီးကဏ္ဍ**

လူ့အဖွဲ့အစေးတစ်ရပ်ဇယ့် တိုးတက်မှု၊ ဆုတ်ယုတ် မှုတိကို မှတ်တမ်းတင်စွာရေ လူမှုရီးကဏ္ဍရာ ဖြစ်တေ။ အေကဏ္ဍမာ ပိုင်ညာရီး၊ ကျန်းမာရီး၊ ကိုးကွယ်မှု၊ ယိုင်ကျေး မှု၊ ဓလိထုံးစံတိ ပါဝင်ပါရေ။

**ပိုင်ညာရီး**

၁၉၆၁-၆၂ခုက ရက္ခိုင်ပြေမာ မူလတန်း ၉၃၁ ကျောင်းနန့် ဆရာ ၂၄၆၇ဦး၊ အလယ်တန်း ၄၂ကျောင်း နန့် ဆရာ ၄၅၆ ဦး၊ အထက်တန်း ၁၈ကျောင်းနန့် ဆရာ ၃၃၆ဦးရို့ ဟိခကတ်တေ။ ကျောက်ဖြူမာ ဆရာအတတ် သင် ကျောင်းတစ်ကျောင်းနန့် ကောလိပ်ကျောင်းတစ် ကျောင်း ဟိခရေ။ ယေဒါလေ့ ကောလိပ်ကျောင်းကို ၁၉၆၃-၆၄မာ ကျောင်းသားနေးရေးလို့ ပြဗနာ ပိတ်ထား ခရေ။ စစ်တွယ်မြို့က ရက္ခန်းကျောင်းကို ၁၉၆၈-၆၉မာ အထက်တန်းအဆင့် တိုးမြှင့်ခရေ။

၁၉၆၅-၆၆မာ တစ်နိုင်ငံလုံးက ပုဂ္ဂလိကကျောင်းတိ ကို အစိုးရပိုင်သိမ်းလို့ ရက္ခိုင်ပြေပုဂ္ဂလိကပိုင်ကျောင်းတိ ရေ အစိုးရပိုင် ဖြစ်လာပါရေ။ ယေ့အပြင် ရက္ခိုင်ပြေမာ ကျောင်းတိကို တိုးဖွင့်လာပါရေ။ ယေဇ ၁၉၇၁-၇၂ခုနှစ် ခါ မူလတန်း ၁၂၀၁ကျောင်းနန့် ဆရာ ၂၈၈၈ဦး၊ အလယ် တန်း ၈၀ကျောင်းနန့် ဆရာ ၈၂၅ဦး၊ အထက်တန်း ၂၅ ကျောင်းနန့် ဆရာ ၅၀၁ဦးအထိ ဟိလာပါရေ။

အစိုးရက ကျောင်းတိကို တိုးဖွင့်ရေပိုင် တောတွင်း ဗကပပါတီကလေ့သွင့် တိုးလို့ပိတ်လာပါရေ။ ဗကပဇယ့် ကျောင်း ပိတ်တေစနစ်ကြောင့် ၁၉၇၂ခုမာ ရက္ခိုင်ပြေက အလယ်တန်း ၆ကျောင်းနန့် မူလတန်း ၂၂၉ကျောင်းကို ပိတ်ထားရေအထိ ဖြစ်လာပါရေ။ မြောက်ဦးမြို့နယ်မာ အများဆုံး အပိတ်ခံရပါရေ။ အစိုးရက ပြန်ဖွင့်ပီးရေ ကျောင်းကနေးပါရေ။

၁၉၇၃-ခုနှစ်ရောက်တေအခါ အထက်တန်း စိုက်ပျိုး မွီးမြူရီးကျောင်းတစ်ကျောင်းကို ကျောက်တော်မြို့မာ အစိုး ရက ဖွင့်ပီးပါရေ။ စစ်တွယ်မြို့မာ ကောလိပ်ကျောင်းတစ် ကျောင်းကိုပါ ဖွင့်ပီးပါရေ။ ယေလေ့ အဆောက်အဦးသစ် နန့်ကား မဟုတ်။ ကျောင်းသား ၃၀၀ကျော်ရာ သင်နိုင်ပါ သိန့်ရေ။

**ကျန်းမာရီး**

၁၂-နှစ်အတွင်းမာ ကျန်းမာရီးရေ သသိသသာ ပြောင်းလာပါရေ အစိုးရဇယ့် ဆီးဝါးကုသမှုရေ အခမဲ့ ဖြစ်တေ။ ၁၉၆၃-၆၄ခုနှစ် ရက္ခိုင်ပြေအလယ်ပိုင်းမာ ဝမ်း ရောဂါအများ ဖြစ်ကတ်တေ။ နောက်ပိုင်းမာ စနစ်တကျ

ကြိုတင်ကာကွယ်စွာတိဟိလို့ ကောင်းလားပါရေ။ ယေလေ့ ၁၉၆၈-လီမုန်တိုင်းနောက်ပိုင်းကျရေခါ ငှက်ဖျားရောဂါရေ အထက်ပိုင်းမာ အဖြစ်များလာပါရေ။ ၁၉၇၂-၇၃မာ လူ ၁၄၅ယောက် သီလားပါရေ။ စာရင်းမရစွာတိမာ ကန်ဟိပါသိန့်ရေ။ အဆုတ်ရောဂါတိုက်ဖျက်ရီးကို ၁၉၇၂-၇၃မာ စတင်ဆောင်ရွက်ပါရေ။

၁၉၇၂-ခုနှစ်စာရင်းအရ ရက္ခိုင်ပြေမာ ဆီးရုံ ၁၉လုံးနန့် ကုတင် (၆၁၅)လုံး၊ ဆီးပီးခန်း ၂ခန်း၊ မိခင်နန့် အသျှေစောင့်သျှောက်ရီးဌာန (၁၃)ခုနန့် ကျေးရွာဆီးပီးခန်း (၆၀) ဟိခပါရေ။ ယင်းနှစ်မှာပင် ဒက်တင် (၅၆)ဦး၊ လက်ထောက်ကျန်းမာရီးမှူး (၆၃)ဦး၊ ကျန်းမာရီးဆရာမ (၄၄) ဦး၊ သူနာပြုဆရာမ (၇၇)ဦး၊ သားဖွားဆရာမ (၂၆၇)ဦး နန့် ဘိတ်ထိုးဆရာ (၇၈)ဦးရို့ ဟိခပါရေ။ ၁၉၆၂-ခုမာ ဧထက်နေးလိမ့်မေဖြစ်တေ။ ၁၂နှစ်အတွင်းမာ ပြေနယ်အဆင့်ဆီးရုံတစ်ရုံကား ဖြစ်မလာခပါ။

## ယိုင်ကျေးမှု

ရက္ခိုင်ရေ လူမျိုးတစ်မျိုးဖြစ်တေနန့်အညီ ကိုယ်ပိုင်ယိုင်ကျေးမှုတိ ဟိခပါရေ။ ယေလေ့ ဗြိတိသျှနယ်ချဲ့လက်အောက်မှာ အနှစ် ၁၀၀ကျော် ကျလားခါကပင် တိမ်ကောပပျောက်ချင်ချင် ဖြစ်လားပါရေ။ စေတနာသျှင် တိဧယ့် ထိမ်းသိမ်းမှုကြောင့် ရာဇမျှကျန်နိန်စွာ ဖြစ်တေ။ ၁၉၆၆ ခုမာ ရက္ခိုင်ယိုင်ကျေးမှု အကကို အကတိကို ပြေထောင်စုနိတိုင်းမာ ထုတ်ဖော်တင်ဆက်ခွင့် ရခပါရေ။

ယေ့အပြင် ၁၉၆၂ခုကစလို့ သမိုင်းဝင် အဆောက်အဦးပစ္စေးတိအချို့ကို နှစ်စိုင်ကျပ်ငွီတစ်သိန်းစီနန့် ပြုပြင်မွမ်းမံလာပါရေ။ အေနိုထိ သမိုင်းဝင် ထိန်းသိမ်းစွာ (၂၂)ခု ဟိပါဗျာယ်။ ယင်းအထေးမာ ထင်ရှားရေ သျှစ်သောင်း၊ ထုက္ကန်သိမ်၊ လောင်ဘွန်ပြောက်၊ ရတနာ့မာန်အောင်၊ ဇိနမာန်အောင်၊ ရတနာပုံရို့တိလေ့ ပါဝင်ပါရေ။ အရာ ထိန်းသိမ်းသင့်စွာတိကား မကန်။

ရက္ခိုင်အကြောင်းနန့်ပတ်သက်လို့ ၁၂နှစ်အတွင်းမာ ထုတ်ဝီပုံနှိပ်ခွင့် ရဟိခစွာက စာအုပ်အမျိုးပေါင်း (၁၂)မျိုးရာ ဖြစ်တေ။ လမ်းစိုင်ပါတီက ဦးစီးထုတ်ဝီဖို့ ဖြစ်တေ။ ရက္ခိုင်ယိုင်ကျေးမှု ခလိထုံးစံတိစာအုပ်မာကား ၁၂နှစ်အတွင်းမာ ထွက်မလာနိုင်ပါ။

## ယုံကြည်ကိုးကွယ်မှု

၁၂နှစ်အတွင်းမာ ရက္ခိုင်ပြေက ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းသျှေတိ မကန်တေထောင်စွာမျိုးကို တွိရပါရေ။ ဘာသာရီး စေးလုံးညီညွတ်စွာ မဟိသိန့်လို့ဖြစ်တေ ဘုရားကျောင်းကန် တေဆောက်မှု တိနေးပါးရေ စစ်တွယ်မြို့မာရာ ကြက်သရီဆောင်အဖြစ် ဘုရားကြီးသိမ်တစ်ခုကို ပြေသူ့အထောက်အပံ့နန့် ကြကြီးကျယ်ကျယ်တေဆောက်လာစွာကို ၁၉၆၆ကပင် တွိရပါရေ။

## ဒဏ်ကြီးဖီးကြိတိ

သဘာဝဖီးဒဏ် လီမုန်တိုင်းအပြင် မီးအန္တရာယ်ကိုလေ့ သွင့်ခံရတတ်ပါသိန့်ရေ။ ၁၉၇၂-ခုနှစ် ရက္ခိုင်မြေအထက်ပိုင်းမာ မီးကြောင့် ကျပ်ငွီ(၃၃)သိန်းကျော်ဖိုးဆုံးယှုံးပါရေ။ ရက္ခိုင်ပြေအလယ်ပိုင်းနန့် တောင်ပိုင်းမာ မီးကြကြီးကျကျယ် လောင်စွာတိ မဟိရေပိုင်ပါဗျာယ်။။ မီးကြောင့် ၇-၃-၇၁နိ မြောက်ဦးမြို့မာ သိန်း ၃၀ကျော်ဖိုး ၂၅-၂-၇၃ နိ စစ်တွယ်မြို့မာ သိန်း ၁၀၀ကျော်ဖိုး၊ ၁၈-၂-၇၄ နိ စစ်တွယ်မြို့မာ သိန်း ၃၀ကျော်ဖိုး ဆုံးယှုံးလားပါရေ။ ၁၂နှစ်အတွင်း အကြီးဆုံးလောင်ရေ မီးတိပါဗျာယ်။ ၁၉၇၃-ခုနှစ်အတွင်းမာ မင်းပြားမြို့မာ မီးလောင်မှု စံချိန်ကို ၁၆ကြိမ်နန့်တင်လိုက်ပါရေ။ ယေလေ့ ကျပ်ငွီ ၁၅သိန်းကျော်ဖိုရာ ဆုံးယှုံးပါရေ။

## လူဝင်မှု

ရက္ခိုင်ပြေရေ ဘင်းဂလားဒေသနန့် ဆက်နိန်ရေယေဇု လူဝင်မှု ဟိတတ်တေ။ ၁၉၆၆-ခုမာ ဘင်းဂလားက ရက္ခိုင်သား ၅၀၀ကျော်ရေ နိန်ထိုင်မှု အခက်အခဲကြောင့် စစ်တွယ်ကို ပြောင်းရွှေ့ပါလာတ်ရပါရေ။ ၁၉၇၀ခု ဧပြီလမာ တစ်ခါ လူ၅၀ထပ်လို့ လာပါရေ။ သတင်းစာမာ မပါရေ ဝင်ရောက်မှုကား မကန်ဟိလီဖို့၊ ၁၉၇၄-ခုမာ ဘင်းဂလားက မျိုးခြားကုလား ၅သောင်းကျော် ရက္ခိုင်ပြည်နယ်ထေးကို ခိုးဝင်လာရေလို့ ၅-၃-၇၄ နိထုတ် ကြေးမုံသတင်းတရပ်ဆိုထားပါရေ။

၁၂နှစ်အတွင်းမာ ရက္ခိုင်လူ့အဖွေ့အစေးကို ဖျက်ဆီးရေ အရက်၊ သောက်သုံးစွာ လျှော့မလားပါ။ ဘိန်းဖြူနန့် ဂင်ဇာရေ ရက္ခိုင်လူငယ်ကို ကျကျယ်ပြပြန့်ထိုး

ဖောက်ဝင်ရောက်လာစွာမျိုးကိုကား မတွိရပါ။ အဖက်ဖက်က ကြိုးစားစွာ တိမှာရက္ခိုင်သားတိရေ ရက္ခိုင်ယိုင်ကျေးမှု တစ်ရပ်လုံးကို နားလယ်စ ပြုလာပါရေ။ တန်ဖိုးထားတတ် စပြုလာစွာတိကို ဝမ်းသိဝမ်းသာ တွိရပါရေ။

**နိဂုံး**

၁၂နှစ်ကာလ ရက္ခိုင်ပြေကား ၂-၃-၇၄နိမာပင် ကုန်လားပါဗျာယ်။ ယင်းနိကစပြီးကေ နိုင်ငံတော်ဖွေ့စေးပုံသစ်အရ ရက္ခိုင်ကို လူမျိုးတစ်မျိုးအဖြစ် အသိအမှတ်ပြုလာပါရေ။ ယေဇု ရက္ခိုင်ပြေနယ်အဖြစ် ရက္ခိုင်ဒေသကို အသိအမှတ်ပြုလာပါရေ။ ပြေသူ့ကိုယ်စားလှယ်အဆင့်ဆင့်ကို စေးကမ်းချက်အတိုင်း ရက္ခိုင်ပြေသူတိက ရွီးချယ်တင်မြှောက်ပြီးပါယာ။ ရက္ခိုင်ပြေကို ယင်းကိုယ်စားလှယ်တိ ဇာပိုင်ဖန်တီးဖို့ဆိုစွာကို စောင့်ကြေ့ကတ်ပါဖိ။ ရက္ခိုင်ပြေနယ်ကာလကား စနိန်ပါဗျာယ်။

**ရက္ခ—ဓံထွန်းအောင်**
**၁၉၇၄ခု၊ မတ်လ**

# မမေ့သင့်သော ရခိုင်အာဇာနည်ကြွင်း

ညဦး(မြောက်ဦး)

ရခိုင်ရိုးမ၏ တစ်နေရာဖြစ်သော ဂျော်ဂျီမြောက်ကို အခြေစိုက်၍ အခြားသခင်ခေါင်းဆောင် တစ်ဆယ့်သုံးယောက်တို့နှင့်အတူ ကျွန်တော်တို့ ရခိုင်ပြည်၏ နောက်ပိုင်းသမိုင်းကို လေ့လာကြည့်မည်ဆိုလျှင် ၁၁၄၆-ခုနှစ်မှစ၍ ရခိုင်ပြည်သည် ဝါးအစည်းပြေသကဲ့သို့ စည်းလုံးညီညွတ်မှုမရှိဘဲ ပြိုကွဲပျက်စီးခဲ့ရပါသည်။ ထိုသို့ ပျက်စီးခဲ့သော်လည်း ရခိုင်လူမျိုးတို့သည် နယ်ချဲ့စနစ်ကို မုန်းတီးခြင်း၊ မိမိတို့ အမျိုးကို ချစ်မြတ်နိုးခြင်း၊ စသော စိတ်ထားများကား ပျောက်ပျက်မသွားခဲ့ကြချေ။ သူတပါးလက်အောက်မှာ ပြားပြားမှောက်၍ နို့သက်ခံလိုစိတ်လည်း မရှိခဲ့ကြချေ။ ရခိုင်သစ္စာဖောက်အချို့သည်သာလျှင် နယ်ချဲ့လက်ဝေစာ အရိုးကိုစုတ်၍ စည်းစိမ်ယစ်ပြီး ဘုရားထူးခံကာ ပျော်ခဲ့ကြသလောက် မျိုးချစ်တို့မှာကား မိမိတို့၏အသက်ကို ပမာနမထားဘဲ အမျိုးသားလွတ်မြောက်ရေးအတွက် ကြိုးပမ်းရင်း တာဝန်ကျေစွာဖြင့် အသက်အဆုံးခံသွားကြပေသည်။ အစဖြင့်ပြရသော် ဗိုလ်ချင်းပျံနှင့် မင်းသားကြီး ရွှေဘန်းတို့ပင် ဖြစ်ပါသည်။ သူတို့သာလျှင် မဟုတ် အခြားသမိုင်းတင်မခံရဘဲ မီးခဲပြာဖုံ ဘဝဖြင့် တိမ်မြုပ်ပျောက်ကွယ်သွားသော ရခိုင့်အာဇာနည်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့လည်း အများပင် ရှိကြပေသည်။

မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက်ကျရောက်စဉ်အတွင်း လွတ်လပ်ရေးကို ကြိုးပမ်းကြရာတွင်လည်း ရခိုင်ပြည်မှာ အာဇာနည်ပုဂ္ဂိုလ်တို့ကား မနည်းလှပေ။ ထိုပုဂ္ဂိုလ်တို့အနက် အချို့လည်း ဘဝပြောင်းသွားကြပြီးဖြစ်၍ တချို့လည်း တိုင်းပြည်၏တာဝန်များကို ထမ်းဆောင်၍ ရှိကြသေးသည်။ ဤကဲ့သို့သော လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့သောပုဂ္ဂိုလ်များအနက် ယခုကျွန်တော်တင်ပြလိုသော သခင်ကြွင်း(ဝါ)သခင်အောင်ပါစေလည်းတစ်ဦးအပါအဝင် ဖြစ်ပါသည်။ ဤပုဂ္ဂိုလ်မှာ ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သည့်အပြင် တမူထူးခြား၍ မြတ်နိုးထိုက်သောစရိုက် အလေ့အထအရည်အချင်းများ ရှိသူ ဖြစ်ပါသည်။ ၎င်းမှာ ငယ်စဉ်ကပင် ကွမ်းမစား၊ ဆေးလိပ်မသောက်၊ အရက်သေစာမသောက်၊ အပျော်အပါးမလိုက်စား၊ ပကာသနနှင့် ကြွားဝါပလွှားမှုကို လုံးဝမပြုလုပ်၊ မိမိအမျိုးအတွက် မုသားမပြော၊ အမြဲတမ်းမိမိကိုယ်ကို နှိမ့်ချလေ့ရှိသည်။ ရာထူး၊ ဂုဏ်စသည်တို့ကို မက်မောမှုမရှိ၊ ဆင်းရဲချမ်းသာမရွေး ဖော်ရွေခြင်း၊ ခင်မင်ခြင်း၊ အမြဲတမ်းပြုံးရွှင်ခြင်း၊ သူတပါးကို အမြဲကူညီတတ်ခြင်း၊ လူငယ်လူရွယ်များနှင့် တွေ့လျှင်လည်း လူငယ်များ၏ တိုးတက်ရာ တိုးတက်ကြောင်း၊ မိမိလူမျိုး၏ ကြီးပွားရာ ကြီးပွားကြောင်း စကားတို့ကိုသာ ဟောပြောပြသခြင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ လိုက်နာအပ်သော အချက်အလက်များကို ညွှန်ကြားခြင်း စသည်အားဖြင့် အတုယူစရာစရိုက်ကောင်းများရှိ၍ ပကတိဖြူစင်မွန်မြတ်သောစိတ်ထားရှိသော ပုဂ္ဂိုလ်ထူး ဖြစ်ပါသည်။

သခင်ကြွင်းအား တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်စွန့်၍ ဆောင်ရွက်ခဲ့အောင်လည်း နယ်ချဲ့စနစ်ဆိုးက ဖန်တီးခဲ့ပေသည်။ စစ်တွေခရိုင်၊ မင်းပြားမြို့နယ်ရှိ

ပန်းမြောင်းကြီးချောင်းဒေသတွင် ၁၉၃၀ ခုနှစ်က ရေကြီး၍ ချောင်းတိမ်ခြင်း၊ လယ်ကွက်များကို ရေလွှမ်းမိုးခြင်း ခံရသဖြင့် လယ်သမားများမှာ စပါးမရကြ၍ နိုင်ငံခြားသားများထံမှ ချေးယူသောငွေများကို ပြေလည်အောင် မဆပ်နိုင်ကြပေ။ ထိုအခါ အတိုးက ကြီးလာပြန်သည်။ အတိုးကြီးလေ မဆပ်နိုင်လေ၊ ဖြစ်လာသဖြင့် ငွေပိုင်ရှင်ကုလားများက လယ်ယာများကို သိမ်းယူသွားသဖြင့် လယ်သမားများ ဒုက္ခတွေ့ကြရသည်ကို သခင်ကြွေင်း မျက်မြင်ကိုယ်တွေ့ပင် ဖြစ်သည်။ သို့နှင့် သခင်ကြွေင်းမှာ မခံမရပ်နိုင် ဖြစ်လာခဲ့ရပေသည်။ ထိုအချိန်မှစ၍ သခင်ကြွေင်းမှာ မြေရှင်ပဒေသရာဇ်စနစ် ဖျက်သိမ်းရေး၊ ကိုလိုနီစနစ် တိုက်ဖျက်ရေး၊ အရင်းရှင်စနစ် တိုက်ဖျက်ရေးစသော ကြွေးကြော်သံများဖြင့် တရွာဝင်တစ်ရွာထွက်ကာ တစ်နယ်လုံးကို လှည့်လျောက်ပြီး တရားဟောခြင်း၊ လူအများ နိုးကြားလာအောင် လှုံ့ဆော်ပေးခြင်းစသော လုပ်ရပ်များကို အဆက်မပြတ်လုပ်နေခဲ့ပေသည်။ ထိုကဲ့သို့ ထမင်းနပ်မှန် မစားရဘဲ လုပ်နေစဉ်အတွင်း ဗြိတိသျှတို့၏လက်ပါးစေ ရွာသူကြီးများကိုလည်း ကြောက်ရသေးသည်။

၁၉၃၇-ခုနှစ် တပေါင်းလဆန်း ၆ရက်တွင် လူထုအစည်းအဝေးကြီးတစ်ရပ်ကို မင်းပြားမြို့နယ် တောတန်းမြောက်တိုက်(မြင်းကဆိပ်)ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင်ပြုလုပ်ရာ လူထုသုံးထောင်ကျော် တက်ရောက်ခဲ့ကြသည်။ ထိုအစည်းအဝေးတွင် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးအဖွဲ့ကို ဖွဲ့စည်းရာ သခင်ကြွေင်းမှာ ဥက္ကဋ္ဌဖြစ်ပါသည်။ သူ၏နာမည်ကိုလည်း သခင်အောင်ပါစေဟု ခံယူခဲ့ပါသည်။ ထိုအဖွဲ့တွင် (၁)ဦးစိန္တာ (၂) ဦးပညာသီဟ (၃) ဦးနာရဒအစရှိသော ရဟန်းပုဂ္ဂိုလ် ၂၀ကျော်နှင့် အမြောက်အများပါဝင်ခဲ့ကြသည်။

၎င်းပြင် သခင်ကြွေင်းသည် ၁၉၃၇-ခုနှစ်တွင် ကျင်းပသော မင်းပြားမြို့နယ်ကွန်ဖရင့်ကို တောင်တန်းမြောက်တိုက်ဥက္ကဋ္ဌအဖြစ် တက်ရောက်ခဲ့သည်။ ထိုညီလာခံတွင် ဦးဖိုးစံ၊ သခင်စံတင့်၊ ဦးစိန္တာ၊ ဦးပညာသီဟအစရှိသော ရခိုင်ပြည်မှ ခေါင်းဆောင်များ ပါဝင်ခဲ့ကြသည်။ သခင်ကြွေင်းမှာ တရားဟောရာတွင် အထစ်အငေါ့မရှိဘဲ စကားလုံးကြွယ်ဝစွာ ပြောဟောနိုင်မှုကြောင့်၎င်း၊ လူထုအား တိုင်းရင်းဆေးပညာဖြင့် ကုသပေးမှုကြောင့်၎င်း၊ ဆရာကြွေင်းဟူ၍ လူသိများလာခဲ့ပေသည်။ ၁၉၃၉-ခုနှစ်တွင်လည်း လူထုတစ်ထောင်ကျော်ကို ခေါင်းဆောင်၍ မြို့ဟောင်းတိမ် ညိုကူးတို့ဆိပ်လမ်းဖြင့် ချီတက်လာရာ သခင်ဦးထွန်းစိန်အား မြို့ပိုင်ဦးသာထွန်းအောင်နှင့် ဌာနာအုပ်တို့ကို ဖမ်းထားလိုက်သည်။ ၎င်းညီလာခံကို သခင်ဒေါ်မြစိန်၊ သခင် ဦးဘဝင်း၊ သခင်မြ၊ ဦးကျော်ဦး (မျိုးချစ်)တို့ တက်ရောက်ခဲ့ကြသည်။ အပြန်တွင် သခင်မြတို့နှင့်အတူ စပါထား အမည်ရှိ သင်္ဘောဖြင့် မြို့ဟောင်းသို့ ပြန်လာခဲ့ကြသည်။

၁၉၄၀-ခုနှစ်တွင် ဗြိတိသျှအစိုးရဝန်ကြီး(စလတန်)သည် စစ်တွေခရိုင်၊ မင်းပြားမြို့နယ် လေးမြို့ချောင်းအရှေ့ဖက်ကမ်းခြေမှ အနောက်ရိုးမတောင်အားလုံးကို ကြိုးဝိုင်းချထားရန် စစ်တွေမှ ပန်းမြောင်းသို့ သင်္ဘောဖြင့် လာခဲ့ပြီး နယ်လူထုအား ခေါ်၍ရှင်းပြရာတွင် တောတန်းမြောက်တိုက်ဥက္ကဋ္ဌသခင်ကြွေင်းသည် လူထု၏ကိုယ်စား ကြိုးဝိုင်းမချသင့်ကြောင်း ကန့်ကွက်လွှာကို တင်သွင်းကန့်ကွက်ခဲ့သည်။ ထို့နောက် လူထုသုံးထောင်ကျော်ခန့်ကို ဦးဆောင်၍ မင်းပြားသို့ချီလာပြီး ကြိုးဝိုင်းမချရန် ကန့်ကွက်ဆန္ဒပြခဲ့သည်။ ထိုဆန္ဒပြပွဲကြီးပြီးနောက်လည်း ပန်းမြောင်းကြီးချောင် ရွှေကျုံဘုရားရင်ပြင်တွင် လူထုအား မကြာခဏစည်းရုံး၍ လှုံ့ဆော်ပေးခဲ့ပေသည်။

၁၉၄၁-ခုနှစ်တွင် သခင်ကြွေင်းသည် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးကြီး၏ အသင်းဝင်တစ်ဦး ဖြစ်လာခဲ့ပေသည်။ ၁၉၄၂-ခုနှစ်တွင် စစ်တွေခရိုင်ရှိ သခင်များကို ဗြိတိသျှစ၍ ဖမ်းလေသည်။ ထိုအချိန်တွင် သခင်ကြွေင်းမှာ ရခိုင်ရိုးမ၏တစ်နေရာဖြစ်သော ကျော်ဂျီမြောင်ကို အခြေစိုက်၍ အခြားသခင်ခေါင်းဆောင် တစ်ဆယ့်သုံးယောက်နှင့်အတူ နေ့မအားညမလပ် ဗြိတိသျှအုပ်ချုပ်ရေးကို ပျက်စီးစေရန် သက်စွန့်ကြိုးပမ်းထမ်းဆောင်နေခဲ့သည်။ ၎င်းအချိန်၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အစည်းအရုံးဥက္ကဋ္ဌ ဦးသာဇံလှတို့နှင့်လည်း အဆက်ပြတ်နေသည်။ သခင်ကြွေင်းနှင့် အခြားခေါင်းဆောင်အချင်းချင်းတိုင်ပင်၍ တပ်သုံးတပ် ဖွဲ့စည်းကြသည်။ ၎င်းတပ်များသည် ဒေသအလိုက် အင်္ဂလိပ်တို့အား ပုန်ကန်ကြသည်။ (၁) သခင်ပန်းသာအောင်ကို မင်းပြား၊ မြေပုံနယ်အထိ တော်လှန်ရန် တာဝန်ပေးသည်။ (၂) လက်

ကာသူကြီး ဦးအင်္ဂါအောင်နှင့် ဂန္ဓမာ(ဝမ်းဖား)တို့၏တပ်ကို မြို့ဟောင်းကျောက်တော်နယ်များကို ပုန်ကန်စေသည်။ (၃) ဦးသိန်းကျော်အောင်နှင့် ဦးမောင်ကျော်ယတို့၏တပ်ကို မင်းပြားမြေပုံနယ်တို့ကို ပုန်ကန်ရန် တာဝန်ပေးသည်။ ထိုအချိန်၌ သခင်ကြွေင်းမှာ အုပ်ချုပ်ကြီးကြပ်သူအဖြစ် တာဝန်ထမ်းဆောင်နေရသည်။

၁၉၄၂-ခုနှစ် ဖက်ဆစ်ဂျပန်တပ်များ ရခိုင်ပြည်တွင်းသို့ ဝင်ရောက်ခဲ့ကြပြီး မင်းပြားကိုသိမ်းရန် ချီလာစဉ် သခင်ကြွေင်းတို့၏အုပ်စုနှင့် တွေ့ဆုံပူးပေါင်းလိုက်ကြသည်။ ၎င်းနောက် စစ်တွေကိုသိမ်းရန် အတူလိုက်ပါသွားကြသည်။

သခင်ကြွေင်းသည် ဖက်ဆစ်ဂျပန်ခေတ်တွင် ဂျပန်၏ စစ်ရေးစစ်ရာနှင့်ပတ်သက်ပြီး မင်းပြားမြို့နယ် အတိုင်ပင်ခံအဖြစ် ဆောင်ရွက်ခဲ့ရသည်။ ထိုအချိန်အတွင်း ဂျပန်အလိုတော်ရိများ လက်ချက်ကြောင့် ဂျပန်၏နှိပ်စက်ညှဉ်းပန်းမှုကို သတိမေ့လုမတတ်ထိပင် သစ်ပင်တွင်တွဲ၍ ဝါးရင်းတုတ်ဖြင့် ဂျပန်လေးငါးယောက်၏အရိုက်ကိုလည်း တစ်နေ့လုံး ပန်းမြောင်းမြို့တွင်းမှာပင် ခံခဲ့ရပေသည်။

၁၉၄၄-ခုနှစ် အစပိုင်းတွင် သခင်စံတင် ပြည်မမှလာ၍ တောတန်းမြောက်ပိုင်း ကလားမ တောင်စခန်းမာ သခင်ကြွေင်းနှင့် ယုံကြည်စိတ်ချစွာဖြင့် ဂျပန်မတိုးနိုင်အောင် မဟာမိတ်တို့နှင့် ပူးတွဲတော်လှန်ရမည် ဖြစ်ကြောင်းစသော လျှို့ဝှက်စကားများကို ဆွေးနွေးပြီးနောက် ကျန်သခင်ခေါင်းဆောင်များကို ခေါ်ယူ၍ မင်းပြားနယ် ကံဖေတိုက် ဒုံချောင်းရွာ ဘုန်းကြီးကျောင်းတွင်လည်း ဆွေးနွေးခဲ့ကြသေးသည်။ ၎င်းဆွေးနွေးပွဲပြီး၍ ၁၅ရက်ခန့်အကြာတွင် ကျောက်တော်မှ သစ်တောအရာရှိ ပါးရွှဲ့မောင်စောဦးက မင်းပြားနယ် ပန်းမြောင်ကြီးချောင်း ငမောင်ရွာသို့လာ၍ သခင်ကြွေင်းအား ခေါ်ယူလျက် မြောက်ဦးမြို့နယ် တစ်နေရာတွင် အင်္ဂလိပ်စစ်ဗိုလ် (ကာနယ်ဟူစိန်)နှင့် ဆက်သွယ်ပေးသည်။ သခင်ကြွေင်းနှင့် သခင်ထွန်းစိန်ဦးတို့သည် မဟာမိတ်အင်္ဂလိပ်၏ လျှို့ဝှက်တာဝန်များကို ထမ်းဆောင်ကြသည်။ ထိုအချိန်မှစ၍ မြို့ဟောင်းမြို့နယ်နှင့် မင်းပြားမြို့နယ်တွင် ရှိသမျှသော ဂျပန်လျှို့ဝှက်စခန်းတို့ကို သတင်းပေး၍ ဂျပန်များကို တော်လှန်ကြသည်။ ဂျပန်များ၏ စစ်စခန်းများပေါ်သို့ ဗုံးမိုးရွာခြင်းကို ဂျပန်များ အလူးအလဲခံကြရသည်။ ဤသို့ ဂျပန်တော်လှန်ရေးကို လုပ်နေစဉ် ဂျပန်များ၏ အကျယ်ချုပ်ဖြင့် ဖမ်းဆီးထားခြင်းကို ခံနေရသော သခင်ဦးစိန္တာအား (မြင်းကဆိပ်ရွာ၏ အရှေ့ဖက် ရန်ပယ်တောကြီးထဲရှိ ဂျပန်စခန်းတွင်) သခင်ကြွေင်း သွားရောက်တွေ့ဆုံပြီး လက်ရှိအခြေအနေများကို အတွင်းရေး ဆွေးနွေးခဲ့သည်။

ဂျပန်များ ဆုတ်ခွာသွားပြီးနောက် ၁၉၄၆ခု မင်းပြားမြို့နယ် တောင်ပိုင်း တောကန်ညီလာခံသို့ လူထုကိုယ်စားလှယ်အဖြစ် လူ၁၀၀ကျော် ရွေးလျက် တက်ရောက်ခဲ့သည်။ ၁၉၄၈-ခု လွတ်လပ်ရေးရပြီးနောက် ဖဆပလအဖွဲ့ပေါ်ပေါက်လာပြန်ရာတွင်လည်း သခင်ကြွေင်းအား မင်းပြားမြို့နယ် တောတန်းမြောက်ပိုင်းဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့ကြပေသည်။ သို့သော် တာရှည်ဆက်လက် မဆောင်ရွက်ဘဲ နိုင်ငံရေးမှ အနားယူကာ တိုင်းရင်းဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေခဲ့ပေသည်။ အသက် ၇၂ နှစ်ပြည့်သည့် ၁၆-၃-၇၄ နေ့တွင် ပန်းမြောင်မြို့တွင်ပင် လူကြီးရောဂါဖြင့် ဘဝတပါးသို့ ပြောင်းသွားပြီ ဖြစ်ပါသည်။

သခင်ကြွေင်း၏ မျိုးရိုးဇာတိမှာ ၎င်း၏ပြောပြချက်အရ ၎င်းတို့၏မျိုးရိုးစဉ်ဆက်တွင် သမိုင်းမှတ်တမ်း မရှိစေကာမူ ပါးစပ်ရာဇဝင်အဖြစ် အမျိုးစဉ်ဆက်ပြောစကားများကို မှတ်သား၍ ၎င်းပြောပြချက်ကိုပင် ကျွန်တော်တင်ပြလိုက်ရပါသည်။

ရမ်းဗြဲမြို့မှ တနင်္ဂနွေထောင့်၊ သုံးမိုင်ကွာတွင် လက်ပံရွာရှိသည်။ ၎င်းလက်ပံရွာတွင် ဦးရွှေလှကျော် ဆိုသူ ရှိသည်။ ၎င်းမှာ ရမ်းဗြဲနောက်ဆုံးဘုရင်၏ ညီဖြစ်သည်။ ၎င်းဦးရွှေလှကျော်မှာ သားကြီး နန်းလျာဦးနှင့်အငယ် ငမောက်ဟူ၍ နှစ်ယောက်ထွန်းကားသည်။ တစ်နေ့တွင် ငမောက်၏ စွန်ကြိုးသည် အင်္ဂလိပ်လက်ပါးစေအရေးပိုင် နထိုးရှီ၏အိမ်၌ငြိရာ အိမ်ရှင်ကိုမတိုင်ကြားဘဲ ငမောက်သည် အိမ်ခေါင်မိုးပေါ်တက်၍ စွန်ကြိုးကိုဖြတ်ယူသည်။ နထိုးရှီက ငမောက်ကို မလေးစားဟုဆိုကာ ကြိမ်ဒဏ်အပြစ်ပေးသည်ကို ငမောက်မကျေနပ်၍ နထိုးရှီအား အသေသတ်၍ ထွက်ပြေးသည်။ ငမောက်ကို ဆရာဖြစ်သော ဗဟန်းတောင်ကျောင်းဆရာတော်သည် ကွမ်းချောင်းသို့ လျှို့ဝှက်ပို့ထားလိုက်သည်။ နန်းလျာဦးကိုကားကျောက်ကျပ်သို့ ပို့ထားသည်။ တိမ်ကျားဗိုလ်က ငမောက်

အား ဖမ်းရန်တာဝန်ယူရာ တိမ်ကျားဗိုလ်ကို ငမောက်က သတ်ပြန်သည်။ ငမောက်သည် ကွမ်းချောင်းမှ ယခု ဘင်္ဂလားဒေ့ရှ်ပြည်ရှိ ဖလံတောင်သို့ ထွက်ပြေး၍ ဖလံဘုရင်၏နှမနှင့် အိမ်ထောင်ပြုနေလေသည်။ အစ်ကိုနန်းလျာဦးတွင် မယား(လက်ပံသူ)၊ သမီးသုံးယောက်မှာ နှင်းသာဦး၊ မညို၊ မိုးပန်းဖြူတို့ ဖြစ်ကြသည်။ နန်းလျာဦးကား ဆေးဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြု၍ သူသည် မြို့ဟောင်းမြို့နယ် ဘူးရွက်မညိုးရွာတွင် သေသည်။ နန်းလျာဦး၏ ဇနီးသည် မင်းပြားမြို့နယ် ပန်းမြောင်ကြီးချောင်း၊ ပြင်လျောင်းရွာသို့ ပြောင်းရွှေ့နေထိုင်သည်။ (ဖ) ဦးမြတ်လှအောင်နှင့် (မိ)ဒေါ်မိုးပန်းဖြူတို့မှ သားထွေးသခင်ကြွင်းကို ၁၂၆၄ ခုနှစ်တွင် မွေးဖွားသည်။ ငယ်မည်မှာ မောင်မြသာဖြစ်သည်။

(ဤဆောင်းပါးကို သခင်ကြွင်းရှိစဉ် ပြောပြချက်များကို မှတ်သားဖူးသည်များနှင့် ၎င်း၏သားကြီး ဦးသာအောင်ဖြူ (ဆေးဆရာ၊ ပေါက်တောမြို့) ထံမှ ရသောကိုယ်ရေးရာဇဝင် အတ္ထုပ္ပတ္တိအကျဉ်းချုပ်တို့မှ လိုရင်းကိုချုံ့၍ ညှိနှိုင်းတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ အနည်းအကျဉ်း ချို့ယွင်းချက်ရှိကလည်း ခွင့်လွှတ်ကြစေလိုပါသည်။)

ညေဦး(မြောက်ဦး)

# အယာမခံ စွမ်းမာန်တရဲ

အသျှင်စက္ကိန္ဒ(ရခိုင်ပြည်)

မျိုးချစ်၊ တိုင်းချစ်၊ ပြည်ချစ် ပုဂ္ဂိုလ်မှန်သမျှ အမျိုးနှင့် တိုင်းပြည်ကို သစ္စာမဖောက်ခဲ့ကြ။ တိုင်းပြည်နှင့် အမျိုးအတွက်ကို အယာမခံ။ စွမ်းမာန်တရဲဆောင်ရွက်ခဲ့ကြ၏။ ယင်းပုဂ္ဂိုလ်များသည် အခက်အခဲများကြားတွင် ရုန်းကန်ခဲ့ရသူများ ဖြစ်ကြ၏။ ရက္ခိုင်သမိုင်းတွင် မြို့သူကြီး ငသံတွေနှင့် ချင်းပျံသားအဘတို့ ဖြစ်ရပ်မှာ စိတ်ဝင်စားဘွယ်ကောင်းလှ၏။

**ဓါးပိုင်ကြီး ဗိုလ်မင်းငသံတွေ**

ငသံတွေမှာ ရခိုင်ပြည်မင်းပြားမြို့နယ် ငါးစရိုင်းချောင်းကျွန်းသား ဖြစ်သည်။ ရခိုင်မင်းလက်ထက်တွင် ဓါးပိုင်ကြီးအဖြစ် အမှုတော်ထမ်းရွက်ခြင်းခံခဲ့ရသည်။ ၎င်းသည် ရခိုင်နောက်ပိုင်းမင်းဆက်တွင် နန်းတွင်းရေး မငြိမ်မသက်ဖြစ်မှုကြောင့် အရပ်ရပ်ဆူပူမှုဖြစ်ချိန်တွင် ပုန်ကန်သူ ဖြစ်လာခဲ့ရသည်။ ၎င်းသည် မိမိဇာတိဌာန ငါးစင်ရိုင်းချောင်းကျွန်းတွင် ဗိုလ်မင်း(သူပုန်ဗိုလ်ကြီး) ပြု၍ တောခိုသောင်းကျန်းနေလေသည်။

ငသံတွေ သူပုန်ထ၍နေစဉ် မြောက်ဦးနန်းတော်၌ ဆက်ခံအုပ်စိုးနေသော မင်းမှာ ဓမ္မရာဇ်ရာဇာခေါ် စန္ဒသတိဿမင်း ဖြစ်သည်။ ထိုမင်းလက်ထက် ကောဇာ-၁၁၃၉ ခုနှစ်တွင် ငသံတွေသည် ငါးစင်ရိုင်းချောင်းကျွန်း၌ ပုန်းအောင်းမှီခိုကာ ထိုဓမ္မရာဇ်မင်းသားအား ဆန့်ကျင်ဘက်ပြုလျက် တော်လှန်ပုန်ကန်ရင်းပင် သောင်းကျန်းလျက်ရှိနေမြဲ ဖြစ်သည်။ ထိုသို့ငသံတွေခိုအောင်းကာ ပုန်ကန်နေခြင်း၊ မင်းအာဏာလုနေခြင်းကို ရခိုင်ရာဇဝင်လင်္ကာက-

"ဖိုးခေါင်ရိုက်ဝိုင်း၊ မြရောင်မှိုင်းသား၊ ငါးစရိုင်းချောင်း တောမြိုင်ကောင်းတွင်၊ ပုန်းအောင်းခိုနေ၊ ငသံတွေ" ဟု ၎င်း၊ "ငသံတွေကား၊ မြိုင်ခြေတောစပ်၊ ဖိုးခေါင်ရပ်၌၊ မှီကပ်ခိုပေ" ဟူ၍၎င်း မှတ်တမ်းတင်ထားခဲ့လေသည်။ ယင်းသို့မင်းကို တောခိုပုန်းအောင်းကာ ပုန်ကန်တော်လှန်ခဲ့သော်လည်း ငသံတွေသည် အကျိုးထူးမခြားလေသဖြင့် အကြံတစ်မျိုးဖွဲ့ကာ စစ်ကူယူ၍တိုက်ရန် စီစဉ်ခဲ့လေသည်။ ထို့ကြောင့် အဘယမဟာရာဇာသားဟရိ၊ အမ်းစားခြေသလုံးကြီး ဖောင်သာရှိ၊ လေးခက်တောင်စား ငထွန်းစံ၊ လေးခြေတောင်စား ငလှဘော်၊ ဤသို့ လေးယောက်တို့အား ဂေါစာ ၁၁၄၃ခုနှစ်တွင် အင်းဝဘုရင်စဉ့်ကူးမင်းထံ

"တို့ကားအားကိုး၊ စစ်မက်ထိုးလည်း၊ အကျိုးမမြင်၊ ဖြစ်ကြကျင်၏၊ ရပ်ခွင်တိုင်းစည်၊ ပေါက်ကံပြည်ဟု၊ မည်ခေါ်တွင်ထ၊ မြို့အင်းဝသို့၊ ခဏအမြန်၊ သွားချေပြန်၍၊ စစ်ရန်အကူ၊ တောင်းအံ့ယူမှ" ဟုဆို၍ စစ်ပန်ရန် ဖိုးခေါင်ကျော်လျက် (လေးမြို့ချောင်းမှ စေတုတ္တရာလမ်းအတိုင်း) စေလွှတ် စစ်ကူတောင်းခဲ့စေသည်။ သို့သော်လည်း အင်းဝစဉ့်ကူးမင်းထံမှ စစ်အကူမရခဲ့ချေ။

ထို့ကြောင့် ပုန်ကန်မြဲပုန်ကန်လာခဲ့ရာ ရခိုင်နောက်ဆုံးမင်းဖြစ်သော သမ္မတမင်း လက်ထက်တိုင်လာသည်။ ထိုသမ္မတမင်းလက်ထက်လည်း သောင်းကျန်းနေသဖြင့်

မင်းသည် ငသံတွေကို တိုက်ခိုက်စေလေသည်။ ထိုအခါ ငသံတွေသည် ပထမတွင် ထွက်ပြေးရှောင်တိမ်းနေခဲ့သော်လည်း နောက်ပိုင်းတွင် သမ္မတမင်းထံ သစ္စာတော်ခံ၍ ဝင်ရောက်လေသည်။ ထို့ကြောင့် သမ္မတမင်းက ငသံတွေအား ကုလားတန်စားအရာကို ပေးအပ်၍ ချီးမြှောက်ထားခဲ့လေသည်။ သို့သော်လည်း များစွာကြာရှည်မနေခဲ့ဘဲ ကုလားတန်မှထွက်သော ဘဏ္ဍာတို့ကို သိမ်းယူပြီးနောက် ထပ်မံ၍ ပုန်ကန်လျက် သောင်းကျန်းလေတော့သည်။ သမ္မတမင်းလက်ထက် ပုန်ကန်သူ သူပုန်များကို ပြရာရာဇဝင်လင်္ကာ၌ "ရန်ပတ်အားလှိုင်း၊ ငါးစင်ရိုင်း၌၊ ထပ်ခိုင်းရပ်နေ၊ ငသံတွေလည်း" ဟု မှတ်တမ်းတင်ထားရှိသည်။ သိုက်သမိုင်းတစ်စောင်တွင် ငသံတွေမှာ သံတောင်စား ဖြစ်ခဲ့သည်ဟုလည်း ပြဆိုထားသည်။

**ငသံတွေ စစ်ပန်ခြင်း**

သူပုန်ငသံတွေသည် ဓမ္မရာဇ်ရာဇာလက်ထက် တစ်ကြိမ်စစ်ပန်၍ အရေးမသာလှသော်လည်း အားမလျော့သေးချေ။ သမ္မတမင်းလက်ထက်အရောက်တွင် ထပ်မံ၍ စစ်ပန်ပြန်လေသည်။ ထိုအကြိမ်တွင်ကား အမရပူရ ဘိုးတော်မင်းထံ စစ်ပန်ခဲ့လေသဖြင့် စစ်အကူရောက်လာသည်။ ဂေါစာ ၁၁၄၆-ခုနှစ် မြန်မာတို့ စစ်ကူတပ်သည် ရခိုင်သို့ ချီလာခဲ့လေသည်။ ရေကြောင်း ချီလာသော အိမ်ရှေ့မင်းသား မောင်ပေါ်ကိုယ်တိုင်ပင် ငါးစင်ရိုင်းချောင်းသို့ ရောက်လာပြီး စစ်ပန်ခေါ်သူ ငသံတွေကို ခေါ်ယူလေသည်။ ထို့ကြောင့် ရခိုင်ရာဇဝင်လင်္ကာက-

"ငါးစင်ရိုင်းချောင်း၊ ရောက်လာ ယှောင်းမူဗိုလ်ပေါင်း ပြည့်နှံ့၊ ရပ်ဆိုင်းဝန့်၍၊ တန့်တန့်တည်ထ၊ နေလာကြသည်။ များလှခွေရေ ငသံတွေနှင့်၊ ခေါ်ထွေနာမံ၊ ထွန်းစံတည်း၊ အကြံလွှဲချော်၊ လှေဘော်တို့၊ ထင်ပေါ်သတင်း၊ အိမ်ရှေ့မင်း၏၊ ထံရင်းတော်မှာ၊ ရောက်ကြလာသည်၊ ဝမ်းသာအားရ၊ ရွှင်ရွှင်တည်း" ဟူ၍ စပ်ဆိုထားခဲ့လေသည်။

စစ်ပန်ခေါ်သူများရောက်လာလျှင် ပူးပေါင်းတိုက်ခိုက်လေရာ ရခိုင်သမ္မတမင်းနှင့် တိုင်းပြည်ပါ သိမ်းယူခြင်းခံရသည်။ ငသံတွေတို့ ရည်မှန်းချက်အတိုင်းကား သမ္မတမင်းအစား ရခိုင်မင်းတစ်ဦးတစ်ယောက်မျှ မဖြစ်လာ။ ငသံတွေလည်း မြန်မာမင်းက ခန့်အပ်ချီးမြှောက်ပေးသော မြို့သူကြီးရာထူးဖြင့်ပင် ကျေနပ်ခဲ့ရသည်။ ထို့ကြောင့် ရခိုင်တို့က သိုက်တဘောင်ပြု၍ "မြို့သူကြီးသံလုံးပြည်ကို ကျုံးလက်ရုန်းတန်းကာ အယာရာ" ဟူ၍ စပ်ဆိုခဲ့ကြလေသည်။

မြန်မာမင်းလက်ထက် ငသံတွေမှာ ဒုတိယမြောက် မြို့သူကြီးဖြစ်ပြီး ၎င်း၏သား ရဲဘော်ချင်းပျံမှာ စည်းတင်စား ဖြစ်သည်။ ချင်းပျံ၏ နောင်တော်ဖြစ်သူ ကျော်အောင်ကား လေးမြို့စား ဖြစ်သည်။ ငသံတွေသမက် ဘသက်နှံ့ဆိုသူမှာ မီးစားရာထူးဖြင့်၎င်း၊ သက်နှံ့ဝေဆိုသူမှာ လေးမြို့သူကြီးအဖြစ်နှင့်၎င်း၊ အိမ်ရှေ့မင်းမောင်ပေါ် အထံအဆောင်မြဲရာထူးဖြင့်၎င်း သူကောင်းပြုခြင်းခံရလေသည်။ ရမ်းပြည့်တောင်ကျောင်းဆရာတော်၏ ရခိုင်ရာဇဝင်သစ်ကျမ်းတွင် သက်နှံ့ဝေမှာ ငသံတွေသမက်တော်စပ်ပြီး လေးမြို့သူကြီးဖြစ်သည်။ အိမ်ရှေ့မင်းသားမောင်ပေါ်ထံအဆောင်အမြဲဖြစ်သည်ဟု ဆိုသည်။ ရခိုင်ရာဇဝင်လင်္ကာတွင်ကား ငသံတွေ၏ သားအကြီးဖြစ်ကြောင်းဖြင့်-

"ပြည်ရွာပျက်ချေ၊ ငသံတွေ၏၊ ချစ်ထွေမညီး၊ သားအကြီးမူ၊ ခေါ်ပြီးတွင်ထွေ၊ သက်နှံ့ဝေကို" ဟူ၍ စပ်ဆိုထားသည်။ ၎င်းပြင် "ဓါးပိုင်ကြီးဟု၊ တွင်ပြီးမှန်ပေ၊ ငသံတွေမှာ၊ ပုတ္တေသားလှ၊ ဩရသဟု၊ မည်ရတွင်ထွေ။ သက်နှံ့ဝေကို၊ ဗိုလ်ခြေများခြင်း၊ အင်းဝမင်း၏၊ ထံရင်းတော်စွဲ၊ အဆောင်မြဲဟု၊ မလွဲရပေ၊ ခစားနေမှ" ဟူ၍၎င်း စပ်ဆိုထားသည်။ 'အမိလှရုံ၊ သားသက်နှံ့၊ ချင်းပျံငမိုက်၊ မြင်းမိုရ်တောင်ကို ထွန်နှင့်တိုက်" ဟူ၍ တဘောင်နိဒါန်းလင်္ကာဆိုကြသည်။

ထို့ကြောင့် သက်နှံ့ဝေသည် ငသံတွေ၏သားဟူ၍ ၎င်း၊ သမက်ဟူ၍၎င်း၊ "အယူအဆကွဲပြားစရာ ဖြစ်လာသည်။ သမက်ဖြစ်သည်ကိုပင် သားဟူ၍ တင်စားစပ်ဆိုခဲ့လေသလားဟုလည်း တွေးဆနိုင်ပေသည်။ မည်သို့ဆိုစေ ငသံတွေ၏မိသားစုဝင်၊ မျိုးနွယ်ထဲမှဖြစ်ကြောင်းကိုကား ယုံမှားမရှိချေ။ ငသံတွေ၏မိသားစုမှာ အခွင့်အလမ်းရှိတန်သရွေ့ ရှိခဲ့သော်လည်း နောက်ပိုင်းတွင် ငသံတွေမှာ ပြည်သူ့အမုန်းကို ခံလာခဲ့ရလေသည်။ ထို့ကြောင့် သားနှင့် သမက်တို့သည် ငသံတွေကဲ့သို့ အလိုတော်ရှိ အယာခံမပြုကြတော့ဘဲ မြန်မာမင်းကို ဆန့်ကျင်သွားကြလေသည်။

**မြို့သူကြီး သံတွေ**

သံတွေမှာ မြို့သူကြီးရာထူးဖြင့် မြန်မာမင်းတို့က ခိုင်းစေရာကို လုပ်ကိုင်ပေးရသည်။ ဥပမာ မြန်မာတို့ ဇင်းမယ်၊ ယိုးဒယားကိုတိုက်ရန်ငင်း၊ မင်းကွန်းစေတီတည်စဉ် အုဋ်ဖုတ်ရန်ငင်း၊ အခွန်ဘဏ္ဍာငွေကြေးစပါးဆန်ရေကောက်ခံရန်ငင်း၊ ခန့်အပ်စဉ် သံတွေကပင် လိုသောလူသူကြေးငွေတို့ကို ပို့ဆက်သ၊ အပ်နှံခဲ့ရလေသည်။ ထို့ကြောင့် "အင်းဝရာဇာ၊ တောင်းပြန်လာသော်၊ ရက္ခပူရီ၊ ပြည်ဌာနီကို၊ ခွန်ဆီသိမ်းပေ၊ သံတွေဟု ခေါ်တွေတွင်ပြီး၊ မြို့သူကြီးက၊ အပြီးခန့်ထ၊ ပို့အပ်ရ၏"။ ဟူ၍ ရာဇဝင်လင်္ကာတို့၌ စပ်ဆိုထားခဲ့လေသည်။

ထိုသို့ လက်ပါးစေလုပ်မှုဖြင့် ရခိုင်ပြည်သူတို့က ရွံ့မုန်းခြင်းခံရသဖြင့် ပုန်ကန်တော်လှန်ခြင်းများ ပြုခဲ့ကြသည်။ ထို့ကြောင့် သံတွေကို ရာဇဝင်လင်္ကာက "ပြည်ရွာပျက်ချေ၊ သံတွေ" ဟုငင်း၊ "မွေနှောက်တိုင်းခြေသံတွေ" ဟုငင်း၊ ရွံ့ချ၍ စပ်ဆိုထားခဲ့လေသည်။ ယင်းသို့ ပြည်သူများက ရှုတ်ချပြစ်တင်ကဲ့ရဲ့ခြင်းတို့ကြောင့် ငင်း၏သား ရဲဘော်ချင်းပျံသည် စည်းတင်စားရာထူးကို စွန့်လွှတ်၍ မြန်မာတို့ကို တော်လှန်ပုန်ကန်နေသူ ရခိုင်တို့နှင့် ပူးပေါင်းသွားခဲ့လေသည်။ ထိုအခါ အဘဖြစ်သူ သံတွေမှာ "အမိလှရံ၊ သားသက်နှံ၊ ချင်းပျံဇမိုက်၊ မြင့်မိုရ်တောင်ကို၊ ထွန်နှင့်တိုက်" ဟု ငိုမြည်တမ်းကာ တစ်ကိုယ်တည်း ကျန်ရစ်ခဲ့လေသည်။

သို့သော်လည်း သံတွေကား မြန်မာမင်းအုပ်ချုပ်ရေးသမားအရာရှိများနှင့် များစွာသဘောမမျှကြဘဲ နောက်ပိုင်းတွင် စစ်တကောင်းနယ်တွင်းသို့ ဂေါစာ ၁၁၆၀ ပြည့်တွင် ရှောင်ရှားသွားလေပြီး "ဟာရ်ဘင်း" ခေါ်သော အရပ်တွင် စစ်ပြေးဒုက္ခသည်များနှင့်အတူ နေထိုင်ခဲ့လေသည်။ ထိုနေရာတွင် နေထိုင်ရင်းပင်လျှင် သံတွေသည် ဟာရ်ဘင်းအရပ်၌ သေဆုံးသွားခဲ့ရလေသည်။

ငါးစင်ရိုင်းချောင်းကျွန်း၌၊ မြို့သူကြီးသံတွေ တူးဖော်ပေးခဲ့သည်ဟူသော ရေကန်ကြီးတစ်ခု အထင်အရှား ရှိသည်။ ငင်းကို မြို့သူကြီးကန်ဘောင်ဟူ၍ငင်း၊ ကန်ဘောင်ကြီးဟူ၍ ခေါ်တွင်သည်။ မျက်မှောင်တော်ခေတ် မြောက်ဘက်ခပ်နီးနီးတွင် ထိုရေကန်ကြီးကို မြင်တွေ့နိုင်၏။ သံတွေကား ရခိုင်မင်းလက်ထက် ဒါးပိုင်ကြီးအဖြစ်ငင်း၊ ကုလားတန်စားအဖြစ်ဖြင့် ငင်း၊ သူပုန်ဗိုလ်မင်းအဖြစ်ဖြင့် ငင်း၊ မြန်မာမင်းလက်ထက် မြို့သူကြီးအဖြစ်ဖြင့် ငင်း၊ တိုင်းပြည်အတွက် ဆောင်ရွက်ခဲ့လေသည်။ ငင်း၏နောက်ဆုံးရည်မှန်းချက်ကား အပြီးတိုင်အောင်မြင်ခဲ့သည် မဟုတ်ဘဲ၊ ငင်း၏ခဲလေသမျှတို့ကား သဲရေကျလေတော့ တိုင်းပြည်အတွက် သင်ခန်းစာပေးခဲ့ခြင်းလော။ ငင်း၏လုပ်ရပ် ဆုံးခန်းကား ဘယ်တွင်တိုင်မှ ဆုံးအံ့သော်ဟူ၍ အတိအကျ ထင်မြင်ချက်ပေးရန်လည်း ခက်ချေတကား။ သို့သော် လူတစ်ဦးတစ်ယောက်၏ လုပ်ရပ်မှန်းခြေချက်ကို အပြီးတိုင်မရောက်ဘဲ ပြောပြနိုင်ရန်လည်း ပညာရှိအရာ မဟုတ်ရာကား၊ လိပ်ခဲတင်းလင်း ဘဝဖြင့် မချင့်မရဲ ဇာတ်သိမ်းသွားခဲ့ရသည့် အဖြစ်သနစ်မျိုးလည်း ဖြစ်နိုင်ကောင်းရာသည်ဟု နှစ်သိမ့်ပေးနိုင်၏။

**ရဲဘော်ချင်းပျံ**

ချင်းပျံသည် ရဲဘော်အမည်ရှိပြီး ငါးစင်ရိုင်းချောင်းကျွန်းသား ဇာတိဖြစ်သည်။ မြို့သူကြီး သံတွေ၏သား အငယ်ဆုံးလည်း ဖြစ်သည်။ သိုက်သမိုင်းတစောင်တွင် သံတွေ၌ သားနှစ်ယောက်ရှိသည်။ အကြီးမှာ ချင်းရွှီဖြစ်ပြီး အငယ်မှာ ချင်းပျံ ဖြစ်သည်ဟု ဆို၏။ ရခိုင်ရာဇဝင်သစ်တွင်ကား ချင်းပျံ၏နောင်တော်မှာ လေးမြို့စားအောင်ကျော်ဟု ပြဆိုထားသည်။ ရခိုင်ရာဇဝင်လင်္ကာ၌ သံတွေ၏သားအကြီးမှာ သက်နှံဝေဟူ၏။ အချို့က သားအကြီးမှာ သက်နှံဦး ဖြစ်သည်။ ငယ်မည်မှာ မျက်စပ်ဟူ၍ငင်း၊ မျက်သစ်ဟူ၍ငင်း တွင်သည်။ ငင်းသက်နှံဦး၏ ကောင်းမှုတော် စေတီကြီးတစ်ဆူလည်း ငင်း၏ဇာတိချက်မြေ ငါးစင်ရိုင်းချောင်းကျွန်း ယခု ကျောင်းတောင်ခေါ် တောင်ကုန်းတွင် တည်ရှိသည်။ မျက်မှောက်တော်ခေတ်၏ မြောက်ဘက်ခပ်ယွန်းယွန်းတွင် ကျရောက်သည်။ သံတွေ၏ ကန်ကြီးဘောင်အရှေ့ဘက် မနီးမဝေး ဖြစ်ပေ၏။ တောင်စွယ်ကို ကျောက်တုံးကျောက်များဖြင့် ဆယ်ဖို့ပြီး တောင်ကုန်းတပြေးတည်းအဖြစ် ညှိပြုလျက် ကျောက်တုံးများကို ထုဆစ်တည်ထားခြင်းလည်းဖြစ်၍ တင့်တယ်ကြီးကျယ်လှပေသည်။ ထိုစေတီမှာ ငင်းသက်နှံဦး၏ ငယ်မည်ဖြင့်ပင် မျက်သစ်စေတီဟူ၍ ခေါ်တွင်ရှိနေပေသည်။

ရဲဘော်ချင်းပျံကား အဘခါးပိုင်ကြီး ငသံတွေကဲ့သို့ ခါးခုတ်၊ လှံထိုး၊ ဒိုင်း၊ သိုင်း၊ ကာ၊ လွှား အတတ်တို့၌ သူမတူအောင် ကျွမ်းကျင်သူလည်း ဖြစ်သည်။ ချင်းပျံ၏ ခါးခုတ်လှံထိုးအတတ်ကို ပြရာ၊ လေ့လာသင်ယူရာဌာနဖြစ်သောနေရာသည် ယခုထိ ထိုကျွန်း၌ အထင်အရှားရှိသေးသည်။ ထိုဌာနကို ချင်းထိုးဂျိုင်ဟု အမည်ခေါ်တွင်နေသည်။ ကျောင်းတောင်အရှေ့မြောက်ဘက်တွင် ကျရောက်သည်။ ဂျိတ်ကေတောင်ခေါ်သော တောင်နှင့်နီးလေသည်။ ချင်းပျံမှာ မြန်မာမင်းလက်ထက် စည်းတင်စားအဖြစ်ဖြင့် အမှုတော်ကို ထမ်းဆောင်ခဲ့ဘူးသည်။ အဘငသံတွေနှင့်အတူ မြန်မာမင်းလက်အောက်တွင် အမှုတော်ထမ်းရွက်ကာ သူရဲကောင်း လုပ်ခဲ့လေသည်။

သို့ရာတွင် ၎င်းချင်းပျံသည် မြန်မာမင်းကို မကျေနပ်၍ ပုန်ကန်ခဲ့ကြသော ရခိုင်များနှင့် ပူးပေါင်းလျက် တစ်ဆယ့်ငါးနှစ်တိုင်အောင် တော်လှန်ရေးကို အသက်ပေး၍ ဆောင်ရွက်သွားခဲ့သော တော်လှန်ရေးမျိုးချစ်အာဇာနည် ဗိုလ်မင်းတစ်ဦးအဖြစ်ဖြင့် ထင်ရှားကျော်ဇောခဲ့လေသည်။ ၎င်းသည် အနောက်ပြည်ကို ခြေကုတ်ယူလျက် နောင်တော်၊ ယောက်ဖတော်၊ သမက်တော်များနှင့် မျိုးချစ်ရဲဘော်များဖြင့် တပ်တာလူသူစု၍ ရခိုင်ပြည်ကို သိမ်းပိုက်နိုင်ရန် အကြီးအကျယ်ဆုံး သုံးကြိမ်ထိ မြန်မာမင်းကို တော်လှန်ပုန်ကန်ခဲ့လေသည်။ ထိုသို့ တော်လှန်ပုန်ကန်မှုကို ရခိုင်တို့က ချင်းပျံထသည်ဟု ဆိုသည်။

ချင်းပျံတော်လှန်ရေးကာလ စစ်ကြောင်းခရီးတို့ကို ဖော်ပြထားသော မြေပုံများနှင့် ချင်းပျံအကြောင်းအရာအစုံအလင်တို့ကိုလည်း မြန်မာပြည်သုတေသနအသင်းမှ ထုတ်ဝေသောဂျာနယ်(၁၉၆၀)ခုနှစ်တွင် မှတ်တမ်းတင်ထားခဲ့သည်။ မြို့ဟောင်းမြို့ ညောင်ပင်ဈေးရပ်တွင်နေသော မြန်မာမင်း၏မြို့ဝန်နှင့်ပြိုင်လျက်ပင်၊ ချင်းပျံသည် နန်းမြို့ကို တည်ဆောက်ခဲ့သည်။ ရွှေကူတောင် ဘုရားအနီးတွင် ချင်းပျံအရဲစွန့်၍ မြို့တော်ကိုသိမ်းပိုက်ရန် ကြိုးစားခဲ့စဉ် နန်းချ၍နေခဲ့သည့်ဌာနကို ယခုထိ ချင်းပျံတောဟု ခေါ်တွင်ရှိနေကြသေး၏။ အင်္ဂလိပ်တို့ မှတ်တမ်းရာဇဝင်တို့၌ ချင်းပျံကို (King Bering) ကိန်းဘာရိန်းဟု ခေါ်ဆိုသုံးနှုန်းထားကြောင်း တွေ့နိုင်လေသည်။

**ပထမအကြိမ် တော်လှန်မှု**

ချင်းပျံသည် ဂေါစာ ၁၁၄၆ခုနှစ် ရခိုင်ပြည်ကို မြန်မာမင်းသိမ်းပိုက်ပြီးနောက် ၁၄နှစ်ခန့်အကြာတွင် ဂေါစာ ၁၁၆၀ပြည့်နှစ်တွင် ပထမဦးစွာ တော်လှန်မှုစတင်ဆင်နွှဲခဲ့လေသည်။ ၎င်းကို ရခိုင်ပုန်ကန်သူများအား နှိမ်နင်းရန်စေလွှတ်ရာမှအစ ထိုရခိုင်ပုန်ကန်သူများနှင့် မယူကမ်းမှုနေ၍ စတင်ပူးပေါင်းတော်လှန်ကာ အနောက်ပြည်သို့ ဝင်ရောက်သွားခဲ့လေသည်။ ထိုအချိန်က အနောက်ပြည်ကို အင်္ဂလိပ်တို့ ပိုင်စိုးထားပြီး ရခိုင်ပြည်မှ စစ်ပြေးဒုက္ခသည်များ ခိုမှီလျက် အင်အားကောင်းနေချိန်လည်း ဖြစ်သည်။ ထို့ကြောင့် ချင်းပျံသည် အခိုခံရခိုင်တို့ထံ ခြေကုပ်ယူ၍ တော်လှန်ရေးဆင်နွှဲခြင်း ဖြစ်လေသည်။

ချင်းပျံတော်လှန်မှု စတင်ပြုရင်း အနောက်ပြည်သို့ ခိုအောင်းခြေကုပ်ယူနေပုံကို ရခိုင်ရာဇဝင်လင်္ကာမှတ်တမ်းပြုခဲ့သည်ကား "မြို့သူကြီးဟု၊ များသိရန်လွယ်၊ မတ်သံတွေမှာ၊ ညီရဲပုတ္တော်၊ သားရဲဘော်ကို၊ မည်ခေါ်ချင်းပျံ၊ တိုင်းလုံးတွန်၏။ ဆွေရံဖော်ဖော်၊ လက်ရုံးတော်တို့၊ မာန်ဖော်ထောင်အလွှား၊ ပျူအောက်သားကို၊ မျက်ပွားရန်ခိုက်၊ လှန်၍တိုက်လည်း၊ ဆိုင်နိုင်းမရ၊ ချိန်မကျ၍၊ မဇ္ဈိမဒိသာ၊ ပစ္စိမာသို့၊ အသာဦးရှောင်" ဟူ၍၎င်း။

စာဆိုတော် ရမ်းပြည့်ဝါးကျောင်းဆရာပဏ္ဍိတ်လည်း "နှစ်ကိုတွက်သော်၊ တထောင်ပေါ်၍၊ ကျော်သည်တရာ၊ ခြောက်ဆယ်မှာပင်၊ ညီညာဖြိုဖြို၊ ချင်းပျံထ၍၊ မရနိုင်ဘဲ၊ သူ့ခေတ်ဟိ၍" ဟူ၍၎င်း အသီးသီးစပ်ဆိုမှတ်တမ်းတင်ခဲ့ကြလေသည်။

ချင်းပျံကို မြန်မာတို့ လိုက်လံတိုက်ခိုက်ရာ အင်္ဂလိပ်ထံမှ ချင်းပျံကို တောင်းလေသဖြင့် ပြည်ထဲရေးငြိမ်းချမ်းသာယာစေရန် မြို့ဟောင်းမြို့ ဗားဘူတောင်ဆိပ်တွင် အင်္ဂလိပ်မြန်မာ ဆွေးနွေးမှု ဖြစ်ခဲ့ရသေးသည်။

ထိုဆွေးနွေးမှုသတင်း ပေါက်ကြားခြင်းကြောင့် ရိပ်စားမိရာကား ချင်းပျံတို့တပ်သည် အင်္ဂလိပ်တို့လက်ထဲ အဖမ်းမခံမိရန် နတ်မြစ်သို့ ရှောင်တိမ်းလာခဲ့လေသည်။ ထိုနတ်မြစ်ကမ်းတွင် ခိုမှီးကာ အခွင့်ကောင်းကို စောင့်နေခဲ့ကြသည်။ ချင်းပျံလက်မှတ်ရေးထိုး၍ အင်္ဂလိပ်အစိုးရထံ စာတစ်စောင်ပေးခဲ့သေးရာ ထိုစာမှာ ဘိလပ်ပြတိုက်တွင် ရှိနေသေးသည်ဟု သိရ၏။

**ဒုတိယအကြိမ်တော်လှန်မှု**

ချင်းပျံသည် နတ်မြစ်မှနေလျက် ဂေါစာ ၁၁၇၃ခုနှစ်တွင် ဒုတိယအကြိမ်တော်လှန်မှု စတင်ဆင်နွှဲပြန်လေသည်။ ထိုအကြိမ်တွင် နတ်မြစ်လက်ျာဖက်ရှိ မြန်မာအစောင့်ချထားသော မုံတောတပ်(တပ်ချောင်း ဟူ၍လည်းတွင်သည်။ ယခုမောင်းတောမြို့ အနီးတဝိုက်ပင်ဖြစ်သည်)ကို တိုက်ဖျက်သိမ်းပိုက်လေသည်။ ထိုနောက် မယူကမ်းအောင်တပ်မှနေလျက် မြန်မာတို့ မြို့ဝန်ထားရှိသော မြို့ဟောင်း(မြောက်ဦး)မြို့ကို တိုက်ချီလေသည်။ မြို့ဟောင်းမြို့ကို တိုက်ချီစဉ် ချင်းပျံတပ်တာ တည်ချခဲ့ရာဌာနကို "ချင်းပျံတော" ဟု ယခုတိုင် တွင်ရှိနေသည်။ ဤအကြိမ်တွင် စစ်သည်သူရဲတို့သည် ပို၍အင်အားများပြားလေသည်။ ထို့ကြောင့် ဝါးကျောင်းဆရာပဏ္ဍိတ်၏ ရခိုင်ရာဇဝင်လင်္ကာတွင် "တြိသတ္တာ၊ ဧကာ ဧကစ်၊ သက္ကရာဇ်တွင်၊ ဖြစ်အောင်စစ်ဖြူ ချင်းပျံလူလည်း၊ ထူ၍မနိုင်၊ သံကျောက်တိုင်သို့၊ ခိုင်သည်ထိုရော်" ဟူ၍ စပ်ဆိုခဲ့လေသည်။

သို့သော်လည်း မြောက်ဦးမြို့တော်ကိုကား မသိမ်းပိုက်နိုင်ခဲ့ချေ။ ရခိုင်တစ်ပြည်လုံးကိုသာလျှင် တပ်စီးတပ်နင်းပြုလျက် ရခိုင်ဗိုလ်ချုပ်မျက်တောင်ရှည်ကို တပ်စီးနန္ဒိသေနဗန္ဓုလစစ်သူကြီးအမည်ပေး၍ ရခိုင်ပြည်တောင်ပိုင်းအနှံ့ကို တပ်ဖြန့်စေသည်။ ထို့ပြင်လည်း စနစ်တကျလည်း စည်းကြပ်အုပ်ချုပ်ထားမှုကို ပြုလုပ်နိုင်ခဲ့လေသည်။

ထိုအခါ မြန်မာတပ်တို့သည် စစ်ကူလာရန်လည်း လမ်းမသာ၊ မြို့တွင်လည်း ချင်းပျံတပ်က ဝိုင်းမိခြင်းကို ခံနေကြရလေသည်။ ထိုကြောင့် မြှုံးတွင် လှောင်ထားသော ငါး၊ ခြံတွင်လှောင်ထားသော ကြက်ကဲ့သို့ ဖြစ်နေရသည်ဟု ဆို၏။

ယင်းသို့ အသီးသီးတပ်ချစောင့်ထားပြီးနောက် ချင်းပျံမှာမူ ဂစ္ဆပနဒီ ကုလားတန်မြစ်၏အနောက်ဖက်ဖြစ်သော ရိုးငူ၌ ဇေယျဝတီမြို့အမည်မှည့်၍ သစ်တပ်မြို့တည်ကာ ဗိုလ်မင်းလုပ်နေခဲ့လေသည်။ ဒုတိယအကြိမ်တော်လှန်မှုပြုခဲ့သည်မှာ ၉လတိုင်ခဲ့သည်။ သို့သော်လည်း လုံးဝသိမ်းပိုက်နိုင်ခဲ့သည်အထိ အောင်မြင်မှု မရရှိခဲ့ချေ။

ချင်းပျံ၏ ရဲဘက်တပ်မှူး ဗိုလ်မှူးဆွေမျိုးများမှအစ သူရဲကောင်းတပ်မှူး ဗိုလ်မှူးများ အားလုံးပါဝင်ခဲ့ကြသည်။ ချင်းပျံ၏ နောက်လိုက်သူရဲ ရဲဘက်ဗိုလ်မှူး၊ တပ်မှူး ဗိုလ်ရဲတို့ကား သုံးရာနှစ်ကျိပ်မျှ အရေအတွက်ရှိသည်ဆို၏။ ထင်ရှားသော လက်ရုံးဗိုလ်မှူး တပ်မှူးများမှာ နန္ဒိသေနဗန္ဓုလစစ်သူကြီး အမည်ခံ ဗိုလ်ချုပ်မျက်တောင်ရှည် မြုံတောင်စား ဗိုလ်မှူးမောင်ညို၊ ဗိုလ်တလိုင်းရှည်၊ နောင်တော်လေးမြို့စား အောင်ကျော်၊ သမက်တော် တိမ်ကြားဗိုလ်၊ ယောက်ဖတော် မီးစားအသက်နှံ၊ ယောက်ဖတော် လက်ရုံးဗိုလ်၊ အရှေ့ဝင်းမှူး၊ ပလက်စားငစံ၊ တပ်မှူး မောင်ရွှေ၊ တပ်မှူးအောင်ကျော်ရွှေ၊ ဗိုလ်စော်ကဲ၊ လက်ဝဲမြန်ဖောင်သာ၊ မြို့သစ်စားမောင်ငယ်၊ လမ္ဘူစား ရွှေလူ၊ ဗိုလ်ဘချစ်ရှည်၊ တပ်မှူးသောကြာ၊ ဗိုလ်တိုးအောင်ကျော်၊ တပ်မှူးညိုရောင်ဖြူ၊ လက်ျာမြန်ရွာအုပ် ငတုံးစံ၊ ဒငါးတောင်စား တုံးစံရွှေ၊ ကောစွေတို့ စသည်ဖြင့် များပြားလေသည်။

ထိုသူရဲတို့နှင့် တော်လှန်ရေးအောင်ပွဲခံနေရာ နယ်ချဲ့အင်္ဂလိပ်တို့က ခြေထိုးပင့်မြှောက်ခြင်း၊ ချင်းပျံနှင့် ရဲဘက်တို့အား သွေးခွဲခြင်းတို့ကြောင့် အချင်းချင်းအယုံအကြည်မဲ့မှုစသည်ဖြစ်လျက် စိတ်ဝမ်းကွဲပြားလာခဲ့လေသည်။ ထိုအခါ စစ်တိုက်လိုမှု ဆန္ဒလျော့ပါးပြီး ချင်းပျံ၏ စစ်သည်သူရဲတပ်မှူးတို့သည် မတည်မရပ် မငြိမ်မသက်ဖြစ်လာကြရသည်။ ထို့ပြင် တပ်စခန်းများမှ တဖြည်းဖြည်းဆုတ်ခွာလာကြ၊ တိမ်းရှောင်သွားကြခြင်းဖြင့် ဖရိုဖရဲပြိုကွဲသွားလေသည်။ ထို့ကြောင့် လက်ရုံးဗိုလ်များမှာလည်း ချင်းပျံရှိရာ ဇေယျဝတီမြို့၌ပင်လျှင် စုရုံးကြလေသည်။ ထိုသို့ ပျက်ကိန်းရောက်ပုံကို ရာဇဝင်လင်္ကာ၌ ဤသို့ မှတ်တမ်းတင်ထားခဲ့လေသည်။

"လက်နက်ပေါင်း၍၊ ထပ်လောင်းတဖန်၊ တိုက်လာပြန်မူ၊ ထုံးဟန်ကြေညက်၊ အောက်သားပျက်၏၊ မထွက်ဝန့်ထ၊ ကြောက်လန့်ကြ၏၊ ကစ္ဆပနဒီ၊ မြစ်နားဆီ၌၊ ဇေယျဝတီမည်၊ မြို့ကြီးတည်၍၊ အောင်စည်ဆော်နိုး၊ ပြည်ကိုစိုးသော်၊ တန်ခိုးမထ၊ ပျက်ကိန်းကျ၍၊ ရှေးကနည်းတူ၊ ဖြစ်ပြန်ဟူသည်၊ ပြည်သူလူများ၊ ပူပန်တည်း"။

ထိုအခါ ချင်းပျံလည်း တပ်မှူးတို့ အားလျော့သွားကြောင်းကို သိရသဖြင့် ဇေယျဝတီတွင် ရပ်တည်မနေနိုင်တော့ဘဲ၊ ရခိုင်ဝတီလေးရပ်တို့မှ လူပေါင်းကိုးသောင်းကျော်တစ်သိန်းခန့်ကို ခေါ်ဆောင်လေသည်။ ထိုလူပေါင်းနှင့် အနောက်နယ် နတ်မြစ်လက်ဝဲကမ်းသို့ တပ်ဆုတ်နေခဲ့လေသည်။ ချင်းပျံနောက် လိုက်ပါသူများကား ဂါဒါ၊ မောက်

သူဇာ၊ စစ်တကောင်းစသော အနောက်ပြည်အရပ်ရပ်၌ ပြန့်နှံ့နေခဲ့ကြလေသည်။

**တတိယအကြိမ် တော်လှန်မှု**

ချင်းပျံသည် တတိယအကြိမ် တော်လှန်မှုပြုလုပ်ပြန်သည်။ ဂေါစာ ၁၁၇၄-ခုနှစ်တွင် တော်လှန်မှုကို ပြုရာ များစွာအခက်အခဲနှင့် ကြုံတွေ့ရသည်။ အင်္ဂလိပ်တို့က လည်း မြန်မာနှင့် မိတ်မပျက်စေရန် အင်္ဂလိပ်မြန်မာပူးပေါင်း၍ ချင်းပျံကိုတိုက်ရန် စီစဉ်ထားလေသည်။ ထို့ကြောင့် ချင်းပျံသည် တစ်ဘက်မှအင်္ဂလိပ်အစိုးရရန်ကိုလည်း တိမ်းရှောင်ရသည်။ အင်္ဂလိပ်အစိုးရသည် လမ္ဘူးစားရွှေလူနှင့် ချင်းပျံမယားကို လှည့်ဖြား၍ ဒီလီပဆာတွင် ခေါ်ယူဆောင်ကျဉ်းထားသည်။ ချင်းပျံယောက်ဖ၊ လက်ရုံးဗိုလ်ကိုလည်း စစ်တကောင်းမြို့ဝန်က ဖမ်းဆီးအကျဉ်းချထားရာ သေလွန်ခဲ့ရသည်။

ယင်းသို့ အင်္ဂလိပ်လက်ထဲတွင် အမိမခံရရန်လည်း ရှောင်တိမ်းရင်း တပ်မှူးဗိုလ်မှူးတို့ကိုလည်း ပေါင်းစု၍ တတိယအကြိမ် တော်လှန်မှုကို ဆောင်ရွက်ရခြင်းဖြစ်လေသည်။ ဤအကြိမ်တွင်လည်း လူထုကချင်းပျံတို့ဘက်မှ အားပေးခဲ့ကြောင်းကို ရခိုင်ရာဇဝင်လင်္ကာက "ပူပန်လူများ၊ ဖြစ်ပြန်ငြားလည်း၊ ဝန်းလျက်အုပ်ချက်၊ ပြည်လုံးညက်မျှ၊ လက်နက်စွဲကိုင်၊ တပ်ချင်းပြိုင်၍" ဟု မှတ်တမ်းတင်ခဲ့သေးသည်။

ချင်းပျံသည် ဤအကြိမ်တွင် နတ်မြစ်လက်ျာဘက်ဖြစ်သော မင်္ဂလာကြီး အရပ်တွင် တပ်တည်၍ နောင်တော်လေးမြို့စား အောင်ကျော်၊ ယောက်ဖတော်အသက်နှံ့ကို ဗိုလ်ချုပ်ခန့်ကာ တော်လှန်လေသည်။ သို့သော်လည်း တပ်ပျက်စီး၍ မောင်းတောမြောက်ပိုင်း မင်္ဂလာကြီးအရပ်မှ ဆုတ်ခွာလေသည်။ ထိုမှ နတ်မြစ်လက်ဝဲဘက်ကမ်း၌၊ ရှောက်ချောင်း မြစ်ဖျားတွင် ဂေါစာ ၁၁၇၄ ခုနှစ် တပို့တွဲလတွင် သရက်ချိုမြို့ကိုတည်၍ နေလာသည်။

ထိုနှစ်ပင်လျှင် ချင်းပျံသည် စစ်တကောင်းနယ် ဖလောင်းချိပ်ခေါ်သော Cox's Bazaar ကောက္ခဘာဇာရ် အရပ်ကို အင်္ဂလိပ်ထံမှ တိုက်ခိုက်သိမ်းယူလေသည်။ ထို့ပြင် အာရ်ဘင်း(ဟာလ်ဘင်း)အရပ်ကိုလည်း သိမ်းယူရန် ဟန်ပြင်ခဲ့လေသေးသည်။

ထိုမှနေလျက် သမက်တော်တိမ်ကြားဗိုလ်ကို ဂေါစာ ၁၁၇၅-ခုနှစ်တွင်၊ ချီတက်တိုက်ခိုက်စေပြန်ရာ၊ ကစ္ဆပနဒီ မြစ်ညာကူးဝတွင် တပ်ချင်းဆိုင်တိုက်ပွဲဖြစ်၍ အပျက်အစီးများကာ ဆုတ်ခွာလာခဲ့ရသည်။ မြန်မာတို့လည်း သရက်ချိုမြို့အရောက် နေ့ချင်းပင်လိုက်လံ တိုက်ပြန်လာသဖြင့်၊ ပင်းဝါ(ရာမူ)ဖက်သို့ ရှောင်တိမ်းသွားခဲ့လေသည်။ ပင်းဝါမှာ စစ်တကောင်းနယ်တွင်ဖြစ်သဖြင့် စစ်တကောင်းမြို့ဝန်က ချင်းပျံကို ဖမ်းဆီးစေရာ ရှောင်လွဲသွားပြီး၊ ပင်းဝါချောင်းဖျား တောင်တန်းပိုင်းတို့၌ ပုန်းအောင်းနေခဲ့ရသည်။ ထိုသို့ရှောင်ပုန်းနေရင်း ဂေါစာ ၁၁၇၇-ခုနှစ်တွင် သေဆုံးသွားခဲ့လေသည်။

အင်္ဂလိပ်တို့မှတ်တမ်း၌ ချင်းပျံသည် ခရစ်၁၈၁၅ ခုနှစ် ဇန်နဝါရီလ ၂၅ရက်နေ့တွင် သေဆုံးပြီး ၂၈ရက်နေ့၌ သဂြိုဟ်ခြင်း ပြုလေသည်။ ချင်းပျံသေဆုံးခဲ့ရာ နေရာသည် ပင်းဝါမှ ၃ရက်ခန့်သွားရသည့် "ဖလောင်ဆူရပ်" ခေါ်သောနေရာတွင် ချင်းပျံသေဆုံးသွားခဲ့သည် ဆို၏။ ချင်းပျံသေဆုံးသွားခြင်းဖြင့် အမျိုးသားလှုပ်ရှားတော်လှန်မှု ပုန်ကန်မှုသည် ဆိတ်သုဉ်းခဲ့ရလေသည်။

သို့သော် နယ်ချဲ့အင်္ဂလိပ်တို့၏ သွေးထိုးမြှောက်ပင့်မှုဖြင့်ကား ရုန်းကန်ခြင်း၊ အင်္ဂလိပ်နှင့်ပူးပေါင်းတိုက်ခိုက်ခြင်းတို့ကား ပြုခဲ့ကြသေးသည်။ ချင်းပျံသည် မြန်မာမင်းကို တော်လှန်အောင်ပွဲဆင်ရစဉ်အခါက ကောင်းမှုတော်အဖြစ် အောင်စေတီတစ်ဆူကိုလည်း တည်ထားခဲ့ပေသေးသည်။ ထိုစေတီမှာ ယခုလေးမြို့မြစ်အရှေ့ဘက်ကမ်း၊ ပန်းမြောင်းကြီးချောင်း၊ ချင်းဆိပ်အနီးတွင်ဖြစ်၍ ချင်းပျံစေတီဟုလည်း ခေါ်တွင်နေကြသေး၏။ ချင်းပျံ၏အစ်ကိုကြီး (ငသံတွေ၏သားအကြီး) သက်နှံ့ဦး(ငယ်မည်-မျက်သစ်) တည်ထားခဲ့သော မျက်သစ်စေတီကြီးတစ်ဆူလည်း ရှိလေသည်။

**ချင်းပျံ၏ မျိုးနွယ်ဆက်များ**

ချင်းပျံ၏ထင်ရှားသည့် ကျော်ဇောခြင်းဂုဏ်ကို ရာဇဝင်တင်နိုင်ခဲ့သော်လည်း ချင်းပျံ၏မျိုးနွယ်ဆက်များ ထင်ရှားခဲ့သည့် အဖြစ်သနစ်ကိုကား လူတိုင်းမသိရှိကြ။ သမိုင်းမတင်ရှိကြပေ။ ဥပမာကား အင်္ဂလိပ်အမည်ဖြင့် မစ္စတာဂျော့ကောဖီအမည်ခံ (ရခိုင်တို့က ယာကုတ်ခေါ်

သည်) သူမှာ ချင်းပျံ၏မြေးဖြစ်လေသည်။ အင်္ဂလိပ် လက်ထက်တွင် မင်းပြားကျိန်းကွန်းအုပ် ရာထူးကို ရရှိခဲ့သည်။ ဂေါစာ ၁၂၅၃-ခုနှစ်မှစ၍ အင်္ဂလိပ်တို့သည် ကျွန်းအုပ်၊ မြို့ဝန်စနစ်ကို ဖျက်၍ တစ်နိုင်ငံလုံးကို မြို့အုပ်မြို့ပိုင်တို့ဖြင့် ခန့်အပ်အုပ်ချုပ်ရေး ပြောင်းလွှဲပြုစဉ်၊ မင်းပြားမြို့သစ်၌၊ ပထမအင်္ဂလိပ်လူမျိုး မြို့ပိုင်ဖြစ်ခဲ့ပြီး ၎င်းနောက် ဒုတိယမြို့ပိုင် ဖြစ်ခဲ့ရသူမှာ ချင်းပျံ၏မြစ် (မစ္စတာ ဂျော့ကောဲဖယာကုတ်၏မြေး) တော်သူဦးပန်းလှ ပင်တည်း။ ချင်းပျံယောက်ဖ ဒေးဝန်ကြီးအောင်ကျော်ရီ၊ ဒေးဝန်ကြီး၏ တူ မြို့သူကြီး အောင်ကျော်ဖံတို့ဆိုလျှင် နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့သူများ ဖြစ်လေသည်။

ထို့ပြင် ချင်းပျံ၏မြေးမြစ်ဆက်နွယ်များဖြစ်သော ငါးစင်ရိုင်းချောင်းဆရာတော် အသျှင်ဉာဏဝံသလည်း သာသနာတွင် ထင်ရှားခဲ့သည်။ ထိုဆရာတော် (ဂေါစာ ၁၂၂၂-၁၃၀၄)သည် မိမိ၏ဘေးဘိုးဇာတိချက်ကြွေ ငါးစင်ရိုင်းချောင်းကျွန်းကို အဘက်ဘက်မှပြုစုစောင့်ရှောက်ပေးခဲ့လေသည်။ ထိုကျွန်းသူကျွန်းသားများကို မြို့နယ်အရပ်ရပ်သို့ ဆောင်ကြဉ်းခြင်း၊ ကူညီပေးခြင်းဖြင့် အမြို့မြို့မှ ငါးစင်ရိုင်းချောင်းကျွန်းကို လူသိရှင်ကြားဖြစ်စေခဲ့သည်။ သာသနာရေးအတွက် ကျမ်းဂန်စာပေများကိုလည်း ရိုက်နှိပ်ထုတ်ပေးခဲ့လေသေးသည်။ စစ်တွေမြို့ အာကျပ်တော်ကုန်း၌ ငါးစင်ရိုင်းချောင်းကျွန်း၏ မော်ကွန်းတင်မှု သမိုင်းတစ်ခုအဖြစ် ဆရာတော်သည် စိုက်ထူးထားနိုင်ခဲ့ပေသေးသည်။ ငါးစင်ရိုင်းချောင်းကျွန်း ဆရာတော် ငါးစင်ရိုင်းချောင်းကျောင်း (ရွှေကုန်းကျောင်းတိုက်ဟုလည်း ခေါ်ကြ၏)ဟူသောအမည်သည် စစ်တွေမြို့တစ်ခုလုံး၌ လူသိရှင်ကြား အကျော်စောဆုံးသတင်း လှိုင်ခဲ့လေသည်။ ထိုဆရာတော်၏ ဂုဏ်သတင်းကို ကျွန်ုပ်တို့ပြုစုရေးသားထားသော ငါးစင်ရိုင်းချောင်းကျွန်းသမိုင်းနှင့် ထေရာမော်ကွန်း စာအုပ်တွင် အကျယ်ဖတ်ရှုနိုင်ပေလိမ့်မည်။

ချင်းပျံမျိုးနွယ်များ တော်လှန်ရေးခေတ်တွင် အသုံးပြုခဲ့သော ရခိုင်သူရဲကိုင်စစ်ဓါးနှင့် သူရဲပေါင်းသော ဗောင်းတော်မှာ အထင်အရှားတွေ့မြင်နိုင်လိုက်ရသည် ဆို၏။ ၎င်းမျိုးနွယ်စဉ် အသုံးပြုခဲ့ရာ သမိုင်းဝင်ပစ္စည်းများကို ထိုဆရာတော် ဉာဏဝံသသည် သိမ်းဆည်းထားခဲ့သည်။ ဗောင်းတော်မှာ ပုဆိုးနံလျှားရှည်ဖြစ်သည်။ အင်းအိုင်အကာများ အနှံ့အပြားရေးထိုးဖော်ရှိလေသည် ဆို၏။ ယခု ထိုပစ္စည်းများ အစပျောက်နေသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဆရာတော်လည်း စစ်ဒဏ်ကို အလူးအလိမ့်ခံရပြီး ပြေးလွှားရှောင်တိမ်းခံရခြင်းဖြင့် အတည်မကျ၊ နေရာမမြဲ ဖြစ်ခဲ့လေရာ၊ ထိုပစ္စည်းများမှာ မည်သည့်ဌာနတွင် ပျောက်ဆုံးကျကျန်နေရစ်ခဲ့မှန်း မည်သူမျှမသိနိုင်ကြတော့ပြီ။ ထိုဆရာတော် သိမ်းဆည်းထားခဲ့သော သမိုင်းဝင်ပစ္စည်းနှစ်ရပ်ကား ဆုံးရှုံးခဲ့ရရှာပေ၏။ သို့သော်လည်း ချင်းပျံကိုင်ဆောင်ခဲ့သော ဓါးလွယ်သိုင်း (ဓါးအိမ်ဖြင့် ထည့်ထားသောဓါး)တစ်ခုကိုကား ဖ-ဆ-ပ-လခေတ် စစ်တွေမြို့ပြပွဲတစ်ခုတွင် ပြသထားခဲ့ဖူး၍ အများတွေ့မြင်လိုက်ရသေး၏။ ထိုဓါးသည် ဆရာတော်သိမ်းဆည်းဘူးသော ဓါးလေလော၊ အခြားသော ချင်းပျံကိုင် သီးခြားဓါးတစ်လက်လေလော ခွဲခြား မသိနိုင်ချေ။ သေံတွေနှင့် ၎င်းသားချင်းပျံတို့၏ သူ့ကျွန်မခံ ဇာတိမာန်ရဲရဲ စွမ်းအင်ပြနိုင်ခဲ့ခြင်းသည်ပင်လျှင် အောင်မြင်သည် မအောင်မြင်သည်ကို အပထား၍ သတ္တိဂုဏ်မြောက်၊ ထင်ပေါ်လောက်သော အမျိုးသားအာဇာနည်၊ ယောကျ်ားကောင်း ပီသပြောင်မြောက်ပေရာသည်ဟူ၍ကား နိဂုံးသမိုင်း ခန့်နိုင်းပေရာသတည်း။

အသျှင်စက္ကိန္ဒ(ရခိုင်ပြည်)

# ဩဝတီ

မာန်အောင်ပီယ

“အဟောသုခံ၊ အော်-ချမ်းသာလေစွ၊ ချမ်းသာလေစွ”

ဤတောရိပ်မြိုင်ခွင်မှာ နှလုံးကြည်ရွှင်စရာလွန်စွာပင် မွေ့လျော်ဘွယ် ရှိလှပေသည်။

မြစ်ရေအလျင်မှာ တဟဲဟဲမြည်လျက် စီးဆင်းနေသည်။ အေးမြကြည်လင်သော မြစ်ရေတွင် အပြာရောင်ကောင်းကင်ရိပ်၊ ဖြူဖွေးသော တိမ်လွှာရိပ်များအပြင် စိမ်းစိုစို တောရိပ်တောင်ရိပ်များ ထင်ဟပ်လျက် ရှိလေသည်။

မြစ်ကမ်းပါးရှိ သစ်ပင်နွယ်ပင်တို့မှာလည်း အခက်အလက် ကျိုင်းကျိုင်းထွားထွား ဖားဖားဝေဝေနှင့်ရှိသည့်ပြင်၊ မြရည်လိမ်းသကဲ့သို့ စိမ်းစိုသော အရွက်များမှာ တရွက်နှင့်တစ်ရွက် ထပ်စပ်လျက်ရှိကြလေသည်။

ရောင်မျိုးစုံသော တောပန်းတောင်ပန်းများမှာ အပွင့်လိုက် အခိုင်လိုက် ရတနာကျောက်မျက်များ စီခြယ်ထားသလို ဖူးပွင့်ဝေဆာလျက် ၎င်းတို့၏ ရနံ့သည်လည်း လေပြေသွေးကြောင့် တကြိုင်ကြိုင် သင်းပျံ့လျက် ရှိပေ၏။

ကျေးငှက်သာရကာတို့သည်လည်း ချိုမြသော မြည်သံအမျိုးမျိုးဖြင့် တပင်မှတပင် လူးလာပျံသန်းကာ နားထောင်၍ မငြီးအောင် မြည်တွန်လျက် ရှိကြပေ၏။

ရာသီဥတု မိုးလေဝသ ကောင်းမွန်သော ဒေသဖြစ်သည့်အလျောက် အလေ့ကျပေါက်ရောက်လျက်ရှိသော သရက်၊ ပိန္နဲ၊ နရွဲ၊ ထောက်ရှာ၊ မာလကာစသော သစ်ပင်ကြီးငယ်များမှာလည်း မွန်မြတ်သော အရသာနှင့် ပြည့်စုံသောအသီးများကို ဆောင်လျက် ရှိကြပေ၏။

ဤအရပ်ဒေသကား လူသူနှင့် အတန်ငယ်အလှမ်းဝေး၍ ကဋ္ဌပနဒီခေါ် ကုလားတန်မြစ်၏ မြစ်ဖျားဒေသပင် ဖြစ်ပေသည်။

“အဟောသုခံ၊ အော်- ချမ်းသာလေစွ၊ ချမ်းသာလေစွ”

အညိုရောင် သစ်ခေါက်ရည်ဆိုး သင်္ကန်းကိုဝတ်၍ သပိတ်နှင့် သစ်နက်ရေအခင်းကို ပခုံးတွင် လွယ်လျက် တောင်ဝှေ့ထောက်ကာ ပညောင်ပင်တစ်ပင်အောက်တွင် မတ်တပ်ရပ်ပြီး တသွင်သွင်စီးနေသော မြစ်ရေအလျှင်ကို ကြည့်နေသော ကြည်ညိုစဖွယ် ရှင်ရသေ့တစ်ပါး၏ နှုတ်တော်မှ ထွက်ပေါ်လာသော ဥဒါန်းကျူးရင့်သံပင် ဖြစ်ပေသည်။

ဘယ်နေရာဒေသတွင်မှ စိတ်နှလုံး မပျော်မွေ့ခဲ့၍ တလျှောက်ထဲလျှောက်ကာ ဒေသစာရီကြွချီခဲ့သော ရှင်ရသေ့ကြီးသည် သာယာ၍ အသီးအနှံပေါများသော ဤကဋ္ဌပနီမြစ်ညာသို့ ရောက်သောအခါမှ စိတ်နှလုံး ချမ်းမြေ့မွေ့လျော်မိလေသည်။

ရှင်ရသေ့ကြီး-

ရှင်ရသေ့ကြီးမှာ နှယ်နှယ်ရရ ရသေ့မဟုတ်ပါပေ။ မဇ္ဈိမဒေသ၊ ကပိလဝတ်ပြည်မှ သာကီနွယ်ဝင် အဇ္ဈုန္နအမည်ရှိသော ဘုရင်မင်းမြတ်ပင် ဖြစ်ပေသည်။

အဇ္ဈုန္နရှင်ဘုရင်သည် မင်းအဖြစ်၌ မမွေ့လျော်တောထွက်၍ ရသေ့ရဟန်းပြုပြီး တရားအားထုတ်လိုစိတ်သမ္မာဆန္ဒများသည် တဖွားဖွားပေါ်ပေါက်လာသဖြင့် သားတော် ဓမ္မသေနအား ထီးနန်းကို အပ်လျက် မောင်းမမိဿံ ခြွေရံပရိသတ်တို့ကိုစွန့်၍ ဟိမဝန္တာသို့ တောထွက်တော်မူလေ၏။ တောထွက်၍ ရသေ့ဘဝဖြင့် တရားအားထုတ်တော်မူလေ၏။ သို့သော်လည်း ဟိမဝန္တာ၌ မပျော်မွေ့

သဖြင့် တတောင်ဝင်ဝင် တပြင်ထွက်ထွက်ဖြင့် တောင်ဘက် အရပ်သို့ ဆင်းလာခဲ့ရာ ကစ္ဆပနဒီ ဤမည်သောအရပ်သို့ ရောက်သောအခါမှ စိတ်နှလုံးပျော်မွေ့မိလေသည်။

"အဟောသုခံ အော်-ချမ်းသာလေစွ၊ ချမ်းသာလေစွ"

အဇ္ဈန္နရှင်ရသေ့သည် ဥဒါန်းကျူးရင့်ပြန်လေသည်။ ထိုသို့ ဥဒါန်းကျူးရင့်ပြီးမှ ပလ္လောင်ပင်ခြေရင်းတွင် ထိုင်ကာ တသွင်သွင်စီးနေသော မြစ်ရေအလျင်ကို ကြည့်ပြီး "ဤမြစ်ရေများသည် တစ်ခုတည်းသော ရေမဟုတ်၊ မကြာခင်က စီးသွားသောရေသည် ယခုစီးနေသော ရေမဟုတ် တစပ်တည်းဖြစ်၍ တစ်ခုတည်းကဲ့သို့ ထင်နေရသည်။ ထိုနည်းတူစွာပင် သတ္တဝါတို့၏ ရုပ် နာမ် ခန္ဓာများသည်လည်း ရုပ်တစ်ခုတည်း နာမ်တစ်ခုတည်း မဟုတ်၊ ရုပ်တစ်ခုနှင့် ရုပ်တစ်ခု၊ နာမ်တစ်ခုနှင့် နာမ်တစ်ခု ဆက်စပ်မှုအတွက်ကြောင့်သာ တစ်ခုတည်းကဲ့သို့ ထင်မှတ်နေရသည်။ မကြာခင်က ငါ၏ရုပ်နာမ်များသည် ယခုငါ၏ရုပ်နာမ်များ မဟုတ်တော့ပါတကား။ ဤမြစ်ရေအလျှင်နှင့် တူလှစွာ တကား ဖြစ်လိုက်ချုပ်ပျက်လိုက်ပါတကား" ဟု ရုပ်နာမ် ခန္ဓာ သင်္ခါရတရားများကို အနိစ္စ လက္ခဏာရေးဖြင့် သုံးသပ်လိုရကား-----

"အနိစ္စဝတ သင်္ခါရာ၊ ဥပါဒဝယ ဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံဝူပသမော သုခေါ။

အင်း- နိဗ္ဗာန်သာလျှင် အေးငြိမ်းရာပါတကား" ဟု ရှင်ရသေ့ကြီးသည် ရေရွတ်နေပြန်လေသည်။

ရှင်ရသေ့ကြီးသည် အချိန်အခါကိုကြည့်၍ သပိတ်တွင် ထည့်ဆောင်လာခဲ့သော သစ်သီးများကို ဘုန်းပေးတော်မူ၍ ပစ္ဆပနဒီမြစ်ရေကို သပိတ်နှင့်ခပ်ယူကာ သုံးဆောင်ပြန်လေသည်။

ထိုနောက် ရှင်ရသေ့ကြီးသည် "ဤနေရာသည်ကား ငါ့အတွက် တရားအားထုတ်ရန် သင့်တော်သော အရပ်ဒေသ ဖြစ်လေသည်။ ဤနေရာ၌ ဆက်လက်၍ ငါအမြဲနေတော့အံ့" ဟု သန္နိဋ္ဌာန် ချတော်မူလေသည်။

တပည့်တော်ရဲ့တူမ ဣန္ဒမာယုကို ကပ္ပိယ ကာရကမအဖြစ် မှတ်ယူတော်မူပါဘုရား။ မလိမ္မာရင် လိမ္မာအောင် ဆုံးမသွန်သင်တော်မူပါဘုရား"

ကစ္ဆပနဒီမြစ်ညာတွင် တစ်ခုသော ပလ္လောင်ပင်၌ သက္ကျသာကီဝင် အမျိုးမှ နန်းစွန့်၍ ရသေ့ပြုလာသော အဇ္ဈန္နရှင်ရသေ့ အကြောင်းကို ရသေ့ကြီး ထိုအရပ်သို့ ရောက်၍ အချိန်အတော်ကြာမြင့်သောအခါ စန္ဒရသိဒ္ဓိ အမည်ရှိသော သက်ရှင်ဘုရင်(သို့မဟုတ်) ဆတ်ရှင်ဘုရင် သိရှိတော်မူလေသည်။ စန္ဒရသိဒ္ဓိရှင်ဘုရင်သည် ရသေ့ကြီးအား ကြည်ညိုလှသဖြင့် နောက်လိုက်ပေါင်းတစ်ထောင်နှင့် လာရောက်ပူဇော်ဆည်းကပ်၍ ဆွမ်း၊ သက်န်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးတို့ဖြင့် ဖိတ်ကြားလျှောက်ထား လှူဒါန်းတော်မူလေ၏။

ထိုပြင်မက နှမတော် ဣန္ဒသီရိနှင့် စစ်ဗိုလ်ကြီး စန္ဒရသီဟတို့မှ ဖွားမြင်၍ တူမတော်ဖြစ်သော ဣန္ဒမာယုကို ပင် တပည့်ကပ္ပိယမအဖြစ် ရသေ့ကြီးထံတွင် အပ်နှင်းပြန်လေသည်။

အဇ္ဈန္နရသေ့ကြီးသည် ရသေ့ရဟန်းနှင့် မိန်းမ မအပ်စပ်ဟု နှလုံးပိုက်မိသော်လည်း မိမိမှာ တစ်သောင်းခြောက်ထောင်သော မိဖုရားမောင်းမတို့အား ငြီးငွေ့ရွံရှာစွန့်လွှတ်ခဲ့သူဖြစ်၍ ဤမိန်းမနှင့်မှာမူလည်း ဖောက်ပြန်မှု ရှိနိုင်လိမ့်မည် မဟုတ်ဟု ယူဆသည်က တစ်ကြောင်း၊ တပည့်ကပ္ပိယမရှိလျှင် တရားအားထုတ်ရန် အချိန်သည်လည်း ပိုမိုရရှိလိမ့်မည်ဟု ယူဆသည်ကတစ်ကြောင်း၊ စန္ဒရသိဒ္ဓိသက်ရှင်ဘုရင်၏ စေတနာ ဗလဝကို မငြင်းဆန်လိုသောကြောင့် တစ်ကြောင်းတို့ကြောင့် ဣန္ဒမာယုအား တပည့်မအဖြစ် လက်ခံထားလိုက်ပေသည်။

ရှင်ရသေ့၏ အကြောင်းသည် ထိုနေရာဒေသပတ်ဝန်းကျင်တွင် အတော်ပင်ထင်ရှား၍ လူသိများလာလေသည်။ သက်ရှင်ဘုရင်နည်းတူပင် မြို့ရှင်ဘုရင်သည်၎င်း၊ မြံရှင်ဘုရင်သည်၎င်း၊ ဖလံရှင် ဘုရင်သည်၎င်း နောက်လိုက်ပေါင်း တစ်ထောင်စီနှင့် လာရောက်ပူဇော်ပြန်လေသည်။

အဇ္ဈန္နရှင်ရသေ့မှာ မောင်းမပေါင်းမြောက်မြားစွာကို စွန့်ခွာခဲ့သူဖြစ်သော်လည်း တပည့်မ ဣန္ဒမာယုနှင့် နေ့စဉ်ရက်ဆက် အချိန်ကြာမြင့်စွာ တွေ့ရဖန်များသောအခါ ကြိုးချင်းထား ကြိုးချင်းငြိ၊ အိုးချင်းထား အိုးချင်းထိ ဆိုသကဲ့သို့ မျက်စိချင်းဆုံတွေ့မှု၊ လက်ခြေချင်း ထိပါးမှုများဖြင့် သွေးသား၏မွေ့ ဖြစ်ရိုးဖြစ်စဉ်ကို မတော်လှန်နိုင်ရကား နောက်ဆုံးတွင် ချစ်ကြိုးနှောင်၍ ကျူးကျူးလွန်လွန်

အဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ကာလအတော်ကြာသောအခါ ကုန္တမာယမှာ သံဝါသမှ ပေးသောဆုလာဘ်ကို ရရှိခဲ့လေသည်။ ကိုယ်ဝန်မှာ တစ်နေ့ထက်တစ်နေ့ ရင့်မာလာလေကာ မွေးဖွားမည့် အချိန် နီးကပ်လျက် ရှိပေပြီ။

ထိုအချိန်တွင် ကစ္ဆပနဒီ ကုလားတန်မြစ်ရေသည် မမျှော်လင့်ဘဲ တဟုန်ထိုး ပြည့်လျှံလာလေသည်။ အာသံမြစ်ဖျားနှင့် ကုလားတန်မြစ်ဖျားတို့သည် ဆက်စပ်နေရကား အာသံဘက်မှရေသည် ကုလားတန်မြစ်ဘက်သို့ လျှံထွက်လာဟန်ရှိလေသည်။ ရှင်ရသေ့ကြီးနှင့် ကုန္တမာယတို့မှာ တစ်ဦးနှင့်တစ်ဦးပင် ဂရုမစိုက်လိုက်နိုင်ဘဲ တကွဲတပြားစီဖြစ်ကာ ကစ္ဆပနဒီ မြစ်ရေတွင် အသီးသီး မျောပါသွားရရှာလေသတည်း။

ခွေးများသည် တဝုတ်ဝုတ်နှင့် ဒလစပ်ဟောင်လျက် ရှိကြ၏။

အမဲလိုက်ခွေးများမှာ အကြောင်းမဲ့သက်သက် ဟောင်လေ့ မရှိ။

ယနေ့ခွေးဟောင်ပုံမှာ ထူးဆန်းလှပေသည်။ မြို့သင်းကြီး ငအောင်လာမှာ မိမိခွေးများအကြောင်းကို သိပြီးဖြစ်ရကား ခွေဟောင်ရာဆီသို့ လေးနှင့်မြားကို ကိုင်ကာ ခပ်သုတ်သုတ် လှမ်းခဲ့လေသည်။

ခွေးများသည် ခြုံပုတ်ကို ဝိုင်းရံကာ မိမိသခင်လာသောအခါ ပိုမို၍ပင် ဟောင်လိုက်ပြန်လေသည်။ ခွေးတစ်ကောင်မှာ မိမိသခင်လာရာဆီသို့ လာရောက်ဆီးကြိုကာ ခြုံပုတ်ထဲဆီသို့ ပြန်ပြေး၍ ဟောင်မြဲပြန်ဟောင်ပြန်လေသည်။

"အလို ဘာများပါလိမ့်"

ငအောင်လာမှာ ခွေးဟောင်သော အရာဝတ္ထုရှိရာ ခြုံထဲသို့ ဝင်ခဲ့လေသည်။ ခွေးဟောင်သော အရာမှာ တကယ်ပင် ထူးဆန်းပေသည်။ မွေးဖွား၍ နေ့ရက်များစွာကြာလှမည် မဟုတ်သေးသော ကလေးကလေးပင် ဖြစ်ပေသည်။ ခွေးဟောင်သံများနှင့်အတူ ကလေးငိုသံသည်လည်း ရောနှော၍ ထွက်ပေါ်လာလေသည်။

ငအောင်လာသည် ညတုန်းက အိပ်မက်မှာ 'မြောက်ဘက်သို့သွားလျှင် ဘုန်းကြီးသောမင်းသားငယ်ကို တွေ့လိမ့်မည်။ ထိုမင်းသားငယ်ကို ကောက်ယူ၍ မွေးစားလော' ဟူ၍ပင် ဖြစ်ပေသည်။

မြို့သင်းကြီးသည် ကလေးဆီသို့ ချဉ်းကပ်ကြည့်ရှုသောအခါ ရှုချင်စဖွယ်လှပတင့်တယ်၍ ကြန်အင်လက္ခဏာနှင့်ပြည့်စုံသော ယောက်ျားကလေးဖြစ်ကြောင်း သိရှိရလေသည်။ မြင်လျှင်မြင်ချင်းပင် ရင်သွေးသည်းချာကဲ့သို့ ချစ်ခင်မိလေရကား လေးနှင့်မြားကိုလက်မှ အသာချကာ ကလေးငယ်အား ကောက်ယူထွေးပိုက်လေသည်။

အိမ်သို့ပြန်ရောက်သောအခါ အိမ်ရှင်မနှင့်အတူ တခြားသူများတို့ ကလေးငယ်ကို တွေ့ရှိလေရကား ဝမ်းမြောက် ဝမ်းသာ လက်ခုပ်လက်ဝါးတီးကာ ပျော်ရွှင်နှစ်သိမ့်ကြလေသည်။

ထိုကလေးငယ်အား 'မာရယု' ဟု အမည်မှည့်လေသည်။

ထိုအချိန်အခါတွင် မြို့သင်းကြီးငအောင်လာ၏ ဇနီး ဒေါ်ဇံမေတွင် မိပိန်ညာခေါ်သော သမီးကိုမွေးဖွား၍ နို့စို့အရွယ်ရှိလေ၏။ ဒေါ်ဇံမေသည် မာရယုအား သားအဖြစ်ဖြင့် မိမိသမီး မိပိန်ညာနှင့်အတူ နို့တိုက်လျက် မွေးမြူလေ၏။

မာရယု----

မြို့သင်းကြီးငအောင်လာ ကောက်ယူမွေးမြူသော မာရယုမှာ တခြားသူမဟုတ် အဇ္ဈန္နရှင်ရသေ့နှင့် ကုန္တမာယတို့၏ သားကလေးပင် ဖြစ်ပေသည်။

ကစ္ဆပနဒီမြစ်ရေလျှံသဖြင့် အဇ္ဈန္နရသေ့နှင့် ကုန္တမာယုသည် ဝေင်ကြီး အရပ်တွင် သောင်တင်မိ၍ ငစေတွန့်အရပ်တွင် ကမ္မဇလေလှုပ်၍ မာရယုကို ဖွားမြင်လေသည်။ ထိုနောက် သားအမိနှစ်ယောက်သည် ငအောင်လာ အမဲလိုက်ရာ ဒေသဆီသို့ ရောက်လာဟန်ရှိလေသည်။

ခွေးများကို ကြောက်ရွံ့၍ကုန္တမာယ ပုန်းကွယ်နေစဉ် ငအောင်လာသည် ကုန္တမာယ၏သား မာရယုမင်းသားငယ်ကို တွေ့ရှိဟန် တူလေသည်။

မာရယုသည် မြို့သင်းကြီးငအောင်လာနှင့်အတူ နေ၍ ကြီးပြင်းအရွယ်ရောက်လာလေသည်။

ငအောင်လာမှာ လေးမြားအတတ်၌ ကျွမ်းကျင်လေရကား သားဖြစ်သူ မာရယုသည်လည်း ကြီးမြင့်လာသောအခါ လေးအတတ်၌ လွန်စွာဝါသနာပါလေသည်။ ဖခင်

ဖြစ်သူ သင်ပြသဖြင့် မာရယုသည် လေးအတတ်၌ သူတပါးထက် ပိုမိုကျွမ်းကျင်လိမ္မာလေ၏။

မြို့အပေါင်းတို့သည်လည်း ခွန်အားစွမ်းရည်နှင့် ပြည့်စုံသော မာရယုမင်းသားအား ချစ်ခင်လေးစားကြ၏။ မြို့သင်းကြီး ငအောင်လာ၏သမီး မိပိန်ညှာနှင့်ပင် ထိမ်းမြား၍ သာယာကြီးမြတ်သော တောင်ထိပ်၌ အိမ်ကြီးခုနစ်ဆောင် ဆောက်လုပ်၍ မင်းမြှောက်ကြလေ၏။

*********

"ဘီလူးဟေ့- ဘီလူး- ဘီလူး"

တီးတိုးသံများနှင့်အတူ လူများသည် ပြေးကြလွှားကြ၊ ပုန်းရှောင်ကြလေသည်။ သို့သော်လည်း ပြေးရှောင်ပုန်းကွယ်၍ မလွတ်သော သူများသည် ဘီလူးဖမ်းစားခြင်းကို ခံရလေတော့သည်။ ဘီလူးများသည် ဖမ်းမိသော လူများကို ထမ်းကာ ရပ်ရွာထဲမှ ပြန်ပြေးကြလေသည်။

နေဝင်ရီရောအချိန်များတွင် ဤအဖြစ်အပျက်မျိုး မကြာမကြာ ဖြစ်တတ်လေသည်။ လူများမှာရပ်ရွာအစွန်အဖျားသို့ မထွက်ရဲကြ ရပ်ရွာထဲတွင် နေကြစဉ်လည်း အသည်းတထိတ်ထိတ်နှင့် ကြောက်ရွံ့ကြလေသည်။ ဝေသာလီပြည် အလုံးမှာ ဘီလူးအန္တရာယ်ကြောင့် တုန်လှုပ်ချောက်ချား၍ နေလေတော့သည်။

ထိုဘီလူးများမှာ ထူးဆန်းသော ဘီလူးများဖြစ်ကြသည်။ နာနာဘာဝ ဝိနာဘာဝဖန်ဆင်း တတ်သော နတ်ဘီလူးများလည်း မဟုတ်။ လူစင်စစ်မှ အသားစားကြူးကာ ဘဝမပြောင်းဘဲ ဘီလူးဖြစ်နေသူများပင် ဖြစ်ပေသည်။ ထိုဘီလူးများသည် အလွန်အမင် ခွန်အားကြီး၏။ ရက်စက်ကြမ်းကြုတ်၏။

ထိုဘီလူးများသည် လူစင်စစ်မှ အဘယ်ကြောင့် ဘီလူးဖြစ်လာသည်ကို အနည်းငယ်ရှင်းလင်းရန် လိုပေလိမ့်မည်။

ထိုအချိန်အခါတွင် ကစ္ဆပနဒီမည်သော ကုလားတန်မြစ်ဖျား၌ မြို့မင်း၊ မြံမင်း၊ ဖလံမင်း၊ သက်မင်းတို့သည် ထီးပြိုင်နန်းပြိုင် တောင်မင်းကြီးများအဖြစ် စိုးစံနေကြလေ၏။

မြို့မင်းကြီး ငတိန်ကာ၌ ငတန်ဟူသော သားတစ်ယောက် ရှိလေ၏။ ထိုသားသည် ဆင်တစ်ကောင်အား ရှိ၏။ လေးအတတ်၌ အလွန်ကျွမ်းကျင်၏။

ငတန်သည် သက်မင်းကြီး ဝရသိဒ္ဓိ၏ သမီးတော် ကဠန္ဒမာလာကို အလွန်နှစ်သက်တော်မူ၏။ ကဠန္ဒမာလာမှာ စန္ဒရသိဒ္ဓိ (နောက်သက်ရှင်ဘုရင်) ကဠန္ဒသီရိ (ကဠန္ဒမာယု၏ မိခင်) တို့နှင့် မောင်နှမများ ဖြစ်ကြသည်။ ငတန်သည် ကဠန္ဒမာလာကို ရယူရန် သက်မင်းကြီးထံ တောင်းခံသော်လည်း သက်မင်း မင်းကြီးက ဇာတ်ညံ့ဖြစ်၍ သူ့သမီးကို မပေးလိုကြောင်း အတန်တန်ငြင်းဆိုခဲ့၏။ ငတန်မှာ ကဠန္ဒမာလာကို မရမနေ နေ့ရှိသမျှ ကြံစည်လျက်သာ ရှိနေလေသည်။

တစ်နေ့သ၌ ကဠန္ဒမာလာတို့ ရေချိုးသွားစဉ် လမ်းကဖမ်း၍ အတင်းထမ်းပြေးလေသည်။ အခြွေအရံတို့က ကူညီကြသော်လည်း အားချင်းမမျှ၍ ကဠန္ဒမာလာခမျာ ပါသွားရရှာလေသည်။

ငတန်တို့လင်မယားသည် မြို့တောင်သို့လည်း မပြေးသက်တောင်မှာလည်း မနေ၊ ရခိုင်ပြည်ဘက်သို့သာ ပြေးလာကြလေသည်။

ငတန်သည် အစိမ်းစားဝါသနာပါ၏။ လူနှင့် မနီးတောကြီးထဲ၌ မယားကိုယူ၍ ပြေးလာစဉ် အိုးမပါမီးမရှိသဖြင့် သမင်၊ ဒရယ်၊ ဂျီငယ်၊ စိုင်၊ ဆတ်၊ ဖွတ်၊ ပဒတ်၊ တို့ကို သတ်ဖြတ်၍ အစိမ်းပင် စားကြလေ၏။

ယခုဝေသာလီပြည်သို့ ဝင်၍လူများဖမ်းစားသော ဘီလူးများမှာ ငတန်နှင့် ကဠန္ဒမာလာတို့မှ မွေးဖွားသော သားတော်များပင် ဖြစ်လေသည်။ သူတို့သည် သူတို့ ဖခင်ကဲ့သို့ အစိမ်းစားဝါသနာပါလေသည်။

သူတို့ ညီအစ်ကိုများ နာမည်များမှာ ငဆဒ္ဒန်၊ ပလက်ကောက်၊ ပဋ္ဋမီ၊ ငရက္ခိုက်တို့ ဖြစ်ကြလေသည်။

သူတို့သည် လူသူနှင့် မပေါင်းဘဲ တောစွန် တောစမှာနေလျက် သမင်၊ ဒရယ်၊ ဂျီငယ်၊ စိုင်ဆတ်၊ ဖွတ်၊ ပဒတ်၊ ကျွဲ၊ နွား စသည်တို့ကို သတ်ဖြတ်၍ စားကုန်ကြ၏။ တစ်ခါတစ်ရံ လက်စွန်လက်နား ထွက်လာသော လူများကို ဖမ်း၍ စားကြလေ၏။ တစ်ခါတစ်လေ ရပ်ရွာထဲသို့ပင် ဝင်၍ လူများကို ဖမ်းဆီး၍ ထမ်းပြေးလေ့ရှိကြလေသည်။

ညီအစ်ကိုလေးယောက်တွင် ငဆဒ္ဒန်သည် လွန်စွာအားရှိ၏။ လူအပေါင်းသည် ငဆဒ္ဒန်ဆိုလျှင် အသက်ထား

စရာ မရှိအောင် ကြောက်ရွံ့တုန်လှုပ်ကြလေ၏။

ထိုအကြောင်းကို ရခိုင်ပြည်ရှင်ဘုရင် ဖြဟ္မသိဒ္ဓိမင်း သိတော်မူလျှင် နောက်လိုက်ပေါင်းတစ်ထောင်နှင့် ဆင်စီး၍ ငဆဒ္ဒန်ကိုဖမ်းရန် ထွက်လေ၏။ ထိုလူအပေါင်းကို မြင်လျှင် ငဆဒ္ဒန်သည် လုံးပတ်သုံးထွာ အရှည် ဆယ့်ရှစ်တောင်ရှိသော သစ်သားကြီးတစ်ချောင်းကို ဒုတ်အဖြစ်ကိုင်ဆောင်လျက် တောထဲမှ ဆင်အပုန်ကဲ့သို့ တဟုန်တည်း ပြေးထွက်လိုက်လာလေ၏။ ဖြဟ္မသိဒ္ဓိမင်း၏ နောက်လိုက်ပေါင်း တစ်ထောင်တို့သည် ဗရမ်းဗတာ ထွက်ပြေးကြလေ၏။

ဖြဟ္မသိဒ္ဓိမင်းအား ငဆဒ္ဒန်ဖမ်း၍ စားပစ်လိုက်လေ၏။

ထိုသို့ဖြစ်သောအခါ ဝေသာလီပြည်၌ ရှင်ဘုရင်မရှိသဖြင့် လူအပေါင်းတို့သည် အလွန်ပင် ထိတ်လန့်ကြလေ၏။ အချို့ အချို့သည် တခြားနေရာများသို့ ထွက်ပြေးတိမ်းရှောင်ကြလေ၏။ ငဆဒ္ဒန်တို့ ညီအစ်ကိုများလည်း လူတွေကို နေ့စဉ်ပင်ဖမ်း၍ စားကြလေ၏။

ဘီလူးဖမ်းစား၍ ရှင်ဘုရင် မရှိသည့်ပြင် ဘီလူးဖမ်းစားသော အန္တရာယ်မှာလည်း ပိုမိုဆိုးဝါးလာလေသည်။ ဝေသာလီပြည်အလုံးသည် စိတ်မချမ်းသာမှု၊ ကြောက်ရွံ့စိုးရိမ်မှုဖြင့် တုန်လှုပ်ချောက်ချားနေလေတော့သည်။

ထိုအန္တရာယ်မှ ကယ်တင်နိုင်မည့်သူမှာ ဘုန်းလက်ရုံးနှင့် ပြည့်စုံသူမှ ဖြစ်နိုင်ပေလိမ့်မည်။

ထိုဘီလူးအန္တရာယ်ကို ကယ်တင်လာသူမှာ မာရယုမင်းသားပင် ဖြစ်သတည်း။

ဘီလူးများဖြစ်ကြသော ငဆဒ္ဒန်တို့ ညီအစ်ကိုလေးယောက်တို့သည် လူတွေကို ဖမ်းစားနေသဖြင့် ဝေသာလီမြို့ တုန်လှုပ်ချောက်ချားနေကြောင်းသတင်းကို မာရယုမင်းသား ကြားသိရသောကြောင့် ဘခင်ငအောင်လာနှင့်တကွ နောက်ပါရဲဘော်ရဲဘက်များပါ စုရုံး၍ လာပြီးလျှင် လူသားစားသော လူ၏ဦးရီးတော်များဖြစ်ကြသော ငဆဒ္ဒန်၊ လေက်ကောက်၊ ပဏ္ဍမီ၊ ငရက္ခိုက်တို့အား လေးနှင့် ခွင်းလေ၏။

ငဆဒ္ဒန်တို့သည် မာရယုမင်းသား၏ မြှားချက်ဖြင့် ဇီဝိန်ကြွေကြလေသတည်း။

ဝေသာလီမြို့သူမြို့သားအပေါင်းတို့သည် ကောင်းချီးသြဘာပေးကြလေကုန်၏။ မာရယုမင်းသားကို အလွန်ချစ်မြတ်နိုးကြလေကုန်၏။

မာရယုမင်းကို တစ်ပြည်လုံး ချစ်မြတ်နိုးကြသဖြင့် မင်းမြှောက်ကြလေ၏။

မာရယုမင်းသည် ဘီလူးစား၍ သေသော ဖြဟ္မသိဒ္ဓိရှင်ဘုရင်၏ မိဖုရားကို ယောက္ခမအရာ၌ထား၍ သမီးတော် ရုစိမာလာကို ဖိဖုရားမြှောက်ပြီးလျှင် ဝေသာလီပြည်၌ မင်းအဖြစ်ကို ခံယူတော်မူလေ၏။

ဓညဝတီ-----။ -----။ ------။

မာရယုမင်းသည် ဝေသာလီမြို့၌ မပျော်ပိုက်သဖြင့် မြို့သစ်နေရာရွေးချယ်ရန် နောက်လိုက်ဗိုလ်ပါများနှင့်တကွ ထွက်ချီတော်မူလေ၏။ ဈာန်အဘိညာဉ်ရ နာဂိန္ဒရှင်ရသေ့နှင့် တွေ့သဖြင့် နာဂိန္ဒရှင်ရသေ့ကို မေးမြန်းလေရာ မြို့သစ်တည်မည့်နေရာကို ညွှန်ပြတော်မူလေ၏။ ထိုမြို့နေရာမှာ ယခုမြို့ဟောင်း သို့မဟုတ် မြောက်ဦးမြို့ခေါ်သော နေရာပင်ဖြစ်ပေသည်။

ထိုနေရာ၌ပင် လေးပြင်လေးရပ်သတ်မှတ်၍ မြို့ကြီးတန်းဆောင်ကို တည်ထောင်တော်မူလေသည်။ နာဂိန္ဒ ရှင်ရသေ့ကပင် ထိုမြို့အား ‘ဓညဝတီ’ ဟု အမည်ပေးတော်မူလေသတည်း။

ဓညဝတီမြို့ကို တည်ထောင်သော သက္ကရာဇ်ကားဘုရားဘိုးတော်အဥ္စနမင်း၏ ဏ-ဝ-စန္ဒေကိန်းဟု ဆိုအပ်သော ၈၆၄၅ခုနှစ်ပင် ဖြစ်သတည်း။

မာရယုမင်းသည် မြောက်သားတော် မြို့သင်းကြီး ငအောင်လာ၏သမီး မိပန်ညာလည်း တစ်ယောက် ဘီလူးစားသော ဝေသာလီပြည်ရှင် ဖြဟ္မသိဒ္ဓိမင်း၏ သမီးတော် ရုစိမာလာလည်း တစ်ယောက် ဤနှစ်ယောက်သော မိဖုရားတို့နှင့် မောင်းမမိဿံခြံရံလျက် ဓညဝတီမြို့ဝယ် မင်းစည်းစိမ်ကို ခံတော်မူ၍ ပြည်သူတိုင်းသား မျိုးလေးပါး၏ စီးပွားချမ်းသာကို ကောင်းစွာဆောင်ရွက် စောင့်ရှောက်ပြုစုတော်မူ၍ အိမ်နိမ့် တစ်ဆယ့်ရှစ်နှစ် နန်းစံ ခြောက်ဆယ့်နှစ်နှင့် သက်တော် ရှစ်ဆယ် သက္ကရာဇ် ၆၀၅၇-ခုနှစ်တွင် နတ်ရွာစံတော် မူလေသတည်း။

ဤကား ဓညဝတီမြို့၏ သမိုင်းဖြစ်သတည်း။